

www.burmeseclassic.com
ရင်မိုး
ဒေးတက္ကသိုလ်
တစ်သက်လုံးနေပါရစေ
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com







အားလုံး မျှော်လင့်ထားကြသော ပွဲတစ်ပွဲကတော့ တကယ်ပဲ ဖြစ်ခဲ့လေပြီ။ ထိုပွဲတွင် အပျော်ဆုံးမှာ ကာယကံရှင်များ မဟုတ်ကြသည်ကတော့ တစ်ချက် အံ့ဩချင်စရာ။

သူရော ...။ လို့ ... စိတ်ထဲမှာ ဖျတ်ခနဲ ယောင်ပြီးတော့တောင် မတွေးကြည့်ချင်လောက်အောင် မြသိလ္လာကတော့ သူ့စိတ်ကို သိပြီး မြင်ပြီး ဖြစ်နေပါသည်။

အဲဒီလိုပဲ မြသိလ္လာ ကိုယ်တိုင်ကရောလို့ တွေးကိုတွေးကြည့်စရာ မလိုပါ။ မြသိလ္လာ ကိုယ်တိုင်လည်း သူ့စိတ်ကို မမီရင်တောင် သူ့စိတ်နီးပါး ဖြစ်နေတာလည်း သေချာပါသည်။

သတို့သား မောင်မင်းပိုုနှင့် သတို့သမီး မမြသိလ္လာတည်းဟူသော ခေါင်းစဉ်အောက်တွင် ဖြစ်သင့်တာကတော့ ဒီကာယကံရှင်နှစ်ဦးတို့ဟာ သိပ်ကို ပျော်ရွှင်ကြည်နူးနေတဲ့ ဂိုတွဲလေးတစ်တွဲ ဖြစ်သင့်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ... ဟန်ဆောင်အပြုံးကိုတောင် ဖြစ်ကတတ်ဆန်း ပြုံးနေရသော မျက်နှာနှစ်ခုသည် တစ်ယောက်နဲ့တစ်ယောက် မျက်လုံးချင်းဆုံပြီး ကြည့်ရဖို့ကိုတောင် စိုးရွံ့နေသလိုလို။ စိတ်ပါဖို့ ဝေးနေသလိုလို။

နှစ်ဖက်မိဘ၏ အပျော်မျက်လုံးတွေ အောက်မှာ မင်းပျိုနှင့် မြသီလွှာတို့ရဲ့ဘဝဟာ စတင်လာခဲ့တာလား။ ဒါမှ မဟုတ် အဆုံးသတ်ခြင်းရဲ့ အစလား။ ဒါမှ မဟုတ်ရင်တော့ ...။





# အပိုင်း(၁)

## (မင်းပျို နဲ့ မြသီလွှာ)

www.burmeseclassic.com

www.burmeseclassic.com







## ၁

ကော်တွေဖြင့် ပုံသွင်းခံထားရသော ဆံပင်က မာတောင့်တောင့်ကြီး ဖြစ်ကျန်ခဲ့သည်။ သီလွာသည် ဒီလို ဆံပင်မာတောင့်တောင့်ကြီးတွေနဲ့ မနေတတ်တာမို့၊ ရေချိုးခန်းထဲ တစ်ခါတည်း ဝင်လိုက်ပြီး ခေါင်းကိုပါ သေသေချာချာ လျှော်ပစ်လိုက်ပါသည်။ အေးမြသော ဆောင်းရာသီရဲ့ ညချမ်းပေမဲ့ အိမ်ထဲမှာတော့ ရေပူရေအေးပိုက်တွေက ရှိသည်ဖြစ်ရာ ညဘက် ရေချိုးရလည်း သိပ်တော့ ပြဿနာမရှိပါ။

ရေချိုးပြီးလျှင် ညဘက်လိမ်းနေကျ Neutrogena (နျူထရိုဂျီးနား)ညလိမ်း Cream ကို မျက်နှာနှင့် လည်ပင်းတစ်ဝိုက် အသာနှိပ်နယ်လိမ်းလိုက်ပါသည်။ လက်တွေ ခြေထောက်တွေကိုတော့ သူနဲ့ သက်ဆိုင်ရာ လက်ဆိုလည်း Hand Cream



www.burmeseclassic.com

www.burmeseclassic.com



(ဟန်း(ထ်)ခရင်(မ))စသဖြင့် စိတ်ရှည် လက်ရှည်ပင် လိမ်းနေပါသည်။

မြသီလွှာမှာ အသားအရေ သိပ်အဖြူကြီး မဟုတ်လှပေမဲ့ ဝါပြေပြေပုံစံ ဖြစ်ပါသည်။ သို့သော် မြသီလွှာသည် Skin Care (စကင်းကဲ)ပါသော ခရင်(မ)တွေကို အမြဲမေ့မလျော့ မပျင်းမရိလိမ်းကာ ဂရုစိုက်လှသည်မို့ အသားအရေ သိပ်လှတာပဲလို့ ကိုယ်ထက် အသားဖြူသူတွေကပင် ပြောယူရအောင် အသားက ဝါပြေပြေမှာ အရောင်စိုစို အရောင်လက်လက်လေး ဖြစ်နေသူပင်။

အသားအရေ လှသူမို့ ဘာမှမလိမ်းထားလဲ လှနေတာပါပင်။ သို့သော် ... မြသီလွှာက အလှအပကလည်း ကြိုက်သေးသည်မို့ အလှတော့ ပြင်ပါသည်။ သီလွှာ့ သူငယ်ချင်း ပန်းကဗျာကတော့ ...

“အလှပြင်လည်း ယောကျ်ားယူရင် ဒီတစ်ယောက်ပဲ၊ မယူလည်း ဒီတစ်ယောက်ပဲ၊ ဘာလုပ်မှာလဲ၊ အချိန်ကုန်ခံပြီး ပြင်မနေပါဘူး။ နဂိုရှိမှ နကိုင်းထွက်တာတဲ့”

ဟု သီလွှာ အလှပြင်တတ်တာလေးကို အမြဲဝေဖန်ပြောတတ်သူ ဖြစ်သည်။

သီလွှာသည် “ပန်းကဗျာ”ဟု စိတ်ထဲ ဖျတ်ခနဲတွေးလိုက်သောအခါ စိတ်ထဲမှာ အပြစ်ရှိသလိုလို ခံစားလိုက်ရပါသည်။ ဆံပင်တွေက ပခုံးထိသာ အရှည်ရှိတာမို့ သိပ်ကြာကြာ





အခြောက်မခံလိုက်ရပါ။ ဆံပင်ခြောက်သွားတော့မှ သီလွှာသည် တိတ်ဆိတ်နေသောအိမ်ကကို စိတ်တိုင်းမကျစွာ ရင်ဆိုင်ဖို့စတင်ရတော့သည်။

ဒီနေ့ ... နေ့လယ် တစ်နာရီမှ သုံးနာရီထိ မင်္ဂလာဧည့်ခံပွဲ လုပ်ပါသည်။ ပြီးတာနဲ့ အိမ်ပြန် အဝတ်အစားဝတ်စုံထပ်လဲ၊ မိတ်ကပ်ဆံထုံးပုံတစ်မျိုး ပြန်ပြင်ဆင်ကာ၊ ညနေခြောက်နာရီမှာစသော ညဘက်ဒင်နာပါတီကို ဆက်ရသည်။ ဒင်နာမို့ အချိန်အကန့်အသတ် မပြီးနိုင်ဘဲ ညဆယ်နာရီခွဲကျော်မှသာ လူကြီးတွေမခံနိုင်တော့၍ ပြန်ဖို့စည်းရုံးတော့မှ လူငယ်အားလုံးလည်း ထပြန်ခဲ့ကြတာမို့ အိမ်ရောက်တော့ ညဆယ့်နှစ်နာရီကျော်နေပြီ။

သူလည်း သူ့စိတ်ကူးနဲ့သူ အပြင်ဧည့်ခန်းမှာထိုင်ပြီး ကျန်ခဲ့၊ သီလွှာလည်း လူတစ်ကိုယ်လုံး ညောင်းညာကိုက်ခဲပြီး ဆံပင်တွေလည်း မာတောင့်ကျပ်ခဲကြီး ဖြစ်နေတာကို မခံနိုင်၍ ရေချိုးခန်း တန်းဝင်ခဲ့တာဖြစ်သည်။ ခုတော့ သီလွှာ အားလုံးပြီးစီးတာတောင် မင်းပျို့ အသံကို ဘာမှမကြားရဘဲ တစ်အိမ်လုံးက တိတ်ဆိတ်နေဆဲ ဖြစ်ပါသည်။

သူ ... ဘာလုပ်နေလဲ။

သီလွှာ ... အဲဒီလိုတွေးပြီး ထွက်ကြည့်ရင် ကောင်းမလား၊ မကြည့်ဘဲ ဒီတိုင်း ကိုယ့်ဘာသာ အိပ်ရာဝင်ရင် ကောင်းမလားလို့လည်း ဆက်စဉ်းစားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သိလ္လာနဲ့ သူက ဒီနေ့မှ လက်ထပ်ရတဲ့ လင်မယား အသစ်စက်စက်ပေမဲ့ တခြားသော ချစ်သူစုံတွဲတွေလိုမှ မဟုတ်ဘဲ။ ဒါကြောင့် သိလ္လာ သူ့ကို စကားသွားပြောဖို့။ သွားထွက်ကြည့်ဖို့ ကို ချီတုံချတုံ ဖြစ်နေတာ ဖြစ်သည်။

ခဏတော့ အသာထွက်ကြည့်လိုက်မယ်။ သူ အပြင်မှာ ထိုင်နေဆဲပဲဆိုရင် ကိုယ့်ဘာသာ တိတ်တိတ်ခြေအသာဖွပြီး ပြန်ဝင်လာရုံပဲ။ ဒါပဲပေါ့ ...။

သိလ္လာသည် အတွေးနှင့် ဧည့်ခန်းဘက်ဆီ ခြေလေးဖွပြီး လျှောက်လာခဲ့သည်။ ညဝတ်အင်္ကျီဖြစ်သော Pyjama(ပဂျားမား)ဝတ်စုံ အင်္ကျီပွနှင့် ဘောင်းဘီပွတို့က ချောင်ချိပြီး ပွရောင်းရောင်းနှင့်မို့ ခပ်ပိန်ပိန် ဖြစ်သော သိလ္လာ့ကိုယ်မှာ အဆန်ချောင်နေသလိုပုံ ပေါက်နေသည်။

ပန်းကဗျာကတော့ မိန်းမပီပီသသ ကိုယ်လုံးကိုယ်ထည်လှလှ ကြော့ကြော့ရှင်းရှင်းနဲ့မို့ နာမည်ကြီးမော်ဒယ်လ်တစ်ယောက်တောင် ဖြစ်ထားတာ သိလ္လာ ဘယ်ယှဉ်နိုင်မလဲ။ ကိုယ်လုံးလှသော ပန်းကဗျာက သိလ္လာ့ကိုတော့ ...

"နင်က မျက်နှာအလှပဲ ဦးစားပေးနေ၊ ကိုယ်လုံးကျတော့ လှအောင် မလုပ်ချင်ဘူး။ ပိန်ပါတယ်ဆိုမှ ဝတ်လိုက်ရင် ပွပွကြီး ဖြစ်ရင်ဖြစ်၊ မဖြစ်ရင် မရှိတဲ့ ကိုယ်လုံးကို အလှ





ပြတဲ့ ကျပ်ကျပ်လေးတွေဝတ်နဲ့ အဝတ်အစားကြောင့် နင် ပိန်တာ လူပိုသိတယ်"

ဟုလည်း အမြဲဝေဖန်ပါသည်။

ကြည့်စမ်း ... ငါ ပန်းကဗျာကို သတိရနေတာ ဘယ်လောက် အံ့သြဖို့ကောင်းလဲ။ ဒီနေ့ တစ်နေ့တည်းမှာ သူ့အကြောင်း ခဏခဏကို တွေးမိနေတယ်လေ။ အဲ ... ဒါနဲ့ နေပါဦး။ သူ အခု ဘာလုပ်နေမလဲ။ အင်း ... မတွေးတော့ပါဘူးဆိုမှ တွေးမိနေပြန်ပြီ။

သိလ္လာသည် ဧည့်ခန်းထဲကို ရောက်လာပြီ ဖြစ်ပေမဲ့ မင်းပိုျကို မတွေ့ပါ။ အိမ်ထဲဝင်လာခါစက တစ်ယောက်နဲ့ တစ်ယောက် စကားလည်းမပြောတာမို့ သူကတော့ ဧည့်ခန်းကလည်သာဆိုဖာပေါ် ဝုန်းခနဲ ပစ်ထိုင်ကျန်ခဲ့ပြီး၊ ကိုယ်ကတော့ အိပ်ခန်းနဲ့ဆက်ရက် ရေချိုးခန်းကို တန်းဝင်ခဲ့တာပဲ မှတ်မိပါသည်။

နှစ်ဖက်မိဘ ငွေတစ်ယောက်တစ်ဝက်ထည့်ပြီး ဝယ်ကာ ပုံစံဆွဲပြီး ဆောက်ထားပေးခဲ့သော တစ်ထပ်တိုက်အိမ်ပြားလေးမှာ ခြံကတော့ သိပ်မကျယ်ပါ။

သိပ်မကျယ်သော ခြံဝင်းထဲတွင် ပန်းပင်တွေတော့ ရှိမလာသေးပေမဲ့ ပိတောက်ပင်ကြီးတစ်ပင်နှင့် အုန်းပင်နှစ်ပင်ကတော့ အုပ်မိုးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပန်းပင်လေးတွေကတော့ စိုက်ချင်ရင် ဝယ်စိုက်ကြပေါ့၊ မစိုက်ချင်လည်း အခု ခင်းထားတဲ့ မြက်ခင်းအတိုင်းထားလည်း လှတာပဲ။ ခြံက သိပ်မှမကျယ်တာ၊ ပန်းပင်မရှိလည်း ကောင်းနေတာပဲ၊ ကလေးတွေ ရလာမှသာ ကလေးကစားဖို့ နေရာကျယ်ကျယ် မရှိလို့ဆိုပြီး ကိုယ့်ဘာသာ ထပ်ဝယ်ကြရင် ဝယ်ပေါ့"

မင်းပျိုအမေ ဒေါ်နီလာခင်ကတော့ ဒီလိုပြောထားဖူးပေမဲ့ တကယ်လည်း သီလွှာကတော့ ပန်းပင်မပြောနဲ့ ဘာပင်မှ စိုက်တာပင် ဝါသနာမပါပါ။ မင်းပျိုကတော့ ဘယ်လိုသဘောထားလဲ မသိ။ သူနဲ့ကိုယ်က ပြောဖို့ သိပ်လိုလာသော စကားကားလွဲရင် တခြား အပိုမပြောတော့တာ ဘယ်လောက် ကြာပြီလဲလေ။

တစ်ထပ်တိုက် အိမ်ပြာလေးမှာ ဧည့်ခန်းက တစ်ကန့်သီးသန့်၊ ပြီးမှ ထမင်းစားခန်း၊ မီးဖိုချောင်၊ အဝတ်လျှော်စက်နှင့် အဝတ်ခြောက်စက်၊ မီးပူတိုက်ဖို့ စသဖြင့် Laundry Room (လောင်ဒရီရွမ်း) စသဖြင့်တွေကို တစ်ခြမ်းဆောက်ပြီး၊ နောက်တစ်ခြမ်းက အိပ်ခန်းချည်း ဆက်တိုက်ဖွဲ့ထားတာ သုံးခန်း။ ရှေ့ဆုံးအခန်းက အဓိကအိပ်ခန်းကျယ်ကြီး ဖြစ်ပါသည်။ နှစ်ယောက်တည်းဆိုတော့ အိမ်က ကျယ်တော့ ကျယ်နေသည်။





အိမ်ရဲ့ဘေးမှာတွဲရက် ကားနှစ်စီးဆန့်သော ကားဂိုဒေါင်ကိုပါ ဖွဲ့ထားပါသည်။ ထိုကားဂိုဒေါင်ကို အပြင်မှ ဝင်ရင်လည်း ရသလို၊ Laundry Room ထဲက တံခါးမှတစ်ဆင့် ထွက်ရင်လည်း အတွင်းကို တိုက်ရိုက်တန်းရောက်အောင် စီစဥ်ထားပေးသည်။

ဧည့်ခန်းမှာ မင်းပျိုကို မတွေ့ရလေရာ သီလွှာသည် တခြားထမင်းစားခန်း၊ မီးဖိုချောင်တွေပါ ဆက်ပြီးလိုက်ရှာကြည့်သည်။ မတွေ့ပါ။ ဒါနဲ့ အဝတ်လျှော်စက်တွေထားတဲ့ Laundry Room ထဲတောင် ဝင်ကြည့်သေးသည်။ ဒါလည်း ... မတွေ့။ သီလွှာ ခေါင်းပင် နောက်လာသည်။ သူ ဘယ်ရောက်နေလဲ။ ကိုယ်နဲ့သူ မတည့်ဘူးဆိုပေမဲ့ သူ ဒီလိုပျောက်နေတာကျတော့ မကျေနပ်ပြန်။

ဒါနဲ့ပဲ တခြားအခန်းလွတ် နှစ်ခန်းကိုပါ တံခါးဖွင့်ကြည့်လိုက်တော့သည်။ အဲဒီအခန်းလွတ်တွေမှာ ဘာပစ္စည်းမှကို မရှိသေးပါ။ အခန်းတွေက ဟာလာဟင်းလင်း ဖြစ်ပြီး တံခါးဖွင့်လိုက်သံက လိုဏ်သံပင် ထွက်နေပါသည်။

အိမ်တစ်အိမ်လုံးက မီးလင်းပြီး သီလွှာ တစ်ယောက်တည်း ဖြစ်နေသဖြင့် မကြောက်တတ်သော်လည်း ဒါကို လက်မခံနိုင်သလို ဖြစ်နေသည်။

သူ အပြင်ထွက်သွားသလား။



www.burmeseclassic.com

www.burmeseclassic.com



ဒီအတွေး ဝင်လာသောအခါ သီလ္လာသည် Laundry Room ဘက် ပြန်ပြေးသွား၊ အဲဒီအခန်း ဘေးတံခါးကိုဖွင့်ပြီး ကားဂိုဒေါင်ကို ကြည့်လိုက်မိတော့သည်။

ထင်တဲ့အတိုင်းပင် သူ မောင်းနေကျ ကားလေးဖြစ်သော Sport (စပို့ထ်)ကားဟု ခေါ်သည့် ဖြိုင်ကားလိုလို ကားပြားပြားရှည်ရှည်ဝပ်ဝပ် အနီလေးက ရှိမနေခဲ့ပါ။ ကားဂိုဒေါင်ထဲတွင် ရှင်းလင်းနေပါသည်။ သီလ္လာသည် ဒီမြင်ကွင်းကိုကြည့်ရင်းကြည့်ရင်းကနေ မျက်ဝန်းအိမ်ထဲ၌ မျက်ရည်များ ပြည့်လျှံလာသဖြင့် မြင်ကွင်းက ဝေဝါးသွားခဲ့ပါသည်။

မထင်ခဲ့ဘူး ... ဒီလို ကြုံရလိမ့်မယ်လို့ မထင်ခဲ့ပါဘူး မင်းပျို့ရယ်။ အဲဒီလို အမုန်းတရားနဲ့ ရင်ဆိုင်ရလိမ့်မယ်လို့လည်း မထင်ခဲ့ပါဘူး။ ဒီလိုမျိုး ဥပေက္ခာတရားနဲ့ ဆက်ဆံခံရလိမ့်မယ်လို့လည်း မထင်ထားခဲ့ပါဘူး။ ဘယ်သွား ဘယ်လာမယ်ဆိုတာတောင် လာပြောချင်စိတ် မရှိတော့လောက်အောင် သီလ္လာကို မုန်းနေသလား မင်းပျို့ရယ်။

တကယ်တော့ မင်းပျို့က ပန်းကဗျာကို မြင်မြင်ချင်းချစ်သလိုပဲ သီလ္လာကလည်း မင်းပျို့ကို မြင်မြင်ချင်း ချစ်နေခဲ့မိပါလိမ့်မယ်ဆိုတာ ဘာကြောင့် မင်းပျို့ တွေးကြည့်လို့ မရခဲ့တာလဲ။





သီလ္လာသည် မျက်ရည်တို့ဖြင့် နှစ်ယောက်အိပ်မွေ့ရာကျယ်ကြီးတွင် ခေါင်းအုံးပေါ် မျက်နှာမှောက်ရင်း လဲလျောင်းလိုက်တော့သည်။ ကြည့်စမ်းပါဦး ... ဘယ်လောက် ထူးဆန်းတဲ့အဖြစ်အပျက်လဲ ဆိုတာနော်။ လက်ထပ်ပြီးစ စုံတွဲလေး တစ်တွဲရဲ့ မင်္ဂလာဦးအစဟာ ဒီလိုပုံစံမျိုးနဲ့တဲ့။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



ငိုရင်းနဲ့ ပင်ပန်းပြီး အိပ်ပျော်သွားခဲ့လေရာ၊ မနက်ကျတော့ ဖျတ်ခနဲ နိုးသောအခါ ခုတင်ဘေးက စားပွဲတင်နာရီလေးကို လှမ်းကြည့်လျှင် မနက်ရှစ်နာရီကျော်ကို ညွှန်ပြနေတာတွေ့ရသည်။ ကြည့်စမ်း ... တစ်ခါမှ ဒီလောက်ကြာကြာ အိပ်မနေဖူးဘူး။ ညက ဘယ်နှနာရီမှာ အိပ်ပျော်သွားတာပါလိမ့်။ အိပ်ရာက နိုးခါစမို့ ရုတ်တရက် ကိုယ့်ကိုယ်ကိုယ် မေ့နေသလိုဖြစ်ပြီးမှ ချက်ချင်းသတိရကာ ကိုယ့်နံဘေးကို ကြည့်လိုက်မိသည်။ သို့သော် ... ခေါင်းအုံးနှစ်လုံးသည် ဒီအတိုင်းပင် ပုံစံမပျက်ရှိနေဆဲ။ ခေါက်ရက်သား စောင်ကလည်း ခြေရင်းမှာ သူ့နေရာနဲ့သူ ပုံစံမပျက်။

ဘုရားရေ ... ညက သူ ပြန်မလာဘူးလား။ သိလ္လာသည် ရေချိုးခန်းဝင် ကိုယ်လက်သန့်စင်ပြီး ညဝတ်,ဝတ်စုံ





Pyjama ကို လဲလှယ်လိုက်ပြီးမှ အခန်းတံခါးဘုကို လှည့်ဖွင့်လိုက်ဒီ လက်အလှမ်း အပြင်မှ ဖွင့်လိုက်သဖြင့် တံခါးဘုက လည်သွားသည်ကို မြင်လိုက်ရ၍ လက်ကိုရုပ်လိုက်ပါသည်။

အို ..."

မင်းပျိုသည် အခုမှ အိပ်ရာက နိုးဟန်ဖြင့် အခန်းထဲ ဝင်လာပါသည်။ ညတုန်းက ဝတ်ထားသော (ဒင်နာပါတီမှာဝတ်ထားခဲ့သော) ကြွေရောင် ရှပ်လက်ရှည်ကတော့ လည်ပင်းကြယ်သီးနှစ်လုံးမျှ ဖြုတ်ထားသည်။ အင်္ကျီကတော့ ကြေမွနေပြီ။ ဆောက်ဖိရောင် ညစ်ညစ်စတိုင်လ်ပင်န်ရဲ့ ခါးကြားထဲ အင်္ကျီကဝင်တချို့ ထွက်တချို့။

မင်းပျိုသည် သိလ္လာ့ကို တစ်ချက်ပင်ကြည့်ကာ ရေချိုးခန်းဘက် လျှောက်သွားလေသည်။ ဒီပင်မအိပ်ခန်းကျယ်ကြီးထဲမှာ ရေချိုးခန်း အိမ်သာ တွဲရက်ပါသဖြင့် သူ အခန်းထဲဝင်လာတာ ဖြစ်သည်။ အပြင်မှာတော့ ဧည့်သည်လာရင်သုံးဖို့ ရေချိုးခန်းအသေးတစ်ခုနှင့် အိမ်သာတစ်လုံး ရှိပါသေးသည်။

"မင်းပျို"

သိလ္လာ ခေါ်လိုက်မိပြီးမှ ကိုယ့်အသံကိုယ် ပြန်လန့်သွားပါသည်။ မင်းပျို လှည့်မကြည့်ဘဲ သူ့အင်္ကျီကြယ်သီးတွေကို ဖြုတ်နေရင်း ...

"ညက ဘယ်သွားနေလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မသိချင်ပါနဲ့"

"ဘယ်သူ့အိမ် သွားတာလဲ"

"ကဗျာ့အိမ် မဟုတ်ရင် ပြီးရော မဟုတ်လား၊ မင်း, ငါ့ကို လိုက်မေးနေစရာ မလိုဘူး"

"လက်ထပ်ပြီးတဲ့ ယောကျ်ားတစ်ယောက်ဟာ ဘယ်သွားမယ်၊ ဘယ်လာမယ်ဆိုတာတော့ မိန်းမဖြစ်သူကို ပြောသွားသင့်ပါတယ်"

"မင်းနဲ့ငါ လက်ထပ်ထားတာ စာချုပ်ထဲမှာပဲ ရှိတယ်၊ မင်း ငါ့ကို မပိုင်ဘူး။ ငါလည်း မင်းကို မပိုင်ဘူး။ ဒီတော့ ငါလည်း ငါလုပ်ချင်တာ လုပ်မယ်၊ မင်းလည်း မင်းလုပ်ချင်တာလုပ်၊ သွားချင်တဲ့နေရာသွား ... ရတယ်။ တစ်ယောက်နဲ့ တစ်ယောက် ဘယ်သူကမှ ဘယ်သူ့ကို ချုပ်ကိုင်ဖို့ မလိုဘူး"

ဒါဆို ရှင် ဘာလို့ သီလွာ့ကို လက်ထပ်သေးလဲ ဆိုသော စကားကို သီလွာ နှုတ်ဖျားမှ မပြောရဲပါ။ ဘာကြောင့်လဲဆိုတော့ လက်ထပ်လိုက်ရသော အခြေအနေကို နှစ်ယောက်စလုံး နားလည်နေလို့ပင်။ ပိုပြီး ကိုယ့်ကိုယ်ကိုယ် နားလည်သူကတော့ သီလွာပါ။ သီလွာက ... သီလွာကလေ ... မင်းပျိုကို ချစ်နေခဲ့တာကိုး။ အဲဒါကြောင့်ပါ။ ကိုယ်ချစ်တဲ့သူကို ဘယ်လိုပဲဖြစ်ဖြစ် ပိုင်ဆိုင်လိုက်ရချင်လို့ပါ။ တရားတယ်ပဲပြောပြော၊ မတရား





ဘူးပဲပြောပြော။ ကိုယ့်ကို သိပ်ယုံကြည်ပြီး ခင်ခဲ့တဲ့ သူငယ်ချင်းလက်ထဲက လုယူလိုက်ရဲတဲ့ အချစ်မျိုးနဲ့ မြသီလွာပဲ ဖြစ်ပါသည်။

"မင်းပျိုကို သီလွာ ချုပ်ချယ်တာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ အဲဒီလိုကြီး ညဘက် ပျောက်ထွက်သွားတာတော့ ဘယ်သင့်တော်မလဲ၊ အိမ်မှာ သီလွာ တစ်ယောက်တည်း နေခဲ့ရတာလေ"

"မင်း မကြောက်တတ်ပါဘူး"

"မကြောက်တတ်ပေမဲ့ အဖော်မရှိတော့ မကောင်းဘူးပေါ့ မင်းပျို။ ဒါကိုတော့ ထည့်စဉ်းစားသင့်တယ်။ သီလွာတို့ ဘာကြောင့်ပဲလက်ထပ်၊ ဘာကြောင့်ပဲ နှစ်ယောက်အတူနေနေ ဒီလိုပုံစံမျိုးတော့ မဖြစ်သင့်ဘူး။ မင်းပျိုလည်း မိကောင်းဖခင်သားသမီးပါ။ အစ်မလည်း ရှိတယ်၊ အမေလည်း ရှိတယ်၊ မိန်းမသားချင်း ကိုယ်ချင်းစာ တွေးကြည့်သင့်တယ်"

"ပြော ... မင်းက ဘာဖြစ်စေချင်လဲ"

မင်းပျို ဒီဘက်လှည့်လာပါသည်။ သီလွာ သိပ်မက်မော စွဲလမ်းခဲ့ရသော မင်းပျိုရဲ့ မျက်နှာချောချောတွင် သီလွာ့ကို နာကြည်းရိပ်တွေ အများကြီး ဖြစ်နေကြောင်း ဝမ်းနည်းဖွယ်ရာ တွေ့နေရသည်။ သီလွာ မျက်တောင်တစ်ချက် အသာခတ်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းပျို ညဘက် ဘယ်မှလျှောက်မသွားစေချင်တာပါ၊ ဒါပါပဲ၊ ကျန်တာ မင်းပျို ဘာလုပ်လုပ် သိလ္လာဝင်မပြောပါဘူး"

"ကောင်းပြီ ... ညဆို ဆယ်နာရီအိမ်ပြန်လာမယ်။ ငါ့ကတိတည်တယ်၊ မင်းလည်း မင်းကတိတည်ပါ၊ ငါ့ကိစ္စတွေမှာ ဘာမှဝင်မပါမိပါစေနဲ့"

မင်းပျိုသည် ပြောပြောပြီးပြီးပင် ရေချိုးခန်းတံခါးကို ဆွဲပိတ်လိုက်တော့လေသည်။

မြသိလ္လာ တစ်ယောက်တည်း အခန်းပြင်ထွက်လာသော အခါမှသာ ညက သူအိမ်ကိုတော့ ပြန်လာခဲ့ကြောင်း၊ အိမ်ရှေ့ညှော်ခန်းက လည်သာဆိုဖာပေါ်တွင် အိပ်ခဲ့ကြောင်း သတိပြုမိပါသည်။ ဆက်တီပေါ်တွင် အသစ်ကျပ်ချွတ် သိုးမွေးစောင်တစ်ထည်က ပုံရက်သား။ လက်ဖွဲ့ပစ္စည်းပုံထဲမှာပါသော စောင်ထည့်သည့် အိတ်ကတော့ ပွင့်ရက်သား။ သြော် ... သူ စောင်ယူဖို့ကို အိပ်ခန်းထဲ ဝင်မလာချင်တာနဲ့ လက်ဖွဲ့ပစ္စည်းထဲက စောင်တစ်ထည်ကို အရေးပေါ်ဖောက်ပြီး သုံးလိုက်တာကိုး။

သိလ္လာ စောင်ကိုခေါက်သိမ်းလိုက်ပြီး မှန်စားပွဲပေါ်မှာ ပြန့်ကျဲနေသော သူ့ရဲ့မိဘိုင်းလ်ဖုန်းတခြား၊ ဖုန်းထည့်သော အိတ်ကတခြား ဖြစ်နေသည်တို့ကို အသေအချာ ကောက်ထည့်သိမ်းလိုက်ပါသည်။ ပြီးရင် ဘာလုပ်ရမလဲလို့ ညှော်ခန်းကို လှည့်ပတ်ကြည့်မိပေမဲ့ ဘာစလုပ်လို့ လုပ်ရမှန်းမသိ ဖြစ်နေပါသည်။





"ထမင်းဟင်းတော့ တစ်ပတ်ဆယ်ရက်လောက် မချက်ပါနဲ့ဦး။ အိမ်ကချိုင့်နဲ့ လာလာပို့ပေးမယ်။ သမီးအတွက် အဖော်ကောင်မလေးတွေ အကူကောင်မလေးတွေ ရှာလို့ရမှ သမီးလည်း ကိုယ့်ဘာသာ စပြီးချက်ရင် ချက်ပေါ့"

ဟူ၍ နှစ်ဖက်အမေတွေက မှာထားလေရာ အိမ်ရောက်ဖေး မီးဖိုချောင်ဝင်ပြီး ထမင်းဟင်းချက်ဖို့လည်း ပြင်ဆင်စရာမလိုပါပေ။ သို့သော် မနက်စာတော့ စားမှဖြစ်မည်ဟု ဆုံးဖြတ်ပြီး မီးဖိုချောင်ဘက် ဝင်လာခဲ့ပါသည်။ မီးဖိုချောင်မှာ ခေတ်ပေါ်မီးဖိုချောင်ပုံစံမျိုးဖြစ်၍ သူ့ဘာသာ အကန့်နှင့် ရှင်းလင်းသပ်ရပ်နေသည်။ နံရံကပ်မှန်ဗီရိုများ၊ နံရံကပ်ကြောင်အိမ်များလည်း သူ့ဘာသာ အခန်းနံရံတွေမှာ မြှုပ်ကပ်ထားလေရာ မီးဖိုချောင်ကျယ်ကျယ်က ပိုပြီးကျယ်ဝန်းနေသလိုပင်။

မီးဖိုချောင်က သီးသန့်လိုဖြစ်ပြီး ထမင်းစားခန်းက မီးဖိုချောင်နှင့်တွဲရက်ပေမဲ့ အခန်းတော့ ကန့်ထားပါသည်။ ထမင်းစား စားပွဲက လူဆယ်ယောက်ဆန့်သော စားပွဲဝိုင်းကြီးပဲဖြစ်သည်။ ဒီလိုအိမ်ထောင်ပရိဘောဂတွေကို နှစ်ယောက်တိုင်ပင်ပြီး ဝယ်ခြမ်းခဲ့တာ မဟုတ်ဘဲ နှစ်ဖက်မိဘတွေ ကိုယ့်အစီအစဉ်နဲ့ ကိုယ်ရွေးဝယ်ပေးထားခြင်းများဖြစ်ရာ သိလ္လာ့ အတွက်တော့ ဒီပစ္စည်းတွေ ဝယ်တုန်းက ဘယ်လိုဟူသော သတိကရတွေးလိုက်ရခြင်းမျိုးများ ရှိမလာပါ။



www.burmeseclassic.com

www.burmeseclassic.com



မြသီလွာသည် Cordless Kettle (ကော့ထ်လက်စ် ကယ်တယ်လ်)ဖြင့် ရေနွေးတည်ထားပြီး ကော်ဖီပန်းကန် နှစ်စုံ ထဲသို့ Lipton Tea ထုပ်လေးတွေ အရင်ထည့်ထားလိုက်သည်။ ဘာပဲဖြစ်ဖြစ် မင်းပျို လက်ဖက်ရည်တော့ လာသောက်မှာပါ။ သူက မနက်ဆို လက်ဖက်ရည် သောက်တတ်တယ်လို့ ပန်းကဇာ ပြောဖူးတယ်၊ သူက တခြားယောကျ်ားတွေလို မဟုတ်ဘဲ အိမ်မှာ ဖျော်သော Lipton Tea အထုပ်လေးတွေနဲ့ လက်ဖက်ရည်ကိုသာ စွဲစွဲမြဲမြဲ သောက်တတ်ကြောင်းလည်း သီလွာ သိထားပါသည်။

ရေနွေးအိုးက ငါးမိနစ်နှင့်ပင် ဆူတာမို့ မြသီလွာက သူ့မသောက်မည့်ခွက်ထဲ အရင်ဆုံး သကြားခဲနှင့် နို့ဆီကိုထည့်ပြီး ဖျော်နှင့်သည်။ ထိုအချိန်မှာ မင်းပျို မီးဖိုချောင်ဘက် ရောက်လာပါသည်။

"မင်းပျို ... လက်ဖက်ရည်သောက်တော့မလားဟင်"

မင်းပျို ဘာမှမဖြေပေမဲ့ ခေါင်းတော့ ညိတ်ပြလိုက်လေရာ မြသီလွာကား ဒါကို ဝမ်းသာအားရ ဖြစ်နေလို့မဆုံး။ အင်းလေ ... ဘာပဲဖြစ်ဖြစ် သူ ငါ့ကို မုန်းနေရင်တောင် ငါနဲ့ မတွေ့အောင် ရှောင်နေလို့မှ မရတာ။ ငါက သူ့ဇနီးလေး ဖြစ်နေပြီလေ။

ပြီးတော့ ... မင်းပျိုဟာ အိမ်မှာလည်း သားအဖေ ဆုံးပိပိ သူ့အမေနဲ့အစ်မ ပြင်ဆင်ပြီး ထမင်းပွဲရှေ့ရောက် ထည့်





ကျွေးမှသာ စားတတ်သူဆိုတော့ ငါ လက်ဖက်ရည်ဖျော်ပေးမှာကို သူ ဘယ်ငြင်းလို့ရမလဲ။

"ဘာမုန့်စားမလဲဟင်"

လက်ဖက်ရည်ပန်းကန်ကို သူ့ရှေ့သွားချပေးရင်း နောက်တစ်မျိုး ထပ်မေးလိုက်သည်။

"ဒီမနက် မုန့်မစားချင်ဘူး"

"သီလွာ ပေါင်မုန့်မီးကင် နှစ်ချပ်တော့ Toaster (တို့(စ) တာ)ထဲ ထည့်ထားတယ်၊ စားမလား"

"မစားဘူး"

"မင်းပျို မနက်ဆို ဘာစားတတ်လဲ ပြောထားလေ။ သီလွာ ကြိုပြင်ဆင်ပေးထားမယ်"

"ရတယ် ... ငါ ရှိတာပဲ စားတယ်၊ ဒီနေ့ ဘာမှစားချင်စိတ် မရှိလို့ မစားတာ"

"ညက တော်တော်များသွားလား"

သူ ညက သူများထည့်ပေးသမျှ သူများသောက်ခိုင်းသမျှ မငြင်းဘဲ သောက်နေသည်ကို ရည်ရွယ်ပြီး မေးလိုက်တာ ဖြစ်သည်။

မင်းပျို အရက်တော့ သောက်တတ်မှန်း သိပေမဲ့ ဘယ်တော့မှ အများကြီးသောက်ပြီး မူးရူးနေတာမျိုး မရှိဘူးလို့ ပန်းကဇာက ဂုဏ်ယူပြီး ပြောပြထားဖူးတယ်။



www.burmeseclassic.com

www.burmeseclassic.com



မင်းပျို့သည် သိလ္လာ မေးတာ မဖြေတော့ဘဲ သူ့ဘာသာ လက်ဖက်ရည်ခွက်ထဲက Tea bag လေးကို မြှုပ်လိုက် ပြန်ဆယ်လိုက် လုပ်နေသည်။ ဒီအိမ်မှာ မြသိလ္လာသာ စကားမပြောရင် ဘယ်သူမှ စကားပြောမည့်သူ မရှိလေရာ ထမင်းစားပွဲဝိုင်းက ရုတ်ချည်း ပြန်တိတ်ဆိတ်သွားပြန်သည်။ ကြီးမားသော ထမင်းစားပွဲဝိုင်းကြီးတွင် မြသိလ္လာနဲ့ မင်းပျို့တို့ဟာ တစ်ယောက်နဲ့ တစ်ယောက် အဝေးကြီး ထိုင်နေကြတာ ဖြစ်သည်။

မင်းပျို့သည် သူ့ရှေ့တည့်တည့်လောက်မှာ ထိုင်နေပေမဲ့ အလယ်မှာ စားပွဲဝိုင်းကြီးတစ်ခုလုံး ခြားနေသဖြင့် သိပ်နီးနီးကပ်ကပ် မမြင်ရသော မိန်းကလေးကို တစ်ချက်လှမ်းကြည့်မိသည်။ မျက်လုံးမျက်ဖန်ကတော့ သူများထက် ပိုထူးထူးခြားခြား လှလှက် အသားအရေလည်း လှတာမို့ မြသိလ္လာဟာ မိန်းမချောလေးတစ်ယောက်ပါပဲလို့ မင်းပျို့ အရင်တည်းက လက်ခံပြီးသားပင်။

သို့သော် အဲဒီတုန်းကတော့ ပန်းကဗျာနဲ့တွဲပြီး အမြဲတွေ့ရတတ်သော၊ ပန်းကဗျာရဲ့ အခင်ဆုံး မိန်းကလေး သူငယ်ချင်းမလေးကို သူ့စိတ်ထဲမှာလည်း မိတ်ဆွေတစ်ယောက်လိုကလွဲရင် ဘာမှ ထူးထူးခြားခြား ဖြစ်မလာခဲ့ပါ။

အခုကျတော့ အင်း ... ဘယ်လိုပြောမလဲ။ သူ လုပ်ရက်လေခြင်းဆိုတဲ့ အတွေးကို ဖျတ်ခနဲ တွေးမိတိုင်း စိတ်ထဲမှာ နာကြည်းမုန်းတီးမှုကသာ ဖြစ်ဖြစ်လာခဲ့လေပြီ။





သူ မုန်းလာသော၊ သူ နာကြည်းနေသော မိန်းကလေးကို လက်ထပ်ယူလိုက်မိသည်အထိ ဖြစ်လာခဲ့သော အခြေအနေကို အခုထိ မယုံနိုင်စွာ ပြန်တွေးမိဆဲ။ အိပ်မက်,မက်နေတာများလားလို့ ရူးကြောင်ကြောင် တွေးကြည့်မိဆဲ။

"သူ သိသိကြီးနဲ့ ဘာကြောင့် ဒီလိုလုပ်တယ်ဆိုတာ ကဗျာ စဉ်းစားမရဘူး မောင်ရယ်"

ပန်းကဗျာနှင့် တွေ့ခဲ့သော နောက်ဆုံးရက်များတုန်းက သူမ သူ့ရင်ခွင်ထဲ ခိုဝင်ရင်း ငိုရင်း ပြောခဲ့သော စကားတွေကို ပြန်ကြားယောင်လာမိပြန်သည်။

ဟုတ်တယ် ... မင်း,သိရက်သားနဲ့ ဘာကြောင့် ငါ့ကိုရအောင် လက်ထပ်သလဲ မြသိလ္လာ။

"သူ ကဗျာ့ကိုများ ကျိတ်မုန်းနေသလား မသိဘူး။ တချို့က အပြင်ပန်းမှာ ခင်ချင်ဟန်ဆောင်ပေမဲ့ အတွင်းစိတ်ထဲမှာကျတော့ ကျိတ်ပြီး မုန်းနေတာ"

မင်းပျို့ ထိုစကားကို ပြန်ကြားယောင်လိုက်သောအခါ စိတ်က အလိုအလျောက်ပင် ...

"မြသိလ္လာ ... မင်း ကဗျာ့ကို မုန်းနေခဲ့လား"

ဟု မေးလိုက်ဖို့ ဆုံးဖြတ်မိပြီးသား ဖြစ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မြသိလ္လာသည် မင်းပျို၏ မေးခွန်းကို မဖြေသေးဘဲ သူမရဲ့ သိပ်လှသော မျက်လုံးဝိုင်းဝိုင်းလဲ့လဲ့ တစ်စုံဖြင့် မင်းပျိုကို အကြာကြီး ပြန်စိုက်ကြည့်နေခဲ့သည်။

"အဲ့ဒါကို ငါလည်း သိချင်တယ်၊ ကဗျာလည်း သိချင်နေခဲ့တယ်"

မင်းပျို ထပ်ပြောလိုက်သည်။

"သိလ္လာတို့ ကြားမှာ ပန်းကဗျာ အကြောင်း ထပ်မပြောကြရင် ကောင်းမယ်"

"ဩော် ... ဟော ... ဘာကြောင့် မပြောကြစရာ ရှိရမှာလဲ၊ သူက မင်းနဲ့ငါ ဆုံဖို့ ပါဝင်သရုပ်ဆောင်ပေးတဲ့ အဓိက ဇာတ်ဆောင်လေ၊ မင်း ဘာကြောင့် သူ့ကဏ္ဍကို ဖျောက်ထားစရာရှိလဲ၊ ကျေးဇူးမကန်းပါနဲ့ မြသိလ္လာ။ သူ့ကြောင့် မင်း ... ငါနဲ့ ဆုံစည်းရတာပါ"

အို ... မဟုတ်ဘူး။ မဟုတ်ပါဘူး။ ပန်းကဗျာကြောင့် မဟုတ်ပါဘူး။ ပန်းကဗျာ ရှင့်ကို မသိခင်ကတည်းက သိလ္လာက အရင်သိထားခဲ့တာပါ။ သိလ္လာ အရင်မြင်ခဲ့တာပါ။ သိလ္လာက အရင်ဆုံး ချစ်ခဲ့ရသူပါ မင်းပျိုရယ် ...။ မြသိလ္လာသည် စိတ်ထဲမှာသာ ပြန်ဖြေရှင်းနေရဲ့သူ ဖြစ်ပါသည်။ အပြင်မှာတော့ ဖွင့်ပြောဖို့ စိတ်ကူးမရှိသူလည်း ဖြစ်ပြန်သည်။





"အိုခေ ... ငါ သိသွားပြီ။ မင်းက သူ့အကြောင်းပြောမှာ သိပ်စိုးရိမ်တယ်၊ သူ့နာမည်ကြားရမှာ လန့်နေတယ်၊ ဒီတော့ စိတ်ချ၊ ငါကလည်း သူ့ကို အမြဲသတိရနေတဲ့သူဆိုတော့ နေ့တစ်နေ့ရဲ့ နှစ်ဆယ့်လေးနာရီလုံးလုံးနီးပါး သူ့အကြောင်း ပြောနေမိမှာပဲ။ ပြောရမှာပဲ။ မင်း ကြားချင်ချင် မကြားချင်ချင် ငါကတော့ ပြောနေမိမှာပဲ။ မင်းနဲ့ငါ တစ်အိမ်တည်း အတူတူနေတဲ့ လင်မယားလေ၊ ဒီတော့ တစ်နေ့ တစ်နေ့ စကားမပြောမဖြစ် ပြောတော့ ပြောရမှာပေါ့။ ဒီတော့ ငါ့ဘက်မှာပြောဖို့ အကြောင်းအရာကို ကြိုတင်ကြေညာထားပါ့မယ်၊ ငါ ကဗျာ့အကြောင်းပဲ ပြောမယ်"

မြသိလ္လာသည် ဝဲတက်လာသော မျက်ရည်တွေကို မျက်တောင်များဖြင့် အသာပုတ်ခတ် ပုတ်ခတ် လုပ်ရင်း ဖယ်ရှားပစ်နေတာကို လှမ်းမြင်လိုက်ရသဖြင့် မင်းပျို စိတ်ထဲမှာ အနည်းငယ်ကျေနပ်သွားပါသည်။ ဒါပဲလေ ... ဒါပဲဖြစ်ရမှာပေါ့။ သုံးယောက်နဲ့ဆိုင်တဲ့ ဇာတ်လမ်းတစ်ပုဒ်မှာ ကျန်တဲ့နှစ်ယောက်ကတော့ ဝမ်းနည်းကြေကွဲနေရချိန်မှာ ကျန်တစ်ယောက်က ပျော်နေရရင် ဘယ်တရားမျှတပါ့မလဲ မြသိလ္လာရယ်၊ မင်းလည်း ငါတို့ ခံစားရသလိုပဲ ညီတူညီမျှ ပြန်ခံစားရမှဖြစ်မယ်။ အဲဒီလိုလုပ်ပေးဖို့ ငါ့မှာ တာဝန်ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



မင်းပျို့သည် ဒီမိန်းမကို ဒီလောက် စိတ်ဒုက္ခပေးလိုက်ရရင် တော်ပြီဟု စိတ်ထဲမှာတွေးပြီး ကားသော့ကို သွားယူဖို့ ထရပ်လိုက်ပါသည်။

သူ ထထွက်လာသည်ကို ငေးကြည့်နေခဲ့သော မြသီလ္လာ အသံကို ထမင်းစားခန်းအဝ အရောက်မှာ ခပ်သဲ့သဲ့ ကြားလိုက်ရပါသည်။

"မင်းပျို့ စိတ်ချမ်းသာမယ်ဆိုရင် ပန်းကဗျာ အကြောင်း ပြောပါ၊ သီလ္လာ နားထောင်နိုင်တယ်"

မင်းပျို့ ဘာမှလှည့်ပြောမနေတော့ဘဲ ကားသော့နှင့် မိုဘိုင်းလ်ဖုန်းကို ကောက်ကိုင်ပြီး ထွက်လာခဲ့ပါသည်။ မြသီလ္လာသည် သူ့မကို ဘာမှမပြောမဆိုဘဲ ကားမောင်းထွက်သွားပြန်သော မင်းပျို့ကို ပြတင်းပေါက်ခန်းဆီးကြီးများ အကွယ်မှ ရပ်ကြည့်လျက် ကျန်ခဲ့သည်။

နေ့လယ်စာ စားချိန် ဆယ့်တစ်နာရီခွဲလောက်မှာ မင်းပျို့တို့အိမ်ကကား ခြံထဲဝင်လာတာကို လှမ်းတွေ့လိုက်ရတော့မှ မြသီလ္လာသည် သူမ ဒီခန်းဆီးများ နောက်ကွယ်တွင် အကြာကြီး ရပ်နေခဲ့မိသည် ဖြစ်ကြောင်း သတိပြုမိသွားပါသည်။ ကြည့်စမ်း ... မင်းပျို့ ထွက်သွားတဲ့ အချိန်ဟာ ခန့်မှန်းခြေ ကိုးနာရီကျော်လောက် ဖြစ်မှာ။ အဲဒီတည်းက မထိုင်ဘဲ ဒီခန်းဆီးတွေ





နားမှာ ရပ်နေခဲ့လိုက်တာ၊ ဘုရားရေ ... ငါ ရပ်နေရင်း သတိမေ့နေသလို ဖြစ်သွားတဲ့ အတိုင်းပဲ။ အခုမှပဲ ခြေသလုံးတွေ တောင့်နေကြောင်း၊ ခြေဖဝါးတွေ ထုံနေကြောင်း ကိုယ့်ဘာသာ သတိရတော့သည်။

မင်းပျို့၏မိခင် ဒေါ်နီလာခင် ကားမောင်းသူနေရာမှ ဆင်းလာသည်။ ကားနောက်ခန်းမှ တံခါးပွင့်လာတော့ မင်းပျို့တို့အိမ်မှ အဖော်ကောင်မလေးတစ်ယောက် ငါးဆင့်ချိုင့် အကြီးကြီးနဲ့ ဆင်းလာတာကိုလည်း တွေ့ရသည်။ ဪ ... ဒီနေ့အတွက် ထမင်းဟင်းချက်ပို့ဖို့ကို မင်းပျို့တို့အိမ်က တာဝန်ယူထားပုံရတယ်။ လူကြီးတွေ ဘယ်လိုစီစဉ်လို့ စီစဉ်မှန်းပင် မသိထားသော သီလ္လာသည် အိမ်ရှေ့ ကျွန်းသားတံခါးကြီးကို သွားဖွင့်ရင်း မေမေ ဒေါ်နီလာခင် မေးရင် ဘာဖြေရမလဲလို့လဲ စဉ်းစားနေပါသည်။

အတွင်းကျွန်းသားတံခါးကြီးကို ဖွင့်လိုက်လျှင် အပြင်က ခြင်လုံသံဆန်ခါ တံခါးတစ်ထပ် ကျန်သေးသည်မို့ ချက်ကို တွန်း၍ အသာကြီဖွင့်ထားလိုက်သည်။

"ဗိုက်ဆာနေပြီလား သမီး"

ဒေါ်နီလာခင် အိမ်ထဲဝင်လာရင်း မြသီလ္လာ ပါးလေးကို ချစ်စနိုးဆွဲဖျစ်ကာ မေးလိုက်ပါသည်။

"မဆာသေးပါဘူး မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... တိတ်ဆိတ်လို့ပါလား၊ ဟိုကောင်ရော မနိုးသေးဘူးလား"

"နိုးပြီ မေမေ"

"အံမယ် ... ထူးထူးဆန်းဆန်း တိတ်နေတယ်၊ အရင်ကတော့ အိမ်မှာကွယ် ... သူက နိုးတာနဲ့ စီဒီပလေယာရဲ့ မှဒ်ကို ကောက်ကိုင်ပြီး သီချင်းအရင် ဖွင့်တော့တာပဲ။ သူ့ မျက်လုံးနှစ်လုံး ပွင့်တာနဲ့ သီချင်းသံကြားရပြီ။ အိမ်မှာ သူ မရှိတဲ့ အချိန်ပဲ နားအေးပါးအေး နေရတယ်၊ သီချင်းဖွင့်ရင်လည်း သိတဲ့အတိုင်း ခုနစ်အိမ်ကြား ရှစ်အိမ်ကြား အကျယ်ကြီးဖွင့်တာ။ အခု မဖွင့်ပါလား"

"သူ ... ဟို ... အပြင်ခဏ ထွက်သွားလို့ မေမေ"

"ဟုတ်လား"

ဒေါ်နီလာခင့် အသံက မကျေမနပ်လိုလို ဖြစ်နေသည်။ ဒေါ်နီလာခင့် စိတ်ထဲမှာ သံသယသည် ပန်းကဗျာနှင့်လည်း ဆိုင်နေသည်ဆိုတာ သီလွှာ ခံစားလို့ရပါသည်။

"မဖြစ်သင့်ဘူး သမီးရဲ့"

"သူ ... ခေါင်းကြည်အောင် ကားလျှောက်မောင်းတာပါ မေမေ"

"အဲဒီလို ပြောသွားလား"





"ဟုတ်ကဲ့"

မြသီလွှာ လိမ်ညာပြီး ဟုတ်ကဲ့ လိုက်ရပါသည်။

"သမီး လိုက်သွားဖို့ သင့်တယ်"

"သီလွှာ မနေ့က တစ်နေ့လုံး ပင်ပန်းနေလို့ အိမ်မှာနားချင်တာနဲ့ နေခဲ့တာပါ။ ပြီးတော့ သူ ကားလျှောက်မောင်းရုံ မောင်းတာပါ"

"ဟိုဟာမလေးဆီ ရောက်နေမှာစိုးလို့ ပြောတာ သမီးရေ့။ အဲဒီလောက် ညှဲမနေနဲ့၊ ကိုယ့်ယောက်ျား ဖြစ်နေပြီ၊ ကိုယ်နိုင်အောင် ထိန်းပေတော့။ မထိန်းရင် ပြန်ပါသွားမယ်၊ အဲဒီကျ အားလုံး နစ်နာမယ်၊ အားလုံး စိတ်ဆင်းရဲရမယ်"

မင်းဖျိုထံမှ ကဗျာဆီ မသွားရင် ပြီးရောမဟုတ်လားဟူသော စကားကို သီလွှာ တကယ်ယုံသည်။ အဲဒီလိုပဲ ပန်းကဗျာကလည်း မင်းဖျိုကို မိုက်မိုက်မဲမဲ လက်ခံလိမ့်မယ်ရယ်လို့ သီလွှာ မထင်တာလည်း ပါပါသည်။ သူများတွေ ဘာပဲထင်ထင် မြသီလွှာကတော့ ပန်းကဗျာရဲ့ ကိုယ်ကျင့်တရားကို အလိုလိုထင် အကြွင်းမဲ့ ယုံလေသည်။ ပြီးတော့ ပန်းကဗျာထံမှ ...

"ငါ အိမ်ထောင်ရှိတဲ့ ယောက်ျားတစ်ယောက်နဲ့ ဘယ်တော့မှ မရှုပ်ဘူး၊ နင် စိတ်ချထားပါ သီလွှာ။ ငါ့အဖေတုန်း



www.burmeseclassic.com

www.burmeseclassic.com



ကာ အိမ်ထောင်ရှိရက်နဲ့ တခြားမိန်းမတစ်ယောက်နဲ့ ဖောက်ပြန်တော့ ငါ အဲဒီဖောက်ပြန်တဲ့ မိန်းမကို တအားမုန်းခဲ့တယ်။ ငါသာဆို အဲဒီလို မဖြစ်အောင်နေမယ်၊ ရှောင်မယ်ဆိုပြီး စိတ်ထဲမှာ တွေးခဲ့ဖူးတယ်၊ အခုလည်း ငါ့အလှည့်ကျအဲဒီလို အခြေအနေနဲ့ကြုံဖို့ ဖြစ်လာပြီဆိုပေမဲ့ ငါ အဖြစ်မခံပါဘူး။ နင် စိတ်ချ လက်ချ မောင့်ကို သိမ်းပိုက်နိုင်ပါတယ်၊ ငါ သူ့ကို ဘယ်လောက်ချစ်ချစ် လက်မခံပါဘူး။ အဲဒါ နင်တို့အိမ်ထောင်ကို သိပ်မြဲစေချင်လွန်းတဲ့ စေတနာကြောင့်တော့ မဟုတ်ဘူးနော်။ ငါ ငရဲကြီးမှာကို ကြောက်လို့၊ ဝဋ်လိုက်မှာကို ကြောက်လို့၊ သူများ အမုန်းခံရမှာကို ကြောက်လို့ … ဒါပဲ"

မြသီလွှာနှင့် နောက်ဆုံးတစ်ခေါက် တွေ့ဆုံခဲ့စဉ်မှာ ပြောခဲ့ဖူးသော ပန်းကဗျာရဲ့ စကားတွေကိုလည်း မြသီလွှာ ယုံထားပြန်ပါသည်။ ဒါကြောင့်ပဲ … …။

"သမီး ဆာရင် စားလိုက်တော့၊ မိထွေး ပါလာတုန်း ရှူးခပ်ပြင်ဆင်ပေးလို့ရတယ်"

"ရတယ် မေမေ၊ ဈိုင့်သာ လှယ်ရင် လှယ်ခဲ့ပါ၊ သီလွှာ မဆာသေးပါဘူး။ မနက်က အိပ်ရာထ နောက်ကျတော့ မနက်စာမုန့်စားတာလည်း နောက်ကျသွားလို့ပါ မေမေ"





ဒေါ်နီလာခင်က မြသီလွှာကို အသာအယာ တစ်ချက်ငေးကြည့်နေပါသည်။

"သူ ဘယ်တော့ပြန်လာမယ် ပြောသွားလဲ"

"သိပ်မကြာဘူးတဲ့"

"ဪ… ဪ … အေးလေ … သူပြန်ရောက်ရင် မေမေ့ဆီ ဖုန်းဆက်ဖို့ ပြောလိုက်ပါ၊ ဒါပါပဲ။ မိထွေး ဈိုင့်လှယ်ပြီးရင် မေမေလည်း သွားမယ်၊ ဆိုင်ဘက် ဝင်လိုက်ဦးမှာမို့ ဆိုင်ဖုန်းကို ဆက်လို့ပြောနော် သမီး"

"စိတ်ချပါ မေမေ"

ဒေါ်နီလာခင်သည် အိမ်မှာ ထိုင်စားနေရင် ရပေမဲ့ ဈေးမရောင်းရရင် မနေနိုင်သော ဝါသနာကြောင့် ပလာဇာကြီးတစ်ခုတွင်ပင် မြန်မာ့လက်မှုပညာတွေဖြစ်သော ရွှေချည်ထိုး ငွေချည်ထိုး ပန်းချီကားများ၊ သစ်သားပန်းပုများ၊ ကျောက်စိမ်းလက်ဝတ်ရတနာမျိုးစုံနှင့် ပန်းပုများ၊ ယွန်းထည်များ စသည်တို့ကို ဆိုင်ခန်းအကြီးကြီးဖွင့်၊ ကိုယ်တိုင် ဆိုင်ထိုင်ရောင်းနေသူ ဖြစ်ပါသည်။

ဒေါ်နီလာခင်သည် ကားနားထိ လိုက်ပို့သော မြသီလွှာ၏ လက်ဖဝါးလေးတွေကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်ရင်း ကားမောင်းမထွက်ခင်မှာ တစ်ခွန်းတော့ ထပ်မှာသွားသေးသည်မှာ …။



www.burmeseclassic.com

www.burmeseclassic.com



"သမီးအနေနဲ့ အပန်းမကြီးဘူးဆိုရင် ကလေးမြန်မြန်ရအောင် ယူလိုက်ကွယ်။ သားက ကလေးချစ်တတ်တယ်၊ ကလေးရှိလာမှပဲ မေမေ့သားကို မေမေ စိတ်ချနိုင်မယ်ကွယ်"

❀ ❦ ❀



## ၃

ညနေ ရွှေတော်တော်စောင်းမှ ပြန်လာသော မင်းပျို သည် အပြန်မှာ သူတစ်ယောက်တည်း ပြန်လာခြင်းတော့မဟုတ်။ သူ့နောက်မှာ အငှားကားကြီးသတ်သတ်ဖြင့် သယ်ချလာသော တစ်ယောက်အိပ်မွေ့ရာကြီးပါ ပါလာသည်။ ရေမြှုပ်မွေ့ရာကြီးဟာ အသစ်ကျပ်ချွတ်ဖြစ်လျက်၊ ပါကင်ပလတ်စတစ်တွေဖြင့် သေသပ်စွာ ထုပ်ပိုးထားသည်ကို ကားပေါ်မှ သယ်ချလာသော အလုပ်သမားကောင်လေးအား မင်းပျိုက ဘယ်အခန်းထဲထည့်ဟု လမ်းညွှန်လေသည်။

ပင်မအိပ်ခန်းကျယ်ကြီးနှင့် နံဘေးကပ်ရပ် အိပ်ခန်းငယ်တစ်ခန်းထဲသို့ သွားချခိုင်းတာ ဖြစ်သည်။ ပြီးတော့မှ ကားသမားကိုရော လိုက်ကူသယ်ပေးသော အလုပ်သမား ကောင်လေးကိုပါ ပိုက်ဆံထုတ်ရှင်းလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြသီလ္လာကား ဘာမှဝင်မပြော၊ ဝင်လည်းမမေးဘဲ ဖွင့်ထားလက်စ MTV ကိုသာ ဆက်ငေးကြည့်ဟန် ဆောင်နေခဲ့သည်။ သူ မနက်စာထမင်းလည်း ပြန်လာမစားဘူး။ အပြင်မှာ စားလိုက်တယ် ထင်တယ်၊ သူ့အမေကတော့ တစ်ချိန်လုံး ဖုန်း ဆက်မေးနေတာ။

"သူ့မိုဘိုင်းလ်ဖုန်းလည်း ခေါ်မရဘူးကွယ်၊ ပိတ်ထားသလား၊ ဘက်ထရီအားနည်းနေတာကို ပြန်မဖြည့်ထားသလား မသိပါဘူး"

ဟုလည်း ဒေါ်နီလာခင် ညည်းတွားပြောပြခဲ့၍ သူ့အမေနဲ့သူ ခုထိ စကားမပြောရသေးဘူး ဆိုတာလည်း သီလ္လာ သိသည်။

ညနေစာကို ခြောက်နာရီကျ လာပေးဦးမည်ဟု မှာသွားခဲ့သော ယောက္ခမကြီးမျာ၊ ကာယကံရှင် သီလ္လာ့ထက်ပင် ပိုပြီး ပူပင်သောက ရောက်နေပုံလည်း ရသည်။ အေးလေ ... ဒီ ဓာတ်လမ်းမှာ အဓိက,က ဒေါ်နီလာခင်ပဲ။ ဒေါ်နီလာခင်ကြောင့် ပန်းကဗျာနဲ့ မင်းပိုျူ ဝေးသွားရတာ။ ဒေါ်နီလာခင်ကြောင့် သီလ္လာနဲ့သူ လက်ထပ်ခွင့်ရတာ။

မင်းပိုျူကလည်း သီလ္လာ့ကို စကားလာပြောမနေဘဲ သူ့ဘာသာ ပါကင်တွေဖွင့်၊ မွေ့ရာကို နေရာတကျ ဆက်ပြီးချ နေလေသည်။ ပြီးမှ အခန်းထဲ ဝင်သွားကာ ပြန်ထွက်လာတော့





သူ့အတွက် ပြင်ဆင်ထားသော ခေါင်းအုံးနှစ်လုံးနှင့် စောင်တို့ကို သယ်ထုတ်လာပါသည်။ နောက်တော့ သူ ရေချိုးခန်းထဲ ဝင်သွားခဲ့သည်။ ဒီတော့မှ မြသီလ္လာလည်း သူပြင်ဆင်နေသော သူ့ရဲ့ တစ်ယောက်အိပ်မွေ့ရာကို သွားခိုးကြည့်ခွင့် ရတော့သည်။

ကြည့်ပါဦး ... မွေ့ရာကြီး ဒီအတိုင်းနဲ့ ခေါင်းအုံးတွေ စောင်တွေ ပုံထားတယ်။ ဒီဗုံအတိုင်းပဲ အိပ်မဲ့ပုံပဲ။ မဖြစ်သေးပါဘူး။ အိပ်ရာခင်းတစ်ခုတော့ ထပ်ခင်းပေးမှပါ။ သီလ္လာ ထိုသို့တွေးပြီး ဗီရိုထဲမှာ အသင့်ရှိမည့် အိပ်ရာခင်းအပို၊ ခေါင်းအုံးနှင့် ခေါင်းအုံးစွပ် အပိုတို့ကို သွားဖွင့်ရှာလိုက်ပါသည်။ အိပ်ရာခင်းတွေကတော့ နှစ်ယောက်အိပ်စာတွေချည်း ဖြစ်နေကာ၊ တစ်ယောက်အိပ် မရှိပါ။ ဘယ်တတ်နိုင်မလဲ၊ လောလောဆယ် ခဏတဖြုတ်တော့ ဒီကြီးကြီးမားမား နှစ်ယောက်အိပ်ကြီးကိုပဲ သူ့အိပ်ရာမှာ သွားခင်းပေးရုံပဲ ရှိတယ်။

သီလ္လာ ကိုယ့်စိတ်ကူးနဲ့ကိုယ် သွားခင်းကျင်း ပြင်ဆင်ပေးပြီးသည်နှင့် ကိုယ့်ဘာသာပင် တိတ်တဆိတ် အိမ်ရှေ့ပြန်လာ၊ MTV ဖွင့်လက်စကို ဆက်ကြည့်နေလိုက်ပါသည်။

မင်းပိုျူ ရေမိုးချိုးပြီးချိန် လောက်မှာပဲ အိမ်ရှေ့မှာ ဘဲလ်မြည်သံ ကြားရသည်။ ဒေါ်နီလာခင် ရောက်လာပြီထင်သဖြင့် သီလ္လာ တံခါးဖွင့် ကြိုလိုက်ပါသည်။

"သား ပြန်ရောက်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နီလာခင်သည် အိမ်ထဲတောင် မရောက်သေး။ အရင်ဆုံး အလောတကြီး မေးပါသည်။

"ရောက်ပြီ မေမေ။ ရေချိုးနေတယ်"

"မနက်စာရော မစားဘူးလား"

"အခုမှ ပြန်ရောက်တယ် မေမေ"

"ဩော် ... ဒီလိုလား"

"ညနေစာ ဟင်းတွေသိပ်များနေရင် မေမေ ပြန်ယူရင် ယူ သွားလိုက်ပါလား။ မနက်က အများကြီးကျန်တော့ မကုန် ဘဲ နေမှာစိုးလို့"

"ရေခဲသေတ္တာထဲ ထည့်သိမ်းထားလိုက်ပါကွယ်၊ နောက် နေ့ နွှေးစားပေါ့။ သမီးမေမေက မနက်ဖြန် လာပို့ဖို့ တာဝန်ယူထားတယ် မဟုတ်လား။ သမီးတို့မှာ များနေ ရင် လာမပို့နဲ့လို့ ကြိုမှာထားရင် ထားပေါ့၊ ကဲ ... မေမေ ဟိုကောင့်ကို ခဏစကားသွားပြောလိုက်ဦးမယ်"

မြသီလွှာ အလိုက်သိစွာပင် အိမ်ရှေ့မှာ ကျန်ခဲ့ ပြန်ပါသည်။ အိမ်နောက်ဖေး ထမင်းစားခန်းဆီမှ တိုးတိုးတစ်မျိုး ကျယ်ကျယ်တစ်မျိုး စကားပြောသံ (အဓိက,ကတော့ ဆူပူသံ ဖျောင်းဖျသံ)များကို ခပ်သဲ့သဲ့ ကြားနေရပေမဲ့ မြသီလွှာ စိတ် ဝင်တစား နားမစွင့်နေခဲ့ပါ။





အမေက သားဖြစ်သူကို ဆူပူနေတာပဲ ဖြစ်မှာပေါ့။ မင်းပျို့ အသံကတော့ တစ်ခါတစ်ရံမှသာ သဲ့သဲ့ထွက်ပေါ်လာသည်။ ဆယ့်ငါးမိနစ်လောက်ကြာမှ ဒေါ်နီလာခင် ပြန်ထွက်လာသည်။

"သမီးတို့ ထမင်းစားကြတော့မလား၊ စားရင် အိမ်က မထွေးပါတုန်း ခူးခပ်ပြင်ဆင်ခိုင်းလိုက်မယ်"

"သီလွှာတော့ မဆာသေးဘူး မေမေ။ သူ စားမယ်ဆိုရင် တော့ ပြင်ဆင်ခိုင်းလိုက်ပါ"

"အို ... ဘယ်ဟုတ်မလဲ၊ လင်နဲ့မယား နှစ်ယောက်တည်း ဒီအိမ်မှာ ရှိတာကွယ်၊ ထမင်းအတူတူစားမှပေါ့။ ကဲ... ကဲ ... မေမေလည်း ပြန်လိုက်ဦးမှပါ။ အိမ်မှာကလည်း မေမေ့ ကလေးကြီးလေ၊ သားတို့အဖေလေ စောင့်နေတော့ မှာ။ သူက မိန်းမအနားမှာ မရှိရင် ထမင်းမစားတတ်ဘူး။ ခွံ့မကျွေးရရုံ တမယ်ပါပဲ၊ ဘေးမှာ ဟိုဟာခပ်ထည့်၊ ဒီ ဟာခပ်ထည့် ကျွေးမှ စားတော်မူတာလေ၊ ဒါကြောင့် ... သူ ထမင်းစားချိန် နောက်မကျအောင် ပြန်လိုက်ဦးမယ်"

အမှန်တော့ ဒေါ်နီလာခင်ဟာ သူတို့နှစ်ယောက် တည်း လွတ်လွတ်လပ်လပ် စကားပြောပါစေ့ဟယ်လို့လည်း ရည် ရွယ်ပြီး ခပ်မြန်မြန် ထပြန်တာ ဖြစ်ပါသည်။ သို့သော် သူမ မျှော် လင့်သလို မဖြစ်ဘဲ၊ သူမ ပြန်သွားသောအခါမှာ အိမ်တစ်အိမ် လုံး တိတ်ဆိတ်သွားပြီး MTV မှလာသော သီချင်းသံသဲ့သဲ့ကလွဲ ရင် ဘာသံမှ မကြားရကြောင်း မသိသွားရှာပါ။

www.burmeseclassic.com



မြသီလွာကတော့ ဒီလိုပုံစံမျိုးနဲ့ ရင်ဆိုင်ရဖို့ကိုပဲ မျှော်လင့်ထားလေရာ ထိုင်ရာက မထဘဲ MTV ကို စိတ်ဝါပါ၊ မပါပါ ထိုင်ကြည့်နေမိသည်။ တော်တော်လေး ကြာတော့မှ မင်းပျို အိမ်ရှေ့ထွက်လာပါသည်။ မင်းပျိုသည် အမှန်တော့ မနက်က ဘာမှလဲ ဖြစ်ဖြစ်မြောက်မြောက် မစားဖြစ်လေရာ အိမ်ရောက်တော့ ဗိုက်က တော်တော်ဆာနေပြီ။ ရေချိုးပြီးတာနဲ့ ထမင်းစားတော့မယ် စဉ်းစားတုန်း မေမေ ရောက်လာပြီး ဆူပူနားချနေတာကို ထိုင်နားထောင်နေလိုက်ရတာမို့ ထမင်းလည်း မစားဖြစ်။

မေမေ ပြန်သွားတော့ ထမင်းစားမယ်ဆိုပြီး မြသီလွာ ဝင်လာတော့မလား၊ ဝင်လာမလားဟု ထင်ကာ တစောင့်စောင့် လုပ်နေမိပါသည်။ သို့သော် ... မမဖုရားက ဝင်မလာဘဲ အိမ်ရှေ့ MTV မှ Backstreet Boys တွေနဲ့ပဲ အချိန်ကုန်နေလေရာ ကြာတော့ သူ့ထွက်ခေါ်ဖို့ စိတ်ကူးရတော့သည်။

မင်းပျို အဖြစ်ကလည်း ပြောရင် ယုံပါ့မလားပင် မသိ။ ငယ်ငယ်တည်းက ခုရွယ်ထိ အမေဖြစ်ဖြစ်၊ အစ်မဖြစ်ဖြစ် အိမ်ဖော်ကောင်မလေးဖြစ်ဖြစ် ခူးခပ်ထမင်းပွဲရှေ့ရောက်ကျွေးမှပဲ စားတတ်လေရာ မေမေ လာပို့ထားသော ထမင်းချိုင့်ကို ကိုယ့်ဘာသာဖွင့်ပြီး ပန်းကန်ထဲ ထည့်စားဖို့ကို မလုပ်ချင်။ လုပ်ပင် မလုပ်တတ်သလို ဖြစ်နေပါသည်။





"မြသီလွာ"

"ရှင်"

မင်းပျို နောက်မှ လာခေါ်သံကြောင့် မြသီလွာ အလန့်တကြား ထူးလိုက်မိသည်။

သူ လာခေါ်လိုက်လိမ့်မယ်လို့လည်း မထင်လေရာ အံ့သြသွားတာလည်း ပါပါသည်။

"ငါ ထမင်းစားတော့မယ်"

"ဪ ... ဟုတ်လား"

မြသီလွာ အလိုက်တသိပင် ထ,လာကာ ထမင်းပွဲ ပြင်ပေးဖို့ ပြင်ဆင်ပေးပါသည်။ မင်းပျို တစ်ယောက်တည်း ထမင်းစားပွဲတွင် ထိုင်ရင်း မြသီလွာ ခူးခပ်ပြင်ဆင်နေသည်ကို လိုက်ကြည့်နေပါသည်။ သူ တွေးနေတာက ဪ ... ဒီနေရာမှာ ကဗျာသာဆိုရင် ငါလည်း ကြည်ကြည်နူးနူး၊ ပျော်ပျော်ရွှင်ရွှင်ပဲ ထမင်းပွဲပြင်ဆင်ဖို့ ဝင်ပါမိမှာပေါ့။ အခုကျတော့ ငါက ငါမချစ်တဲ့ မိန်းမ,တစ်ယောက်နဲ့ အတူနေနေရပြီမို့။ မတွေးချင်ပေမဲ့ တွေးလိုက်မိပြန်သည်။ ခုနလေးတင် မေမေက ဆူပူသွားလိုက်သေးတာ။

"ဘာကြောင့်ပဲ ယူယူပေါ့။ မင်း ကိုယ်ယူထားတဲ့ မိန်းမ အပေါ် သစ္စာရှိပါ။ ကြင်ကြင်နာနာ ဆက်ဆံပါ။ ကိုယ်ထိ လက်ရောက် ရိုက်နှက်နှိပ်စက်ခြင်းရော၊ စိတ်အားဖြင့်

www.burmeseclassic.com



ဆင်းရဲညစ်ညူးရအောင် နှိပ်စက်ခြင်းရော မလုပ်မိပါစေနဲ့ ကွယ်။ ဘာပဲဖြစ်ဖြစ် နှိုင်းပြောရရင် မြသီလ္လာဟာ ပန်းကဗျာလောက် မချောမလှပေမဲ့ သူရဲ့သိက္ခာ အဆင့်အတန်းကတော့ ပန်းကဗျာထက် အဆပေါင်းများစွာ သာပါတယ် မောင်မင်းပျိုရယ်"

မေမေက စိတ်ဆိုးစိတ်တိုပြီဆိုလျှင် သူ့ကို မောင်မင်းပျိုဟု ခေါ်တတ်နေကျအတိုင်း သူ့နာမည်ကို ခေါ်ပြီး ပြောသွားခဲ့တာ။ ကျန်တာတွေကတော့ စုံလို့ပါပဲ။ အိမ်မကဘ်ဘဲ တစ်နေကုန် လျှောက်သွားနေလို့၊ အိမ်ကဖုန်းခေါ်လို့မရအောင် မိုဘိုင်းလ်ဖုန်းကို ပိတ်ထားလို့ စသဖြင့် အကြောင်းအရာစုံ ပြောပြီး ဆက်တိုက်ဆူပူသွားပါသည်။ ဒါတောင် မင်းပျို အိပ်ခန်းခွဲအိပ်ဖို့ တစ်ယောက်အိပ် ဒန်းလော့(ခ)မွေ့ရာဝယ်လာပြီး ပြင်ဆင်ထားလိုက်တာကို မေမေ သိမသွားသေး။ သိများသိရင် ဘာတွေဆက်ကြားရဦးမယ်မသိ။ မြသီလ္လာကတော့ ဒီကိစ္စကို မေမေ့အား ပြောပုံမရပါ။

"ဟင်းရည်ကတော့ အိုးနဲ့ထည့်နွှေးလိုက်မှ ဖြစ်မယ်၊ ခဏလေး စောင့်နော်"

"အခု ပြင်ဆင်ထားတာတွေ စားထားနှင့်မယ်"

"ဗိုက်အရမ်းဆာနေပြီလား"

"ငါ မနက်စာလည်း မစားဖြစ်ဘူး"





"အပြင်မှာ စားလိုက်ပြီ ထင်နေနေတာ"

"မစားပါဘူး၊ ငါ အပြင်စာမှ မကြိုက်တာ၊ ကဗျာ မပြောဖူးဘူးလား"

မင်းပျိုက တမင်ပဲ ပန်းကဗျာ အမည်ကို ထည့်ပြောလိုက်သည်။ မြသီလ္လာက ပန်းကဗျာ နာမည် ထည့်ပြောလျှင် မကြိုက်ဘူး ထင်တယ်ဟု သူ့ဘာသာ ယူဆပြီး တမင်ကို ထည့်ပြောလိုက်တာ ဖြစ်သည်။

မြသီလ္လာ တစ်ဖက်လှည့်ပြီး ဟင်းရည်အိုးကို ကြည့်နေသဖြင့် သူမမျက်နှာ အပြောင်းအလဲကို မတွေ့ရပါ။

တွေ့ခွင့်ရရင်တော့ တွေ့ချင်သည်။ မြသီလ္လာ မျက်နှာအမူအရာ ပြောင်းလဲတာကို အရသာခံ ကြည့်ချင်သည်။ သူ့စိတ်ထဲမှာ ဒီမိန်းကလေးကို ဘယ်လိုမှ ကျေအေးလို့ မရနိုင်ခဲ့ပါ။ သူမ သိသိကြီးနှင့် နောက်ဆုတ်မပေးဘဲ သူနဲ့ ကဗျာ့ကို ခွဲသည်ဟုလည်း မြင်မိပါသည်။

ဟင်းချိုနွှေးပြီးသောအခါ မင်းပျို အတွက် တစ်ယောက်စာ ပန်းကန်နှင့်ထည့်ပြီး အသာလာချပေးသော မြသီလ္လာသည် ခုထိတော့ မျက်နှာအမူအရာက အပြုံးမပျက်ပင်။

"မနက်ဖြန်ကျ သီလ္လာ့မေမေ လာချက်ပို့ပေးမယ်။ မင်းပျို ဘာဟင်းစားချင်လဲ၊ ပြောပါလား၊ သီလ္လာ ဖုန်းဆက်မှာပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"လူကြီးတွေ လာချက်ပို့နေရတာ အလုပ်ရှုပ်ပါတယ်။ ကိုယ့်ဘာသာပဲ ချက်ပါလား"

"သိလ္လာ ချက်ချင်ပါတယ်၊ မေမေတို့က ပေးမလုပ်လို့ပါ"

"နှစ်ယောက်စာ ချက်တာပဲ၊ အကူတွေ ဘာတွေ မလိုပါဘူး၊ ဟုတ်တယ် မဟုတ်လား။ တခြား အဝတ်လျှော် မီးပူတိုက် အိမ်သန့်ရှင်းတာကတော့ အကူရှိမှ ဖြစ်မယ်ဆိုရင်ထားပါတော့။ ထမင်းဟင်းချက်တာကတော့ အဖော်မလိုပါဘူး"

"မင်းပျို ... သိလ္လာ့ကို ချက်စေချင်လို့လား"

"မင်းတာဝန်ပဲ၊ လုပ်သင့်တာပေါ့ မြသိလ္လာရယ်"

"သိလ္လာ မေမေတွေ စီစဉ်ပေးတာကိုပဲ လက်ခံချင်တယ်"

"မဟုတ်ဘူးလေ၊ မင်းအတွက် ဘာမှ မခက်ခဲတာ ချက်ပေါ့။ ဘာကြောင့် အမေတွေကို လွှဲချနေလဲ"

"ဘာလဲ ... မင်းပျိုက သိလ္လာ့ကို ပင်ပန်းစေချင်လို့လား"

"ထမင်းဟင်းချက်တာ မပင်ပန်းပါဘူး"

"ဒါပေမဲ့ သိလ္လာ့ကို ကူမဲ့လူ မရှိဘဲ မလုပ်နိုင်ဘူး။ သိလ္လာ ငယ်ငယ်တည်းက အိမ်မှာ ကူဖော်လောင်ဖက်တွေနဲ့ နေလာတာ"





မြသိလ္လာကား မခေ။ မင်းပျို့ အလိုကျ မလုပ်ပေးဘဲ သူမကလည်း အနိုင်မခံ၊ အရှုံးမပေး ပြန်ပြောနေသဖြင့် ကြာတော့ မင်းပျိုမှာ အသည်းယားလာသည်။ ဖြစ်နိုင်ရင် ပခုံးကနေ ကိုင်ဆောင့်ပြီး ဝိတ်တွန်းပစ်လိုက်ချင်လာသည်။ မေမေ ကြိုမှာသွားခဲ့၍သာ စိတ်ကိုထိန်းထားရတာ၊ ဖြစ်များ ဖြစ်နိုင်ရင် သူက ဒီမိန်းကလေးကို စိတ်ဒဏ်ရာတင်မက အသားကိုပါ ဒဏ်ရာအနာတရ ဖြစ်အောင် လုပ်ပစ်ချင်နေလေသည်။

"ဒါကြောင့် ကဗျာက ပြောတာ၊ သိလ္လာက နန်းမတော်မယ်နေတဲ့ တစ်ပင်တိုင် မြနန်းမှာ ခြွေရံသင်းပင်း အများကြီးနဲ့ နေလာခဲ့တဲ့ မင်းသမီးတဲ့။ ဟုတ်မှာပေါ့။ ကဗျာဝေဖန်တာ မမှားဘူး။ ကဗျာဆို ငယ်ငယ်တည်းက အမေမရှိဘူး။ အမေနဲ့သမီး နှစ်ယောက်တည်း ဘဝကိုရုန်းကန်ရတာ။ အမေကလည်း တစ်သက်လုံး အလုပ်ပင်ပင်ပန်းပန်း လုပ်လို့မရတဲ့ နှလုံးရောဂါသည်ကြီးဆိုတော့ အမေလည်းပြုစုရင်း၊ သူ့ဘာသာ ဘဝကို ရုန်းကန်လာရတာ။ မင်းလို ပြည့်စုံကြွယ်ဝနေတာလည်း မဟုတ်ဘူး။ အခြွေအရံရှိဖို့ မပြောနဲ့ ဆွေမျိုးသားချင်းတောင် အကူမရှိအဲဖြစ်အောင် လုပ်လာတာပဲ၊ အဆင်ပြေနေတာပဲ။ ကျောင်းလည်းပြီးအောင် တက်သေးတယ်၊ အလုပ်ကလည်း လုပ်

www.burmeseclassic.com



သေးတယ်။ အိမ်မှာ အမေကျန်ခဲ့တာကို အဆင်သင့်လေး စားနိုင်အောင် ချက်ပြုတ်ပေး၊ လျှော်ဖွပ်ပေး ...”

မင်းပို့ဟာ တမင်ပဲ အမြင်ကတ်ကတ်နဲ့ ဆက်တိုက် မနားတမ်းပင် မြသီလ္လာ သိပြီးသားဖြစ်သော ပန်းကဗျာ အကြောင်းတွေ ပြောပစ်မိလျှင် သူ့စကားပင်, အဆုံးမခံ။ မြသီလ္လာက အတင်းလက်ကာလိုက်ရင်း တော်ပါတော့ ... တော်ပါတော့ဟု ဖြတ်ပြောလေသည်။

“ဘာလဲ ..., မင်း, ကဗျာ့အကြောင်းကြားရရင် လိပ်ပြာမသန့်ဘူး မဟုတ်လား။ ဆင်ဖြူမျက်နှာ ဆင်မည်းမကြည့်ဝံ့ ဆိုတာမျိုးပေါ့၊ မင်းမှာ အပြစ်ရှိတာကိုး။ မင်းက အခင်ဆုံး သူငယ်ချင်းရဲ့ ရည်းစားကို လုယူရဲတဲ့လူလေ”

“မင်းပို့ .. တော်တော့ ဆက်မပြောနဲ့လို့ သီလ္လာ ပြောထားတယ်”

“မင်း ငါ့ကို အမိန့်ပေးလို့ မရဘူး။ ငါ မနက်ကလည်း ပြောပြီးသွားပြီလေ၊ မင်း, မကြားချင်ရင် ငါက ပိုပြီးပြောမယ်လို့ ... ဟဲ ဟဲ ... ထပ်ပြောလိုက်ဦးမယ်၊ ငါ ကဗျာကိုပဲ ချစ်တယ်၊ ကဗျာက ငါ့ရဲ့အချစ်ဦး၊ အချစ်ဆုံး၊ တစ်ဦးတည်းသော ချစ်ရသူပဲ။ ကဗျာ့နေရာကို ဘယ်သူမှ အစားထိုးဝင်လို့ မရဘူး၊ မှတ်ထားလိုက် မြသီလ္လာ”





“သိပါတယ် ... သီလ္လာ ဘယ်တော့မှ အစားထိုးဝင်မှာ မဟုတ်ပါဘူး”

“ဒါဖြင့် မင်း ဘာလို့ ငါ့ကို လက်ထပ်ယူသလဲ”

“ရှင်လည်း ရှင့်မိဘကို ငြင်းလို့မရသလို၊ သီလ္လာလည်း မိဘတွေကို ငြင်းလို့မရဘူး”

“မဖြစ်နိုင်ပါဘူး။ မင်း မိဘတွေက မင်းကို သိပ်အလိုလိုက်တာပါ။ မင်း ဒါဖြစ်ချင်ရင် ဖြစ်စေ၊ မဖြစ်ချင်ရင် မဖြစ်စေ ဆိုတဲ့အထိ သမီးကို အလိုလိုက်တာပါ၊ ကဗျာ ပြောထားပါတယ်၊ မင်း, တမင် ကဗျာ့ကို နိုင်ချင်တာနဲ့ ...”

မြသီလ္လာ ဘာမှ ဆက်မပြောတော့ဘဲ လှည့်ထွက်သွားခဲ့ပါသည်။

တကယ်တော့ သီလ္လာက သူ့ကို ချစ်နေခဲ့လို့ပါ ဆိုတာကို သူလည်း မသိနိုင်၊ ကဗျာလည်း မသိနိုင်ပါပေ။

မြသီလ္လာသည် ညနေစာပင် စားမနေတော့ဘဲ အိပ်ခန်းထဲ ဝင်လာခဲ့ပါသည်။ တကယ်တော့ သီလ္လာလည်း ဒီလိုအဖြစ်မျိုးကို ဘယ်ကြုံချင်ပါ့မလဲ။ ဒါပေမဲ့ ... ...။

မြသီလ္လာ ဆိုသော မိန်းကလေးဟာ ပန်းကဗျာကို ဘယ်တော့မှ မနိုင်ခဲ့တဲ့အတိုင်းပဲ ခုထိလည်း မနိုင်သေးပါဘူး။ ပစ္စည်းဥစ္စာ ချမ်းသာပြည့်စုံမှုကလွဲရင် အရာရာတိုင်းမှာ မြသီလ္လာ



www.burmeseclassic.com

www.burmeseclassic.com



ဟာ ပန်းကဗျာကို မယှဉ်နိုင်ခဲ့ပါပေ။ အချစ်ရေးမှာလည်း မြသီလွှာသည် စကတည်းကကို ပန်းကဗျာ ကိုယ်တိုင် မသိခင်က[illegible]င် ကြိုရှုံးထားပြီးသား ဖြစ်နေခဲ့တာတည်း။

❀ ❀ ❀





## ၄

တကယ်တော့ မြသီလွှာနဲ့ ပန်းကဗျာတို့ဟာ ငယ်သူငယ်ချင်း အရင်းကြီးတော့ မဟုတ်ကြဘဲ၊ သင်တန်းတစ်ခုမှာ စတင်ဆုံစည်းပြီး ခင်မင်ခဲ့ကြသူတွေပင် ဖြစ်ပါသည်။ စာရင်းကိုင်သင်တန်းကို မလိုအပ်ပါဘဲ လာတက်သော မြသီလွှာနှင့် ဒီပညာကို တကယ်ပဲ လိုအပ်ပြီး အလုပ်ရဖို့ မျှော်လင့်ပြီး လာတက်သော ပန်းကဗျာတို့၏ ပထမဦးဆုံးနေ့ တွေ့ဆုံမှုမှာ ခပ်ရိုးရိုးပဲဖြစ်သည်။

သင်တန်းကို အရင်ဦးဆုံး ရောက်နှင့်နေသော မြသီလွှာ တစ်ယောက်တည်း စိတ်ကြိုက်နေရာရွေးထိုင်ပြီး ကိုယ့်နံဘေးက စားပွဲမှာ ဘယ်သူများ ရောက်လာမလဲလို့ စောင့်စားနေတုန်း ပန်းကဗျာဟု မသိထားသေးသော မိန်းကလေးတစ်ယောက် အတန်းထဲ ဝင်လာခဲ့သည်။ မြသီလွှာဟာ မြင်မြင်လိုက်ခြင်းပဲ ပန်းကဗျာကို ငေး၍သဘောကျနေခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပါဦး ...။ အရပ်မြင့်မြင့် ကိုယ်ဟန်မတ်မတ်နဲ့ ပခုံးတွေဖြောင့်တန်းနေကာ မျက်ဝန်းတွေထဲမှာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်အပြည့် ရှိနေသော မိန်းမချောလေးတစ်ယောက်မို့ ပန်းကဗျာကို မြသိလ္လာ မြင်မြင်ချင်း နှစ်လိုသွားတာ မလွန်ပါ။ မိန်းကလေးချင်းပင် သူ့ သိပ်လှတာပဲ၊ သိပ်ဆွဲဆောင်မှု ရှိတာပဲ၊ သိပ်ကြည့်ကောင်းတာပဲ၊ သိပ်စတိုင်လ်ကျတာပဲ စသဖြင့် ချီးမွမ်းချင်စရာတွေ တစ်ပုံတစ်ပင် ပိုင်ဆိုင်ထားသော ပန်းကဗျာသည် တန်ဖိုးကြီး အဝတ်အစား၊ အသုံးအဆောင်တွေ မပါဘဲတောင် သူ့ ၊လှက သိပ်တောက်ပနေခဲ့သည်။

မြသိလ္လာဟာ ကိုယ့်ကိုယ်ကိုယ်တော့ သူများတွေ ချောကယ် လှတယ် အပြောခံရပေမဲ့ သိပ်အချောအလှကြီး မဟုတ်ဘူး ဆိုတာလည်း သိသည်။ မြသိလ္လာထံမှာ လှတာနဲ့ မလှတာ ညီညီမျှမျှ ရောနှောပါဝင်နေကြောင်းလည်း ကိုယ့်ဘာသာ သိသည်။ ပန်းကဗျာကျတော့ အဲဒီလိုမဟုတ်၊ သူ့မှ မျက်နှာတစ်ပြင်လုံး ဦးခေါင်းဆံစပ်ကနေ ခြေဖျားအထိ ဘယ်နေရာမှ သိပ်အပြစ်ပြောစရာမရှိအောင် မလှဘူးဆိုတဲ့နေရာ ပြစရာမရှိအောင် လှတာမျိုး ဖြစ်သည်။

ပန်းကဗျာသည် အဲဒီတုန်းက သင်တန်းအခန်းထဲ စဝင်လာလာချင်း ဘယ်မှာထိုင်ရင် ကောင်းမလဲလို့ ဟိုကြည့် ဒီကြည့် လုပ်နေပါသည်။ အတန်းထဲမှာ တချို့တလေတော့





ရောက်နေပြီဖြစ်သည်။ မြသိလ္လာထံ သူ့မ မျက်လုံးတွေ တစ်ချက်ရောက်လာသောအခါ မြသိလ္လာသည် မေးကလေးထောက်ငေးရင်းမှ အလိုလို ပြုံးပြလိုက်မိရက်သား ဖြစ်သွားပါသည်။

အဲဒီအပြုံးကပဲ ပန်းကဗျာကို မြသိလ္လာ နံဘေးက ကပ်ရပ်စားပွဲမှာ လာထိုင်ဖို့ ဖိတ်ခေါ်ပေးလိုက်သလိုလည်း ဖြစ်နေပါသည်။

ပန်းကဗျာ လျှောက်လာသောအခါ အားလုံးက သူ့မကို ဘုရင်မတစ်ပါးလိုပဲ လိုက်လိုက်ငေးသွားရတာလေ။

"ဒီနေရာမှာ ဘယ်သူမှ မရှိဘူး မဟုတ်လား"

"ဟုတ်တယ်"

"ဒါဆို ကဗျာ ထိုင်လိုက်မယ်"

အဲဒီနေ့ကစလို့ သင်တန်းတစ်ခုမှာ လူတွေရဲ့ ထုံးစံအတိုင်း ကိုယ်ပထမဦးဆုံး ထိုင်ဖြစ်သော စားပွဲကိုသာ ပုံသေသတ်မှတ်လိုက်ကြတာမို့ မြသိလ္လာနဲ့ ပန်းကဗျာတို့ အမြဲလိုလို ဘေးချင်းကပ် ထိုင်မိပြီးသား ဖြစ်နေခဲ့ပါသည်။

နောက်တော့ တစ်ယောက်အကြောင်း တစ်ယောက် မိတ်ဆက်ပြောဖြစ်ကြရာကစလို့ ဘယ်ရှေးရေစက်ကြောင့်ရယ် သေိ၊ ပန်းကဗျာကို မြသိလ္လာ သိပ်ခင်မင်သွားရပါသည်။ ပန်းကဗျာထလည်း မြသိလ္လာကို အလိုလိုပြန်ပြီး ခင်မင်သည်ဟု မြသိလ္လာ ခံစား၍ ရပါသည်။ အဲဒီအချိန်တုန်းက အဝေးသင် ဒုတိယနှစ်

www.burmeseclassic.com



တက်နေဆဲလည်း ဖြစ်ရာ ကျောင်းသူစိတ်က မကုန်သေး။ သူငယ်ချင်းမင်တဲ့ စိတ်ကလည်း ရှိသေးတာလည်း ပါပါသည်။

အချိန်တိုအတွင်းမှာပဲ တစ်ယောက်နဲ့တစ်ယောက် ငယ်ပေါင်းကြီးဖော်တွေလိုပဲ နင်တစ်လုံး ငါတစ်လုံး စကားပြော ဖြစ်ကြတဲ့အထိ ရင်းနှီးမှု ဖြစ်ထွန်းလာတာ ဖြစ်သည်။

ပိုက်ဆံချမ်းသာပြီး တစ်ဦးတည်းသော သမီးလည်း ဖြစ်သော မြသီလွှာအတွက် ပန်းကဗျာရဲ့ ရှန်းကန်ရသော ဘဝ အခြေအနေတွေကိုပင် ထိုင်နားထောင်အားပေးဖို့လည်း အဖော် ဖြစ်လာပါသည်။

"ဖေဖေက မေမေ့ကို ချစ်လို့ယူတာပါပဲ၊ ဒါပေမဲ့ သစ္စာ မရှိဘူးပဲ ပြောရမှာပေါ့။ ကဗျာ လေး,ငါးနှစ်သမီးမှာ မေမေ နောက်ထပ်ကိုယ်ဝန်ကြီးနဲ့ ဖြစ်နေတုန်း သူ့ပွဲရုံက စာရေးမနဲ့ နောက်တစ်ဇာတ်လမ်း စတယ်လေ။ အဲဒီတုန်း ကတော့ ကလေးပီပီ ဖေဖေ ညဘက်အိမ်ပြန်မအိပ်တဲ့ရက် တွေ များလာတာကိုလည်း မသိဘူး။ ဖေဖေ ပြန်လာတဲ့ ရက်တွေမှာ မေမေနဲ့ အကြီးအကျယ် ရန်ဖြစ်တာကိုလည်း ဘာမှန်း နားမလည်ခဲ့ပါဘူး။ တစ်နေ့ကျတော့ ဖေဖေက သူ့အဝတ်အစားတွေပါ အကုန်မ,ချပြီး အိမ်ပေါ်က အပြီး အပိုင် ဆင်းသွားတော့မှပဲ မေမေ ပြောပြတဲ့ ဖေဖေနဲ့မေမေ ကွဲကြပြီဆိုတာ သိရတယ်။ ဒါတောင်လေ ... ကလေးပီပီ





ကွဲတယ်ဆိုတာ ဘာလဲ၊ ကွာရှင်းတယ်ဆိုတာ ဘာလဲ မသိခဲ့ပါဘူး၊ ဖေဖေ လုံးဝပြန်မလာတော့တာဘဲ သိတယ်၊ နည်းနည်းလေး အသက်ကြီးမှ အားလုံးကို နားလည်လာ တယ်လေ"

မြသီလွှာ အတွက်တော့ ပန်းကဗျာ ပြောပြသော ဘာနှစ်ပါး၏ အိမ်ထောင်ရေး အရှုပ်အရှင်းသည် ဖတ်လို့ကောင်း သော ဘဝသရုပ်ဖော်ဝတ္ထုတွေလိုလို၊ ပရိသတ်မျက်ရည်ကို ချူချ နိုင်သော ဒရာမာရုပ်ရှင်ကားကောင်း တစ်ကားလိုလို ဖြစ်ခဲ့ပါ သည်။

"ဒါဖြင့် ကဗျာ့မှာ နောက်ထပ် အငယ် မောင်လား၊ ညီမ လား ရှိတယ်ပေါ့"

"မရှိဘူး၊ မေမေက ကိုယ်ဝန်ကြီးနဲ့တုန်းက စိတ်တော်တော် ဆင်းရဲခဲ့ရလို့လား ဘာလား၊ အဲဒါနဲ့ပဲ ပတ်သက်သလား တော့ မသိပါဘူး။ ကလေးက အသေမွေးသွားတယ်လေ၊ မောင်လေးလို့ပဲ သိလိုက်ရပါတယ်"

"အို ... သနားစရာဟယ်"

"မေမေလည်း တွယ်မိတွယ်ရာ အဲဒီသားလေးကို တအား ကြီးချစ်ထားတော့ အသေမွေးမှန်းလည်းသိရော၊ တကယ်ပဲ ရူးတော့မလို ဖြစ်သွားတာ။ မနည်းပြန်လုယူရတယ်၊ ဖေဖေ ပေးသွားခဲ့တဲ့ အိမ်ခန်းတောင် ရောင်းပြီးကုပေးရတယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ကဗျာ့ကြီးတော်က ပြောပြတယ်လေ။ အဲဒီက ပြန်ကောင်း လာတော့ နောက်ရောဂါတစ်မျိုးက အသင့်ဝင်နေပြီ၊ နှလုံး ရောဂါတဲ့။ အဲဒီထဲကပဲ ကြီးတော် မိသားစုအိမ် ကပ်နေပြီး ရှိတဲ့ပိုက်ဆံလေး ထိုင်သုံးနေရသလို ဖြစ်နေခဲ့တာပေါ့ သိလွှာရယ်”

“အန်တီက ဘာအလုပ်မှ မလုပ်နိုင်ဘူးပေါ့”

“မလုပ်နိုင်ဘူး၊ ကြီးတော်ကိုတော့ တချို့တလေပေးပြီး ကြီးတော် လုပ်တဲ့ ငွေတိုးချေးတဲ့ အပေါင်ခံတဲ့ အလုပ်ထဲ ထည့်ထားလိုက်တယ်၊ ဒါနဲ့ပဲ တစ်သက်လုံး ကြီးတော် အိမ်မှာ နေခဲ့ စားခဲ့ရတာပေါ့။ ကြီးတော်ကြီးကတော့ သိပ်အဆင်ပြေကြီး မဟုတ်ပေမဲ့ ဒီလိုပဲ မရှိအတူ ရှိအတူ နေကြစားကြရတာပေါ့။ ကြီးတော်ယောကျ်ားကလည်း လူ အေးမို့ ဆွေမျိုးကိစ္စ သိပ်ဝင်မပါတာလည်း ပါတယ် ကြီးတော်ရဲ့သမီးနှစ်ယောက်ကလည်း ကဗျာ့ကို ညီမဝမ်း ကွဲပေမဲ့ အနိုင်မကျင့်ကြ၊ မနှိမ်ကြတာလည်း ပါပါတယ် ဒါကြောင့် အတူနေလို့ ရခဲ့တာ”

“အခုကျတော့ရော”

မြသိလွှာက သူမ အခုလိုက်လည်ဖူးသော ဆင်ခြေ ဖုံးရပ်ကွက်မှာ ငှားနေသည့် အိမ်ငယ်လေးကို ရည်ရွယ်ပြီး မေး တာဖြစ်ပါသည်။





“ကြီးတော်ရဲ့သမီးနှစ်ယောက်စလုံး ရှေ့ဆင့် နောက်ဆင့် အိမ်ထောင်ကျတယ်၊ နှစ်ယောက်စလုံး ကိုယ့်အိမ်ကိုယ့်ရာ နဲ့ နေနိုင်တဲ့အင်အား မရှိကြဘူး။ သူတို့ရဲ့ ယောကျ်ားတွေ အိမ်မှာလည်း လိုက်နေလို့ မရကြဘူး။ အဲဒီယောကျ်ားဘက် က မိဘအိမ်မှာလည်း အရင်တည်းက နေနေတဲ့ အိမ်ထောင် သည် မောင်နှမတွေကလည်း ရှိပြီးသား ဖြစ်နေတဲ့ အခြေ အနေချင်းကလည်း အတူတူပဲ၊ ဒီတော့ ကြီးတော်ရဲ့ မကျဉ်းမကျယ် တိုက်ခန်းလေးမှာပဲ စုပြုံပြီး တက်နေကြရ တော့တာပေါ့။ ဗိုလ်အစိတ် ပေ၁ါးဆယ် ကန်ထရိုက်တိုက် ရဲ့ တစ်လွှာတည်း အခန်းမှာ အရင်ကတော့ မိန်းမပျိုသုံး ယောက်၊ မိန်းမနှစ်ယောက်၊ ယောကျ်ားတစ်ယောက် နေ ကြတာဟာ ဘာမှ အနေအထိုင် မကျဉ်းကျပ်ပေမဲ့ အဲဒီ အခန်းမှာ အိမ်ထောင်သည် နှစ်အိမ်ထောင် ဖြစ်လာတဲ့ အခါကျတော့ အဆင်မပြေတော့ဘူးလေ။ သူ့ရှောင်ရ ငါ့ ရှောင်ရနဲ့။ ပြီးတော့ အစ်မဝမ်းကွဲတွေနဲ့ စပ်လို့တော်ရတဲ့ ခဲအိုဝမ်းကွဲတွေနဲ့လည်း ကိုယ့်ဘက်က အနေအထိုင် တော် တော်ဆင်ခြင်ရတာမျိုး သိလွှာရဲ့။ အနေလည်း တော်တော် ကျပ်တယ်၊ အဲဒီဒဏ်ကို ကဗျာ မခံနိုင်တော့လို့ မေမေ့ကို ခေါ်ချလာပြီး သားအမိနှစ်ယောက်တည်း ဘဝကို ရင်ဆိုင် လိုက်ကြတာပဲ”



www.burmeseclassic.com

www.burmeseclassic.com



မြသိလ္လာကတော့ ဘဝသရုပ်ဖော်ဇာတ်လမ်းလေးကို သိပြီးရင်း သိချင်ဖြစ်ကာ ...

"ကြီးတော်က မတားဘူးလား"

"တားတော့ တားပါတယ်၊ ဒါပေမဲ့ သူလည်း အခြေအနေကို သိနေတော့ လောကွတ်လောက်ပဲ တားနိုင်တော့တယ် သိလ္လာရဲ့၊ မေမေ ထည့်ထားတဲ့ ပိုက်ဆံလေးကို ပြန်ထုတ်ပေးလိုက်ပြီး အိမ်ငှားတာအချိန် နေရာကြည့်တာအဆုံးလိုက်တော့ ကူညီပေးပါတယ်"

"ဒါဆို ကဗျာတို့ ထိုင်စားနေရတာပေါ့"

"ကဗျာလည်း အလုပ်လိုက်လျှောက်တာပါပဲ၊ ဒါပေမဲ့ အလုပ်တွေက ဟိုဟာမတတ်လို့ ဒီဟာမတတ်လို့၊ ကွန်ပျူတာ ဘယ်လောက်လုပ်တတ်လဲတို့ အမေးခံရလွန်းတာနဲ့ တစ်ခုခုတော့ တတ်ထားဖို့ လိုတယ်ဆိုပြီး အခု စာရင်းကိုင်ကို အရင်စတက်တာပါ။ ဒီကြားထဲတော့ ချွေတာပြီး ထိုင်စားနေရတာပေါ့ သိလ္လာရယ်၊ ပိုက်ဆံက တတိတိနဲ့ ကုန်နေပြီ၊ ဘာလုပ်ရမှန်းတောင် မသိပါဘူး သိလ္လာရယ်"

"သိလ္လာ ကူညီချင်လိုက်တာ၊ ဒါပေမဲ့ ကဗျာသိတဲ့အတိုင်းပဲ၊ သိလ္လာ့မိဘတွေက ဆရာဝန်တွေ။ ကိုယ်ပိုင်ဆေးခန်းလည်း မဖွင့်ဘဲ တခြားအထူးကုဆေးခန်းမှာ လိုက်ထိုင်တဲ့ အထူးကု ဆရာဝန်တွေဆိုတော့ ကဗျာ့ကို အလုပ်ဘယ်မှာ သွားပြောပေးရမလဲ မသိဘူး"





"ကဗျာ သိပါတယ်၊ သိလ္လာ့ မိဘတွေက မိဘမျိုးရိုးကိုက ချမ်းသာလို့ မတောင့်မတ နေလာရတဲ့သူတွေ၊ ဆရာဝန်အလုပ်ကိုလည်း ဝါသနာကြီးလွန်းလို့ လုပ်နေကြတော့၊ အသပြာဆရာဝန်တွေလည်း မဟုတ်ဘူးဆိုတာ သိပြီးသားပါ၊ ဒါကြောင့် ကဗျာ့မေမေကို သိလ္လာ့မေမေ အခမဲ့ကုပေးနေတာပေါ့။ အဲဒီကျေးဇူးကတင် ကြီးပါတယ် သိလ္လာရယ်။ ကဗျာ့ကို အလုပ်မရှာပေးနိုင်ပေမဲ့ ကဗျာ့မေမေကို ဆေးဖိုးဝါးခ အကုန်ခံ ကုပေးတာကို ဝမ်းသာပါတယ်"

မြသိလ္လာကတော့ မိဘတွေက အထူးကုဆရာဝန်ကြီးတွေ ဖြစ်ပေမဲ့ သူမကိုယ်တိုင်မှာ ရိုးရိုးမေဂျာကျောင်းသူ ဖြစ်နေရတာကိုလည်း မကျေနပ်ခြင်းဖြင့် စိတ်ဆင်းရဲရတာကလွဲလျှင် ဘာတစ်ခုမှကို စိတ်ဆင်းရဲစရာ မရှိသော ဘဝလည်းဖြစ်ရာ၊ သူများအပူကို ကိုယ့်အပူလိုပဲ ခံစားပါဝင်နေခဲ့သည်။

ပန်းကဗျာကိုဆို အလိုလို စေတနာတွေ ပိုနေတတ်ပြန်သေးသည်။ သင်တန်းကပြီးလျှင် အကြောင်းမရှိ အကြောင်းရှာ ဈေးဝယ်ချင်ဝယ်၊ မဝယ်ချင်ရင် ကော်ဖီဆိုင်ထိုင်၊ ဒါမှမဟုတ်ရင် သုံး,လေးပတ် တစ်ခါလောက် အလှပြင်ဆိုင်သွားတိုင်း ပန်းကဗျာကို အပါခေါ်။ အလှပြင်ပစ္စည်း စိတ်မဝင်စားပါဘူးဟု ပြောသော ...။ သိလ္လာ အလှပြင်ဆင်တတ်တာကို ဝေဖန်တတ်သော ပန်းကဗျာက သိလ္လာ အလှပြင်ပစ္စည်းတွေဝယ်လျှင် သူမကိုပါ ဝယ်ပြီး လက်ဆောင်ပေးရင်တော့ ...



www.burmeseclassic.com

www.burmeseclassic.com



"မယူပါဘူး ... နေပါစေ၊ ကဗျာမှ သုံးလေ့မရှိတာ"

ဆိုပြီး ငြင်းတော့ ငြင်းပေမဲ့ သိလ္လာက သူ့အိမ်ထဲ အတင်းထိုးထည့်လျှင်တော့ အသာတကြည် လက်ခံယူပါသည်။ ကြာတော့ ... သိလ္လာလည်း ရိပ်မိလာသည်။ ပန်းကဗျာဟာ ဝယ်မသုံးနိုင်လို့ အလှမပြင်ဘဲနေတာ၊ အလှပြင်တာကို ဝါသနာမပါဘူးဆိုပြီး၊ သနပ်ခါးရေကျဲ ပွတ်ထားသော မျက်နှာပြောင်ဖြင့် နေတတ်တာဖြစ်ကြောင်း ရိပ်မိလာတာမျိုးပင်။

ဒါ့အပြင် သိလ္လာ ခေါ်၍သာ ရောက်ဖူးသော Coffee & Snacks ရောင်းသော ဆိုင်ကလေးတွေကို ရောက်တိုင်းလည်း ပန်းကဗျာက ...

"သိလ္လာရယ် ... နင်က ပိုက်ဆံသိပ်သုံးတာပဲ၊ ကော်ဖီတစ်ခွက်များ ထောင်နဲ့ချီ အကုန်ခံပြီး သောက်ရတယ်လို့။ ပြီးတော့ ကောင်းလည်း မကောင်းဘူး။ ခါးခါးကြီး တွေ"

ဟု ဝေဖန်သလိုလို၊ မကြိုက်ဘဲ သောက်နေရသလိုလို ဟန်ဆောင်ပေမဲ့ တကယ်တကယ်တော့ ပန်းကဗျာဟာ မြသိလ္လာနဲ့ သောက်တတ်သော Moncha (မွန်ကာ)ကော်ဖီကိုဖြစ်ဖြစ်၊ Espresso(အက်(စ)ပရက်(စ)ဆို)ကော်ဖီကိုဖြစ်ဖြစ်၊ Cappuccino (ကက်(ပ)ချီနို) ကော်ဖီကိုဖြစ်ဖြစ် ကြိုက်တတ်လာပြီဖြစ်ကြောင်း သိလ္လာလည်း ရိပ်မိလာသည်။





မြသိလ္လာ အလှပြင်ဆိုင်တွေ သွားတုန်းက ပထမတစ်ခါ၊ နှစ်ခါတော့ သူမ,ပါ ဝင်ပြင်ဖို့ ငြင်းသေးသည်။ နောက်သုံးလေးခါကျတော့ အရင်ဆုံး လက်သည်းပဲ အပြင်ခံမည်ဟု လက်ခံလာသည်။ နောက်ကြာတော့ ဆံပင်အညှပ်ခံလာသည်။ နောက်ပိုင်းကျတော့ အလှပြင်ဆိုင် ရောက်တာနဲ့ သိလ္လာကပဲ စပြီး ...

"ကဗျာ... နင် ဆံပင်ပေါင်းတင်ပါလား"လို့ ပြောတာပဲဖြစ်ဖြစ်။

"ကဗျာ ... နင့်ဆံပင်ကို အခုခေတ်စားနေတဲ့ ပုံစံမျိုး၊ ပုံသွင်းပြီး ညှပ်ပါလား"

လို့ ပြောလိုက်ရင်ပဲဖြစ်ဖြစ် ပန်းကဗျာဟာ အပိုလုပ်ပြီးတော့ ငြင်းမနေခဲ့တော့ပါ။

ဘယ်နေရာသွားသွား၊ ဘာဝယ်ဝယ်၊ သူမ,ပဲ ဒိုင်ခံပိုက်ဆံထုတ်ရတာကိုလည်း မြသိလ္လာက ကြဲဖန်ကျေနပ်ပြန်သည်။ ပန်းကဗျာလို သိပ်လှသော မိန်းကလေးအတွက် ဒီလိုမျိုး ပိုက်ဆံမဖြုန်းနိုင်ရှာလို့ မဖြုန်းရတာကိုပင် သနားပြီး ကူညီပေးချင်နေသည်။

မေမေကိုလည်း အမြဲပြန်ပြောပြတော့ ...

"ဟုတ်တယ် သမီးရဲ့။ လူဆိုတာ ကိုယ်ကမသုံးနိုင်၊ မဖြုန်းနိုင်၊ မလုပ်နိုင်လို့သာ ဒါမျိုးတွေ မကြိုက်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



မသုံးတတ်ပါဘူး၊ မသုံးချင်ပါဘူးလို့၊ ကိုယ့်စိတ်ကိုယ် လိမ်ညာပြီး ဖုံးကွယ်ကြတာပါ၊ တကယ့်တကယ်တော့ ဘယ်သူမဆို ပိုက်ဆံသုံးရတာကို နှစ်သက်ကြတာပါပဲ။ ကောင်မလေးကို မေမေ အပြစ်မပြောပါဘူး။ သံမီးလည်း အပြစ်မမြင်ရဘူးနော်။ ကိုယ်က သူ စိတ်ပျော်ပါစေ၊ စိတ်ချမ်းသာပါစေရယ်လို့ အကုန်ခံပြီးမှ ဟယ် ... သူ့အတွက် ငါကုန်သွားပြီ၊ ငါ ပိုက်ဆံပေးလိုက်ရပြီလို့ စိတ်ထဲမှာ မထားပါနဲ့။ သူများစိတ်ချမ်းသာအောင် လုပ်ပေးရင် ကိုယ်လည်း အလိုလို စိတ်ချမ်းသာစရာတွေပဲ ရတတ်ပါတယ်"

"သိပါတယ် မေမေ၊ သိလ္လာ့ စိတ်ထဲမှာ အဲဒီလိုကို မဖြစ်ပါဘူး။ ကဗျာ့ကို ခင်လည်းခင်တယ်၊ သိပ်လည်းသနားတာပဲ။ ဒါကြောင့် သူ့အတွက်ကိုဆို ဒီလောက်ပိုက်ဆံပိုကုန်ရလည်း မနှမြောပါဘူး"

တကယ်လည်း မြသိလ္လာဟာ ပန်းကဗျာကိုဆို ဘယ်ဘဝက ရေစက်မှန်းမသိ။ စေတနာတွေ ရေစီးကမ်းပြို ဖြစ်လွန်းခဲ့ပါသည်။ နှစ်ယောက်တွဲသွားရင် ကိုယ်က ဘယ်လောက်ပဲ တန်ဖိုးကြီးတာတွေ ဆင်ထားထား၊ ပန်းကဗျာကိုပဲ ကောင်လေးတွေက ပိုကြည့်ကြ၊ ပိုသဘောကျကြတာကိုလည်း မိန်းကလေးချင်း မနာလိုဖြစ်ရမှန်း မသိဘဲ နေတတ်ခဲ့သူ။ (မင်းပျို့နဲ့ကျမှ ပန်းကဗျာကို စပြီးမနာလို ဖြစ်ခဲ့ရသည်ဟုတော့ ဝန်ခံရပါမည်။)





ပန်းကဗျာ သူမနှင့် စတွေ့ခါစက ဘာမှပင် မဟုတ်သေး။ ရိုးရိုးသာမန်ကျောင်းသူ၊ သင်တန်းတစ်ခုကို အလုပ်ရဖို့ အားကြိုးမာန်တက် တက်နေရသူ။ အမေရောဂါသည်ကြီးကို ပြုစုနေရသူ အဖြစ်သာ။ သို့သော် ပန်းကဗျာ မော်ဒယ်လ်တစ်ယောက် ဖြစ်လာခဲ့တာကျတော့ မြသိလ္လာကြောင့်ပင် ဒီအခွင့်အရေး ရခဲ့တာလို့ ပြောရမလိုပင်။

အဲဒီနေ့တုန်းက မြသိလ္လာနဲ့ ပန်းကဗျာ သွားနေကျ ဆံပင်ညှပ်ဆိုင်ကို ရောက်ခဲ့စဉ်က ဖြစ်ပါသည်။ မြသိလ္လာက တစ်ခုံ၊ ပန်းကဗျာက တစ်ခုံ ဆံပင်လျှော်ခြင်း၊ ပေါင်းတင်ခြင်းတွေ လုပ်နေခဲ့သည်ကို အကဲခတ်နေသော အဲဒီဆိုင်ကို အလည်ရောက်နေခဲ့သည့် အလှဓာတ်ပုံရိုက် ဓာတ်ပုံဆရာတစ်ယောက်က မြသိလ္လာတို့ ပြန်ကာနီး ပိုက်ဆံရှင်းနေစဉ်မှာ ...

"ဒီက ညီမလေး ဓာတ်ပုံရိုက်တာ ဝါသနာပါလား မသိဘူး"

ဟု စတင်မိတ်ဆက်ပြီး စကားစလာပါသည်။

ပန်းကဗျာကို တိုက်ရိုက်ကြည့်ပြီး မေးလိုက်မှန်း သိသဖြင့် ပန်းကဗျာကပင် ဖြေလိုက်သည်။

"ဝါသနာမပါပါဘူးရှင်"

"ကျွန်တော် ပြောတာက ဒီတိုင်း အလှရိုက်တာမျိုးထက် ကြော်ငြာဝေါလ်ရှိတ်လေးတွေ ရိုက်ဖို့တို့၊ ပြက္ခဒိန်ရိုက်ဖို့တို့ကို ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



"လာနောက်နေတာလား"

"မနောက်ပါဘူး၊ ဟာ ... ဆောရီး ... ကျွန်တော် ကိုယ့်ကိုယ်ကိုယ်တောင် မိတ်ဆက်ဖို့ မေ့သွားတယ်၊ ကျွန်တော်က ဓာတ်ပုံဆရာ လုပ်ပါတယ်"

ဟုဆိုကာ သူ့နာမည် ဘယ်သူဘယ်ဝါလို့ စပြီးပြောဆိုမိတ်ဆက်သော အခါမှာ နာမည်ကြီးဓာတ်ပုံဆရာ ဖြစ်နေကြောင်း၊ အံ့ဩစဖွယ် သိလိုက်ရပါသည်။

"ညီမ ... မော်ဒယ်လ်သင်တန်း တက်နေလား"

"မတက်ပါဘူး၊ ကျွန်မ (---)လမ်းမှာ စာရင်းကိုင်သင်တန်းတက်နေတာ"

"ဓာတ်ပုံအရိုက်ခံတာကတော့ မော်ဒယ်လ်သင်တန်းတက်၊ မတက်နဲ့ မဆိုင်ပါဘူး။ ကျွန်တော့်မိတ်ဆွေ တစ်ယောက်က သူ့လုပ်ငန်းတစ်ခုကို ကြော်ငြာဖို့ မျက်နှာသစ်ထဲက မော်ဒယ်လ်တစ်ယောက်နဲ့ ရိုက်ချင်တယ်လို့ မှာထားတော့ ညီမကိုတွေ့ပြီး ကျွန်တော် စိတ်ကူးရသွားလို့ပါ"

"ဒါပေမဲ့ ကျွန်မ,က မော်ဒယ်လ်မှ မဟုတ်တာ"

"မော်ဒယ်လ် မဟုတ်လည်း ရပါတယ်၊ ညီမ,သာ စိတ်ဝင်စားမယ်ဆိုရင် ..."

မြသီလ္လာကတော့ ဒါကိုပဲ ဝမ်းသာအားရဖြစ်ပြီး သူမနဲ့ မသက်ဆိုင်ပါဘဲ ဝင်ပါမိပါသည်။





"ကြော်ငြာက ဘာကြော်ငြာရိုက်ရမှာလဲဟင်"

"ဟို ... အဟင်း ... ရိုက်ချင်ပါ့မလား မသိဘူး။ အရက်ကြော်ငြာဝေါလ်ရှိထ်ပါ။ ကျွန်တော့်မိတ်ဆွေ ကုမ္ပဏီက မြန်မာဖြစ်ဝီစကီ အသစ်တစ်မျိုး စထုတ်တော့မှာမို့"

ပန်းကဗျာကတော့ တစ်စုံတစ်ခုကို လေးလေးနက်နက် တွေးနေရင်း ...

"ကျွန်မ စိတ်တော့ဝင်စားပါတယ်၊ ဒါပေမဲ့ စဉ်းစားပါရစေဦး။ ပြီးတော့ အဲဒီလို ရိုက်တဲ့အခါ သရုပ်ဆောင်ခ ဘယ်လောက်ရမှာလဲ၊ မိတ်ကပ်ဆံပင်ပြင်ခတို့ အဝတ်အစားဖိုးတို့ ကိုယ့်ဘက်က အကုန်ခံရမှာလား၊ အဲဒါတွေလည်း အကုန် သိချင်တယ်"

မြသီလ္လာပင် ပန်းကဗျာ ဒီလိုမေးလိုက်မှ သြော် ... ဟုတ်သားပဲ၊ ဒါတွေတော့ မေးဖို့လိုတာပဲ၊ ကိုယ့်ကို ထင်ပေါ်လို့ နာမည်တော်ကောက်တာကို ဝမ်းသာအားရ ဖြစ်မနေသင့်ဘဲ ကိုယ့်စီးပွားရေး အခြေအနေနဲ့ တွက်ချက်ပြီး မေးသင့်တာ မေးရမှာပဲလို့ တွေးမိတော့လေသည်။ ဓာတ်ပုံဆရာက ဒီကိစ္စတွေကို လုပ်ငန်းရှင်ကို အသေအချာ ပြန်မေးပြီးလျှင် ဆက်သွယ်ပါမည့်အကြောင်း ပြန်ဖြေခဲ့ပါသည်။

"ဆက်သွယ်ချင်ရင် ကျွန်မသူငယ်ချင်း မြသီလ္လာဆီကနေ ဆက်သွယ်ပါ။ သီလ္လာ ... နင့်လိပ်စာနဲ့ ဖုန်းနံပါတ်ပေးရင် ဖြစ်မလား"



www.burmeseclassic.com

www.burmeseclassic.com



ပန်းကဗျာက သူမ နေနေရသော ဆင်ခြေဖုံးရပ်ကွက်နှင့် အိမ်သေးသေးလေးကို မသိစေချင်မှန်း မြသီလွှာလည်း ရိပ်မိသည်မို့ ...

"အေး ... ရတယ်လေ ပေးလိုက်၊ နင်နဲ့ငါ အမြဲတွေ့နေတာပဲ။ ငါ့ဆီက ဆက်သွယ်တာ ပိုကောင်းပါတယ်"

ဒါနဲ့ပဲ ပန်းကဗျာရဲ့ဘဝ အရှေ့ကို တစ်ဆင့်တက်ဖို့ မြသီလွှာ ဝင်ပါကူညီပေးခဲ့ရတာ ဖြစ်လေသည်။

❀ ❀ ❀





## ၅

"မင်းပျို ဒီနေ့ အလုပ်စ,သွားမှာလား"

မင်းပျို မဖြေဘဲ ခေါင်းညိတ်ပြသည်။ သူ့ဆိုင်နှင့် ဆိုင်သက်သော စာရွက်စာတမ်းများထည့်ရာ ဖိုင်လ်ကို စစ်ဆေးလှန်လှောနေသဖြင့် မြသီလွှာက မေးလိုက်တာ ဖြစ်ပါသည်။

"ဒါဆို သီလွှာကိုလည်း မေမေ့အိမ် ဝင်ပို့ပေးခဲ့ပါ"

"မင်းအမေက မိုးလင်းကမို့ချုပ် ဆေးခန်းတွေ လှည့်ထိုင်နေတာ။ မင်း,သွားတော့ရော တွေ့ရမှာမို့လား"

"သီလွှာ ... တစ်ယောက်တည်း ပျင်းတယ်၊ အိမ်မှာမနေခဲ့ချင်ဘူး"

"အိမ်အလုပ်တွေ လုပ်ပေါ့"

"အိမ်အလုပ်က ဘာမှ အများကြီးမှ မရှိတာ။ ဘာလဲ ... သီလွှာ့ကို ဘာလို့ အမေဆီ မသွားခိုင်းဘဲ ချုပ်ချယ်ရတာလဲ ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မချုပ်ချယ်ပါဘူး၊ မင်း သွားချင်ရင် သွားပေါ့၊ ငါတ... နေ့လယ်စာ ထမင်းပြန်စားမယ်၊ မင်းက အိမ်မှာမရှိရင် ငါ့ကို ဘယ်သူက ပြင်ဆင်ချခပ်ကျွေးမလဲ"

"မသန်း ရှိနေပြီပဲ"

"မင်းက ငါ့မိန်းမလေ၊ မသန်းက အိမ်ကအကူပဲ။ မိန်း... လုပ်တဲ့လူက ယောကျ်ားလုပ်တဲ့လူကို အလုပ်ကအပြန် ထမင်းစားတာကို စောင့်ကြိုပြင်ဆင်ပေးသင့်တာပေါ့"

"မင်းပျိုလည်း သိလ္လာ့ကို မိန်းမနေရာပေးပြီး ဆိုင်မှာလိုက်... ထိုင်ချင်တယ်ဆိုရင် လိုက်ခွင့်ပေးသင့်တယ်ရော မထင်... ဘူးလား"

မင်းပျိုသည် မထင်မှတ်ဘဲ သိလ္လာ့ ထံမှ တုံ့ပြန်... စကားကို ကြားရတော့ သူ့မျက်ခုံးတွေ ပင့်တက်ပြလိုက်ပါသည်... ...းတော့ ရယ်စရာ အကောင်းဆုံး၊ ဟာသတစ်ခုကို ကြားလိုက်... သလိုပဲ တဟားဟား ရယ်လိုက်သည်။ သိလ္လာ့ကို မခံချိမခံသာ... ဖြစ်စေသော ရယ်သံမျိုးပဲ ဖြစ်ပါသည်။

မင်းပျိုသည် မြို့ထဲမှာ အသစ်ဆောက်လုပ်ထားသော... Tower ကြီးတစ်ခုရဲ့ အောက်ဆုံးထပ်တွင် ကင့်မရာပစ္စည်းအရောင်... ဆိုင် ဖွင့်ထားပါသည်။ ဓာတ်ပုံကင်မရာအမျိုးမျိုးနှင့် ဗီဒီယိုကင်... မရာများကို နိုင်ငံခြားကုမ္ပဏီတစ်ခုမှ တိုက်ရိုက်ကိုယ်စားလှယ်...





...ာ ဖွင့်ထားတာ ဖြစ်သည်။ (အဲဒီဆိုင်ကလေးမှာပဲ သိလ္လာ သူ့... ...ို စတွေ့ခဲ့တာ၊ သူကလည်း ကဗျာ့ကို စတွေ့ခဲ့တာ)။ မိဘစီးပွား... ...း တောင့်တင်းသလို ရှိပြီးသား သားသမီးနှစ်ယောက်တို့ကို... ...ည်း မိဘတွေ မသေခင်မှာပင် အမွေကို အတိအကျခွဲပေးပြီး... ...ား ဖြစ်ရာ မင်းပျိုက သူရပြီးသော အမွေစုထဲမှ သူဝါသနာ... ...သော ကင်မရာအရောင်းဆိုင်ကို ဖွင့်ထားတာလည်း ဖြစ်သည်။

မင်းပျိုသည် စိတ်ကြိုက် ရယ်ပစ်လိုက်ပြီးမှ ...

"မင်းနေရာမှာ ကဗျာသာဆိုရင်တော့ ဆိုင်ကို ခေါ်သွားဖို့ စဉ်းစားမိလိမ့်မယ်"

ဟု သိလ္လာ့ ရင်ထဲမှာ နာကျင်သွားစေအောင် ပြော... ...ိုက်လေသည်။

သိလ္လာသည် မျက်ရည်ဝဲသွားချင်ပေမဲ့လည်း စိတ်... ...င်းထားနိုင်ကာ အပြုံးမပျက်ပင် သူ ပြောတာကို နားထောင်ပြ... ...ိုက်သည်။

"မင်းအမေအိမ် သွားချင်ရင် သွားပါ၊ ငါ ဝင်ချပေးခဲ့မယ်။ အမေအိမ်သွားတာလေးတောင် လိုက်ပိတ်ပင်တယ်လို့တော့ အပြစ်တင်မခံချင်ဘူး"

"သိလ္လာ့ကား ပြန်ဝယ်ပြီးရင် မင်းပျိုကို ဘယ်မှ လိုက်မပို့ ခိုင်းတော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



မြသီလ္လာကားက မကြာခဏ ပျက်နေသဖြင့် လက် မထပ်ခင်လေးမှာတင် ပြန်ရောင်းထားပြီးဖြစ်ရာ လောလောဆယ် ကားပြန်ရှာနေရတာနှင့် မဝယ်ဖြစ်သေးချေ။

မင်းပျို မောင်းသော ကားပေါ်တွင် မြသီလ္လာ တစ် ယောက် ပါသွားသောအခါ အိမ်တံခါး သော့ခတ်ရင်း ကျန်ခဲ့သည့် အိမ်ဖော် မသန်းသန်းသည် ဆက်ဆံစကားပြောပုံ တစ်မျိုးကြီးဖြ နေသော လင်မယားကို ငေးကြည့်ပြီး ကျန်နှဲ့ခဲ့ပါသည်။ သူ စရောက်သည့် နေ့မှာပင် ကိုယ့်အခန်းကိုယ် သီးသန့်ခွဲအိပ်သော လင်မယားကို တအံ့တဩနှင့် အထူးအဆန်း ဖြစ်နေခဲ့တာ မနက်မိုးလင်းက မိုးချုပ် တစ်ယောက်နဲ့ တစ်ယောက် လိုအပ်မှ မှသာ စကားပြောကာ စကားပြောရင်လည်း တကယ့်သူစိမ်းတွေ အတိုင်း ပြောဆိုပုံကလည်း တစ်မျိုးထူးဆန်းနေသည်။

အထူးသဖြင့် ကောင်လေးပုံစံက ကောင်မလေး အငြိုးထားနေသလိုလို၊ မကျေမနပ်နှင့် စိတ်ဆင်းရဲအောင် တမ လုပ်နေသလိုလို၊ တမင် လိုက်အနိုင်ယူနေသလိုလို။ ကောင်မလေး ကြည့်တော့လည်း ကောင်လေးကို ချစ်တော့ချစ်ပုံပဲ။ ဒါပေ ချစ်ပြီး အလျှော့ပေးနေတာမျိုးလည်း မဟုတ်ပြန်။ ပြန်ပြော ရင် ပက်ခနဲ ပြန်ပြောလိုက်ဖို့လည်း ဝန်မလေး။ သူမ မလုပ် နိုင်တာဆိုလျှင် လုပ်မပေးနိုင်ဘူးဆိုပြီး ပြင်းချင်ပြင်းပစ်လိုက်တာ





ဥပမာ ... ရောက်ပြီး နှစ်ရက်လောက် အကြာမှာ ကောင်လေးက ညဘက်ကြီး အိမ်ရှေ့မှာ ဘီယာထိုင်သောက်နေ ရင်း ...

“မြသီလ္လာ ... ငါ့ကို ဆလာမီ ကြော်ပေးပါလား”

ဟု အိပ်ခန်းထဲတွင် မအိပ်သေးဘဲ စာကြည့်မီးဖွင့် ထား ဝတ္ထုဖတ်နေသော ကောင်မလေး အခန်းဝသွားပြီး ခိုင်း သည်။

မသန်းသန်းကတော့ ညဆယ်နာရီပဲဖြစ်ဖြစ်၊ ကိုး နာရီဖြစ်ဖြစ်၊ အလုပ်လုပ်စရာ မရှိတော့ဘူးဆိုလျှင် အိပ်ရာထဲ ဆိုးဝင်တတ်သည့်အကျင့်အတိုင်း အိပ်ရာထဲပင် ဝင်နေပြီ။ ဒီအိမ် မှာ အလုပ်ဝင်လုပ်ရတာ တန်တယ်။ ဘာမှလဲ မယ်မယ်ရရ လုပ် စရာမရှိဘူး။ ဘယ်သူမှလဲ သိပ်မခိုင်းကြဘူး။ ညဆို ညစာစားပြီး တာနဲ့ ငါ့အလုပ်က ပြီးပြီ။ အိပ်ချင်ရင် ဝင်အိပ်၊ ဘယ်သူမှဘာမှ ဘာမပြောဘူး။ မနက်ကျ ခြောက်နာရီလောက်တော့ ကောင်မ လေးက နိုးနေတတ်တာမို့ အိမ်ရှင်နဲ့အတူ လိုက်ထ,ပေးရတာပဲ ရှိတယ်။ ဒါတောင် ကောင်မလေးက လာမနှိုးပါဘူး။ မသန်းသန်း သာ တာဝန်သိတတ်လို့။ စသဖြင့် ကိုယ့်အလုပ်ကိစ္စတွေ အကြောင်း တွေးရင်းနဲ့ အိပ်တောင်ပျော်တော့မလို့ရှိတုန်း အဲဒီအသံ ကြီးသံကို ကြားရတာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မသန်းသန်းလည်း ဒီလင်မယားလေးကို စိတ်ဝင်စားတာနဲ့ ဘာတွေ ဆက်ကြားရမလဲ၊ အသာ,နားစွင့်မိသည်။ အိပ်ချင်လုလု ဖြစ်နေသော မျက်လုံးတွေပင် ပြန်ကျယ်သွားပါသည်။

"ဒီမှာ ဝတ္ထုဖတ်နေတယ်"

"ဝတ္ထုက အပိုင်ဝယ်ဖတ်တာပဲ၊ ပြန်မှမအပ်ရတာ၊ အေးအေးဆေးဆေးဖတ်ပေါ့။ ဆလာမီကြော်တာ သိပ်မကြာပါဘူး"

"မကြာရင် မင်းပျို ဘာသာပဲ ကြော်လိုက်ပေါ့"

"ငါမှ မလုပ်တတ်တာ"

ဟုတ်တယ်။ ကောင်လေးက မီးဖိုချောင်ကိစ္စ ဘာဆိုဘာမှကို မလုပ်တတ်ဘူး။ တကယ့် ကောင်လေး။ ထမင်းဟင်းတောင် သူများခူးခပ်ကျွေးမှ စားတတ်တယ်လို့ မသန်းသန်းကို လာငှားသော ကောင်လေးအမေက ပြောထားဖူးလေသည်။

"ခုနမသန်း ကြော်ပေးသွားတဲ့ Bacon (ဘေကွန်)တွေလည်း ရှိသားပဲ"

"မရှိတော့ဘူး"

"Bacon တစ်ထုပ်လုံးတောင် ကုန်ပြီပဲ၊ တော်တော့ ... ဆက်မစားနေနဲ့တော့ပေါ့။ ညဘက်ကြီး အသားတွေသိပ်





စားတာ မကောင်းဘူး။ ဘီယာသောက်တာလည်း တော်လိုက်တော့ပေါ့၊ ဘာလုပ်မှာလဲ၊ အများကြီးသောက်ပြီးမှ။ မနက်က Sick (ဆ(ခ်)) ဖြစ်နေရော"

မသန်းသန်း ဆက်နားစွင့်ရင် ကောင်းမလား။ သူမပဲ ထလုပ်ပေးရင် ကောင်းမလား တွေးရင်း အိပ်ရာမှပင် ထ,ထိုင်မိလေသည်။

"မင်း ငါ့ကို ဘာမှ ဆရာလုပ်စရာ မလိုဘူး"

"ဆရာလုပ်တာ မဟုတ်ဘူး၊ အကြံပေးတာ"

"အကြံလည်း ပေးစရာမလိုဘူး"

"ဒါဆိုရင် လာလည်းမနိုင်းနဲ့"

"မင်း ဘယ်လိုမိန်းမလဲကွ။ ကိုယ့်ယောကျ်ား စားချင်တယ်ဆိုရင် ထ,လုပ်ပေးရမယ်လို့ မတွေးမိဘူးလား"

"မတွေးမိပါဘူး၊ လုပ်ပေးနိုင်တဲ့ အချိန်ဆို လုပ်ပေးမယ်၊ လုပ်မပေးနိုင်တဲ့ အချိန်ဆို မလုပ်ပေးဘူး ... ဒါပဲ"

"တောက်"

မသန်းသန်း လန့်သွားပါသည်။ ကောင်လေးတောက်ခေါက်ကာ အခန်းတံခါးကို ပိတ်ကန်သွားလိုက်သံ ကြားရ၍ပင်။ သူမလည်း ကြောက်ကြောက်နဲ့ ကောင်လေးကို သူစားချင်နေတာ သွားကြော်ပေးရင် ကောင်းမလား စဉ်းစားပြီး အခန်း



www.burmeseclassic.com

www.burmeseclassic.com



တံခါး ဖွင့်လိုက်ပါသည်။ သို့သော် ကောင်လေးက သူ့အခန်းထဲ သူပြန်ဝင်သွားပြီး တံခါးပင်ပိတ်လိုက်ပြီမို့ သွားလည်းမမေးရဲတော့ဘဲ ငြိမ်နေလိုက်ရသည်။

မသန်းသန်း ရောက်ပြီး တစ်လလုံးလည်း အဲဒီလိုမျိုး ကတောက်ကဆ စကားများတာလေးတွေ ခဏခဏ တွေ့နေ၊ မြင်နေရပါသည်။ သို့သော် သူတို့ဘက်က မိဘတွေ အိမ်လာကြရင်တော့ ကောင်လေးကလည်း သူတို့ အခြေအနေမှန်ကို မပြော၊ ကောင်မလေးကလည်း မပြော။ ဟန်ဆောင်ဖုံးကွယ်ပြီးကာ ရယ်ကာနှင့် ဟုတ်နေပြန်သည်။ ဒါကြောင့် မသန်းသန်းလည်း အိမ်ရှင်တွေ အရိပ်အခြည်ကြည့်ပြီး သူတို့အခန်းခွဲအိပ်တာ၊ တစ်ယောက်နဲ့တစ်ယောက် သူစိမ်းဆန်ဆန် နေကြတာတွေကို သူတို့ရဲ့ မိဘတွေသိအောင် တကူးတကကြီး ပြောပြမနေတော့ဘဲ ပါးစပ်ပိတ် နေလိုက်တာပင် ဖြစ်ပါသည်။

သူတို့ ထွက်သွားပြီးနောက် (မနက်ကိုးနာရီခန့်က ထွက်သွားတာ) မသန်းသန်း တစ်ယောက်တည်း အိမ်ရှင်း၊ လျှော်စရာရှိတာလျှော်၊ မီးပူတိုက် လုပ်ပြီး အလုပ်အားလုံး ပြီးစီးသောအချိန်၊ နေ့လယ် ဆယ့်နှစ်နာရီထိုးခါနီးလောက်ကျတော့ ကောင်မလေးတစ်ယောက်တည်း အငှားကားဖြင့် အိမ်ပြန်လာပါသည်။





မသန်းသန်း သော့ဖွင့်ပေးနေစဉ် ...

"သူ ပြန်ရောက်မလာသေးဘူး မဟုတ်လား"

ဟု မေးလိုက်သည်။ ဘယ်သူ့ကိုဆိုတာ မသန်းသန်းလည်း သိပြီးဖြစ်၍ ...

"မရောက်သေးပါဘူး"

"ထင်သားဘဲ ထင်သားပဲ၊ သူက နေ့လယ်စာ ဆယ့်နှစ်နာရီခွဲလောက်မှ စားတတ်လို့ အချိန်မှန်ပြီး ပြန်လာတာ"

"ထမင်းဟင်းတွေ နွှေးထားနှင့်ရမလား မသိလ္လာ"

မြသိလ္လာက မသန်းသန်းထက် အများကြီး ငယ်ပေမဲ့ ကိုယ်က အလုပ်သမားမို့ အလုပ်ရှင်ကို ရိုသေသမှုဖြင့် "မ"တပ်ခေါ်တာပဲ ဖြစ်သည်။

"နွှေးထားလိုက်ပါ၊ သူ လာတော့မှာပါ"

"မသိလ္လာ အိမ်မှာမရှိဘူးထင်ပြီး ပြန်လာမစားမှာတော့ မဖြစ်ဘူး မဟုတ်လား"

"အင်း ... အဲဒါတော့ သိလ္လာလည်း မသိဘူး မသန်းရဲ့။ သူ့ကို ဖုန်းဆက်ပြီးပြောရင် ကောင်းမလားပဲ"

သိလ္လာသည် လက်ထပ်ပြီးကတည်းက သူ့ကို သူ အပြင်ထွက်သွားတိုင်း တစ်ခါမှပင် အိမ်ကနေ ဖုန်းဆက်မခေါ်ဘူးသည် ဖြစ်လေရာ အခုကျမှ ဆက်ရမည်ကို မဝံ့မရဲ ဖြစ်နေသည်။ ရှက်ပဲ ရှက်သလိုလို။ ကိုယ့်ဘက်ကပဲ အညံ့ခံလိုက်သလိုလို ဖြစ်သွားမှာ စိုးရိမ်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



တယ်လီဖုန်းခွက်ကို ကောက်ကိုင်လိုက်၊ ပြန်ချလိုက်၊ ထိုင်လိုက်၊ ထလိုက်ဖြင့် ဝေခွဲမရလည်း ဖြစ်နေပါသည်။ သူ့ကို ဖုန်းဆက်ပြောလိုက်ရင် သူ့လုပ်ပေးစေချင်တာကို ငါက တကူးတက လုပ်ပေးတယ်ပဲ ထင်သွားမလား။ မင်းပျို့က ကိုယ့်ကို ချစ်မြတ်နိုးလာစေချင်ပေမဲ့ ဒီလိုမျိုး သူ့အလိုလိုက်၊ သူ့အကြိုက်နေပြ၊ လုပ်ပြမှ ကိုယ့်ကို ချစ်လာတာမျိုး ကျတော့လည်း မလိုချင်ပြန်။ မင်းပျို့ စိတ်ထဲမှာ အလိုလိုကို ပေါက်ဖွားလာတဲ့ ချစ်မြတ်နိုးမှုကို လိုချင်တာပါ။ ကဗျာ့ကို ချစ်သွားသလိုမျိုးပေါ့။ ဒါပေမဲ့လည်း လေ သိပ်တော့လည်း မမျှော်မှန်းရဲပါဘူး။ သိလ္လာက နောက်လူ ဖြစ်နေပြီ။ မင်းပျို့ ကိုယ်တိုင်လည်း ပြောထားတယ်လေ။ ကဗျာ့နေရာကို ဘယ်သူမှ အစားဝင်ခွင့် မပေးနိုင်ဘူး။ အစားဝင်လို့ မရဘူးတဲ့။

သိလ္လာ သိပါတယ် မင်းပျို့ရယ်။ မင်းပျို့ မြင်မြင်ချင်း ချစ်ခဲ့သူဟာ သိလ္လာမှ မဟုတ်ဘဲ။ ကဗျာပဲ။ ပန်းကဗျာဆိုတဲ့ မိန်းကလေးကိုပဲ။

သိလ္လာ ဖုန်းအနားမှာ အကြာကြီး ငေးငေးငူငူ ထိုင်နေစဉ် အိမ်ရှေ့တံခါး သော့ဖွင့်သံ ကြားရသည်။ မင်းပျို့ ပြန်လာတာပဲ ဖြစ်မည်။ သူလည်း အိမ်သော့ကို သီးသန့်တစ်တွဲ ယူထားရာ သူ ပြန်လာလို့ တံခါးသွားဖွင့်ပေးစရာလည်း မလို။ သူ့ဘာသာပင် ဖွင့်ဝင်လာတတ်စမြဲ။ မင်းပျို့ ဖိနပ်စင်မှာ သူ့ဖိနပ်





ကို ခုံပုလေးတွင် ထိုင်ချွတ်နေရင်း သိလ္လာ အိမ်ထဲမှာ ရှိနေတာကို မြင်ပေမဲ့ မင်းပျို့နဲ့ သိလ္လာတို့နှစ်ယောက်ရဲ့ ထုံးစံအတိုင်း မင်းပျို့ကလည်း သိလ္လာ့ကို လှမ်းစကားမပြော။ သိလ္လာကလည်း ပြန်လာပြီလား၊ ဘာလား လှောကွတ်ပင် လှမ်းမမေး။ ဒီလိုပဲ တိတ်တိတ်ဆိတ်ဆိတ်ကြီး အခြေအနေသည် တစ်လကျော်လာပြီမို့ နေသားကျစ ပြုလာပေပြီ။

မင်းပျို့ သူ့အခန်းထဲ သူဝင်သွားလျှင် သိလ္လာ ထမင်းစားခန်းသို့ ထလာပြီး မသန်းနှင့်အတူ ထမင်းပွဲ ပြင်ပါသည်။ မင်းပျို့ ထမင်းစားခန်းထဲ ဝင်လာသောအခါ ထမင်းပွဲက အငွေ့တထောင်းထောင်းဖြင့် အဆင်သင့် ဖြစ်နေသည်။ မင်းပျို့ရော သိလ္လာပါ ထမင်းစားရင် ဇွန်းခက်ရင်းတို့ဖြင့်သာ စားနေကျအကျင့်ဖြစ်နေ၍ ဇွန်းခက်ရင်းတွေလည်း ပန်းကန်ဘေးမှာ အဆင်သင့်ပင်။

နှစ်ယောက်သား ထမင်းလက်ဆုံစားတယ် ဆိုပေမဲ့ ရောက်နှာချင်းဆိုင် တိတ်တိတ်ဆိတ်ဆိတ် ပြီးလိုက်ရတာ များသည်။ တစ်ခါတစ်ရံမှာတော့ မင်းပျို့က ...

"ဒါက ဘာရွက်လဲ"

ဟု သူ့မသိသော ဟင်းသီးဟင်းရွက် အမျိုးအစားတွေ့ရင်၊ သူ့အိမ်မှာ ချက်လေ့မရှိသောဟင်းမျိုး သိလ္လာက ချက်လျှင် ...

www.burmeseclassic.com



"ဒီဟင်းကဲ တစ်မျိုးပဲ"

ဆိုတာမျိုး ပြောရင် ပြောလိုက်မှ သိလ္လာ ပြောဖို့ စကားစ,ရတာလည်း ဖြစ်သည်။ ဒီနေ့လည်း ...

"အဲဒါ ဘာအရွက်ကို သုပ်တာလဲ"

လို့ အသုပ်ပန်းကန်ကို ပြပြီး မေးတော့မှပဲ သိလ္လာလည်း စကားပြန်ပြောရပါသည်။

"အဲဒါ မြင်းခွာရွက်သုပ်လေ"

"အိမ်မှာ တစ်ခါမှ မသုပ်ဖူးဘူး။ ဆိုင်တွေမှာလည်း ဝယ်မစားဖူးဘူး၊ ဒါကြောင့် မသိတာ"

"မကြိုက်ဘူးလား"

"ကြိုက်တော့ မကြိုက်ဘူး၊ ဒါပေမဲ့ စားလို့တော့ ရတယ်"

မင်းပျိုက တစ်ခုတော့ ကောင်းသည်။ အစားအသောက်တော့ သိပ်မရွေး၊ သိပ်လည်းချေးမများ။ ကြိုက်ကြိုက် မကြိုက်ကြိုက် စားတတ်လေသည်။ သူ့မေးလိုက်ရင် အမြဲ အဲဒီလို ဖြေတတ်သည်။ သို့သော် သူက အိမ်ထမင်းဟင်းကိုသာ နှစ်သက်သူဖြစ်ကြောင်း အရင်တည်းက ပန်းကဗျာ ပြောဖူး၍ သိထားပါသည်။

"ကဗျာကလေ ဒီနေ့တော့ အပြင်မှာပဲ စားလိုက်ကြရအောင် မောင်ရယ် ဆိုရင် သူက ကဗျာ့အကြိုက်လိုက်ပြီး စားသာစားရတယ် သိပ်ဟက်ဟက်ပက်ပက် မရှိဘူး။ နောက်ကျ





မေးကြည့်မှ သူက ယောကျ်ားလေးသာဆိုတယ်၊ အိမ်မှာပဲ ထမင်းပြန်စားတတ်တဲ့အကျင့် ရှိတယ်လို့ သိရတော့တယ်၊ ဆိုင်က တရုတ်စာ၊ ဘာညာတွေ သူ မကြိုက်ဘူးတဲ့၊ ထူးဆန်းတယ်နော်။ ကဗျာကတော့ အပြင်စာ သိပ်ကြိုက်တာ သိလ္လာရဲ့"

သိလ္လာသည် ကဗျာ ပြောဖူးတာလေးကို ဘာရယ်မဟုတ်ဘဲ မှတ်ထားခဲ့မိရာ အခုကျတော့ မင်းပျိုနဲ့ အတူနေရသည့်အခါမှာ မင်းပျို ဘယ်ပဲရောက်နေနေ အိမ်ပြန်ပြီး ထမင်းပြန်စားတတ်တာကို သိပ်အထူးအဆန်း ဖြစ်မနေခဲ့တော့ပါ။

ထမင်းစားသောက်ပြီး အိမ်ရှေ့ခဏထိုင် CNN သတင်းကြည့်ပြီး ခဏနားကာ ဆိုင်ကို ပြန်ထွက်သွားတော့မှ သိလ္လာ တစ်ယောက်တည်း ထုံးစံအတိုင်း တိတ်ဆိတ်ခြောက်သွေ့စွာပင် ကျန်ခဲ့ရသော နေ့ရက်တစ်ရက်ထဲ ပြန်ကျင်လည်ရတော့ပြန်လေသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



၆

မြသီလွာ အတွက် ကားကို ဖေဖေ၊ မေမေတို့ ဝယ်နေကျ ပွဲစားထံမှာ မှာထားပြီး ဖြစ်လေရာ တစ်ရက်တော့ ကားပြန်ရပါသည်။ ရိုးရိုးဆလွန်းအဖြူကားလေးကို ရပြီး မကြာ မြသီလွာ တစ်ယောက် ကားလေး ဟိုမောင်းဒီမောင်း လုပ်လိုက်သေးသည်။

ညနေစောင်းတော့မှ အိမ်ပြန်ရောက်လေရာ၊ မင်းပျို ပြန်ရောက်နေပြီဖြစ်ကြောင်း သိလိုက်ရသည်။ မင်းပျိုက ကားဂိုဒေါင်ထဲမှာပဲ ရှိနေသေးသည်။ သူ့ကား ဘောနက်(စ)ကို ဖွင့်ကာ ဟိုနှိုက် ဒီနှိုက် လုပ်နေပါသည်။

မြသီလွာ ကားဝင်ရပ်လိုက်တော့မှ မော့ကြည့်ပါသည်။ မင်းပျိုဟာ ကားကို တစ်ချက်သာကြည့်ပြီး ဘာမှတော့ မမေးပေမဲ့ သီလွာကတော့ မနေနိုင်၊ မထိုင်နိုင် သူ့မ,စိတ်ကြိုက်ကားလည်း ပြန်ရသည်မို့ ပြောပြလိုက်ပါသည်။





"နေ့လယ်က သီလွာကြိုက်တဲ့ကား ပြန်ရလို့ ယူလိုက်ပြီလေ"

"မသန်း ပြောပြတယ်"

"ဖေဖေ အားတဲ့ရက်မှာ အံကိုက်ပဲ၊ ပွဲစားက ယူလာပြတာလေ၊ ဖေဖေရော သီလွာပါ ကြိုက်သွားလို့"

"ကောင်းပါတယ်"

"အဲဒါ ... သီလွာ တစ်ခုတွေးမိတယ်"

မင်းပျိုသည် စကားမများစဖူး သူ့မက,စပြီး လာ[illegible]ားများများပြောချင်နေသော မြသီလွာကို တစ်ချက် အကဲခတ်[illegible]င်း ...

"ဘာလဲ ... ပြောလေ"

"သီလွာလည်း အိမ်မှာနေရတာ ပျင်းတော့ အလုပ်ထွက်လုပ်မလားလို့"

"မင်းသဘောပဲ၊ ငါနဲ့သိပ်မဆိုင်ဘူး။ မင်း လုပ်ချင်ရင်လည်းလုပ်၊ မလုပ်ချင်ရင်လည်း အိမ်မှာဖိမ်နဲ့နေ၊ ရတယ်"

သီလွာသည် အဲဒီလို အပြောခံလိုက်ရတော့မှ ကိုယ့်[illegible]ားကိုယ် သိသွားပါသည်။ ဟုတ်သားပဲ၊ သူနဲ့ ငါက လင်မ[illegible]သာ အမည်ခံတယ်။ ဘယ်လိုပတ်သက် ဆက်နွယ်မှုနဲ့အတူ[illegible] [illegible]အိမ်တည်း နေနေရမှန်းမှ မသိတာ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကြည့်လိုက်ရင် အိမ်ကို ခုလိုခပ်စောစော ပြန်လာတဲ့ရက်၊ နေမဝင်ခင် ပြန်လာတဲ့ရက်ကလည်း ခပ်ရှားရှား။ အလွန်ဆုံး ခုနစ်နာရီ၊ ရှစ်နာရီမှ ပြန်လာ စားသောက်ပြီးတာနဲ့ သူ့အခန်းထဲဝင် ကွန်ပျူတာလုပ်ရင်လုပ်။ မလုပ်ရင် သူတစ်ယောက်တည်းပဲ တီဗီထိုင်ကြည့်နေတော့တာ။ မနက်ဆိုလည်း မနက်ရှစ်နာရီဆို အိမ်ကထွက်ပြီ။ ထမင်းစားချိန်လေးပဲ ခဏပြန်လာစားတာ။ တစ်နေကုန်က အပြင်မှာ နေနေတာ။ သူ့ဆိုင်က ပိတ်ရက်လည်း မရှိတာကြောင့် သူ နေ့တိုင်း အပြင်ရောက်နေရတော့သည်။ သူကိုယ်တိုင်ကလည်း သိလ္လာ့နားမှာ မနေချင်တာလည်း ပါပါသည်။

သိလ္လာကလည်း တီဗီကို အပြင်ဧည့်ခန်းမှာ ထိုင်ကြည့်ခဲ့ပါသည်။ နှစ်ယောက်အိပ် အိပ်ခန်းကျယ်ကြီးထဲမှာလည်း စပြီးနေကတည်းက ခုတင်ခြေရင်းမှာ တီဗီနဲ့ ဒီဗီဒီစက်တစ်လုံးက အသင့်ရှိလေရာ Satellite TV ဆိုလျှင် MTV ကလွဲရင် ဘာမှလဲ သိပ်မကြည့်တတ်တာမို့ အဲဒီအိပ်ခန်းထဲက တီဗီမှာသာ ရုပ်ရှင်ကားတစ်ကားကို ကြည့်နေဖြစ်၍ ညဘက် တီဗီကြည့်ချိန်တွင် သူနဲ့ကိုယ်က ဆုံနိုင်ခဲ့ပြန်သည်။

ဒီလို အေးအေးလူလူ အပန်းဖြေချိန်မှာ မဆုံဖြစ်အောင် တစ်ယောက်နဲ့တစ်ယောက် တမင်ရှောင်တာလည်း ပါပါသည်။ ဆုံပြန်လျှင်လည်း ပြောစရာစကားလည်း မရှိ။ ပြောမိရင်





ရှုးဟောင်းနှောင်းဖြစ်တွေ အစဖော်မိတာနဲ့ပဲ စကားများပြီး လူခွဲရတာချည်းပင်။

သိလ္လာ စကားဆက်ပြောမနေတော့ဘဲ အိမ်ထဲဝင်သည်ကို မင်းပျို မျက်လုံးစွေ လိုက်ကြည့်ရင်း ကျေနပ်စွာ ကြိုက်သည်။ ငါနဲ့ ပြေလည်မှု ရချင်သလား မြသိလ္လာ။ ဆော _ ငါ့ချစ်သူနဲ့ ငါ့ကိုခွဲတဲ့ မင်းကို ဘယ်တော့မှ မပြေလည်ဘူး။ မင်းပျို့ရဲ့ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေတွေကတော့ ထပ်ပြီး တစ်ရက်သာ အိမ်မှာနားလျက် နောက်နေ့ကစ, ကို ရောက်လာသော၊ ဆိုင်လည်း တစ်ရက်မှ အလာမပျက် ဆိုင်မှာသာ အချိန်ကုန်သော မင်းပျိုကို တအံ့တသြ ပြောဘာ့ ခံရသည်။

"မင်းတို့မိဘတွေကလည်း ဒီလောက် တတ်နိုင်နေတာကွာ။ ဟန်းနီးမွန်းလေး ဘာလေး ထွက်မယ်ထင်နေတာ၊ မထွက်ကြဘူးလား"

လို့ မေးသူက လာမေးသည်။

"ချောချောလှလှ မိန်းမကို ရထားတဲ့ကောင်ကလည်း ညားခါစမိန်းမ,နား မကပ်ဘဲ ဆိုင်မှာချည်း ထိုင်နေပါလား၊ ဘာလဲ အနားသိပ်ကပ်ပြီး သိပ်ချစ်ပြထားရင် မိန်းမ,က ရောင့်တက်ပြီး နောက်ဆို အနိုင်ယူမှာစိုးလို့လား။ ဟုတ်လား ... မင်းရဲ့ ဒဿနတွေကို ပြောပြထားပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍လည်း တစ်မျိုးပြောသူက ပြောပါသည်။

မင်းပျို့မှာ ပန်းကဗျာ ဆိုသော ချစ်သူရှိထားကြော[...] သိသော သူငယ်ချင်းတချို့ကတော့ မင်းပျို့ရဲ့ အိမ်ထောင်ရေ[...] ပတ်သက်ပြီး သိပ်ပြီး နောက်နောက်ပြောင်ပြောင် မလုပ်ပေမဲ့

"ဘာပဲဖြစ်ဖြစ်ကွာ၊ မင်းက ကံကောင်းပါတယ်၊ မြသီ[...] လည်း ချောတဲ့ လှတဲ့ ပညာလည်းတတ်တဲ့ မိန်းက[...] တစ်ယောက်ပါပဲ"

ဟူ၍ ဝင်ပြီးတော့လည်း အားပေးနှစ်သိမ့်ချင်သလို ဖျောင်းဖျချင်သလိုလိုတွေ ပြောကြတာတော့ ရှိပါသည်။

ဘယ်သူပဲ ဘာပဲမေးမေး၊ ဘာပဲပြောလာလာ မင်း[...] ကတော့ ပြုံးနေသည့်အခါပြုံး၊ မပြုံးချင်သည့်အခါ ခပ်တည်တည် ကြီးပင် နားထောင်ပြပေါင်းများတော့ မေးသူ၊ ပြောသူတွေလည်း အသံတိတ် နှုတ်ဆိတ်သွားကြတော့လေသည်။

မင်းပျို့ မျှော်လင့်ထားတာက တစ်နေ့ကျရင် မြသီလ[...] ဟာ ဒီလို အေးစက်စက် အခြေအနေကြီးကို စိတ်ပျက်ငြီးငွေ့[...] ဖို့ပင်။ သူမ မျှော်လင့်ထားသလို ပုံစံမျိုး၊ မိဘစီစဉ်လို့ လက်ထ[...] လိုက်ရတယ်၊ သူတို့ကြားတော့ သံယောဇဉ်ဖြစ်ပြီး သေတပန်သ[...] တဆုံး အတူနေသွားကြတယ် ဆိုတာမျိုး ဖြစ်စေ့ကိုမဖြစ်လာစေ[...] အဖြစ်လည်း မခံချင်။





မြသီလ္လာကို ဒီလိုသွေးအေးအေးနဲ့ ညှဉ်းဆဲပြချင် [...]သည်။ လူဆိုတာ သာယာချမ်းမြေ့ ပျော်ရွှင်မှုကိုပဲ ပိုလိုလားကြ [...]ဒီ မြသီလ္လာလို သူဌေးသမီး၊ တစ်ဦးတည်းသောသမီး၊ အစစ [...]ရာ လိုတရပြည့်စုံကြွယ်ဝလျက် စိတ်ချမ်းသာစွာ နေခဲ့ရသော [...]မှ ဆင်းသက်လာသူ မိန်းကလေးမျိုးဟာ ဒီလို စိတ်မပျော်ရွှင် [...]အထီးကျန် တိတ်ဆိတ်ရတာကို ဘယ်လောက်များ ကြာကြာ [...]င်ပါမည်နည်း။

သူမကပဲ စပြီးလမ်းခွဲကြပါစို့ ဆိုသော စကားကို [...]လာသည်အထိ ကြိုးစားမည်ရယ်လို့ စိတ်ကူးပြီး မင်းပျို့ သူ [...]ချင်တာ လုပ်နေခြင်းပင်။ ဒီကြားထဲ တစ်ခါ ကဗျာ့ကို မရ [...] ဆုံခွင့်ရအောင် သွားတွေ့မိသောအခါ ...

"ကဗျာ့ကို လာမတွေ့ပါနဲ့တော့ ကိုမင်းပျို့။ ကဗျာ ကိုယ့်သိက္ခာနဲ့ကိုယ် နေချင်တယ်။ အိမ်ထောင်သည် ယောကျ်ား တစ်ယောက်နဲ့ ဇာတ်လမ်းရှုပ်နေတယ်လို့ အသံထွက် မခံချင်ဘူး။ ကဗျာ အနေမှန်ခဲ့တာတောင်မှ အသံထွက်ခဲ့သေးလို့ ကိုမင်းပျို့ရဲ့အမေက ကဗျာနဲ့ဆို အသေရရ၊ အရှင်ရရ ခွဲကိုခွဲမယ်လို့ ဆတ်ဆတ်ထိမခံ ဖြစ်ခဲ့တာလေ"

ဟု ကဗျာက စိမ်းကားစွာ ဆီးပြောပါသည်။

မင်းပျို့က ...



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ကဗျာ။ ကဗျာ့ကို မောင် ခဏခဏ လာ
ဖို့ မကြိုးစားပါဘူး။ ဒီ,တစ်ခါတည်း လာတွေ့တာ
မောင် ကဗျာ့ကို ပြောထားစရာရှိလို့ပါ"

ကဗျာ သူ့ကို ခပ်ငေးငေးကြည့်ပြီး နားစွင့်နေသ
ထိုနေ့က ကဗျာ ကြော်ငြာတစ်ခု ရိုက်ပေးရမည့် ရိုက်ကွင်း
စုံစမ်းပြီး လိုက်သွားတာ ဖြစ်ပါသည်။ ကဗျာ့ ပင်တိုင်မိတ်
ဆရာကတော့ မင်းပျိုကို အမြဲတွေ့နေကျမို့ ဝမ်းသာအားရ
ဆက်ပေမဲ့ ကဗျာ ပြောပြထား၍ထင့်။ မင်းပျိုကို အရင်ကလော
တော့ ဖော်ဖော်ရွေရွေ မရှိလှပါ။

အားလုံး ထင်ထားတာက လှပတဲ့ အချစ်ပုံ
တစ်ပုဒ်လိုပဲ၊ တစ်နေ့ကျရင် မင်းသားလေးနဲ့ မင်းသမီးလေး
လက်ထပ်ပြီး အတူနေသွားကြရမယ်ပဲ ထင်ခဲ့မှာပေါ့။ မင်း
ဘက်က ကဗျာမဟုတ်သော တခြားမိန်းကလေးတစ်ယောက်
လက်ထပ်ယူသွားခြင်းမှာ တော်တော့်ကို အကျည်းတန်၊ အရုပ်
သော ဇာတ်သိမ်းတစ်ခု ဖြစ်ခဲ့ပါလိမ့်မည်။

"မောင် တစ်နေ့ကျရင် မြသိလ္လာနဲ့ လမ်းခွဲမှာပါ"

"အဲဒီလိုမျိုး ခုယူခုကွဲ လုပ်ချင်ရအောင် သိလ္လာက
လက်ခံမှာမို့လား။ သူက မိန်းကလေးပါ။ ယောကျ်ားနဲ့မိန်း
မှာ အိမ်ထောင်ပျက်ကြရင် မိန်းမဘက်က ပိုပြီးအရှ
ကြတာမို့ သူကတော့ ဒီလိုအဖြစ်ခံမယ် မထင်ဘူး"





"ဒါပေမဲ့ လူဆိုတာ သိပ်ပြီး စိတ်ဆင်းရဲရရင်၊ စိတ်မပျော်ရရင်၊ နိစ္စဓူဝ အထီးကျန်ရရင် ဒီဒဏ်ကို ဘယ်နနှစ်၊ ဘယ်နကာလ ခံနိုင်ရည်ရှိမယ်လို့ ကဗျာ ထင်လဲ။ အထူးသဖြင့် မြသိလ္လာလိုမျိုး အစစအရာရာ လိုတ,ရတဲ့ မိန်းကလေးမျိုးဆို ပိုပြီးခံနိုင်ရည်ရှိမယ် မထင်ဘူး"

ကဗျာက အယုံအကြည် မရှိသလို ပြုံးလိုက်ပြီး...

"စောင့်ကြည့်ရသေးတာပေါ့လေ၊ ကဗျာတော့ သိပ်မထင်ပါဘူး"

"ဘာဖြစ်လို့လဲ၊ မောင့်ကို မယုံလို့လား"

"မဟုတ်ဘူး သိလ္လာ့ကို"

မင်းပျို ဘာမှပြန်မပြောဘဲ နားထောင်နေစဉ်၊ ကဗျာက ဆက်ပြီးပြောသည်မှာ ...။

"သိလ္လာက ကိုမင်းပျိုကို ချစ်နေခဲ့လိမ့်မယ် ဆိုတာ အခုမှ ကဗျာ တွေးကြည့်မိလာနိုင်လို့ပါ"

မင်းပျို ဒီစကားကို မယုံကြည်နိုင်သလိုဖြင့် ပြန်ငြင်းချင်ပေမဲ့ ကဗျာကတော့ ကြော်ငြာရိုက်ကွင်းစ,ပြီမို့ သူ ငြင်းမည့်စကားတွေကို နားထောင်မပေးနိုင်တော့ပါ။ ရိုက်ကွင်းဆီ မသွားခင်မှာသာ ...။

"ပြန်ပါတော့ ကိုမင်းပျို။ ကိုမင်းပျို မျှော်လင့်ထားသလို သူနဲ့ ဇာတ်လမ်းပြတ်မှ ကဗျာ့ဆီ လာရင် ကဗျာ မနှင်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ အခုတော့ ကိုမင်းပျို့ ဆီမှာ မြသီလွှာ ဆိုတဲ့ လက်ထပ်ပြီးတဲ့ ဇနီးမယားက ရှိနေတယ်လေ”

မင်းပျို့သည် ကဗျာ့ကို သနားတာနဲ့ပဲ ကဗျာ စိတ်ချမ်းသာအောင် ကဗျာ့ အနားက ပြန်လာခဲ့ပါသည်။ ကဗျာ ပြောလိုက်၍ မြသီလွှာများ ငါ့ကို ချစ်နေခဲ့သလားလို့ မင်းပျို့ မစုံစမ်းချင်။ အကဲလည်း မခတ်ချင်။ သိလည်းမသိချင်ပါ။ အဓိက,က မြသီလွှာ မင်းပျို့ကို စိတ်ပျက်လာပြီး လမ်းခွဲဖို့စကား ပြောလာဖို့သာ သူ မျှော်လင့်မိသည်။

တကယ်တော့ မြသီလွှာကို မင်းပျို့ စပြီးမြင်ဖူးသည်မှာ ကဗျာ့ အကြောင်းတွေ စုံစမ်း၊ ကဗျာ့နောက်ကို တကောက်ကောက် လိုက်သောအခါမှသာ စပြီးမြင်ဖူးတာပါ။ ဒါတောင် အစပိုင်းက သိပ်ပြီး သတိမထားမိသေး။ ကဗျာနဲ့ မကြာခဏ အတွဲများလွန်းလို့သာ ကြာတော့ ကဗျာနဲ့တွဲပြီး အဲဒီကိုယ်လုံးပိန်ပိန်သွယ်သွယ် ကောင်မလေးကို သတိထားမိလာတာပင်။

အဲဒီတုန်းက မင်းပျို့နဲ့ အဖော်လိုက်ပေးသည့် မင်းပျို့ရဲ့ အခင်ဆုံးသူငယ်ချင်း ဉာဏ်သစ်ကတောင် ...

“မင်း,ကောင်မလေးနဲ့ အတွဲများတဲ့ ကောင်မလေးကလည်း ချစ်စရာလေးပဲကွ။ ချောသားပဲ၊ မျက်ခုံးမျက်လုံးလေးတွေက ပန်းကဗျာထက်တောင် လှသေးတယ်ကွ။ ဒါပေမဲ့ သူက ပန်းကဗျာလို ပြစ်မျိုးမှဲ့မထင်လှတဲ့ မိန်း





ကလေးနား ကပ်နေတော့ သူလှတာ မပေါ်ဘူး ဖြစ်နေတယ်”

ဆိုပြီး ဝေဖန်ခဲ့ပါသည်။

“မင်း, သဘောကျရင် သူ့ကိုလိုက်လေ။ ငါက ပန်းကဗျာကို လိုက်မယ်”

“ဟာ ... ငါက မကြာခင်မှာ လက်ထပ်တော့မှာကွ။ မဖြစ်ပါဘူး”

“ဘာဖြစ်လဲ ... လက်ထပ်လည်း ထပ်ပေါ့။ အခုက စိတ်အပန်းပြေပေါ့”

“ငါ့ကောင်မလေး သူ့လောက်မလှပေမဲ့ ငါ,ချစ်လို့ ငါကိုယ်တိုင် လိုလိုလားလား လက်ထပ်ဖို့ ကြိုးစားထားရတာကွာ။ သူ့အပေါ် သစ္စာမဖောက်ချင်ပါဘူး”

နောက်တော့ ထုံးစံအတိုင်း ပန်းကဗျာနဲ့ သိကျွမ်းအောင်မိတ်ဆက်၊ အတင်းမိတ်ဖွဲ့ စသဖြင့် လုပ်ရိုးလုပ်စဉ်တွေနဲ့ ရင်းနှီးခွင့် ရလာသောအခါမှာ မြသီလွှာဟာလည်း သူတို့ကြား အရေးပါခဲ့သော မိတ်ဆွေတစ်ယောက် ဖြစ်ခဲ့ပါသည်။

ဘဝပေးကုသိုလ်အရ ချမ်းသာသောမျိုးရိုးမှ ဆင်းဆက်လာပြီး မိဘနှစ်ပါးကတော့ နာမည်ကြီး အထူးကုဆရာဝန်၊ ဆရာဝန်မကြီးတွေ ဖြစ်နေသော မြသီလွှာဆိုသော မိန်းကလေး မာနကြီးတတ်သော ပုံစံတွေ မရှိတာကိုတော့ အဲဒီ...ကတည်းက



www.burmeseclassic.com

www.burmeseclassic.com



သတိထားမိပါသည်။ သူမအခြေအနေနဲ့ ကွာခြားလှသော ကဗျာကို အစစအရာရာ အဆင်ပြေအောင် ကူညီပေးတတ်ပြီး တကယ်လည်း ခင်ခဲ့ကြောင်း မင်းပျို သိပါသည်။

အဲဒီလို စိတ်ထားမျိုး ရှိခဲ့ရက်နဲ့ ဘာကြောင့် ကဗျာ ချစ်သူ မင်းပျိုကို မြသီလွှာ လက်ထပ်ဖို့ လက်ခံခဲ့သနည်း ဆိုတာ မင်းပျို ဘယ်လိုမှကို စဉ်းစားလို့ မရခဲ့ပါပေ။

❀ ❀ ❀






# အပိုင်း(၂)

## (အဖြစ်အပျက်)

www.burmeseclassic.com

www.burmeseclassic.com







## ၇

"တစ်လ ငါးသောင်းကတော့ မဆိုးပါဘူးနော်။ တန်တယ်လို့ နင် ထင်လား"

ပန်းကဗျာသည် ခြောက်လွှာအခန်းလေးကို တစ်ချက်ထပ်မော့ကြည့်ပြီး ပြောလိုက်သည်။ ရပ်ကွက်သန့်သန့်မှာ ကန်ထရိုက်တိုက်ခန်းလေး တစ်ခန်းတော့ ငှားနေဖို့ လိုပြီဆိုတာ အခန်းရှာထွက်ကြတာ သုံး,လေးရက်ရှိပြီ။ ဒီနေ့ ကြည့်ခဲ့သော တိုက်ခန်းထဲမှာမှ ဒီအခန်းလေးကိုတော့ ပန်းကဗျာက တော်တော်သဘောကျလေသည်။

"အခုအခန်းတွေက နှစ်ချုပ်ချည်းပဲ ငှားကြတော့တာဆိုတော့၊ နင်, ငှားလိုက်တဲ့ ပိုက်ဆံဟာ ရေထဲပစ်ချသလို ပလုံသွားမှာတော့ ရှိတယ် ကဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အခုရှာနေတာ စပေါ်ခန်းမှ မတွေ့တာ သိလ္လာကလည်း ငါလည်း နင့်ကို အားနာလှပါပြီ၊ တစ်နေ့ တစ်နေ့ အချိန်ကုန်ခံပြီး အခန်းလိုက် ကြည့်ပေးနေရတယ်"

"ရပါတယ်ဟယ် ... သူငယ်ချင်းတွေပဲ ကူညီရမှာပေါ့"

"သိလ္လာရယ် ... နင် ဘာပြောပြော ငါတော့ ဒီအခန်းကိုပဲ ယူတော့မယ်လို့ ဆုံးဖြတ်လိုက်ပြီ။ ဆယ့်နှစ်ပေခွဲ ပေငါးဆယ် ကျဉ်းပေမဲ့ ငါတို့ကလည်း သားအမိနှစ်ယောက်တည်းပဲဟာ၊ ပြီးတော့ အခန်းပိုင်ရှင်က အခန်းလေးကို ကြွေပြားတွေကပ်၊ ရေချိုးခန်း အိမ်သာ လှလှပပပြင်နဲ့ ခေတ်ပေါ်အခန်းလေးပုံစံ ပြင်ထားတာကို ကဗျာ သိပ်ကြိုက်တာပဲ။ နှစ်ချုပ်ပေမဲ့ ခြောက်လတစ်ခါ ပေးရမယ်ဆိုတော့ မဆိုးပါဘူး"

"အေးပေါ့ ... မဆိုးပါဘူးပေါ့ ကဗျာရဲ့။ နင့်ဝင်ငွေကလည်း တော်တော်လေး ဟုတ်နေပြီပဲ"

"အခန်း မဝယ်နိုင်သေးပါဘူးနော်"

"သြော် ... နောက်၊ ဖြစ်လာမှာပေါ့"

"မေမေ့ အတွက်လည်း သိပ်စဉ်းစားစရာ မလိုဘူးလေ။ မေမေက နဂိုကတည်းက မောတတ်တော့ အိမ်ထဲက အိမ်ပြင်တောင် သိပ်မှမထွက်တာ။ ဒီမှာနေလည်း သူ အောက်ဆင်းဖြစ်မှာမှ မဟုတ်တာ"





"ကဗျာ ကြိုက်နေပြီပဲ၊ ယူမယ်လို့ ပွဲစား အန်တီကြီးကို ပြောလိုက်လေ"

သူတို့နှစ်ယောက် တိုင်ပင်ပြီးမှ ပွဲစားအန်တီကြီးလည်း အပေါ်ထပ် အခန်းတံခါးကို သော့ပိတ်ပြီး ဆင်းလာတာနဲ့ အဆင်သင့်ပင်။ သိလ္လာနှင့် ကဗျာတို့ ရပ်စောင့်ရင်း ကြည့်နေသော အကြည့်ကို ပွဲစားအန်တီကြီးကလည်း ကြိုရိပ်မိနေပြီး အနားရောက်တာနဲ့ ...

"ဘယ်လိုလဲ မင်းသမီးလေး ... ယူတော့မယ် မဟုတ်လား"

"ဟုတ်ကဲ့ ... ကဗျာတို့ ကြိုက်သွားတာနဲ့ ယူမယ်လို့ ဆုံးဖြတ်လိုက်ပါပြီ"

"ဒါဆို အိမ်ရှင်ဆီ သွားကြတာပေါ့၊ ဒီနေ့ပဲ ငွေချေရင် ရမလား"

"ရပါတယ် အန်တီ"

"ခြောက်လတစ်ခါ ကြိုတော့ ပေးရလိမ့်မယ်၊ ခြောက်လ နေကြည့်ပြီး ကြိုက်ရင်ပြောတာပါ၊ မင်းသမီးလည်း ကြိုက်မှာပါ။ ဒီရပ်ကွက်က ငွေရှင်ကြေးရှင်တွေ နေတာများတယ်၊ လူလည်းမရှုပ်ဘူး။ ဟိုဘက်ထိပ်မှာတောင် ပန်းကဗျာလိုပဲ မင်းသမီးငယ်လေး တစ်ယောက် နေတယ်၊ သူကတော့ အပိုင်ဝယ်နေတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကဗျာက မင်းသမီး မဟုတ်သေးပါဘူး အန်တီ။ ကြော်ငြာတဲ့ မော်ဒယ်လ်ပဲ ရှိပါသေးတယ်"

"နောက်တော့လည်း မင်းသမီး ဖြစ်သွားကြတာပါပဲ"

ထိုနေ့က အိမ်ခန်းအငှားဖြစ်သော စာချုပ် ချုပ်၊ ငွေချေ စသဖြင့် ဆက်တိုက်ပဲ တစ်ခါတည်း အပြီးအပြတ် လုပ်လိုက်ရာ အားလုံးပြီးတော့ ညနေပင် စောင်းနေပြီ။ အခန်းရှင်က သော့အပ်ပြီးသောအခါ ကြိုက်တဲ့အချိန် ပြောင်းလာနေနိုင်ပါတယ် ဆို၍ သီလွာကလည်း ကဗျာ့ကို မနက်ဖြန်ပဲပြောင်းဖို့ အကြံပေးရသည်။

"ပြောင်းချင်တာမှ တစ်ပိုင်းကို သေနေတာပေါ့ သီလွာရဲ့။ ဒါပေမဲ့ မနက်ဖြန် ငါ ခေါက်ဆွဲကြော်ငြာတစ်ခု ဝေါလ်ရှိုထ် ရိုက်ပေးဖို့ ရက်ချိန်းထားပြီးနေပြီ၊ တစ်ရက်နဲ့ စိတ်ကြိုက်ပုံ မရရင် နှစ်ရက် ရိုက်ရင် ရိုက်ရမယ်လို့လည်း ပြောထားတယ်။ ဒီတော့ အလုပ်ပြီးမှပဲ"

"အလုပ်ပြီးမှ လုပ်မနေပါနဲ့၊ အလုပ်ပြီးလည်း နင့်အတွက် နောက်ထပ် ကြော်ငြာဝေါလ်ရှိုထ်တွေ ရိုက်ဖို့က လာပြောထားတာ ပေါ်လာဦးမှာပဲ။ နင်က ဝေါလ်ရှိုထ်နဲ့ အကျိုးပေးနေတာ၊ လက်မလည်အောင် ဒါတွေပဲ ရိုက်နေရတာ၊ ဒီတော့ သီလွာ အကြံပေးမယ်၊ နင် မနက်ဖြန် ဝေါလ်ရှိုထ်





ရိုက်စရာရှိတာသာ သွားရိုက်ပါ။ ငါနဲ့ အန်တီပဲ ပြောင်းပေးထားလိုက်မယ်"

ပန်းကဗျာမှာ မြသီလွာ ဒီလောက်ကြီး ကူညီလွန်းဖြန်တာကျတော့ အားနာနေပြန်သည်။

"ဟယ် ... နင်ကလည်း မဟုတ်တာ။ အဲဒီလောက်ကြီး မကူညီပါနဲ့"

"ပြောင်းပေးတာဟယ်၊ ငါလည်း ဘာမှကူမသယ်ရပါဘူး။ အလုပ်သမားတွေ ကြည့်ပြီး ပြောရုံ၊ ဟိုဟာလေး ဟိုနားချ၊ ဒီဟာလေး ဒီနားချ၊ ညွှန်ကြားရုံပါပဲ။ နင်လည်း အကုန်လုံးနီးပါး ထုပ်ပိုးထားပြီးနေတာ၊ သီလွာ တွေ့တာပဲ။ ဒီတော့ ရက်ဆိုင်းမနေနဲ့ ပြောင်းလိုက်၊ ငါ့အတွက် ဘာမှအပန်းမကြီးဘူး"

သီလွာနှင့် ကဗျာ စကားပြောပုံစံ တူတာက တစ်ခါတလေ နင်နဲ့ငါ ပြောချင်ပြောလိုက်၊ တစ်ခါတလေကျ ကဗျာက သီလွာကနှင့် ပြောလိုက်၊ သူ့ဟာနဲ့သူ အဆင်ပြေနေပါသည်။

မြသီလွာလည်း ပန်းကဗျာကို စိတ်ရောကိုယ်ပါ ကူညီချင်သူဖြစ်ရာ မရမကပြောသဖြင့် ကဗျာလည်း လက်ခံလိုက်သည်။ နောက်တစ်နေ့ မနက်စောစော မိတ်ကပ်လိမ်းပြီး



www.burmeseclassic.com

www.burmeseclassic.com



ဝေါလ်ရှိထ်ရိုက်ကွင်း ရောက်နေသော ပန်းကဗျာ အိမ်ပြောင်းဖို့ကို မြသီလ္လာလည်း မနက်ကိုးနာရီကတည်းက ကြိုးစားရလေသည်။ ပန်းကဗျာ မေမေမှာ ...

"သမီး သီလ္လာရယ်၊ သမီးဟာ တကယ့်သူငယ်ချင်းကောင်း ပါပဲ၊ အန်တီ့သမီးလေး အခုလို ဝင်ငွေကောင်းတဲ့ အလုပ် လေး ရသွားတာလည်း သမီးကြောင့်ပါပဲ။ အခုလည်း သမီးမှာ ဘာမှလှည့်ကြည့်စရာ မလိုအောင် သီလ္လာလေးက အိမ်ကူပြောင်းနေပြန်ပြီ။ အန်တီတို့ကတော့ သမီးကို ဘာမှ ပြန်မကူညီနိုင်ဘူးကွယ်။ တကယ်ပါ ... အန်တီ အမြဲ ဘုရားရှိခိုးတိုင်း သီလ္လာလေး အတွက် အမြဲလည်း ဆုတောင်းပြီး မေတ္တာပို့ပေးပါတယ်၊ သူတစ်ပါးအပေါ် စိတ်ကောင်းစေတနာရှိတဲ့ မိန်းကလေး ဘဝမှာ အမြဲစိတ် ချမ်းသာ ကိုယ်ချမ်းသာ ဖြစ်ခြင်းနဲ့ ကြုံပါစေလို့လေ"

"ဩော် ... အန်တီရယ်၊ သီလ္လာက ဒီလို လုပ်ပေးနေရတာ ကို ပျော်နေတာ။ စိတ်ချမ်းသာနေတာလေ၊ နောက်မို့ သီလ္လာ့ဘဝက တစ်နေ့ တစ်နေ့ ပျင်းစရာကောင်းပြီး ကုန် ကုန်သွားတာ ကဗျာ့လို သူငယ်ချင်းရှိနေလို့ ကဗျာ့အလုပ် တွေ ဝင်လုပ်ပေးခွင့်ရတာ၊ အချိန်ဘယ်လိုကုန်သွားမှန်း တောင် မသိဘူး"





တကယ်လည်း မြသီလ္လာရဲ့ ဘဝဟာ အစစအရာရာ ပြည့်စုံ၊ မိဘကလည်း နဂိုက ချမ်းသာတဲ့ မျိုးရိုးက ဆင်းသက် လာပါတယ်ဆိုမှ ဝင်ငွေကောင်းလှသော အထူးကုဆရာဝန်ကြီးတွေ စသဖြင့်သော ပြည့်စုံကြွယ်ဝမှုတွေနဲ့ ဝန်းရံခံထားရသည်ဖြစ်ရာ ဘာပူပင်စရာ၊ ရုန်းကန်စရာမှ မရှိသော ဘဝသည် တစ်နေ့ တစ်နေ့ ပျင်းစရာ ကောင်းနေခဲ့ပါသည်။

ပန်းကဗျာ ဆိုသော သူငယ်ချင်းနဲ့တွေ့။ သူက ကိုယ့်ကြောင့်ပဲ ပြောရင် ရနိုင်အောင် ကိုယ်ကခေါ်လို့ နာမည် ကြီး ဈေးကြီးသော အလှပြင်ဆိုင်ကို ခဏခဏ လိုက်ရာက မရော်ဖက်ရှင်နယ် ဓာတ်ပုံဆရာနဲ့တွေ့ ...။ ဝေါလ်ရှိထ်ရိုက်ဖို့ ကမ်းလှမ်းခံရ။ အဲဒီကမှတစ်ဆင့် မထင်မှတ်ပါဘဲ ထိုအရက် ကြော်ငြာဝေါလ်ရှိထ်မှာ တော်တော့်ကို လူကြိုက်များသွားလေရာ ဘုတ်အကြီးကြီးတွေထောင်ပြီး ကြော်ငြာခံရသည်အထိ အောင် မြင်သွားသည်။

ထိုသို့သော အခြေအနေကြောင့် ပန်းကဗျာသည် ထင်မှတ်ပါဘဲ ဝါသနာလည်း ပါလှသည် မဟုတ်ပါဘဲ၊ သရုပ် ဆောင်ခ ဝင်ငွေကောင်းကောင်း ရသဖြင့်၊ သူမရဲ့ ကုသိုလ်ကံနဲ့ နန်းကလည်း ကောင်း၍ ဝေါလ်ရှိထ်တွေ လက်မလည်အောင် ရိုက်ပေးရသဖြင့် မော်ဒယ်လ်လောကထဲသို့ ရောက်သွားခဲ့ရပါသည်။ ဝေါလ်ရှိုယ်တွေဆို ပန်းကဗျာနဲ့ရိုက်မှ ဆိုပြီး တောင်းဆိုရတဲ့



www.burmeseclassic.com

www.burmeseclassic.com



အဲထိ ပန်းကဗျာ ရိုက်သမျှ ကုန်ဝစ္စည်းကြော်ငြာ ဝေါလ်ရှိထ်တွေ ဟာ တစ်ခုဆိုတစ်ခု ဆိုသလောက် လူသိများ အောင်မြင်လာပါ သည်။

ဒီကြားထဲ ဗီစီဒီရိုက်ဖို့၊ ဗီဒီယိုရုပ်ရှင်ရိုက်ဖို့၊ တီဗီ ကြော်ငြာရိုက်ဖို့တွေ လာပြောထားတာတွေလည်း ရှိလာသည်။ သို့သော် ပန်းကဗျာက တစ်မျိုး။

"အဲဒါတွေ မရိုက်သေးဘဲ စောင့်ကြည့်ပြီး တင်းထားလိုက် ဦးမယ်ဟယ်၊ ပိုက်ဆံပိုရနိုင်မှန်းတော့ သိပေမဲ့ တမင်ဟန် လုပ်နေတာ။ လူတွေက အဲဒီလို မရိုက်ဘဲနေရင် ပိုမေးတယ်၊ ပိုစိတ်ဝင်စားကြတယ်။ နောက်ဆုံးကျမှ အဲဒီထဲ ဝင်လိုက် မယ်၊ အခုတော့ ခဏအောင့်ထားလိုက်ဦးမယ်"

ဟုလည်း မြသိလ္လာ နားမလည်အောင် ပြန်ပြောပြ လေသည်။

သိလ္လာက ...

"ဘာဖြစ်လို့လဲ ကဗျာရဲ့။ လူတိုင်းမင်းသမီး ဖြစ်ချင်နေ ကြတာ နင်ကတော့ **တကာယ်**ကို ကံထူးပြီး ဘာမှသိပ်မကြိုး စားလိုက်ရဘဲနဲ့ ဒီထဲ ဝင်သွားနိုင်တာ ဘယ်လောက်အဆင် ပြေလဲ"

"ကဗျာလည်း သိတာပေါ့။ ဒါပေမဲ့ တခြားမော်ဒယ်လ် မင်းသမီးတွေလိုပဲပေါ့ဟာ။ ဗီစီဒီ မရိုက်သေးပါဘူး၊ သရုပ်





ဆောင် မလုပ်သေးပါဘူးနဲ့ အိုက်တင်ခံပြတဲ့သဘောပါ။ နောက်တော့လည်း သရုပ်ဆောင် လုပ်သွားတာပဲလေ။ ကဗျာလည်း အဲဒီသဘောနဲ့ အိုက်တင်ခံထားရတာပါ။ တော်ကြာ လာကမ်းလှမ်းလှမ်းချင်းပဲ ရိုက်မယ် ဘာမယ်နဲ့ ချက်ချင်းလိုက်လျှောပြလိုက်ရင် နည်းနည်းများ အထင်သေး သွားမလားလို့"

မြသိလ္လာကတော့ ပန်းကဗျာရဲ့ အတွေးအခေါ်တွေ ိုက်မမီပါ။ ဒါပေမဲ့ ပန်းကဗျာ တစ်ယောက် ဝင်ငွေလေး တော် ဆာ်ဟုတ်လာပြီး၊ လူသိများသော ဝေါလ်ရှိထ်မော်ဒယ်လ်လည်း ဖြစ်လာသည်ကို ကျေနပ်ဝမ်းသာမိပါသည်။ ပန်းကဗျာ အလုပ် ကိုင် အဆင်ပြေစေဖို့ မြသိလ္လာရဲ့ အိမ်လိပ်စာ၊ ဖုန်းနံပါတ်တွေ ားထား၊ အသုံးပြုခံထားရတာကိုလည်း ကျေကျေနပ်နပ်ပင် က်ခံမိပါသည်။ ပန်းကဗျာ အတွက် လိုအပ်လျှင် ဝေါလ်ရှိထ် ွ၊ ပြက္ခဒိန်တွေ ရိုက်ရသော ရိုက်ကွင်းကို တစ်နေကုန် တစ် ခန်း ကားမောင်းလိုက်ပို့၊ ထိုင်စောင့်ဖို့လည်း ဝန်မလေး။ အဲဒီ သိုင်းအဝိုင်းရှိ လူတွေကပင် ...

"ပန်းကဗျာရဲ့ ညီအစ်မ တစ်ဝမ်းကွဲလား"

လို့ မေးယူရတဲ့အထိ တကယ့်ကို ညီအစ်မ၊ ဆွေမျိုး ချင်းတွေလိုပဲ အစစအရာရာ ဝင်ပါ၊ ဝင်ကူညီဖြင့် ါကိုပင် ချမ်းသာ ပျော်ရွှင်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အခုလည်း ပန်းကဗျာက ဝင်ငွေလေး တော်တော် ဟုတ်လာတော့ အရင်နေသည့် ဆင်ခြေဖုံးရပ်ကွက်က ပျဉ်ထောင် အိမ်စုတ်လေးမှာ မနေလိုတော့၍ မြို့ထဲက ရပ်ကွက်သန့်သန့်တစ်ခု မှာ နှစ်ချုပ်ဖြင့် တိုက်ခန်းငှားနေတာ ဖြစ်ပါသည်။ အခန်းရှာဖို့ ကို နှစ်ယောက်သား မြသိလ္လာရဲ့ ကားတစ်စီးဖြင့် လှည့်ပတ်ကြည့် ရှုရာမှလေရာ အခုကျမှပင် စိတ်ကြိုက်အခန်းရတာ ဖြစ်ပါသည်။

"တယ်လီဖုန်းကိစ္စလည်း မပူရဘူး။ အောက်ဆုံးထပ်စာအုပ် အငှားဆိုင်မှာ ဖုန်းရှိတယ်။ တစ်ဆင့်ခေါ်ဖုန်းအဖြစ် အသုံး ပြုလို့လည်း ရတယ်ဆိုတော့၊ နင့်အိမ်လိပ်စာတွေ ဖုန်းတွေ မသုံးတော့ရင် ရတယ် သိလ္လာ"

လို့လည်း ပန်းကဗျာက မြသိလ္လာကိုချည်း တစ်မျိုး လုံး မှီခိုထားရသလို ဖြစ်နေသည့်အတွက် ဒီလိုမျိုး ဆက်သွယ်ဖို့ ဖုန်းကိစ္စပါ အဆင်ပြေသည့် နေရာကို ရှာခဲ့တာပင် ဖြစ်ပါသည်။

မြသိလ္လာသည် အိမ်ကူပြောင်းပေးပြီးလျှင် ဘာ မလုပ်ရပါဘဲ အလိုလိုမောကာ အိပ်ရာထဲ လှဲချင်နေသော ကဗျာ့ အမေကို အိပ်ရာမြန်မြန်ခင်းပေး၊ နေရာချပေး၊ အန်တီသောက်ဆေး ကျဆေးပါ တစ်ခါတည်းတိုက် လုပ်ပေးနဲ့ ဆက်ပြုစုရသေးသည်။ ထိုဆေးတွေကလည်း သိလ္လာ့မေမေ တစ်ပတ်တစ်ခါ အိမ်တိုင် ရောက်လာကြည့်၊ စမ်းသပ်၊ ညွှန်ကြားပေးထားသော နှလုံးရောဂါ ဆေးများပင် ဖြစ်ပါသည်။ သိလ္လာက ကဗျာ့ကို သိပ်ခင်လွန်း





သိပ်ကူညီလွန်း၍ သိလ္လာ့မေမေက သမီးဆန္ဒကို ဖြည့်သည့်အနေ နှင့် ကဗျာ မေမေ့ကို မေတ္တာဖြင့် လိုက်ကုသပေးတာမျိုးလည်း ဖြစ်သည်။

"အန်တီ နေသာသွားရင် ခဏလှဲနေခဲ့နော်၊ ဖြစ်လား"

"သမီး သိလ္လာ ... ပြန် ... ပြန် ... ရတယ် ... မပူနဲ့၊ ဒီလောက်ကူညီနေတာကို အန်တီ အားနာလှပြီ"

"သိလ္လာ ပြန်ဖို့မဟုတ်ဘူး အန်တီ။ အန်တီရော သိလ္လာပါ ဘာမှ မစားရသေးဘူး။ အဲဒါ ဆိုင်မှာ သွားဝယ်မလို့ ကဗျာလည်း ပြန်လာခါနီးပြီ၊ သူပါ အဆင်သင့်စားလို့ ရတာပေါ့"

"သူချက်သွားတဲ့ ကြက်သားပြုတ်ကြော်လေးနဲ့ ငါးပိကြော် ရှိပါတယ် သမီးရယ်"

"ဪ ... ထားလိုက်ပါ၊ အဲဒါ အခြောက်တွေပဲ၊ သိမ်း ထားပြီး စားလို့ရပါတယ်၊ သိလ္လာ ခု ပူပူနွေးနွေး ကြေးအိုး သောက်ချင်တာ။ အန်တီလည်း စားကြည့်၊ ဝင် မှာပါ။ သိလ္လာ အိမ်ပဲ ပါဆယ်ဝယ်လာပြီး အန်တီနဲ့အတူတူ စားမယ်လေ"

"အေး ... အေး ... ကောင်းပါပြီ၊ သမီး သိလ္လာကပြော ရင်လည်း ရမှာမဟုတ်ဘူး။ တားရင်လည်း ရမှာမဟုတ်ဘူး၊ ဒီတော့ မတားတော့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



အန်တီ့ကို တံခါးပိတ်ပေးခဲ့ပြီး သော့ခတ်ထားခဲ့ကာ သီလ္လာက သော့အပိုတစ်တွဲကို ယူလာသည်။ အန်တီ့ထံမှာတော့ သော့တစ်စုံ ရှိပါသည်။ ခြောက်လွှာ အခန်းဆီမှ သီလ္လာ တစ်ယောက် ကလေးဆန်ဆန်ပင် တဒုတ်ဒုတ် ပြေးဆင်းလျက် အောက်ဆုံးထပ် အရောက်မှာ အောက်မှအပေါ်ကို တက်လာမည့် ခြေလှမ်းစရုံ စနေသေးသည့် လူတစ်ဦးရဲ့ ရင်ဘတ်ကို အရှိန် မထိန်းနိုင်ဘဲ ဝင်တိုက်မိသွားပါသည်။

"ဟာ ... ဆောရီး"

ထိုသူ့ထံမှ အရင်ဆုံး အသံထွက်လာခဲ့သည်။ သီလ္လာလည်း ရှက်ရှက်နှင့် ဘေးကပ်ရပ်ပေးရင်း ...

"ကျွန်မလည်း ပြေးဆင်းလာမိတာ ပါပါတယ်၊ ကျွန်မ အမှားပါ"

ထိုသူက (အမှန်တော့ အဲဒီအချိန်က မင်းပျို[ဟု] မသိသေးသူ) သီလ္လာ့ကို တစ်ချက်သာ မော့ကြည့်ပြီး ...

"ခင်ဗျား အရင်ဆင်းလိုက်ပါ၊ လှေကားက ကျဉ်း[ပါ]တယ်"

ဟု ပြောလေသည်။ အမှန်တော့ သီလ္လာကလည်း သူ တက်လာလို့ရအောင် ဦးစားပေးပြီး အရင်ကြိုဖယ်ထားနှင့်တာ ဖြစ်သည်။





မြသီလ္လာသည် သူမ့ကို မော့ကြည့်လိုက်သော ယောကျ်ားပျို၏ မျက်လုံးတွေကို ရင်ထဲမှာ သိမ့်ခနဲဖြစ်အောင်ပင် နှစ်မြှုပ်သွားမိပါသည်။ အို ... သူ့မျက်ဝန်းတွေက တစ်မျိုးပဲ။ ဘယ်သူ့ကိုပဲကြည့်ကြည့် ခင်မင်နှစ်လိုမှုကို ခံစားရစေတယ်။ ပြီးတော့ ... အင်း ... တကယ်ပါပဲ၊ ပြီးတော့ သူ သိပ်ချစ်ဖို့ ကောင်းတာပဲ။

ဘုရားရေ ...။ ငါ ဘာတွေဆက်တွေးမိသွားတာပါလိမ့်။ မြသီလ္လာသည် တဒင်္ဂအတွင်း သူမ တွေးလိုက်မိသည်ကို ရှက်ရွံ့ကာ လှေကားအောက်မှာ ဘေးကိုကပ်၍ ရပ်ပေးထားပြီ ဖြစ်သော မင်းပျိုကို နှုတ်ပင်မဆက်တော့ဘဲ ပြေးဆင်းထွက်သွားမိခဲ့ပါသည်။ တိုက်အောက်မှာ ရပ်ထားသော သူမရဲ့ကားလေးထဲ ဝင်ပြီး ထိုင်ပြီး စက်ပင်နှိုးလိုက်သည်အထိ ရင်ခုန်တာ မပျောက်သေး။ ကိုယ့်အတွေးကိုယ် ရှက်မိတာကလည်း မပျောက်သေး။ သူ့ကများ ငါ့ကို လိုက်စောင့်ကြည့်နေမလားလို့ စိတ်ကူးယဉ်လျက် သူ တက်သွားရာ လှေကားဆီ အသာခိုးကြည့်မိပေမဲ့ သူကတော့ စောင့်ကြည့်မနေခဲ့ပါ။ အရိပ်အယောင်ပင် မတွေ့ရတော့။ ဘယ်အခန်းကိုများ တက်သွားတာလဲ။ ဘယ်အခန်းမှာ နေတာလဲ။ အင်း ... နောက်ပိုင်း ကဗျာ့ဆီ လာလည်ရင် ရင်တခုန်ခုန်နဲ့ သူနဲ့များ ဆုံဦးမလားဆိုပြီး မျှော်လင့်နေမိတော့မှာပဲ ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



(အမှန်တော့ မင်းပျိုက အဲဒီမှာနေတာ မဟုတ်ဘဲ အဲဒီတိုက်ခန်းတွေရဲ့ အခန်းတစ်ခန်းမှာနေသော မိတ်ဆွေ တစ်ယောက်ဆီ ခဏလာလည်ခဲ့ခြင်းသာဖြစ်ကြောင်း နောက်မှပဲ သိခွင့်ရပါသည်။)

မြသီလ္လာလည်း သူမ,ပတ်ဝန်းကျင်မှာ သဘောတကျ ပိုးပန်းချဉ်းကပ်သူတွေ မကြာခဏ ကြုံရတာပေမဲ့ ဘယ်သူ့ကိုမှလဲ ပြန်စိတ်မဝင်စား၊ ဘယ်သူ့ကိုမှလဲ စိတ်မလှုပ်ရှားမိခဲ့ပါ။ ပြီးတော့ ထိုယောကျ်ားပျိုလိုပဲ၊ ရုပ်ချောချောနဲ့ ကြည့်ကောင်းသော သူတွေလည်း ခဏခဏ ကြုံရတာပါပဲ။ ဒါပေမဲ့ တစ်ခါမှ ခုလောက် ရင်မခုန်ခဲ့ဘူးပါ။

ထိုသူ့ကိုကျမှ မြင်မြင်ချင်း ရင်ထဲမှာ ပရမ်းပတာ ဖြစ်ရတဲ့အထိ၊ ခြေဖျားလက်ဖျားတွေ အေးစက်တုန်ယင်မိသွားတဲ့အထိ အချစ်ဆိုသော အရာကို ရုတ်ခြည်း ခံစားလိုက်ရတာပဲ ဖြစ်ပါသည်။

ထိုနေ့ကစလို့ မြသီလ္လာရဲ့ နေ့ရက်တွေဟာ ပန်းကဗျာဆီလာတိုင်း မျှော်လင့်ချက် တစ်ခုဖြင့် အရောင်တောက်ပစွာ အဓိပ္ပာယ်ရှိလာခဲ့ပြန်လေသည်။

❀ ❀ ❀





## ၅

မင်းပျိုသည် လက်ထဲရောက်လာသော မင်္ဂလာဆောင် ဖိတ်စာ အိတ်ပေါ်မှာ ရေးထားသည့် စာသားတွေကို ဘဝင်မကျနိုင်သလို ကြည့်နေခဲ့သည်။ အလုပ်ကိစ္စတို့ဖြင့် သိကျွမ်းခင်မင်ရသော ပုံနှိပ်တိုက်ပိုင်ရှင် သူငယ်ချင်းစုံတွဲက ...

"ဆက်ဆက်လာခဲ့နော်၊ အမျိုးသမီးပါ၊ ခေါ်ခဲ့ပါ"

ဟု သမားရိုးကျ ဖိတ်ပြောပြီးပေမဲ့ မင်းပျိုသည် လက်ထပ်ပြီးကတည်းက မြသီလ္လာနှင့် သူ ဘယ်မှပင် နှစ်ယောက်တွဲမသွားဘူးသည် ဖြစ်ရာ အိမ်ပြန်ရောက်ရင် ဘယ်လိုပြောပြီး ခေါ်ရမလဲဆိုတာ အကြံအိုက်နေပါသည်။ ကိုယ့်တုန်းကလည်း သူများကို ဖိတ်လို့လာကြသလို ကိုယ့်အလှည့်ကြလည်း ပြန်တော့ ပွဲတက်ပေးရမည်ဆိုတာ သိပေမဲ့ မြသီလ္လာနဲ့ တွဲသွားရမှာ စိတ်မပါ။ စိတ်လည်း မဝင်စား။ လိုက်ခဲ့ပါလားလို့ ခေါ်ရမှာလည်း ခက်နေပြန်နှင့် ... မင်္ဂလာဖိတ်စာအိတ်ပေါ်တွင် ရေးထားသော ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုမင်းပျို မမြသိလ္လာ"ဟူသည့် အရေးအသားကို အလိုလို မှန်းလာပြန်သည်။

မင်းပျိုနှင့် ရှယ်ယာအတူတူထည့်ပြီး ဆိုင်ဖွင့်သော အခင်ဆုံးသူငယ်ချင်းဖြစ်သည့် ဉာဏ်သစ်ကတော့ အကြောင်းအရာ အားလုံးကို သိထားလေရာ မင်းပျို တွေဝေနေသည်ကိုကြည့်ရင်း ...

"မင်းကို ဆရာလုပ်တာတော့ မဟုတ်ပါဘူး။ တွဲသွားစရာ ရှိလည်း တွဲသွားလိုက်ပေါ့ကွာ၊ ဖြစ်လာတဲ့ အခြေအနေ မှာပဲ အဆင်ပြေအောင် ကြည့်လုပ်ပေါ့"

ဟု စပြီး ပြောလာပါသည်။

"ငါက သူ့ကို စ,ခေါ်ရမှာ အောက်တယ်ထင်လို့"

"သူ့အလှည့်လည်း မကြုံသေးလို့ပါ။ သူ့မိတ်ဆွေထဲက ဒီလိုပုံစံ ဖိတ်စာလာရင် သူလည်း မင်းကို လာ,စခေါ်ပြီး ပြောမှာပဲပေါ့"

"သိပ်ပြီးတွဲပြီး အတူတူ ပွဲတက်လွန်းရင် ကဗျာတွေ့တဲ့ အခါ ငါတို့ သိပ်အဆင်ပြေနေကြတယ် ထင်မှာစိုးလို့"

ဉာဏ်သစ်ကိုတော့ "တစ်နေ့ကျရင်"ဆိုသော သူ့ ရည်ရွယ်ချက်၊ သူ့အစီအစဉ်ကို ပြောပြဖူးသည် ဖြစ်ရာ ရင်ထဲမှာ မှာရှိတာကို ရှင်းရှင်းပြောလို့ ရနေပါသည်။

"အေး ... ဒါကတော့ မင်းသဘောပဲ၊ မင်း,စိတ်ကူးနဲ့ အစီ အစဉ်ပဲ၊ ငါဘာမှ မဝေဖန်လိုပါဘူး။ ဒါပေမဲ့ နှစ်ဦးနှစ်ဖက်





အကျိုးမရှိတဲ့ အဲဒီစိတ်ကူးကြီးကို ငါ သိပ်တော့ အားမပေး ပါဘူး"

"မြသိလ္လာ တစ်နေ့ကျရင် ငါ့နားက ထွက်ပြေးသွားချင် လာမှာပါ"

ဉာဏ်သစ်သည် မင်းပျိုကို စိုက်ကြည့်ပြီး ဘာမှ ပြန်ဆွေးနွေး မနေတော့ပါပေ။ သူကတော့ မြသိလ္လာကိုလည်း သနားသည်။ ပန်းကဗျာကိုလည်း သနားသည်။ သူငယ်ချင်း မင်းပျိုကိုလည်း ခင်သည်။ ဒါကြောင့် ဘယ်သူ့ဘက် ပါရမှန်း မသိဘဲ ဖြစ်နေသည်။ တကယ်တော့ ဒီအဖြစ်အပျက်မှာ ဘယ်သူ့ ဘက်မှ အပြစ်မရှိဘူးလို့လည်း ထင်ထားခဲ့လေသည်။

ထိုနေ့က မင်းပျို အိမ်ပြန်သွားသောအခါ မြသိလ္လာ ခင် ပြန်မရောက်သေးပါ။ မြသိလ္လာက အိမ်မှာနေရတာ ပျင်း သည်ဆိုကာ မင်းပျို မိခင်၏ ဆိုင်နံဘေးမှာ ဆိုင်ခန်းတစ်ခန်း ငှားထားနှင့်ပြီး စာရေးကိရိယာ အရောင်းဆိုင်လေးတစ်ဆိုင် ဖွင့်ကြိုးစားနေကြောင်း သိထားသည်။ ဆိုင်က မဖွင့်ဖြစ်သေးသော် လည်း မြသိလ္လာ တစ်ယောက် တစ်နေ့ တစ်နေ့ ဆိုင်ကိစ္စအတွက် အပြင်ထွက်ထွက်နေရတာတော့ ရှိနေသည်။

မင်းပျို ရေချိုးလို့ပင် မပြီးသေး။ မြသိလ္လာ ပြန် ရောက်နေသံ အပြင်မှာ ကြားရသည်။ မြသိလ္လာက စကားနည်း အေးဆေးသော မိန်းကလေးမျိုးတော့ မဟုတ်။ အိမ်ဖော် မသန်းသန်း



www.burmeseclassic.com

www.burmeseclassic.com



နဲ့တော့ လေပေးဖြောင့်လှသည်။ အပျိုကြီးဖြစ်ပြီး ဆွေမျိုးသားချင်း ညီအစ်ကိုမောင်နှမတွေနဲ့လည်း အဆက်ပြတ်နေသည် ဖြောထားဖူးသော မသန်းသန်းသည် မြသီလွှာကိုတော့ တော်တော်ပင် သံယောဇဉ်ရှိပြီး ခင်မင်ကြောင်းလည်း မင်းပျိုပင် သတိထားမိသည်။

တစ်ခါတလေများ ထမင်းဝိုင်းမှာ မြသီလွှာ အစားနည်းလျှင် မသန်း တစ်ယောက် ...

"ဘာဖြစ်လို့လဲ၊ မသီလွှာ ဟင်းမကြိုက်လို့လား"

ဘာလား ပေါ့သလား၊ ငန်သလား စသဖြင့် မေးလို့မဆုံး။ မင်းပျို စားမကောင်းရင်တော့ ဂရုပ်မစိုက်၊ မေးလည်း မမေးဘဲ သစ်သီးပွဲ၊ အချိုပွဲကို ပြင်ဆင်ပြီး ချပေးရုံအပြင် မပို။ ယောကျ်ားသား ဖြစ်နေလို့ စကားမပြောတာမျိုး မဟုတ်။ မသန်းကလည်း မြသီလွှာဘက်သား ဖြစ်နေ၍ မင်းပျိုကို စိတ်ထဲမှာ ချဉ်နေတာမျိုးပဲဟု မင်းပျိုလည်း အလိုလို ရိပ်မိသိရှိနေသည်။

မင်းပျို ထမင်းစားတော့မလို့ ထမင်းဝိုင်း ဝင်ထိုင်တော့ မြသီလွှာကပင် စပြီး ...

"ဆိုင်လည်း ပြီးသလောက် ရှိနေပြီ၊ တင်မဲ့ပစ္စည်းတွေလည်း တော်တော်စုံနေပြီ။ အဲဒါကြောင့် သီလွှာ နောက်အပတ်ထဲမှာပဲ ဆိုင်စဖွင့်ရတော့မယ်"

ဟု အသိပေးဟန်ဖြင့် စပြီး ပြောလေသည်။





"မမေ ... ငါ့ကို ပြောပြီးပါပြီ"

"မင်းပျို ကြည့်ချင်ရင် ဆိုင်ဖွင့်တဲ့နေ့ကျ ..."

"နေ ... နေ ... ငါ မင်းကိစ္စ မပါပါဘူး။ မကြည့်ချင်ပါဘူး"

မြသီလွှာသည် စကားပင် အဆုံးမခံဘဲ ဖြတ်ပြောလိုက်သော မင်းပျိုကို ငေးနေခဲ့သည်။

"ဒီမှာ မင်္ဂလာဆောင်ဖိတ်စာ"

မင်းပျို ဖိတ်စာကို အသာချပြသည်။ မြသီလွှာ ကောက်ကိုင်ဖတ်ရှုပြီး စားပွဲပေါ် အသာချထားလိုက်ပြန်သည်။ မင်းပျိုမှာ ဘာစ,ပြောရင် ကောင်းမလဲ စဉ်းစားမိပြီးဖြစ်ရာ ...

"ဘာလက်ဖွဲ့ရမလဲ၊ မင်းပဲ စဉ်းစားလိုက်ပါ"

"စဉ်းစားတာ ဟုတ်ပါတယ်၊ ဘယ်လောက်ခင်မင်သလဲ၊ ဘယ်လို ရင်းနှီးမှုရှိသလဲ သိရမှ သင့်တော်သလို လက်ဖွဲ့ရမှာလေ"

"သူတို့ ပုံနှိပ်တိုက်မှာတော့ Visiting card တို့၊ ဆိုင်က Customer တွေလာရင် လက်ဆောင်ပေတဲ့ Table calendar တို့တော့ အမြဲရိုက်နေကျပဲ"

"ဪ ... ဒါဆို အမြဲအဆက်အသွယ်ရှိတဲ့ သဘောပဲ"

"ဘာလက်ဖွဲ့မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အခုနောက်ပိုင်းတော့ သိလ္လာက သူများကို လက်ဆောင်ပဲ ပေးပေး၊ လက်ဖွဲ့ပဲပေးပေး ပစ္စည်းဝယ်ပေးတာကို သိပ် စိတ်မကူးတော့ဘူး၊ City Mart ကထုတ်တဲ့ Gift Vocher ပဲ ငါးထောင်တန်တို့ တစ်သောင်းတန်တို့ အဲဒီလိုပဲဝယ် ပြီး ပေးလိုက်တယ်၊ ကိုယ့်စိတ်ကူးနဲ့ ဝယ်ပေးတာဟာ သူ အသုံးတည့်မလား၊ မတည့်မလား မသိတော့သူ စိတ်ကြိုက် ပစ္စည်းဝယ်လို့ရတဲ့ Gift Voucher မျိုးပဲ ဝယ်ပြီးပေးတာ များတယ်"

"ဒါဆိုလည်း အဲဒါပဲ စီစဉ်လိုက်ပါ၊ ရပါတယ်၊ နေဦး ... တစ်သောင်းတန်ပဲဆိုတော့ မကောင်းဘူးထင်တယ်"

"တစ်သောင်းတန် နှစ်စောင် ဝယ်ပေးမယ်လေ"

"အိုခေ"

ဒါနဲ့ပဲ မင်္ဂလာဆောင် အတူတူတွဲသွားမည့်ကိစ္စကို ပြောစရာ မလိုတော့ဘဲ ပြီးသွားပါသည်။ သူတို့က တစ်ခါတစ်ရံ လိုအပ်မှသာ ဒီလို စကားများများ ပြောသည်ဖြစ်ရာ ပြောစရာ ကုန်သွားလျှင် ပြန်ပြီးတိတ်ဆိတ်သွားပြန်သည်။

တနင်္ဂနွေနေ့ ညနေပိုင်း မင်္ဂလာပွဲကို သွားရတော့ မှာကို သိလ္လာ တစ်ယောက်ကတော့ ရင်ခုန်စွာ မျှော်လင့်နေခဲ့တာ မင်းပျို မသိ။ လက်ထပ်ပြီး သုံးလပင်ကျော်ပြီ။ ခုထိ နှစ်ယောက် တွဲ အပြင်မသွားဘူးသေး။ လိုအပ်မှသာ စကားပြောလေရာ





တကယ်စကားပြောဖြစ်သော ရက်ဟာ ရက်ပေါင်းနှစ်ဆယ်မျှ သောက်သာပင်။ တကယ့်ကို သူစိမ်းပြင်ပြင် နေနိုင်လွန်းသော မင်းပျိုကို သိလ္လာသည် ချစ်ရလွန်းတဲ့စိတ် တစ်ခုတည်းကြောင့်သာ ဒီလောက်ထိ သည်းခံပြီး ခွင့်လွှတ်ထားတာ ဖြစ်သည်။

"တစ်နေ့ကျရင်"ဆိုသော အခြေအနေကို တစ်ခါ တလေလည်း မျှော်လင့်ပါသည်။ တစ်ခါတလေလည်း မျှော်လင့် ချက်တွေ ကုန်ဆုံးပြီး ကျိတ်ဝမ်းနည်းမိပါသည်။ ဒီလိုနဲ့ပဲ အတူတူ နေတယ်၊ နာမည်ခံရုံလေး ဖြတ်သန်းလာခဲ့တာ။ အခုထိ မိဘတွေ ကတော့ သူလည်း သူ့ဘာသာ တစ်ခန်းသတ်သတ် အိပ်တာ၊ တစ်နေ့နေလို့ စကားလေးခွန်းပြည့်အောင် ပြောချင်မှ ပြောတာ တွေကို မရိပ်မိသေးပေ။ နှစ်ယောက်စလုံး သူရော ကိုယ်ပါ ကြိုးစားကြတာ မိဘတွေ လာလည်ရင်ပဲဖြစ်ဖြစ်၊ မိဘအိမ် ဖြစ်မနေ သွားရရင်ပဲဖြစ်ဖြစ် ဟန်ဆောင်ကောင်းနေတတ်ပြန် သည်။ မင်းပျို ဘာကြောင့် ဟန်ဆောင်ရသလဲ ဆိုတာတော့ သိလ္လာ မသိ။ သိလ္လာကတော့ ကိုယ်ချစ်ရတဲ့သူကို ပိုင်ဆိုင်ထား ရတာလေးနဲ့တင် ဘာကိုမဆို ဟန်ဆောင်ပြနေနိုင်တာလည်း ဖြစ်သည်။

သိလ္လာသည် မင်္ဂလာဆောင်တစ်ခုကို အတူတွဲသွား ရမည့်နေ့တွင် အထူးပင် ကိုယ့်ကိုယ်ကိုယ် ဂရုစိုက် ပြင်ဆင်မိ သည်။ ပခုံးထိသာရှည်သော တစ်ဝက်ဖြောင့် တစ်ဝက်ကောက်



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ကို ဒီတိုင်းမချထားဘဲ မသန်း အကူအညီဖြင့် နောက်တွဲဆံထုံးလှလှလေး ထုံးလိုက်သေးသည်။ မျက်နှာကိုတော့ အပိုအလိုမရှိ အောက်ခံ O'lay (အိုလေး)ကရင်(မ)လိမ်း။ အပေါ်က Revoln (ရယ်ဗလွန်)မိတ်ကပ်ရည်လိမ်း။ အသားရောင် ပေါင်ဒါမှုန့် Touch & Glow (တာ့(ချ)အင်န်ဂလိုး)ကို အသာတို့သုတ်။ အပေါ်က ကရင်(မ)ပတ်(ဖ) တစ်ထပ်ဖို့ရုံ။ ပါးရိုးပေါ်မှာ ပန်းရောင်ဖျော့တော့တော့ကို အသာပင် ဘရပ်(ရှ်)လေးဖြင့် တစ်ချက်နှစ်ချက်။ ရိပ်သင်ပုံဖော်ပြီးသား မျက်ခုံးမွေးတန်းတန်းလေးကို မျက်ခုံးမွေးဆွဲခဲတံညိုဖြင့် အသာဆွဲ။ မျက်ခွံတို့ကိုတော့ ပန်းရောင်ခပ်ဖျော့ဖျော့အရောင် ထင်တယ်ဆိုရုံလေး ဆိုးပြီး ကော့ပြီးသား မျက်တောင်တို့ကို မျက်တောင်ကော့ဆေး မက်(စ)ကာရာဖြင့် ထပ်ပုံသွင်းလိုက်ပါသည်။ ပန်းရောင်ဖျော့ဖျော့ နှုတ်ခမ်းဆိုးဆေးလေး ဆိုးပြီး အရောင်လေး စိုနေအောင် အပေါ်က Lip Gloss ထပ်ဖြည့်လိုက်ပါသည်။

မသန်းက အခန်းတံခါး စေ့ထားပေမဲ့ အသာလေး အပြင်က ခေါက်လိုက်ပြီး ...

"ဟိုတလောက ဝယ်စိုက်ထားတဲ့ သစ်ခွအိုးလေးတွေမှာ ပန်းစ,ပွင့်နေပြီ၊ မသီလွှာ ပန်းပန်မလား။ အစ်မ သွားခူးလာပေးမယ်"

ခေါင်းဝင်လာကာ မေးပါသည်။





"ကောင်းသားပဲ"

"သုံးပွင့်လောက် ရမယ်"

"ခပ်သေးသေးလား"

"ဟုတ်တယ်"

"ဒါဆို သုံးပွင့်ပန်ရင် ကောင်းမှာပါ"

"မသီလွှာ ပြင်ထားတာလေး အဆင်ပြေလိုက်တာကွယ်၊ သိပ်ကြည့်ကောင်းတာပဲ"

"ဆေးဆိုးပန်းရိုက် ဖြစ်နေမှာ စိုးနေတာ"

"အို ... မဖြစ်ဘူး၊ မဖြစ်ပါဘူး၊ သိပ်လှတာပဲ မသီလွှာ၊ အသားအရေကလည်း လှတော့ အရွေးထားတဲ့ ပန်းရောင်ဖျော့ဖျော့ ဝတ်စုံလေးနဲ့ လိုက်ဖက်တယ်ကွယ်"

မသန်းသန်းမှာ သူမ၏ အိမ်ရှင်ကောင်မလေး၏ ...ကျက်သရေရှိမှုကို မချီးကျူးဘဲ မနေနိုင်။ အံ့ပါရဲ့လေ။ ဒီ ...ာက်လှတဲ့ ကောင်မလေးကိုများ မချစ်နိုင်၊ မကြိုက်နိုင် ဖြစ် ...ပြီး စေ့စေ့တောင် မကြည့်တဲ့ ယောကျာ်းသားမျိုးလည်း ...သေးသတဲ့၊ ဘာတွေ အငြိုးကြီးနေမှန်း မသိတဲ့ မင်းပျိုကိုတော့ ...သန်းသန်းက အလိုလိုကြည့်မရ ဖြစ်လေသည်။ သူ့ဘာသာ ...လေး ဘယ်လောက်ချောချော မိန်းမသား တစ်ယောက်ကို ...ကျွာပြုထားတာကျတော့ ရက်စက်လွန်းရာ ကျတယ်။ အ... ...ည်းက မယူနိုင်ရင် မယူနိုင်ဘူးပဲ ငြင်းလိုက်ရောပေါ့။



www.burmeseclassic.com

www.burmeseclassic.com



မသန်းသန်းသည် အတွေးဖြင့် အိမ်ရှေ့နေရာ ခပ်ကျဉ်းကျဉ်းမှာ မြသိလ္လာ ဟိုတလောက အိုးလိုက်ဝယ်ပြီး စင်ကလေးပါ ဝယ်လာကာ တန်းစီတင်စိုက်ထားသော သစ်ခွဲအိုးတွေဆီ လျှောက်လာသည်။ မင်းပျိုကတော့ ယောကျာ်းလည်း ဖြစ်တာမို့ ပုဆိုး၊ တိုက်ပုံဝတ်ပြီးရုံဖြင့် ပြီးစီးကာ အိမ်ရှေ့မှာ သတင်းထိုင်ကြည့်နေဆဲ။ မသန်းသန်း ပန်းခူးပြီး ပြန်လာတော့ ...

"အစ်မ ... ပြီးရင် သွားမယ်လို့ ပြောလိုက်ပါ"

ဟု လှမ်းမှာပါသည်။ သူ့ဘာသာ အခန်းဝသွားရပ်ခေါ်တော့ ဘာဖြစ်မှာမှတ်လို့။ ကိုယ်ယူထားတဲ့ မိန်းမအခန်းရှေ့သွားရပ်မေးရင် ဘယ်သူကများ တရားစွဲမှာမှတ်လို့။ မသန်းသန်း မကျေမနပ် စိတ်ထဲမှာ ပြောမိပေမဲ့ ကိုယ်က သူ့အလုပ်သမားမို့ ပြုံးပြုံးရယ်ရယ် ဟန်လုပ်ကာ ...

"ပြီးနေပါပြီ၊ ပန်းပန်ရုံပဲ၊ မကြာဘူး"

မြသိလ္လာကို ပန်းသွားပေးသောအခါ မြသိလ္လာသည် ပိုးသားရင်ဖုံးပုံစံ မြန်မာအကျႌ တံတောင်ဆစ်ထိ အရှည်ရှိသော လက်စက၊ ချိပ်လုံချည်တို့ကို ဆင်မြန်းပြီး သင့်တင့်သော လက် ဝတ်ရတနာ တစ်ဆင်စာတို့ကိုလည်း ဝတ်ဆင်ထားပြီးဖြစ်ရ မသန်းသန်းမှာ သဘောကျမဆုံးတော့။

ပန်းကို ကူညီပြီး ပန်ပေးပြီးသောအခါ မြသိလ္လာသည် သူ့မကိုယ်သူမ ကိုယ်လုံးပေါ်မှန်ရှေ့ တစ်ချက်ရပ်ကြည့်ပါသည်





"သိပ်လှတာပဲ"

"အစ်မ ... ဒီနေ့ အဲဒီစကား ပြောတာ၊ ခဏခဏပဲ။ အင်း နောက်နေ့ကျမှ အစ်မကြိုက်တယ်ပြောတဲ့ Pizza (ပစ်ဇာ) ဝယ်ကျွေးရဦးမယ်"

"မုန့်မကျွေးလည်း ပြောမိမှာပါကွယ်"

"သွားတော့မယ် အစ်မရေ၊ တံခါး သေသေချာချာပိတ်ပြီး အစ်မ ကြည့်ချင်တဲ့အခွေ ကြည့်နေနော်။ သိလ္လာတို့တော့ မင်္ဂလာဆောင်ပြီးမှ ဆိုတော့ ညနေ ခြောက်နာရီကျော်မှ ပြန်ရောက်မယ်"

မသန်းသန်းသည် မြသိလ္လာ ထွက်သွားလျှင် မင်းပျို အား ဘယ်လိုငေးကြည့်လိမ့်မလဲလို့ အမျှော်လင့်ကြီး မျှော်လင့်ပါသည်။ သို့သော် ထို မင်းပျိုဆိုသော ယောကျာ်းသားကတော့ လှကို မခံစားတတ်ဘူးဘဲလား မသိ။

မြသိလ္လာ သူ့အနား လာရပ်လျှင် တစ်ချက်သာ ကြည့်ပြီး ...

"ပြီးရင် သွားမယ်လေ"

ဆိုကာ ကားသော့ ကောက်ကိုင်လေပြီ။ သူတို့ ယောက်တွဲ အတူတူ ထွက်လာပေမဲ့ ပြောစရာစကားလည်း မရှိလေရာ ကားထဲမှာ သီချင်းသံကလွဲရင် တိတ်ဆိတ်နေ သည်။ ဖွင့်ထားသော Mariah Carey (မရိုင်းယားကာရေး)ရဲ့



www.burmeseclassic.com

www.burmeseclassic.com



သီချင်းသံ "We Belong together" ကတော့ ပျံ့လွင့်နေရာ မြသီလွှာ အတွက်တော့ အဓိပ္ပာယ်သိပ်ရှိနေပါသည်။ သီချင်း သားလေးအတိုင်းပဲ တို့တွေ အတူတူ ပိုင်ဆိုင်ကြတယ်လို့ ပြော မဲ့ အနာဂတ်တစ်ခုကို သီလွှာ စိတ်ကူးယဉ်ပါရစေ မင်းပျိုရယ် အနုလိုလေးပဲ ပွဲတက်အတူတူ၊ ပြီးရင် ဘုရားသွား ကျောင်းတက် အတူတူဆိုတာမျိုးလေး ရှိလာခဲ့ရင် ဘယ်လောက်ကောင်းလိုက် မလဲနော်။

❀ ❀ ❀





# ၉

"ဘယ်သွားမလို့လဲ မင်းပျို"

မြသီလွှာ မေးခွန်းပင် မဆုံးလိုက်။ မင်းပျိုသည် မြသီလွှာကို အိမ်မှာချပေးပြီးပြီးချင်း ကားကို ဒရောသောပါး မောင်းထွက်သွားလေသည်။ မြသီလွှာသည် ဝဲတက်လာသော မျက်ရည်တို့ကို မသုတ်မိတော့ဘဲ မျက်ဝန်းအစုံကို မှိတ်ချလိုက်သောအခါ မျက်ရည်တို့က အသာလိမ့်ဆင်းလာသည်။

မသန်းသန်းသည် သွားတုန်းကတော့ အတူတူသွားပြီး အပြန်ကျမှ ကောင်မလေးကို ချပေးပြီး ကားကို အလိုလိုနေရင်း ဒေါသတကြီး မောင်းထွက်သွားသော ကောင်လေးတို့၏ အဖြစ်အပျက်ကို မြင်ပါသည်။ မြသီလွှာ မျက်ရည်သုတ်ပြီး ဒီဘက်ပြန်လှည့်လာတာ မြင်တော့ မသီချင်ဟန်ဆောင်ပြီး တံခါးကို ကြိုဖွင့်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြသိလ္လာသည် မသန်းသန်းကိုပင် ဟန်လုပ်စကား ပြောမနေနိုင်ဘဲ သူမ၏ အိပ်ခန်းထဲပင် တန်းဝင်သွားတော့သည်။ ထိုညက မင်းပျို တစ်ညလုံး ပြန်မလာ။ ပြန်လာသောအချိန်တွင် မနက်သုံးနာရီပင် ထိုးလုပြီ။

သူ့ကို တံခါးထ,ဖွင့်ပေးစရာလည်း မလိုတော့။ သူ့ဘာသာ သော့ဖွင့်ဝင်သံ၊ အပြင်မှာ တစ်ခန်းအပိုရှိသော ဧည့်ခန်း အိမ်သာဘက် တန်းဝင်ပြီး ဂရုချိုးနေသံ စသဖြင့်တွေကို မြသိလ္လာ နားစွင့်နေခဲ့သည်။ သိလ္လာလည်း အိပ်တော့အိပ်ပေမဲ့ နိုးလိုက် အိပ်လိုက်နဲ့မို့ သူ့ပြန်လာတာကို မစောင့်ပါဘဲ သိနေတာ ဖြစ်သည်။

မြသိလ္လာသည် မင်းပျို အသံတွေကို နားစွင့်ရင်း မင်းပျို့ပင် သူ့အခန်းထဲသို ဝင်ကာ အသံတိတ်သွားပေမဲ့ သူမ ကတော့ ပြန်အိပ်မပျော်နိုင်တော့ပါ။ မနေ့က ညနေပိုင်းမှာ ဖြစ်ခဲ့ ရသည့် အဖြစ်ကို ပြန်မြင်ယောင် တွေးတောနေမိပါသည်။

သိလ္လာမှာတော့ နှစ်ယောက်အတူ တွဲသွားခွင့်ရလို့ ကြည်နူး ကျေနပ်နေခဲ့တာ။ ပွဲတက်လာသော ဇနီးမောင်နှံလေး အဖြစ် နေရာပေးခံရတာတွေကြောင့် စိတ်ချမ်းသာလို့မှ မဆုံးသေး။ သတို့သား သတို့သမီး ပွဲထွက်သောအခါမှာ ပြဿနာက စတင် တော့တာပဲ ဖြစ်ပါသည်။





ပွဲထုတ်လာသော သတို့သား၊ သတို့သမီးတို့ကို ရှေ့ဆုံးမှ မင်္ဂလာပန်းကြဲပေးသူကား ပန်းကဗျာ ဖြစ်နေခဲ့ခြင်းမှာ သိလ္လာ့ အတွက် ရက်စက်လှသော တိုက်ဆိုင်မှုပေလား။ ဒါမှ မဟုတ် မင်းပျို အတွက် ရက်စက်လွန်းသော ပြန်ဆုံတွေ့မှုပင် လား။

ဇာအဖြူရောင် တလက်လက်ဝတ်စုံလေးဖြင့် ဘယ် သူမှ မယှဉ်နိုင်အောင် လှနေခဲ့သော ပန်းကဗျာကို လိုက်ငေးနေခဲ့ သော မင်းပျို၏ နံဘေးတွင် သိလ္လာသည် အသက်ရှင်ရက်မှ အငွေ့ပျံ ပျောက်ကွယ်ချင်သွားပါသည်။

ဇနီးမယား တစ်ယောက်လုံး ဘေးမှာထားပြီး ပန်းကဗျာကိုပဲ သိသိသာသာ စိုက်ကြည့်လွန်းသည့် အဖြစ်ကို ဘယ်မိန်းမတစ်ယောက်ကများ ခံနိုင်ရည်ရှိပါမည်နည်း။ ကိုယ့်ကို ချစ်၍ ယူသည်ပဲဖြစ်ဖြစ်။ မချစ်ဘဲ ယူသည်ပဲဖြစ်ဖြစ် နည်းနည်း ပါးပါး လေးစားသမှုနဲ့ ဟန်ဆောင်မှုလေးတော့ ရှိသင့်သည်ပင်။ ပန်းကဗျာ ပန်းကြဲပေးအပြီး သူမအတွက်ထားသော စားပွဲဝိုင်း က တစ်ခုံမှာ ဝင်ထိုင်သည့်တိုင် မင်းပျို မျက်ဝန်းတွေက မခွာနိုင် သေးပါ။ ပန်းကဗျာလည်း စားပွဲချင်း သိပ်နီးကပ်လွန်းသည်ဖြစ် ရာ မင်းပျိုကို သိပ်မကြာခင်မှာ မြင်တွေ့သွားသည်။ မင်းပျို နံဘေးမှာပါသော သိလ္လာ့ကိုလည်း မြင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းကဗျာကား အားလုံးကို အနိုင်ရသူတစ်ဦးကဲ့သို့ ခြုံငုံပြုံးကြည့်လေသည်။ ပန်းကဗျာ ပြုံးလိုက်သော အပြုံးသည် မင်းပျို့ အတွက် ချောက်ချားစရာ အကောင်းဆုံး ဖြစ်သွားခဲ့ပါသည်။

မင်္ဂလာပွဲပြီး၍ ပြန်ကြဖို့ ပြင်သောအခါ ပန်းကဗျာသည် ရှောင်ထွက်မသွားဘဲ တမင်ပင် သူမကပင် မင်းပျို့နှင့် မြသီလွာတို့ဆီ အရင်လျှောက်လာခဲ့ကာ ...

"ဘယ်လိုလဲ သီလွာ။ မတွေ့တာတောင် ကြာပြီ၊ ပိုပြီး ပိန်သွားသလိုပဲနော်"

ဟု သီလွာ့ကို စပြီးနှုတ်ဆက်ပါသည်။

"ကဗျာ ... နင်ကတော့ ပိုတောင် လှလာတယ်"

"လှအောင်နေနေရတယ်လေ။ ငါက အလုပြစားနေရတဲ့ လူကိုး"

မင်းပျို့ မျက်နှာကွက်ခနဲ ပျက်သွားပါသည်။ တကယ်တော့ ဒီအလုပြစားနေရတယ် ဆိုသော စကားကို ပြောခဲ့သူမှာ မင်းပျို့၏မိခင်ဖြစ်ကြောင်း အားလုံး သတိရပါသည်။

"ကိုယ့်ရုပ်ရည် ကိုယ့်ခန္ဓာအလှကို အလုပြစားပြီး ယောကျ်ားတွေကို မြှူဆွယ်ဟန်ပါတဲ့ အရက်ကြော်ငြာပိုစတာတွေ ရိုက်တဲ့ မိန်းကလေးမျိုးကို ဘယ်တော့မှ သဘောမတူဘူး။ သူ့ဘာသာ အနုပညာသဘောအရပဲလုပ်လုပ်၊ ဘာကြောင့်





ပဲလုပ်လုပ် မေမေကတော့ လုံးဝကို မကြည်ဖြူနိုင်ပါဘူး။ နားလည်း မလည်ပေးနိုင်ပါဘူး"

မင်းပျို့သည် ထိုစကားကို မေမေက ကဗျာသိအောင်ပါ ကဗျာ့မိခင်ကိုပါ သွားပြောခဲ့သည့်အတွက် ကဗျာက ထိုသို့ အခုလိုပြန်ပြောပြီး ချေပကြောင်း သိလေရာ မျက်နှာအပျက်ပျက်နှင့် ...။

"ကဗျာ ... မောင် ရှင်းပြမယ်၊ ဘာမှ အထင်မလွဲနဲ့"

ဟု ပြောမိပြောရာ ပါးစပ်က ပြောလိုက်မိသည်။ အမှန်တော့ သီလွာနဲ့ သူ့ကို တွဲရက်မြင်သည်ကိုလည်း ရှင်းပြချင်နေတာတွေ ရောထွေးနေတာ ပါပါသည်။

"ကိုမင်းပျို့လည်း သီလွာ့ကို ဂရုစိုက်ပါဦး၊ သူ အရင်ကထက်တောင် ပိန်တယ်။ မိန်းမကို စိတ်ချမ်းသာအောင်ထားမှပေါ့။ ဟယ် ... နေပါဦး သီလွာရဲ့။ နင် ကလေးများ ရှိချင်လို့လား၊ ဒါကြောင့် အစားအသောက်ပျက်ပြီး ပိန်နေတာလား"

"ဟာ ... မဟုတ်ပါဘူး ကဗျာ။ ဘာတွေ လျှောက်ပြောနေတာလဲ၊ ကဗျာ ထင်သလို မဟုတ်ဘူး"

မြသီလွာ မျက်လုံးဝိုင်းပြီး မင်းပျို့ကို ကြည့်မိခဲ့သည်။ ဒီကိစ္စကို သူ သိပ်ရှင်းပြချင်နေဟန်က အထင်းသား။ မြသီလွာသည် ရင်ထဲတွင် စူးစူးရှရှပင် နာလာကာ တစ်ခုခုကို ကြိုမြင်လာသလိုပင် ခံစားလိုက်ရသည်။ သြော် ... သူက ငါနဲ့



www.burmeseclassic.com

www.burmeseclassic.com



အကင်းရှင်းဆုံး နေပြပြီး တစ်နေ့ကျရင် လမ်းခွဲမယ်။ ကဗျာနဲ့ ရအောင်ပြန်လက်တွဲမယ် ဆိုတဲ့ စိတ်ကူးနဲ့ ဖြစ်နေခဲ့တာကိုး။ ဒါကြောင့် ကဗျာ အထင်လွဲမှာကို သိပ်ကြောက်နေတယ်။

"သိလ္လာ ... ကိုမင်းပျို ... ကဗျာ သွားတော့မယ်၊ အခု ပထမဦးဆုံး သရုပ်ဆောင်တဲ့ကားက စရိုက်နေပြီလေ။ ရုပ်ရှင်ကားကြီးပေါ့၊ အဲဒါ ဒီကအပြန် ဟိုတယ်ထဲမှာပဲ နိုက်(တ်)ဆင်းန် ရှိတယ်။ မင်္ဂလာပန်းကြီပေးတာကလည်း လာဌားရင် ပိုက်ဆံပေးရင် ကြဲပေးရတယ်လေ။ ဒါကြောင့် မဖြစ်မနေ လာခဲ့ရတာ၊ သွားဦးမယ်၊ နောက်ကျပွဲတစ်ခုခု မှာ ထပ်ဆုံဦးမှာပေါ့"

ပန်းကဗျာ ပြောပြောဆိုဆို နှုတ်ဆက်ပြီး ထွက်သွားသောအခါမှာ မြသိလ္လာနဲ့ မင်းပျိုတို့ကြားမှာ ပြဿနာက စတင်ခဲ့တာပဲ ဖြစ်ပါသည်။

"တကယ်တော့ ကဗျာ့မှာ ဘာအပြစ်မှ မရှိဘူး။ မင်းသာ သူငယ်ချင်းချင်း သစ္စာရှိရှိနဲ့ နောက်ဆုတ်ပေးခဲ့ရင် ကဗျာ ခုလို တစ်ယောက်တည်း အထီးကျန်မှာ မဟုတ်ဘူး မြသိလ္လာ။ မင်း ဘာကြောင့် ငါမှန်းသိရက်နဲ့ ဈေးစပ်တာ လက်ထပ်တာတွေကို လက်ခံခဲ့တာလဲ"

မြသိလ္လာကလည်း ခေါင်းငုံ့မခံ။ ပြန်ပြောဖို့ အသင့်။ ဟုတ်သည်လေ၊ သိလ္လာ့မှာလည်း ပြောလောက်စရာ စကား





အကြောင်းအရာက ရှိနေခဲ့တာကိုး။ ဒါကို မင်းပျိုလည်း ...ကာင်း သိမယ်။ တမင် မသိချင်ဟန်ဆောင်ပြီး သူတို့နှစ်ယောက် ကွဲရတာရဲ့ အဓိက,တရားခံဟာ သိလ္လာပါပဲရယ်လို့ အပြစ်ပုံချတဲ့ သဘောနဲ့ သူ စွပ်စွဲနေတာပါ။

"ရှင်နဲ့ သိလ္လာ ခပ်ငယ်ငယ်တည်းက ဈေးစပ်ထားတာပါ၊ ရှင့်ကို နာမည်ရင်း မင်းပျိုလို့ မသိဘဲ ဖိုးသား ဆိုတဲ့ နာမည်တစ်ခုပဲ သိပြီး၊ မေမေ ပြောပြလို့ တစ်နေ့ကျရင် မိဘချင်း သဘောတူပြီး ဈေးစပ်လက်ထပ်ရမဲ့လူဟာ ဒီ ဖိုးသားပါပဲလို့ သိရုံသိထားခဲ့တာပါ။ တကယ့်တကယ် လူချင်းဆုံပြီး တွေ့ကြရမဲ့ အချိန်ရောက်မှ ရှင့်နာမည်ဟာ မင်းပျိုလို့ သိလိုက်ရတာလေ။ သိလ္လာ ငြင်းတော့ ငြင်းသားပဲ၊ ရှင့်မှာ ချစ်သူရှိနေတယ်လို့ ပြောပြီးတော့ ငြင်းသားပဲ၊ ဒါပေမဲ့ သိလ္လာ့မိဘက ရရင်ရမယ်၊ ရှင့်အမေက ကဗျာ့ကိုဆို ..."

"တော် ... တော် ... ထပ်ရှင်းမနေနဲ့၊ ကဗျာ့ဘာသာ ဝင်ငွေကောင်းလို့ ဝေါလ်ရှိထ်ပိုစတာ ရိုက်တာပဲ၊ အဲဒါ အပြစ်လား။ အနုပညာလောကရဲ့ ထုံးစံအတိုင်း ဘယ်သူနဲ့မှ အရှုပ်အရှင်း မရှိပါဘဲ ဟိုလူ့ကိုပင်လိုလို၊ ဒီဓာတ်ပုံဆရာက တင်ပေးလို့ သူနဲ့ပဲ ယှဉ်ဖူးသလိုလို ပြောခံရတာ၊ ငါ သိတယ်၊ မင်းလည်း သိတယ်၊ မင်းက ပိုသိမှာပါ။ မင်း

www.burmeseclassic.com



ဆိုတာက သူနဲ့ငါ မတွေ့ရခင်ကတည်းက သိပ်တွဲခဲ့တဲ့ သူငယ်ချင်း အရင်းကြီးပဲ။ ကဗျာ့မှာ ဘာအပြစ်မှ မရှိဘူး”

“အဲဒါဆို ရှင့်အမေ ရှင် ရအောင်ပြောပေါ့၊ သီလွှာနဲ့ဘာဆိုင်လဲ၊ သီလွှာ့ကို ဘာမဲ့စရာလိုလဲ၊ သီလွှာ့ဘက်ကလည်း ငြင်းသင့်သလောက် ငြင်းသားပဲ။ ရှင့်အမေကမှ လက်မခံတာ”

“မင်း ငါ့ကို လုံးဝလက်မခံပါဘူး၊ ငြင်းလိုက်ရင် မေမေက ငါ့ကို မင်းနဲ့စီစဉ်စရာ မရှိဘူး”

“သီလွှာနဲ့ စီစဉ်လို့မရလည်း ကဗျာကလွဲရင် တခြားမိန်းကလေးတစ်ယောက်ယောက်နဲ့ ရှင့်အမေက သဘောတူမှာလေ”

တကယ်တော့ မင်းပျိုလည်း မြသီလွှာကိုသာ မဲနေပေမဲ့ သူ ကိုယ်တိုင်လည်း ဒီအကြောင်းကို သိထားခဲ့ပြီးသား။ မင်းပျို အမေနဲ့ သီလွှာ့အမေကို့ဟာ သူငယ်တန်းကစပြီး အတွဲညီညီ ခင်လာခဲ့တဲ့ သိပ်ကို ရင်းနှီးခင်မင်တဲ့ သူငယ်ချင်း အရင်းကြီးတွေပဲ ဖြစ်သည်။

တက္ကသိုလ်တက်တော့ သီလွှာ့ အမေက စာလိုတော်လို့ ဆေးကျောင်းရောက်ရပြီး မင်းပျိုမေမေကတော့ မေဂျာကျောင်းသူတွေ ဖြစ်ခဲ့ပေမဲ့လည်း အဆက်အသွယ် မပျက်ခဲ့။ ကျောင်းချင်း မတူလို့ အနေဝေးသွားတာမျိုးလည်း မရှိ။ အခင်အမင်လျော့ ပြီး





ကိုယ်နဲ့ နီးစပ်ရာ အသိုင်းအဝိုင်းက သူငယ်ချင်းကို ပိုခင်သွားဘာမျိုးလည်း မရှိခဲ့။ အံ့သြစရာကောင်းတာက အိမ်ထောင်အသီးသီး ပြုကြတော့လည်း ရှေ့ဆင့်နောက်ဆင့်။ မြသီလွှာ အမေကတော့ ဇာတွေဆက်ကျက်နေ၍ ချက်ချင်း ကိုယ်ဝန်မယူသေး။ မင်းပျိုမေမေကသာ မင်းပျိုရဲ့အစ်မကို အရင်မွေး။ ပြီးမှ သီလွှာ့မေမေကသည်း သီလွှာ့ကိုယ်ဝန်။ မင်းပျိုမွေမေကလည်း ဒုတိယကိုယ်ဝန်နှင့်။ ကိုယ်ဝန်အသီးသီး ယူကြတော့လည်း အတူတူ။ ဘယ်လောက်ဆောင်များ အဖြစ်သည်းသလဲဆိုရင် မွေးရင်တောင် အတူတူမွေးချင်တာနဲ့ သာမန်အတိုင်းမွေးဖို့ စိတ်မကူးဘဲ ခွဲမွေးဖို့ တစ်ရက်ဘည်း အတူတူမွေးဖို့ကို စီစဉ်ထားခဲ့တာတဲ့။

ဒါပေမဲ့ မင်းပျိုမေမေက ခွဲရမဲ့ရက် မရောက်ခင်ကိုက်အရင်နာသွားတာနဲ့ မင်းပျိုကို ဘစ်ပတ်စောပြီး မွေးသွားပါသည်။ သီလွှာ့မေမေက တစ်ပတ်နောက်ကျပါသည်။

မွေးပြီး တစ်လပြည့် ကလေးမွေးနေ့ပွဲ လုပ်စဉ်မှာ သမနှစ်ယောက် စကားကတိတွေ ထားမိခဲ့ကြတာ ဖြစ်သည်။ ကယ်လည်း အပျော်အပြက် မပါဘဲ သူငယ်ချင်း,ချင်း ကတိ ခဲ့ကြတာပင်။

အဲဒီတုန်းကတော့ မင်းပျိုကို ချစ်စနိုးနဲ့ နာမည် န်းအပြားပင် မပေးရသေးဘဲ “ဖိုးသား”လို့သာ တစ်နှစ်သေး ညီ တွင်ခဲ့တာ ဖြစ်သလို သီလွှာကလည်း မွေးမွေးချင်းတုန်းက



www.burmeseclassic.com

www.burmeseclassic.com



တော့ ခုလို ပိန်သေးလေး မဟုတ်ဘဲ ဝါးစုံ့ကြီးတွေ မို့တက်နေအောင် ဖောင်းကစ်၍ ချစ်စဖွယ်လေးမို့ "မြသီလွှာ"ဆိုသော နာမည်ပင် မပေးဖြစ်သေးဘဲ "ဘုတ်ဘုတ်"ဟူသော ကလေးနာမည်လေးသာ ရှိသေးခဲ့တာ။

ဖြစ်ချင်တော့ ကလေးခြောက်လမှာ သီလွှာ့ဖေဖေနဲ့ မေမေ နှစ်ယောက်စလုံး အင်္ဂလန်ကို ပညာတော်သင်လွှတ်ခြင်း ခံရလေရာ သီလွှာကား မန္တလေးရှိ အဘိုးအဘွားတွေဆီ ပို့ထား ခံလိုက်ရသည်။

အဖေအမေ သုံးနှစ်ကြာ ပညာသင်ပြီး ပြန်လာတော့လည်း သီလွှာက အဘိုးအဘွားထံ ပိုကပ်ကာ မိဘတွေဆီ ပြန်မလိုက်ခဲ့ဘဲ မန္တလေးမှာပဲ အနေများခဲ့ပါသည်။ ဒါကြောင့် မင်းပျို့ မိဘတွေနဲ့ မင်းပျို့နဲ့ သီလွှာ့မိဘတွေ အဆက်အသွယ် မပြတ်သော်ငြား သီလွှာနဲ့ကျတော့ မင်းပျို့နဲ့ လုံးလုံးအဆက်ပြတ်သွားပါသည်။

မေမေ့ဆီကတော့ ဖိုးသား ဟူသော နာမည်ခေါ်ပြီး ပြောသံတွေတော့ မကြာခဏ ကြားရပေမဲ့ မင်းပျို့ ဟူသော အမည်က ကြားခဲနေသည်။

အဘိုးလည်းဆုံး၊ အဘွားလည်း ရန်ကုန်မှာ လာနေတော့မှသာ သီလွှာက ရန်ကုန်သူ ဖြစ်လာရတာပင်။ ဒါပေမဲ့လည်း သီလွှာ ရန်ကုန်ရောက်ချိန် ဆယ်တန်းကျောင်းသူ ဘဝမှာတော့





ဖေနဲ့ မေမေက တကယ့်ကို သဘာရင့် ဝါရင့် အထူးကုဆရာဝန်ကြီးတွေ၊ နာမည်ကြီး ဆရာဝန်ကြီးတွေ ဖြစ်ကုန်ပြီမို့ အိမ်ကပ်ရသည်ရယ်မရှိ။ ဆေးခန်းတကာ လှည့်နေရတာကြောင့် သီလွှာနဲ့ နီးကပ် စကားပြောဖို့ပင် သိပ်အချိန်မပေးနိုင်ခဲ့ကြတော့ပါ။

ဒီစေ့စပ်လက်ထပ် ဇာတ်လမ်းကို စတင်လာခဲ့သူလည်း သီလွှာ့မေမေတော့ မဟုတ်ခဲ့။ မင်းပျို့မေမေ ဒေါ်နီလာခင်သာ မင်းပျို့နှင့် မော်ဒယ်လ်သရုပ်ဆောင် ပန်းကဗျာတို့ သတင်းကြားပြီး သူ့သားအတွက် စိတ်ပူတာနဲ့ပဲ ငယ်ငယ်က စကားတိပေးခဲ့တာကို အကြောင်းပြပြီး မေမေ့ကို စပြောလာခဲ့တဲ့ခြင်းပါ။

သီလွှာ အဲဒီလိုတွေးပြီး အိမ်ပြန်ရောက်လာခဲ့ပေမဲ့ ပျို့ကတော့ သီလွှာ့ကို ချပေးပြီးပြီးချင်း ဘာတွေကို ဒေါသမှန်းမသိ ဒေါသကြီးလျက် ကားပြန်မောင်းထွက်သွားခဲ့ခြင်း

မနက်ကျတော့ ညက အိပ်ရေးဝဝ, မအိပ်ရပေမဲ့ သီလွှာသည် နိုးနေကျအချိန်ပင် နိုးပါသည်။ သီလွှာနိုးလျှင် န်းသန်းပါ လိုက်ထလာသဖြင့် နှစ်ယောက်သား ကိုယ်လုပ်စရာလုပ်ရင်း အိမ်က တိတ်ဆိတ်နေသည်။

မနက် ကိုးနာရီကျော်ကျော်တွင် မင်းပျို့ နိုးလာပါ မျက်နှာမှုန်တေတေ စကားလည်း မပြောဘဲ ဆေးဗီရိုထဲမှ



www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်တခေါနှစ်လုံး ယှသောက်နေတာတော့ တွေ့လိုက်သည်။ သိပ်မအေးသော ရာသီပေမဲ့ ရှပ်လက်ရှည်ဝတ်ပြီး ခေါင်းစွပ်သို ... မွေးဆွေ(စ)ကုတ်လေး ထပ်ဝတ်ထားတာလည်း တွေ့သည်။ တ... ချက် တစ်ချက် နှာချေလိုက်၊ ချောင်းနည်းနည်း ဆိုးလိုက်ဖြ... အအေးမိပြီး နေမကောင်းချင်သလိုပုံ ဖြစ်နေပေမဲ့ သိလ္လာလည်း မမေးဘဲ နေလိုက်ပါသည်။

သူကလည်း နေမကောင်း ဖြစ်ချင်နေတာတော... အိမ်မှာမနေဘဲ မနက်စာ တို့ကနန်း ဆိတ်ကနန်း စားပြီးလျှ... ကားမောင်းထွက်သွားခဲ့ပါသည်။

နေ့လယ်စာလည်း ပြန်လာမစား၊ ထူးထူးဆန်းဆ... တစ်နေကုန် အိမ်ပြန်မလာခဲ့ဘဲ ညနေစောင်းမှ ပြန်လာတော့ ... တော်တော်ဖျားနေပြီဖြစ်ကြောင်း သူ့မျက်နှာနီနီကိုတွေ့မှ သိလ္လာ... သိလိုက်ပါသည်။

ဒီတော့ သိလ္လာဟာ သူ့ကို ကိုယ်ကချည်း သည်... ချစ်နေဖို့ ဝင့်ပါလာသည်ဖြစ်ရာ ကိုယ်ကပဲစပြီး စကားပြောလို... ရသည်။

"မင်းပျို ... ဖျားနေတာလားဟင်"

"သိပ်မဟုတ်ပါဘူး"

"သိပ်မဟုတ်ပေမဲ့ အဖျားနည်းနည်းရှိတယ်ဆိုရင် ည... ရေမချိုးဘဲ နေလိုက်ပါလား"





"ရေမချိုးလည်း အဖျားက တက်မှာပဲ၊ ချိုးလည်း တက်မှာပဲ"

မင်းပျိုဇာ ပြောမရ ဆိုမရပင် ရေချိုးပါသည်။ ...ဖျားပိုပီ ဆံပင်တိုသူမို့ အမြဲလည်း ခေါင်းလျှော်လေရာ ...င်းလည်း လျှော်လေသည်။

ညနေစာ ထမင်းကိုတော့ စပ်နည်းနည်းသာ စား... သောကာ အရင်ကလို အပြင်မှာထိုင်ပြီး တီဗီပင် မကြည့်တော့ ... အခန်းထဲ တန်းဝင်သွားသည်။ သိလ္လာသည် သူ့အတွက် ...ပြောင့်တပြောင့်နဲ့ပဲ အိပ်ရာဝင်လိုက်ရတော့သည်။

❀ ❦ ❀



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

မင်းပျိုသည် တစ်ချက် အဖျားကျသွားလေရာ ... တွေထွက်လာသဖြင့် အဖျားကြီးပြီး အိပ်ပျော်နေရာမှ နိုးသွား... သည်။ ခေါင်းထဲမှာ မူးရိပ်ရိပ် ဖြစ်နေခြင်းမှာ အစာကောင်း... မစားဖြစ်၍ပဲလား၊ ဆေးအရှိန်တွေကြောင့်လား၊ အဖျားဒဏ်ကြော... လားတော့ မသိ။ အိပ်ရာမှ အသာထ,ထိုင်လိုက်တော့မှ သူ့... ဘေးတွင် ဒရင်း(မ)ဘက်(ခ)ဖြင့် လဲလျောင်းရင်း အိပ်ပျော်... သော မြသီလွှာကို တွေ့လိုက်ပါသည်။

အရမ်းအဖျားကြီးပြီး မျက်စိထဲမှာ ဘာ... သဲသဲကွဲကွဲ မမြင်အောင် မျက်ခွံတွေ လေးနေတုန်း... မြသီလွှာ တစ်ယောက် သူ့ကို ရေပတ်အဝတ် လာတင်ပေး... အဖျားနည်းနည်းကျလို့ ချွေးပြန်ထွက်လာလျှင် မွေးပွ... အလတ်စားလေးဖြင့် ချွေးသုတ်ပေးလိုက်၊ လာလာလုပ်ပေး... သိနေပါသည်။





ဆံရာဝန်လာကြည့်ပေးပြီး ဆေးသောက်ဆေးတွေ ပေး ...သဖြင့် ဆေးသောက်ရမည့်အချိန် ရောက်လျှင်လည်း သူမ ...က်ရောက်လာတတ်သည်။ ရောက်လာချိန်တွေဟာ နေ့လား၊ ...ားတော့မသိပေမဲ့ မြသီလွှာ တစ်ယောက် အခန်းထဲဝင်လိုက်၊ ...လိုက်ဖြင့် လာပြုစုနေကြောင်း သိနေပါသည်။

လက်ကလေးနှစ်ဖက်ပိုက်ကာ တစောင်းမကျတကျ ...လဲအိပ်လျက် ခြေထောက်လေးတွေ ကွေးထားပြီး အိပ်မော ...သော မြသီလွှာသည် တကယ်တော့ သူနဲ့ ကဗျာကြားမှာသာ ...မဖြစ်ခဲ့ဘူးဆိုလျှင် သူ အမြင်ကြည်ကြည်နှင့် ခင်မင်နှစ်လိုမိ ...င်။ ကဗျာ အခင်ဆုံး သူငယ်ချင်း ကောင်မလေးအဖြစ် ... သိစဉ်ကတောင် ကဗျာအလှကို မမီပေမဲ့ ဒီကောင်မလေး ...ဘူး၊ ချောသားပဲလို့ အမှတ်ပေးခဲ့မိသေးသည်။

မင်းပျို ခုတင်မှ အသာထလိုက်လျှင် အအိပ်ဆတ်ပုံ ... မြသီလွှာက အသံဘာမှ မကြားရပါဘဲ ဆတ်ခနဲ လန့်နိုး ...လာသည်။

နိုးနိုးချင်းပင် အိပ်ရာမှာ ထထိုင်နေသော မင်းပျိုကို ...မေးရာ ...

"ဩော် ... ကိုမင်းပျို နိုးပြီလား"

"ချွေးတွေ ထွက်လာလို့၊ အဲဒါကြောင့် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို နေ့နေ ... သီလ္လာ ရေပတ်တိုက်ဖို့ ပြင်ပေး

ကိုမင်းပို့ ဒီတစ်ခေါက် ပြန်နိုးရင် ရေနွေးပတ်နဲ့တော့

ပတ်တိုက်မှ ဖြစ်မယ်ဆိုပြီး အသင့်ပြင်ထားပြီးသား။

ထိုင်စောင့်နေရင်း အိပ်ပျော်သွားတာ"

"ငါ့ကို တော်တော် ပြုစုလိုက်ရတယ် ထင်တယ်"

"ရှင် ... မဟုတ်ပါဘူး၊ သိပ်မပြုစုလိုက်ရပါဘူး၊ သီ

ဘာသာ ညဘက်တွေကျ အိပ်မပျော်တဲ့ရက် များလာ

နေ့ခင်းကျ ပြန်အိပ်ချင်လာတာပါ"

"ငါ ဘယ်နှရက်လောက် ဖျားနေတာလဲ"

"နှစ်ရက် ... အင်း ... ဟုတ်တယ် ဒီနေ့နဲ့ဆို နှစ်ရက်

အခု ဒီနေ့ကတော့ အဖျားသိပ်မရှိတော့ဘူး။ မနေ့က

တအားအဖျားတက်တာ။ အဖျားကြီးလို့ ဆရာဝန်က

ပတ်အဝတ် ခဏခဏ တင်ပေးပါလို့တောင် မှာသွား

လေ"

မြသီလ္လာက ဓာတ်ဘူးထဲမှ ရေနွေးကို ရေ

အသာသွန်ထည့်၊ ရေအေးနည်းနည်းစပ်၊ သူမ လက်ဖျား

အသာထိစမ်း စသဖြင့် လုပ်ကြည့်ပြီးမှ မွေးပွတဘက် အ

စားလေးယူကာ ...

"ကိုမင်းပို့ ရေပတ်တိုက်လိုက်နော်"

ဟု လာပေးပါသည်။





မင်းပို့ အင်္ကျီချွတ်ပြီး ရေပတ်တိုက်နေတော့ မြသီလ္လာ

က ပြတင်းဝမှာ သွားရပ်ပြီး အပြင်ကို ကြည့်နေရင်း စောင့်ပေး

ပါသည်။ ထိုအချိန်မှာပင် မင်းပို့ မိခင်နှင့် အစ်မတို့ အခန်းထဲ

ရောက်လာတာ ဖြစ်ပါသည်။

"ဟယ် ... သားငယ်၊ ရေပတ်တောင် တိုက်နေပြီ။ တော်

တော်လေး သက်သာသွားပြီကို"

မေမေက မင်းပို့ နဖူးပြင်ကို လာစမ်းပြီး ပြောလိုက်

သည်။ မင်းပို့အစ်မ နန္ဒာမင်းကတော့ ...

"ငါ့ယောက်မလေး သနားပါတယ်၊ သူ့မှာ စိတ်တပူပူနဲ့

မျက်နှာကိုပျက်လို့။ ဖျားတာလောက်နဲ့တော့ ဒီလိုလူငယ်

အရွယ်ဟာ သေမသွားလောက်ပါဘူးလို့ ဖျောင်းဖျလည်း

မရ။ သူ့မှာ စိတ်ပူပြီး မအိပ်နိုင်၊ မစားနိုင်နဲ့။ လူနာက

နေမကောင်းလို့ ပိန်တာ။ သူ့မှာတော့ လူနာကို စိတ်ပူပြီး

ပိုပိန်သွားတယ်လေ"

မြသီလ္လာကို အသာသွားဖက်ရင်း ပြောနေပြန်သည်။

မြသီလ္လာ ရှက်ပြုံးလေး ပြုံးပေမဲ့ မင်းပို့ သိသွားလို့ ရှက်ပြီးပြုံး

တာမျိုးတော့ မဟုတ်။ ယောက်မဖြစ်သူက ပေဖန်တာကိုရှက်ပြီး

ပြုံးမိတာမျိုးပါ။ သီလ္လာကတော့ မင်းပို့ သိရင် ပိုတောင်ကျေနပ်

ပါသေးတယ်။ ဒါမှ သူ့အပေါ် ကိုယ်ဘယ်လောက် သံယောဇဉ်

ကြီးထားခဲ့တယ် ဆိုတာ သူ သိမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"အင်္ကျီအသစ် ပုဆိုးအသစ်က ဒီမှာ ကိုမင်းပို့"

"ဪ … အင်း … ဟုတ်တယ်၊ ဒါတွေ လဲပစ်လိုက်မယ်"

ဒေါ်နီလာခင်က သူတို့နှစ်ယောက် ဆက်ဆံရေးကို အသာအကဲခတ်နေဆဲ။

"သားက အရမ်းအဖျားကြီးနေလို့ သီလွာ့ကို ကူးမှာစိုးတာနဲ့ ခွဲအိပ်တယ်သာ ပြောတယ်၊ ဒီအခန်းက သားအရင်တည်းက နေနေကျလိုပဲ၊ အသေအချာကို ပစ္စည်းလေးတွေ ဖြည့်ထားပုံက"

ဒေါ်နီလာခင်သည် အခန်းကို ဒီနေ့မှပဲ အသေအချာ လိုက်ကြည့်ရင်း ပြောပါသည်။ မနေ့ကတော့ ဆရာဝန်လည်း ရောက်နေချိန်၊ ဒေါ်နီလာခင်တို့ပါ ရောက်လာ၊ သားကလည်း မျက်စိတောင် မဖွင့်နိုင်အောင် အဖျားကြီးနေ စသော အခြေအနေတွေကြောင့် သိပ်အကဲမခတ်နိုင်ခဲ့။ ဒီနေ့မှသာ အခန်းအပြင်အဆင် မြင်ရ၊ ခုတင်ဘေးက သားသုံးနေကျ နှိုးစက်နာရီ။ လိုင်းခွဲယူထားသော ဖုန်းတစ်လုံး၊ ဒါ့အပြင် … စိတ်အခန့်မသင့်စရာ တစ်ခုကတော့ ပန်းကဗျာရဲ့ အလှဓာတ်ပုံကို မှန်ပေါင်အကျအန သွင်းထားပြီး စားပွဲပေါ်မှာထောင်လျက်သား တွေ့ရတာပင်။

ဒီနေ့မှ ဒါကိုပါတွေ့ကာ မြသီလွာကိုပင် ပြန်အကဲခတ်နေမိတော့ … ဘာမှမပြောဘူးလား။ ယောကျ်ားလုပ်တဲ့သူက ရည်းစားဟောင်းရဲ့ ဓာတ်ပုံကို ခုထိ တမြည့်မြည့်ကြည့်တုန်းပဲ ဆိုတာ သူ သိရက်သားနဲ့ ဘာကြောင့် မတားသလဲ။





ဒေါ်နီလာခင်မှာ ဟန်မဆောင်တတ်သူ ဖြစ်လေရာ ဓာတ်ပုံလေး (ပို့စကတ်ဒ်ဆိုဒ်)ကို အသာကောက်ကိုင်ပြီး ကြည့်ရင်း …

"ဒီဓာတ်ပုံကို ဆက်မထားသင့်တော့ဘူးကွယ်၊ သီလွာက လည်း ကိုယ့်သူငယ်ချင်းဓာတ်ပုံဆိုရင်လည်း ဗီရိုထဲမှာဖြစ်ဖြစ် သိမ်းပေါ့။ သားကလည်း မင်းပိုင်တဲ့ ဓာတ်ပုံဆိုရင် ကိုယ့်ဇနီးမယားရှေ့မှာ ဒီလိုတင်မထားသင့်ဘူး။ ဘာမဟုတ်တဲ့ ဓာတ်ပုံလေးတစ်ပုံနဲ့ နှစ်ယောက်ကြားမှာ အဖုအထစ်တွေ ရှိလာလိမ့်မယ်"

မြသီလွာရော မင်းပို့ပါ နှုတ်ဆိတ်ပြီး ငြိမ်နေခဲ့သည်။

"သီလွာ့ကို သူ ပေးထားတာလား"

"အဲဒါ သီလွာ့ဟာ မဟုတ်ဘူး မေမေ"

"ဪ … ဒါဆို သားဆီကပေါ့"

"မေမေ ဘာဖြစ်လို့ ဓာတ်ပုံကိစ္စကို အကျယ်ချဲ့နေတာလဲ။ ဓာတ်ပုံက ဓာတ်ပုံပဲ အသက်မှ မရှိတာ၊ လူမှ မဟုတ်တာ"

"သက်ရှိပဲဖြစ်ဖြစ် သက်မဲ့ပဲဖြစ်ဖြစ် မင်းနဲ့သူ ဘာမှမဆိုင်တော့ဘူး။ မင်း ဒီလိုမထားသင့်ဘူး မောင်မင်းပို့"



www.burmeseclassic.com

www.burmeseclassic.com



မြသီလွှာသည် သားအမိနှစ်ယောက် ထိပ်တိုက်တွေ့နေသည်ကို ဘာဝင်ပြောပေးရမှန်းမသိ ဖြစ်နေသည်။ အစ်မဖြစ်သူ နန္ဒာမင်းကတော့ မြသီလွှာကို ကြည့်လိုက်၊ သူ့မောင် မင်းပျိုကို ကြည့်လိုက်၊ နားမလည်နိုင်သလို ဖြစ်နေပုံရသည်။

"ဘာကြောင့်ပဲထားထား၊ ဘယ်သူပဲပိုင်ပိုင် ဒီဓာတ်ပုံကို မေမေ သိမ်းသွားမယ်"

"မေမေ"

မင်းပျို တောင်းပန်သလို အော်ခေါ်လိုက်သံမှာ သီလွှာကိုပင် တအံ့တသြနှင့် ငေးသွားရစေသည်။ ဩော် ... သူ့ ဒီလောက်တောင် အပြစ်သည်းလှပါလား။ သူ့ရင်ထဲက မိန်းကလေးကို ထုတ်ပစ်နိုင်ဖို့ မပြောနဲ့။ ဓာတ်ပုံလေးကိုတောင် ဖယ်ရှားပစ်နိုင်ဖို့ မလွယ်သေးပါလား။

မြသီလွှာသည် တော်တော့်ကို စိတ်မကောင်းလည်း ဖြစ်သွားပါသည်။ ကိုယ်က သူ့အနားမှာ ဘယ်လောက်နေနေ၊ ကိုယ့်ရဲ့မေတ္တာ အရှိန်အဟုန်ကြောင့် သူ့ဆီက မေတ္တာရောင်ပြန် ပြန်ရဖို့ ဘယ်လောက်ပင် မျှော်လင့်လင့် မင်းပျိုဆီက ချစ်ခြင်းမေတ္တာရဲ့ ဦးတည်ချက်ကတော့ လားရာတစ်ခုတည်းကိုသာ စီးဆင်းသက်ရောက်နေမြဲမှန်းလည်း သေသေချာချာ နားလည်လိုက်ပါသည်။





မြသီလွှာသည် သူတို့သားအမိ ပြဿနာကြား ဝင်လည်းမပါလို၊ ဝင်လည်း မပြောလိုသည်ဖြစ်ရာ အသံတိတ်ပင် အသာအယာလေး အခန်းပြင်သို့ ညင်သာစွာ ထွက်လာခဲ့ပါသည်။ မြသီလွှာ ထွက်သွားသည်ကို မင်းပျိုရဲ့ မေမေရော၊ အစ်မပါ လိုက်အကဲခတ်ရင်း ...

"ကောင်မလေး ရင်ထဲမှာ ဘယ်လောက်ခံစားရရှာမလဲ မောင်လေးရယ်။ ငါ မိန်းကလေးချင်း ရိပ်မိပါတယ်။ သူက နင့်ကို မပြောချင်လို့သာ မပြောတာပါ။ ဒီဓာတ်ပုံကြီး မြင်နေရတော့ သူလည်း ခံစားရမှာပဲ"

"သူ့ဘာသာ ခံစားရရုံမကလို့ အသည်းပဲကွဲကွဲ"

"ဟဲ့ ... မင်း ဘယ်လိုပြောလိုက်တာလဲ၊ ဒါ မင်းမိန်းမလေ။ မင်းကို ပြုစုနေတဲ့ ဇနီးသည်လေ"

"ချစ်လို့ ယူတာမှ မဟုတ်တာ"

"ချစ်လို့ယူယူ၊ မယူယူ ကိုယ့်ဇနီးမယားအပေါ်မှာ သစ္စာတော့ရှိရမှာပေါ့။ သစ္စာရှိမှ ယောကျ်ားကောင်း ယောကျ်ားမြတ် ပီသမှာပေါ့၊ မင်းကသာ ဥပေက္ခာပြုနေတာ။ သူ့ခမျာ မင်းကို ဘယ်လောက်ချစ်ရှာသလဲဆိုရင် မင်း အဖျားကြီးပြီး အိပ်ရာထဲ လဲနေတုန်းက မျက်နှာကို ပူပင်နေတာပဲ၊ မင်း တစ်ခုခုမဖြစ်နိုင်မှန်း သိရက်နဲ့ တစ်ခုခု ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



မှာကို အစိုးရိမ်ကြီးပြီး၊ မင်း အိပ်ရာနံဘေးမှာ မင်းလက်ဖဝါးတွေကို မလွှတ်တမ်း အတင်း ဆုပ်ကိုင်ထားရှာတာ။ မေမေက သမီးရယ် အဲဒီလောက် မစိုးရိမ်ပါနဲ့၊ သားက ငယ်ငယ်တည်းက အဲဒီလိုပဲ၊ ကျန်းမာရင်လည်း ခေါင်ခေါင်မြည်၊ အေး … တစ်ခါ တစ်ခါ ဖျားပြီနာပြီ ဆိုရင်လည်း သူများနဲ့ကို မတူဘူး။ အသည်းအသန် ဖြစ်တတ်တာ ပြောပြီး ဖျောင်းဖျတော့ ဘာပြန်ပြောတယ်မှတ်လဲ။ အဲဒီလို ဖြစ်တတ်တာမျိုးက ပိုပြီးကြောက်ဖို့ကောင်းတာတဲ့။ သီလွှာ သူ့လက်ကို ဆုပ်ကိုင်ထားလိုက်ခြင်းအားဖြင့် သီလွှာ့လက်ထဲကနေ သူ ဘယ်ကိုမှ ထွက်မသွားနိုင်အောင် လုပ်ထားနိုင်တယ်ထင်ပြီး ရှူးနေပြီ မေမေတဲ့။ ကဲ … ဘယ်လောက်ချစ်ရှာသလဲ။ မင်းက သူ့ကို မချစ်ဘဲ သူ့သူငယ်ချင်းဆိုတဲ့ မိန်းကလေးကို တမ်းတပြနေတာတောင် စိတ်မနာနိုင်ဘဲ”

မင်းပို့ စိတ်ပူက်ပြီး ငြိမ်နေတော့သည်။ ခေါင်းလည်း နည်းနည်းပင် ပြန်မူးနောက်နောက် ဖြစ်လာသလို ခံစားရ၍ ပြန်၍ အိပ်နေလိုက်ပါသည်။ သိသားပဲ … မြသီလွှာ သူ့ဆီကအချစ်ကို မျှော်လင့်နေမှန်း၊ အခု သိလာခဲ့ပြီပဲ၊ ဒါပေမဲ့ သူကမှ ချစ်လို့မရတာ။





“မနေ့က ငါ ပန်းကဗျာကို တွေ့လိုက်သားပဲ SAKURA TOWER (ဆာကူရာတာဝါ)မှာ ဖွင့်ထားတဲ့ ကော်ဖီဆိုင်မှာ လာထိုင်တာ၊ သူနဲ့တွဲလာတဲ့လူက ဘယ်သူထင်လဲ၊ နာမည်ကြီး ရုပ်ရှင်မင်းသား နဒီပဲ။ အဲဒီမင်းသားက မိန်းမလည်း ရှိရက်နဲ့ မိန်းမရှုပ်တဲ့နေရာမှာ နာမည်ကြီးက ကြီးလေ။ အသစ်တက်လာတဲ့ မော်ဒယ်လ်ထဲကဖြစ်ဖြစ်၊ မင်းသမီးပေါက်စဖြစ်ဖြစ် သူ ကြိုက်ပြီဆိုရင် ပြန်လက်ခံမှ သူနဲ့တွဲမှ ကားရိုက်ရတာ။ သူပြောပေးမှ ဒါရိုက်တာတွေက ကားရိုက်ဖို့ ခေါ်ရဲတာ။ သူက သူ့ကိုငြင်းတဲ့ မိန်းမဆို မှတ်ထားပြီး သူနဲ့ကားရိုက်ဖို့ဆုံရင် အဲဒီမင်းသမီးပါရင် ငါ မရိုက်ပေးနိုင်ဘူး ပြောပြီး ဖြုတ်ချတာမျိုးတဲ့။ ဒါရိုက်တာတွေကလည်း သူ့စကားကို နားထောင်ရတာလေ။ ဒီတော့ … သူနဲ့တွဲထားမှပဲ ကားရိုက်ရသလို ဖြစ်နေတော့ ပန်းကဗျာလည်း အဲဒီမင်းသားသဘောကျလို့ စင်တော်ကောက်တာနဲ့ လက်ခံလိုက်ပြီ ထင်တယ်။ ဒါကြောင့် ခုတလောမှ အဲဒီမင်းသားနဲ့ တွဲရိုက်တဲ့ကား နှစ်ကားလောက် လက်ခံထားရတယ်ဆိုပြီး အင်တာဗျူးမှာ ငါ ဖတ်လိုက်ရတယ်၊ မကြာခင် အဲဒီမင်းသားနဲ့ ပန်းကဗျာရဲ့ ရုပ်ရှင်ကားတွေ ထွက်လာလိမ့်မယ်”



www.burmeseclassic.com

www.burmeseclassic.com



မင်းပျို့ အစ်မဖြစ်သူ နန္ဒာမင်းက အသေအချာပင် ပြောပြပါသည်။ မင်းပျို့ကား ဒီစကားတွေ ဒီဘက်နားကဝင် ဟိုဘက်နားကထွက် သဘောပင်။

"အနုပညာလောက,က ဒီလိုပဲ ထင်ကြေးတွေနဲ့ ပြောတာပဲလေ။ ကျွန်တော် မယုံပါဘူး"

"ယုံတာ မယုံတာ ထားလေ။ ငါက ငါမြင်လာတာ ပြောတာပဲ။ နင့်ဘက်က သူ့ကို တမ်းတမနေဖို့ အကြံပေးတာပဲ။ သူလည်း သူ့ဘဝနဲ့သူ ပျော်နေပြီ။ နင်လည်း နင့်ဘဝနဲ့နင် တည်တည်တံ့တံ့ တည်ဆောက်ပါ မောင်လေးရယ်။ သိလ္လာဟာ ငါတွေ့ဖူးသမျှ မိန်းကလေးတွေထဲမှာတော့ အစစအရာရာ နင့်အတွက် အသင့်တော်ဆုံး မိန်းကလေးပါပဲ"

"သင့်တော်မှာပေါ့။ မိဘမျိုးရိုးချမ်းသာ၊ မိဘကလည်း ဂုဏ်သရေရှိ နိုင်ငံခြားပြန် ပါရဂူဘွဲ့ရ ဆရာဝန်ကြီးတွေ ဆိုတဲ့ဂုဏ်က နည်းတာမှ မဟုတ်တာ"

"ဂုဏ်တွေ ငွေတွေ မပါလည်း ငါတို့က နင်ယူမဲ့ မိန်းကလေးတစ်ယောက်ဆီမှာ နာမည်ကောင်း ရှိရင်လည်း လက်ခံမှာပါ။ *ပန်းကဗျာက နာမည်ကောင်းမှ မရှိတာ။ မြို့ရွှေယ်တဲ့ပုံစံမျိုးနဲ့ သရုပ်ဆောင်ပြတဲ့ အရက်ကြော်ငြာဆေါ်လ်ရှိထ်*တွေလည်း ရိုက်သေး။ သူ့ကိုတင်ပေးတဲ့ ဓာတ်ပုံဆရာနဲ့





လည်း နာမည်ထွက်သေးတယ်။ တစ်ခါ စိန်ဆိုင်ကြော်ငြာ ရိုက်တော့ ဆိုင်ပိုင်ရှင်နဲ့ ငြိသေးလို့ ဆိုင်ရှင်မိန်းမနဲ့ ပြဿနာ အကြီးအကျယ် တက်လိုက်သေးတဲ့ သတင်းက ရှိသေးတာ"

"အဲဒါတွေ တစ်ခုမှ မမှန်ဘူး။ သူ့ကို မနာလိုတဲ့ မော်ဒယ်လ်အုပ်စုက တမင်သတင်းမှားတွေ လွှင့်တာပါ။ သူက မော်ဒယ်လ်သင်တန်းလည်း မတက်၊ ဘယ်သူ့တပည့်မှလဲ မဟုတ်ဘဲ အခု နာမည်ရစ, မော်ဒယ်လ်တွေရဲ့ နေရာကို ဝင်ယူနိုင်သွားတော့ ဝိုင်းမနာလိုဖြစ်ပြီး တမင် သတင်းလွှင့်တာ။ အဲဒါကို မြသိလ္လာလည်း သိတယ်၊ မြသိလ္လာက သားထက်တောင် ပန်းကဗျာ အကြောင်း ပိုသိပါတယ်"

ဒေါ်နီလာခင်မှာ ဘယ်လိုမှ ဖျောင်းဖျပြောမရ။ ပန်းကဗျာဘက်က ထိရင် တစ်ခွန်းမှမခံ ပြန်ဖြေရှင်းပြနေသော သားဖြစ်သူကို အသည်းယားလာပါသည်။ ဒါ့ပဲ စိတ်ပေါက်ပေါက်နှင့်ပင် အိပ်ရာပေါ် လှဲအိပ်နေသော မင်းပျို့ ပခုံးတွေကို ကိုင် ဆောင့်ပစ်လိုက်ကာ ...

"နေစမ်းပါဦး မောင်မင်းပျို့ရဲ့၊ မင်းက အဲဒီကောင်မလေး ဘက်က တစ်စက်မှ အမှားမခံဘဲ ခုထိ ပြန်ဖြေရှင်းနေလိုက်တာ၊ သိလ္လာနဲ့ မယူခင်ကလည်း ဒီလိုပဲ။ ယူပြီးလည်း



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုလေသံပဲ။ သံယောဇဉ်ကို မကုန်နိုင်သေးတဲ့ပုံစံနဲ့ ငါ လက်ခံလာအောင် ပြန်ဖြေရှင်းနေလိုက်တာများ၊ ဘာလဲ... မင်းက တစ်နေ့ကျ သူနဲ့ ပြန်ပေါင်းမယ်လို့များ ကျိတ်ကြံစည်နေသလား ... ဟင် ... ဟင် ... ပြောစမ်းပါဟဲ့... ပြောလိုက်စမ်းပါ ... မင်း ဘာတွေ ကျိတ်ကြံနေသလဲ"

"မေမေ ... မေမေ စိတ်ထိန်းပါ၊ တိုးတိုးလုပ်ပါ၊ သိလ္လာလေး ကြားသွားပါ့မယ်"

"ဒီမှာ ... မင်းပျို၊ နင့်ဘာသာ ဘာပဲကြံစည် ကြံစည် နင် စိတ်ကြိုက်လုပ်ချင်ရင် ငါ့ကို အရင်သတ်ပြီးမှလုပ်၊ ငါ အရှင်းဆုံးပြောမယ်၊ မြဲမြဲမှတ်ထား။ နင် အဲဒီကောင်မနဲ့ ပေါင်းတဲ့နေ့ဟာ ငါ့အသက် သေတဲ့နေ့ပဲ၊ ငါ တကယ် ကျိန်ပြောတယ်"

"ဟာ ... မေမေကလည်းဗျာ၊ ခက်တာပဲ။ ကိုယ့်သားတစ်ယောက်လုံး နေမကောင်းတာကို အရေးထဲမှာ ဒီကိစ္စတွေ လာရှင်းနေတယ်၊ ခေါင်းတောင်မူးတယ်"

ဒေါ်နီလာခင်မှာ မျက်ရည်တွေလည်းကျ၊ သားဖြစ်သူကိုလည်း မနိုင်။ ပြောမနိုင် ဆိုမရ ခေါင်းမာချင်နေသော မင်းပျိုကိုလည်း အံ့သြမဆုံး ဖြစ်နေသည်။ သူများတွေ ပြောသလို ဆေးများ မိနေသလားလို့တောင် သံသယဖြစ်ချင်လာသည်။ ကိုယ်ကိုယ်တိုင်က ဆေးမိတယ်၊ ဘာဖြစ်တယ် ညာဖြစ်တယ် ဆို





တာတွေကို မယုံတတ်သူမို့သာ။ အခုဟာက မင်းပျို ပုံစံက ဒီမိန်းမမှ ဒီမိန်းမ။ သူမှ သူကို ဖြစ်နေတော့တာ။

မင်းပျို တစ်ယောက်ကလည်း မျက်စိပိတ် အိပ်ချင်ဟန်ဆောင်နေရပေမဲ့ ခေါင်းထဲမှာ ထွေပြားနေပါသည်။ ဒီပုံအတိုင်းဆို မလွယ်။ မေမေက ကဗျာ့ကို ပြန်ပေါင်းတဲ့နေ့ဟာ သူ့အသက် သေတဲ့နေ့လို့ပင် ကြေညာနေပြီ။ မေမေ့စိတ်ကိုလည်း ကြောက်သည်။ တစ်ခါတစ်ခါ စိတ်မထင်လျှင် ပြောရင်ပြောတဲ့အတိုင်း လုပ်ပြတတ်တာမျိုးပင်။ မမနန္ဒာမင်းက အမေဖြစ်သူကို ဖျောင်းဖျချော့မော့ပြီး အခန်းပြင် ထွက်သွားသောအခါ မင်းပျိုလည်း လုံ့ရင်း မှိန်းရင်း စဉ်းစားတွေးတောရင်းမှ ပြန်အိပ်ပျော်သွားပါသည်။

သူ ပြန်နိုးလာသောအခါ ထုံးစံအတိုင်း သူ့နံဘေး မွေ့ရာခုတင်ဘေးမှာ ဒူးရင်း(မ)ဘက်(ခ)ဖြင့် လဲလျောင်းရင်း လုံ့နေသော မြသိလ္လာကို တွေ့ရပါသည်။ သူ့ကို စိုက်ကြည့်နေသော မြသိလ္လာ၏ မျက်ဝန်းတွေထဲက နူးညံ့မှုကို အိပ်ရာက နိုးနိုးချင်း ရင်ဆိုင်လိုက်ရ၍ စိတ်ထဲမှာ ကသိကအောက် ဖြစ်သလိုလို၊ လက်မခံချင်သလိုလို ခံစားလိုက်ရသည်။

"အဖျား လုံးဝမရှိတော့ဘူး ကိုမင်းပျို၊ ခုနက သိလ္လာ အဖျားလာစမ်းသေးတယ်၊ ကိုယ်က အေးနေတာပဲ။ ဒါပေမဲ့ ညနေ ငါးနာရီ ဆေးတော့သောက်လိုက်ရအောင်နော်"



www.burmeseclassic.com

www.burmeseclassic.com



မြသီလ္လာက ဆရာဝန်ပေးထားဟန်တူသော ညနေ ငါးနာရီဟု ရေးထားသည့် ဆေးထုပ်ကိုယူကာ လက်ထဲထည့်သည်။ ဓာတ်ဘူးထဲမှ ရေနွေးကြမ်းပူပူကို ငှဲ့ပေးပါသည်။

"ညနေစာတော့ အဖတ်မာမာ မစားနဲ့ဦးနော်၊ ကိုမင်းပို့က ဆန်ပြုတ်မကြိုက်ဘူး ပြောလို့ မလုပ်ထားဘူး။ နီးမှ ခေါက်ဆွဲပြုတ်စားရင်စား ဆိုပြီး"

"မင်း အဲဒီလိုလေးတွေ အပြောကောင်းကောင်းနဲ့ ပြုစု လို့ မေမေက မင်းရဲ့မှိုင်းမိနေပြီ၊ ဘယ်လိုမှ ကဗျာ့အ အမြင်ကြည်ပေးလို့ မရတော့ဘူး ဆိုတာ မင်း သိရဲ့လား"

"ရှင်"

မင်းပို့သည် စိတ်ထဲမှာ မကြည်လင်တာနဲ့ မြသီလ္လာ ရဲ့ စကားတွေကို ဖြတ်ပြောလိုက်ပါသည်။ ပြောလက်စ စကား တွေ ရပ်တန့်သွားပြီး မျက်လုံးဝိုင်းကာ ပြန်ကြည့်နေသော မြသီလ္လာသည် တခြားမိန်းကလေးတွေလိုတော့ အလွယ်တကူ မျက်ရည်ဝဲလွယ်သူ မဟုတ်ပေ။ သူမ ရင်ထဲက စေတနာ အစော်ကားခံလိုက်ရသော်ငြား၊ ရင်ထဲမှာ နာကျင်သွားပေမဲ့ မျက် ရည်ဝဲမလာခဲ့ပါ။ သူ ကိုယ့်ကို မချစ်နိုင်သေးသရွေ့ ဒီလို အမြင်မကြည်ဦးမှာပဲ ဆိုတာ သိထားပြီးပြီတည်း။

"ဒါပေမဲ့ မင်း မှတ်ထားပါ။ ငါ တစ်နေ့ကျရင် ကဗျာ ပဲ ပြန်လက်ထပ်မှာပါ၊ ငါချစ်တဲ့သူကိုပဲ ငါ လက်ထပ်ပြီး တစ်သက်လုံး လက်တွဲချင်တယ်"





မြသီလ္လာက အေးစက်စွာပင် ပြုံးရင်း ...

"အဲဒါက ကိုမင်းပို့ သဘောပါ။ အဲဒီအတိုင်း ဖြစ်ချင်ရင် ရအောင်လုပ်ပေါ့၊ သီလ္လာ ဝင်မဖျက်ပါဘူး။ ဝင်မတားပါဘူး။ ဘေးကနေ ပွဲကြည့်ပရိသတ်အဖြစ်ပဲ စောင့်ကြည့်မယ်၊ စိတ်ချ"

ဟူ၍ တစ်ခွန်းချင်း ပြန်ချေပပြီးသောအခါ သူ့အနားမှ ချာခနဲပင် လှည့်ထွက်လာခဲ့တော့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၁

"ဘာတွေ လိုက်လိုက်ကြည့်နေတာလဲ သိလ္လာရဲ့။ နင် အခု ဘာဖြစ်မှန်းမသိဘူး။ ငါဆီလာရင် ဟိုအထပ်ဆေ ကြည့် ဒီအထပ်ငုံကြည့်နဲ့။ တိုက်အောက်ရောက်လည်း တစ်ယောက်ယောက်ကို လိုက်ရှာသလိုနဲ့၊ ရှာလိုက်ရတာ"

မြသိလ္လာမှာ သူခိုးလူမိ ဖြစ်သွားသဖြင့် ဟ ခေါင်းပုပြီး တစ်ချက် ရယ်လိုက်ပါသည်။

"အရှက်ပြေ ရယ်တာပေါ့လေ"

"အေးပေါ့"

"ဘယ်သူ့ရှာတာလဲ"

"လူတစ်ယောက်ကိုပါ"

"အံမယ် ... တယ်ဟုတ်ပါလား။ ငါတောင် ဒီပြောင်း တာ လေး,ငါးလရှိပြီ၊ ဒီတိုက်မှာ အသိမိတ်ဆွေတော မရှိသေးဘူး။ နင်က အသိရှိနေပြီပေါ့ ... ဘယ်သူလဲ"





"ဘယ်သူမှန်း မသိပါဘူး။ သူ့ကို ငါ တစ်ခါပဲ ဖျတ်ခနဲ တွေ့လိုက်ရတာ၊ အဲဒီတည်းက ..."

"ဪ ... ဪ ... အဲဒီထဲက မြင်မြင်ချင်းပဲ ချစ်မိတယ် ဆိုတဲ့ ဇာတ်လမ်းစသွားတာပေါ့"

မြသိလ္လာ မဖြေဘဲ ရယ်ပဲ ရယ်နေတော့သည်။ ခန်းကဗျာကလည်း အတိအကျ ဆက်မမေးဘဲ သူမကို တစ်ခါ တစ်ရံမက လိုအပ်တိုင်း သွားလိုရာ လိုက်ပို့ပေးတတ်သော သူငယ်ချင်းလေးကို ချစ်စနိုးဖြင့် ငေးနေပါသည်။

"သိလ္လာ ... နင့်ဆီမှာ ဘယ်သူနဲ့မှ မတူတဲ့ ချစ်စရာ ကောင်းတဲ့ အမူအရာလေးတွေ ရှိတယ် သိလား။ လူဆို တာ တစ်ယောက်တစ်မျိုး ပိုင်ဆိုင်မှုတွေ ရှိတယ်၊ နင့်ဆီ မှာ ချစ်စရာကောင်းတဲ့ အမူအရာလေးတွေ ရှိတာမျိုး ကဗျာ့ဆီမှာ မရှိဘူး"

"ကဗျာ့ဆီမှာရှိတဲ့ လှပကြော့ရှင်းမှုမျိုးလည်း သိလ္လာ့ဆီမှာ မရှိဘူးလေ"

"ကဲ ... ကဲ ... ပြန်မြှောက်မနေနဲ့၊ နင်လိုချင်တဲ့ ဗီဒီယို ကင်မရာလေးက ဘယ်ဆိုင်မှာ ဝယ်မှာလဲ"

"နင် ခြေသည်းလက်သည်း သွားပြင်မှာ အရင်လုပ်လိုက် လေ"



www.burmeseclassic.com

www.burmeseclassic.com



“ဟယ် ... အလှပြင်တာကမှ ပြီးမှလုပ်ပါ။ ဝယ်စရာရှိတာ အရင်ဝယ်လိုက်ပါ။ ဆိုင်က ပိတ်သွားမှဖြင့် ...”

“ဘယ်ဆိုင်မှာ ဝယ်ရမှန်း မသိပါဘူး။ အသိ တစ်ယောက် ပြောတာကတော့ (---) Tower မှာ ဖွင့်ထားတဲ့ ကင်မရာဆိုင်က ပစ္စည်းမှန်တယ်လို့ ပြောတာပဲ”

“အဲဒါဆို လမ်းသင့်သားပဲ၊ အဲဒီ အရင်ဝင်ကြည့်ပေါ့။ စိတ်ကြိုက်တွေ့ရင် ဝယ်ပေါ့။ မကြိုက်ရင် ဆက်ရှာပေါ့”

“ဆိုင်နာမည်က Camera World တဲ့”

ပန်းကဗျာပါ ဝိုင်းကူရှာပေးလိုက်သဖြင့် ကင်မရာဆိုင်ကို တွေ့သွားပါသည်။ ကင်မရာဆိုင်ရှေ့ ကားပါခ်မှာ ပါကင်ဝင်ရပ်၊ နှစ်ယောက်အတူတူဆင်းစဉ် ...။

“ဟယ် ... ပန်းကဗျာ၊ ပန်းကဗျာ မဟုတ်လား၊ အတော်ပဲ၊ ဒီနေ့ပဲ ဖုန်းဆက်တော့မလို့”

ဟု ခေါ်ရင်း အနားရောက်လာသံကို ကြားလိုက်ရပါသည်။

“ဩော် ... မဇော်ပဲ၊ ဘာများလဲ ပြောပါဦး”

မဇော် ဟူသော အလှဖန်တီးရှင် မိန်းမလျာက ဝမ်းသာအားရ အမူအရာဖြင့် ...

“မဇော် ဖောက်သည် စိန်ဆိုင်ပိုင်ရှင် အစ်မကလေး ပန်းကဗျာနဲ့ ဆိုင်ကြော်ငြာ ဝေါလ်ရှိုးထဲ ရိုက်ချင်တယ်ပြောလို့၊





အဲဒါ မဇော်က ပန်းကဗျာရဲ့ ပင်တိုင်မိတ်ကပ်ဆရာဆိုတော့ ဆက်သွယ်ခိုင်းလို့”

“ဟုတ်လား ... စိန်ဆိုင်ကြော်ငြာလား။ ဟဲ ဟဲ ... တစ်ခါမှ စိန်တွေ ညွတ်နေအောင်ဝတ်ပြီး မရိုက်ဘူးသေးတော့ ရိုက်ချင်နေတာ အတော်ပဲ”

“ကဗျာ ... နင် ... မဇော်နဲ့ စကားပြောစရာရှိ ပြီးအောင်ပြောပြီးမှ သီလွှာ့ဆီ ဝင်လိုက်လာလေ၊ ရတယ်၊ သီလွှာ ဝင်နှင့်မယ်နော်”

“အေး ... အေး ... နင် သွားနှင့်”

ကဗျာ တစ်ယောက် မဇော်နှင့် ဆွေးနွေးပြောဆိုစရာများဖြင့် ကျန်ရစ်ခဲ့သည်။ သီလွှာ တစ်ယောက်တည်း ကင်မရာဆိုင်၏ မှန်တံခါးကို တွန်းဖွင့်ပြီး ဝင်လိုက်သောအခါ သီလွှာ့မျက်လုံးတွေသည် ဗီဒီယိုကင်မရာ တစ်ခုကို ဟိုချိန်၊ ဒီချိန်ရိုက်နေသော လူတစ်ဦးထံ တည့်တည့်မတ်မတ် ရောက်သွားသည်မှာ တကယ်တော့ အမှတ်မထင်ပါ။ ဒါပေမဲ့ အဲဒီအမှတ်မထင် မျက်လုံးရောက်သွားသူထံမှာ သီလွှာ စူးစူးနစ်နစ်ပင် တမေ့တမော စိုက်ကြည့်နေမိရက်သား ဖြစ်နေပါသည်။

ဒါ သူပဲ ... သူပါပဲ။ သီလွှာ လိုက်လံရှာဖွေမိသော သီလွှာ့ကို ရူးသွပ်သွားစေတဲ့သူ။ သူ့ရင်ဘတ်ကို ဝင်တိုက်မိစဉ်က ခံစားလိုက်ရသော ညှို့သက်နွေးထွေးမှုတွေကို သီလွှာ ချက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ပြန်ခံစား သတိရသွားသောအခါ သီလွှာ့ ပါးပြင်တွေ နွေးသွားတဲ့ အထိ တစ်ကိုယ်တည်း ရှက်စွံ့သွားပါသည်။

သူက ရှပ်လက်တို ခပ်ပွပွ အသားခပ်ကြေကြေ အဖြူပေမဲ့ ဝါကျင်ကျင်ရောသော အရောင်အင်္ကျီကို ကပိုကရိုပင် ဂျင်းဘောင်းဘီ ခါးထဲဝင်တချို့ ထွက်တချို့ပုံစံ ဝတ်ထားပါသည်။ သူ့ရဲ့ကောင်းကင်ပြာရောင် ဂျင်းနံ့ပင်နံ့သည် သူနဲ့ကျမှပဲ သိပ် လိုက်ဖက်နေပါသည်။ သူဟာ ကောင်တာတစ်ခုနောက်မှာ ရပ်ရင်း သူရိုက်နေသော ဗီဒီယိုကင်မရာကိုသာ သဲကြီးမဲကြီး အာရုံစိုက် နေခဲ့သည်။

သူ့ဗီဒီယိုကင်မရာချိန်ထားရာကို သီလွှာ သိချင်သွား သည်။ အစကတော့ ဟိုချိန်ဒီချိန် လုပ်နေရာမှ အခုကျ တစ်နေရာ တည်းမှာ မန္တာစတမ်း အကြာကြီး ချိန်ထားနေ၍ သီလွှာ သိချင် သွားတာ ဖြစ်ပါသည်။

သီလွှာသည် သူ့ဗီဒီယိုကင်မရာ ချိန်ထားရာနေရာ ကို လှည့်ကြည့်လိုက်မိသောအခါ ရင်ထဲက မျှော်လင့်ချက်တွေ စိတ်လှုပ်ရှားမှုတွေ၊ ဝမ်းသာကျေနပ်သွားရမှုတွေ၊ ရုတ်ခြည်း ပျောက်ကွယ်သွားသလိုပင် ခံစားလိုက်ရသည်။ သူ ... ဟုတ်တယ်။ ကြည့်စမ်း ... ဆိုင်အပြင်ဘက် ကားပါ့ခ်မှာ ရပ်နေသော ကဗျာ့ ကို သဲကြီးမဲကြီး ကင်မရာနဲ့ချိန်ပြီး ခိုးကြည့်နေတာ။ ဗီဒီယိုကင် မရာ ချောင်းကြည့်ပေါက်ရဲ့ နောက်ကွယ်က သူ့မျက်လုံးအစုံတို့





ဟာ ကဗျာ့ကို တွယ်တာနေမှုတွေ အထင်းသားဖြစ်နေကြောင်း သီလွှာကား ဝမ်းနည်းကြေကွဲစွာ မြင်လိုက်ရတော့သည်။

သီလွှာ့ ဘဝမှာ ကဗျာနဲ့ တွဲသွားတိုင်း ကဗျာ့ကို ပိုအကြည့်ခံရတာ၊ ကဗျာ့ကို တွေ့သော ယောကျ်ားလေးတိုင်း စိတ်ဝင်စားသွားခြင်း ခံရတာ စတာတွေကို ဘယ်တုန်းကမှ စိတ် ထဲမထိခဲ့။ မနာလိုဝန်တိုခြင်းလည်း မဖြစ်ခဲ့မိပေမဲ့၊ ယခုချိန်မှာ တော့ ပထမဦးဆုံးအကြိမ်ပဲ ကဗျာ့ကို မနာလိုခြင်းကြီးစွာ ဖြစ်မိ သည်။ သူ ဘာလို့ ဒီလောက်လှရသလဲ။ သူ့ကိုမှ ဘာလို့ ယောကျ်ားလေးတိုင်းက ချစ်ကြိုက်ချင်ရသလဲ။ ငါက သူနဲ့ယှဉ် ရင် ဘာလို့ မှေးမှိန်နေရသလဲ။ သီလွှာသည် ကဗျာ့ကို တစ်ခါမှ မမုန်းခဲ့ဘူးသမျှ ပထမဦးဆုံးအကြိမ် မုန်းတီးစွာ တွေးတောမိပါ သည်။

သီလွှာ တစ်ယောက်လုံး သူ ရပ်နေသည့် ကောင်တာ ရှေ့ရောက်နေတာတောင် သတိမထားနိုင်ဘဲ သူဟာ ကဗျာ့ကိုပင် စွဲလမ်းမြတ်နိုးစွာ ဗီဒီယိုကင်မရာထဲကနေ လှမ်းကြည့်နေတာ။ ကင်မရာက အနီးအဝေး ဆွဲချိန်လို့ရသော Zoom ပါသဖြင့် ကင် မရာထဲကနေ ကဗျာ့ မျက်နှာလေးကို စိတ်ကြိုက် ကြည့်နေပုံရပါ သည်။

သူကသာ သီလွှာ့ကို ဂရုမပြုမိပေမဲ့ တခြားအရောင်း ဝန်ထမ်းတွေကတော့ သီလွှာ ရပ်နေသည်ကို မြင်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာအလိုရှိပါသလဲ ခင်ဗျာ"

ဟု လာမေးလိုက်သံ ကြားရပါသည်။ ဒီတော့မှ သီလွှာလည်း သူ့ကို ငေးစိုက်ကြည့်နေမိသော အာရုံထဲမှ ပြန်စုစည်းလို့ ရသွားပါသည်။

"Digital Video Camera လေး ရှာတာပါ"

"ဘယ်လိုအမျိုးအစားထဲကလဲ"

"အမျိုးအစားတော့ သတ်သတ်မှတ်မှတ်ထားပြီး ရှာတာမျိုး မဟုတ်ပါဘူး။ ကိုယ်မှန်းထားတဲ့ဈေးနဲ့ ကိုက်မယ်၊ ကိုယ်လည်း ကြိုက်မယ်ဆိုရင် ယူမယ် စိတ်ကူးထားပါတယ်"

"မိသားစု အပျော်ရိုက်မှာလား"

"အင်း ... ဟုတ်တယ်၊ အဲဒီသဘောပါပဲ။ ခရီးထွက်ရင် ရိုက်ချင်လို့"

"အကြမ်းလည်းခံမယ်၊ ဘက်ထရီလည်း အသုံးခံမဲ့ အမျိုးအစားထဲကဆိုရင် ..."

သီလွှာဟာ အရောင်းဝန်ထမ်းကောင်လေး ဘာဆက်ပြောမလဲ ဆိုတာ ကြားတစ်ချက်၊ မကြားတစ်ချက်ပင်။ ခုထိ သီလွှာ့ကို ဂရုမပြုမိသေးဘဲ ကဗျာ့ဆီသာ သဲကြီးမဲကြီး ဗီဒီယိုကင်မရာထဲကနေ ကြည့်နေဆဲဖြစ်သော သူ့ကို မသိမသာ အကဲခတ်နေမိသလို၊ စိတ်တွေကလည်း ထွေပြားနေသည်။ ဒီဆိုင်မှာ ဆက်ဝယ်ရင် ကောင်းမလား။ မဝယ်ဘဲ ပြန်ထွက်သွားရင်





ကောင်းမလား။ ဆက်ဝယ်မယ် ဆိုရင်တော့ ဈေးနှုန်းကိစ္စ အလျှော့အတင်းလေးတွေပြောဖို့ သူနဲ့ ရင်ဆိုင်ရဖို့ရှိမယ်။ ဒါဆို သူနဲ့ သီလွှာ စကားပြောခွင့် ကြုံမယ်။ မဝယ်တော့ဘဲ နည်းနည်းကြည့်ပြီး မကြိုက်သေးဘူး ချက်ချင်းပြောပြီး (ကဗျာလည်း ဆိုင်ထဲလိုက်ဝင်လာခင်) မြန်မြန် ပြန်ထွက်ခဲ့ရင်တော့ သူနဲ့ကဗျာ ထိပ်တိုက်ဆုံစရာ မရှိတော့ဘူး။ ကဗျာ့ကို သိကျွမ်းခင်မင်ချင်ပါကြောင်း မိတ်ဖွဲ့လို့ မရတော့ဘူး။ အင်း ..."

မြသီလွှာသည် ထွေပြားသောစိတ်တွေနဲ့ နောက်ဆုံးမှာ ပိုင်ပိုင်နိုင်နိုင်ပင် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်နိုင်သွားပါသည်။

"ဆောရီး ... ကျွန်မ ကြည့်နေရင်း ခေါင်းမူးလာလို့၊ ဒီနေ့ မဝယ်သေးဘူး၊ ဆောရီးနော်"

အရောင်းဝန်ထမ်း ကောင်လေးက ပြောပြောဆိုဆို ဆိုင်ပြင်ကို ချာခနဲပင် အပြေးတစ်ပိုင်း ခြေလှမ်းတွေဖြင့် ပြန်ထွက်သွားသော မြသီလွှာကို ဘယ်လိုပါလိမ့်ဟု အံ့သြစွာတွေးရင်း ကျန်ခဲ့သည်။

မြသီလွှာ မှာတော့ အပြင်ရောက်ရောက်ချင်းပဲ ပန်းကဗျာကိုပင် ဘာမှ စကားမပြောနိုင်ဘဲ ကားထဲဝင်ထိုင် စောင့်နေလိုက်ပါသည်။ ပန်းကဗျာမှာ မဖော်နှင့် အချိန်းအချက်ကိစ္စ၊ ဝေါလ်ရှုထ်ရိုက်ပေးဖို့ကိစ္စ၊ စိန်ဆိုင်ကြော်ငြာမှာဝတ်ဖို့ ဝတ်စုံကိစ္စ

www.burmeseclassic.com



ဆွေးနွေးလို့ပင် မပြီးသေး။ ခဏလေးဝင်သွားပြီး ဝုန်းဒိုင်းပုံစံ ပြန်ထွက်၊ ကားစက်နှိုးနေသော သိလ္လာ့ကို တအံ့တသြဖြစ်ပြီး ...

"ဟယ် ... သိလ္လာ၊ ဝယ်ပြီးပြီလား၊ မဝယ်ရသေးဘူးလား။ ဘာဖြစ်လာတာလဲ"

ထိုအချိန်မှာ မြသိလ္လာကတော့ ကားနောက်ကြည့်မှန်မှတစ်ဆင့် မြင်သည်မှာ သူ ထွက်လာတာကိုပင်။ ကဗျာ သွားတော့မည်ထင်၍ သူလည်း ကင်မရာကိုချပြီး ကမန်းကတန်း လိုက်ထွက်လာတဲ့ပုံစံ ဖြစ်နေသည်။

"မဝယ်ရသေးဘူး ကဗျာ။ ငါ ခေါင်းထဲက တအားထိုးကိုက်လာလို့၊ အဲဒါနဲ့ ပြန်ထွက်လာတာ"

"ဟုတ်လား ... ဟယ် ... ဒါဆို ပြန်ကြမယ်လေ၊ အလှပြင်ဆိုင် မသွားတော့ပါဘူး"

"သွားရင် သွားပါ"

"ငါ့ခြေသည်းလက်သည်း ပြင်တာက မနက်ဖြန်လုပ်လည်း ရပါတယ်၊ နင်က ဆံပင်ညှပ်ချင်နေတာမို့ ငါလည်း လမ်းကြုံလို့ လိုက်လာတဲ့ သဘောပါ"

အခုချိန်မှာတော့ ပန်းကဗျာလည်း သူ့ဝင်ငွေနဲ့သူ၊ ပြီးတော့ သူ့ကိုယ်သူ လှဖို့ပဖို့လည်း လိုတာမို့ အလှပြင်ဆိုင် မကြာခဏ သွားရသည်ဖြစ်ရာ၊ တစ်ခါတစ်ရံ သိလ္လာ မပါရင်တောင် သူ့ဘာသာ သွားပြင်တတ်ပါသည်။ ဒါပေမဲ့ သိလ္လာနဲ့လည်း





အတွဲမပျက် သွားတာမျိုးလည်း ရှိပါသေးသည်။ နှစ်ယောက်အတူသွား အတူလာ လုပ်ရတာကို အရင်ကတော့ သိလ္လာ ပျော်ပေမဲ့ ဒီနေ့ကစပြီး မပျော်နိုင်တော့မှာ သေချာသည်။ ဘာကြောင့်လဲဆိုတော့ ပန်းကဗျာဟာ သိလ္လာ့ ကားထဲ ဝင်ထိုင်လိုက်လျှင်ပဲ သူကလည်း သူ့ကားပေါ်တက် စက်နှိုးထားပြီး ဖြစ်နေ၍ပင်။ ဩော် ... သူ နောက်ကနေ လိုက်စောင့်ကြည့်တော့မဲ့ သဘောပေါ့"

"သွားမယ် မဇော်။ ကဗျာ ပြောထားတဲ့ ဒီဇိုင်းလေးနဲ့ မဇော် စိတ်ကူးပေါင်းပြီး အကျီချုပ်ထား နှင့်ပါနော်။ ညနေဘက် ကဗျာ ဖုန်းမျှော်နေမယ်၊ စိန်ဆိုင်ဝေါလ်ရှိုထဲ ရိုက်ရမဲ့ရက် အသေအချာ သိချင်သေးတယ်လေ"

"အေးပါဟယ် ... ကဗျာ့ဆီက Confirm ဖြစ်ပြီမို့ မဇော်ဆိုင်ရှင်ကို အကြောင်းကြားလို့ ရပါပြီ"

"တာ့တာ ... မဇော်"

ပန်းကဗျာသည် မဇော်ကို ခေါင်းထုတ် လက်ထုတ် နှုတ်ဆက်စဉ် သူမကို ခပ်ပြုံးပြုံး ငေးမောစိုက်ကြည့်နေခဲ့သော မျက်ဝန်းတစ်စုံတို့ကို မြင်လိုက်ပုံရသည်။ အဲဒီဘက် အသာ ခေါင်းလှည့်ပြန်ကြည့်လိုက်ပြီး ...

"တော်တော် အငမ်းထူတဲ့လူ၊ သူ့ကို လက်ပြတာလည်း မဟုတ်ဘဲ ပြုံးပြီး ပြန်ကြည့်နေတယ်။ မျက်နှာပြောင်ရဲလိုက်တာလေ"



www.burmeseclassic.com

www.burmeseclassic.com



ဟု သိလ္လာ့ကိုလည်း အဖော်ညှိပြောသလိုလို၊ သူ့ဘာသာပဲ ရေရွတ်လိုက်သလိုလို ပြောလိုက်သည်။

"တစ်မျိုးကြီးပဲ၊ သူ့အကြည့်က"

ပန်းကဗျာ ဆက်ပြောလိုက်သော စကားကို မြသိလ္လာသည် ရင်ထဲမှာ ဒိန်းခနဲ အသံမြည်တဲ့အထိ တုန်လှုပ်သွားမိသည်။ ဘုရားရေ ... ဒါ ကဗျာ့ဆီက ယောကျ်ားတစ်ယောက်နဲ့ ပတ်သက်ပြီး ပထမဦးဆုံး ကြားရတဲ့ ထူးဆန်းတဲ့ စကားတစ်ခွန်းပဲ။

ပန်းကဗျာ ဆိုတဲ့ မိန်းကလေးကို ချစ်ခင်မြတ်နိုး ချဉ်းကပ်ကြသူတွေ တစ်ပုံကြီး ကြုံဖူးပေမဲ့ ကဗျာ့ နှုတ်ဖျား ယောကျ်ားတစ်ယောက်နဲ့ ပတ်သက်ပြီး ရယ်စရာ ပြောဖြစ်တာ လွဲရင်၊ အခုလိုမျိုး စိတ်လှုပ်ရှားဟန် မှတ်ချက်ချတာမျိုး သိလ္လာ ဘယ်တုန်းကမှ မကြားဘူးခဲ့ပါပေ။ သိလ္လာ အသည်းနှလုံး ကွဲကြေတော့မလို ခံစားရလာသည်။ တစ်ဖက်က သူကလည်း ကဗျာ့ကို မြင်မြင်ချင်း အရူးအမူး ဖြစ်မတတ် ချစ်ပြနေပြီ။ ဒီဘက်က ကဗျာကလည်း သူ့ကိုကျမှ ထူးဆန်းတဲ့ စိတ်လှုပ်ရှား မှုမျိုးနဲ့ ပြန်သတိပြုမိနေပြီ။

ဒါဆို သိလ္လာ ဘာတတ်နိုင်တော့မလဲ။ ကိုယ် တိတ်တခိုးချစ်နေတာကိုပဲ မျိုသိပ်ပြီး ပွဲကြည့်ပရိသတ် လုပ်နေမှာလား။ လုပ်နိုင်ပါ့မလား။ သိလ္လာ ခံနိုင်ရည်ရှိပါ့မလားကွယ်





"လိုက်လာပြီ သိလ္လာ"

"ကဗျာ့ နောက်ကို ဒီလိုပဲ လိုက်လာတဲ့ကားတွေ အမြဲကြုံရတာပဲ"

"သူက ..."

"သူက ဘာဖြစ်လဲ"

"မသိဘူး။ သူ့ကို ကဗျာ ... ဟင့်အင်း ... မသိဘူး၊ ပြောမပြတတ်ဘူး၊ သူ့ကိုကျတော့ သူ လိုက်လာတာကိုပဲ ပျော်သလိုလို ခံစားရတယ်"

ထိုနေ့ကစပြီး သိလ္လာ့ရဲ့ နှလုံးသားအစုံဟာ မကြာခဏ နင်းချေနှိပ်စက်ခံရတော့တာ ဖြစ်ပါသည်။ သိလ္လာနဲ့ ကဗျာ အတူတွဲထွက်တိုင်း နောက်က ကားဖြင့်ပါလာတတ်သော၊ ကော်ဖီဆိုင်ထိုင်လျှင် ကဗျာ့ကို မြင်ရမဲ့နေရာမှာ လိုက်ထိုင်စောင့်ကြည့်တတ်သော၊ ရှော့ပင်းလုပ်လျှင် နောက်က မမောမပန်းလိုက်နေတတ်သော၊ တစ်ခါတစ်ရံ သိလ္လာ လိုက်ကြည့်သော ကဗျာ့ ဝေါလ်ရှိထ်မာတ်ပုံရိုက်ကွင်းတွေကို ရောက်ရောက်လာတတ်သော သူ့ရဲ့ပုံရိပ်တွေနဲ့ သူ့ရဲ့ မျက်လုံးအကြည့်တွေသည် မြသိလ္လာကို ကောင်းကောင်းကြီး နှိပ်စက်ကလူ ပြုနိုင်လေသည်။

တစ်ဆင့်တက်ပြီး မိတ်ဖွဲ့စကားပြော၊ သူ့ကို နှစ်လိုပြီးသား ဖြစ်နေခဲ့သော ကဗျာ့ရဲ့ လက်ခံမှု၊ စသည်တွေသာနေ တစ်ဆင့်ထက်တစ်ဆင့် တက်လာပြီး နောက်ဆုံးတော့ သိလ္လာ

www.burmeseclassic.com



ရင်မဆိုင်လိုသော၊ ရင်မဆိုင်ချင်သော၊ မကြုံတွေ့ မမြင်တွေ့ရ
ပါသော သူတို့ချစ်သူ ဖြစ်ကြလေသတည်းဟူသည့် ခေါင်းစဉ်
ပိုင်ဆိုင်ရသောနေ့တွင် သိလ္လာနှလုံးသားသည် သွေးစိမ်းရှင်
ကျတဲ့အထိ နိပ်စက်ခံရတော့ လိုက်တာပဲ ဖြစ်ပါသည်။ ထိုဒဏ်
က ဘယ်တော့မှ မကျက်ဘဲ ခဏခဏ လာဆွခံရသလိုပဲ ခံ
ရပြီး သူတို့ရဲ့ ချစ်သူဘဝကို အနီးကပ်မြင်တွေ့၊ ရင်ဆိုင်၊ ဝင်
ဟန်လုပ်ရယ်မော နေပြရပြန်လေသည်။

သူတို့ရဲ့ ချစ်သူဘဝကို အနီးကပ်ဆုံး မြင်တွေ့
ရသလို ကဗျာ့ အတွက်လည်း သိလ္လာဟာ တစ်ဦးတည်း
တိုင်ပင်ဖော် ရင်ဖွင့်ဖော် သူငယ်ချင်း ဖြစ်တာမို့ အကုန်လုံးနီး
သိလ္လာ သိခွင့်ရသည်။ ကဗျာလည်း မင်းပိျုကို ဘယ်လော
ချစ်ခဲ့ကြောင်း သိလ္လာ သိပါသည်။ ထို့အတူ မင်းပိျုကလည်း
ကဗျာ့ကို တကယ့်အချစ်စစ်မျိုးနဲ့ ချစ်တာဖြစ်ကြောင်း သိ
ဘေးကနေ အကဲခတ်လို့ ရပါသည်။

"ကျွန်တော် ကဗျာ့ကို စတွေ့တဲ့နေ့တုန်းကလေ သူ
ဝေါလ်ရှိထ်တွေမှာ မြင်နေကျ မော်ဒယ်လ်မှန်း မသိဘူး
ရုတ်တရက် ဗီဒီယိုကင်မရာ မြင်ကွင်းထဲမှာ ပေါ်လာ
ရယ်ပြုံးပြီးစကား ပြောနေတဲ့ ဟန်လေးက ဘာကြောင့်
မသိဘူး။ ကျွန်တော့်ကို တကယ် Heart ထိသွားတာ
ပေါ့။ အဲဒီပုံလေးကို စပြီး ချစ်သွားတာ၊ ဘယ်မှာ





မှန်းမသိ မြင်ဖူးသလိုလို ရှိမှန်းသိပေမဲ့ လုံးဝမဆက်စပ်မိ
ဘူး။ နောက်မှ သူငယ်ချင်း ဉာဏ်သစ်ကိုပြမှ သူ ပြောမှပဲ
ဝေါလ်ရှိထ်စုပါစတား မော်ဒယ်လ် ပန်းကဗျာ ဆိုတာ သိ
ရတာပါ"

မင်းပိျုက မြသိလ္လာကိုတော့ ကဗျာ့ အခင်ဆုံး သူ
ချင်းနေရာထားပြီး သူ့ ကဗျာ့ကို ဘယ်လိုစပြီး ချစ်ခဲ့တာ
ကြောင်း ပြောပြချင် ပြောပြတာမျိုးလည်း ရင်ထဲမှာ တနင့်နင့်
ားထောင်ပေးရတာပဲပေါ့။

ကဗျာက တစ်ခါ ...

"မောင်ကလေ အသက်ဖြင့် နှစ်ဆယ်ကျော်နေပြီ၊ တစ်ခါ
မှကို မချစ်ဖူးဘူး၊ ရည်းစားလည်း မထားဖူးဘူးတဲ့ဟယ်။
ကဗျာ့ကို အရင်ဆုံး ချစ်မိတာတဲ့၊ သူ သိပ်ရိုးတာပဲနော်။
သူ့လို သူဌေးသား ပညာတတ် ကိုယ်ပိုင်စီးပွားရေးလည်း
ရှိတဲ့သူကိုဆို မိန်းမချော မိန်းမလှတွေ ဝိုင်းနေမှာပဲ၊
ဒါတောင် ရည်းစားမထားခဲ့ဖူးဘူးတဲ့။ အဲဒီအတွက် ကဗျာ
သိပ်လည်းကျေနပ်မိတယ်၊ မောင့်ရဲ့ အရင်ဦးဆုံး ချစ်သူ
ဖြစ်ခွင့်ရတာကိုလည်း သိပ်ဝမ်းသာမိတယ်"

မြသိလ္လာ ရင်ထဲမှာ ငိုကြွေးနေတာကို မရိပ်မိနိုင်
မို့ လာရင်ဖွင့်ပြန်ရင်လည်း ဟန်လုပ်ပြီး ခေါင်းတညိတ်ညိတ်
း လုပ်ပြရတော့ ပြန်တာပင်။



www.burmeseclassic.com

www.burmeseclassic.com



"ကဗျာက မြသီလွာ အကြောင်း အမြဲ ကျွန်တော့်ကို ပြော ပါတယ် မြသီလွာက တကယ့်သူငယ်ချင်းကောင်းတဲ့ ကဗျာ့ရဲ့ ကိစ္စမှန်သမျှကို အမြဲအဆင်မပြေအောင် ကူညီပေး ခဲ့တာလို့ ပြောတယ်၊ ကဗျာ့ မေမေကလည်း ကျွန်တော် သွားလည်တိုင်း မြသီလွာ အကြောင်း ပြောတယ်၊ မြသီလွာ ဟာ နောက်ထပ်သမီးလေးတစ်ယောက်နဲ့ မခြားပါဘူးတဲ့ သူ့အတွက် ခံစားရစေတယ်တဲ့။ ဘာပဲဖြစ်ဖြစ် ကျွန်တော် နဲ့ မဆုံခင်မှာ မြသီလွာ ကဗျာ့တို့ကို ကူညီထားခဲ့တာတွေ ဖြစ်ပေမဲ့ ကျွန်တော်က ကဗျာ့ဘက်ကနေ ထပ်ပြီး ကျေးဇူး တင်မိပါတယ်ဗျာ"

"သီလွှာ စိတ်ထဲမှာ ငါကတော့ ကူညီထားလိုက်ရတယ် ရယ်လို့ မမှတ်ပါဘူး။ ကိုယ် လုပ်ပေးနိုင်တာကို လုပ်ပေး တဲ့သဘောပါ။ ကိုယ့်ကြောင့် တစ်ဖက်သား အဆင်ပြေသွား တယ်ဆိုတာ သိရရင်ပဲ ကျေနပ်ပါတယ်၊ ကျေးဇူးတင် စကား အပြောခံချင်လို့လည်း မဟုတ်ပါဘူး"

အနုပညာလောကရဲ့ ထုံးစံအတိုင်း ကောလာဟလ သတင်း ဟုတ်တာတွေရော၊ မဟုတ်တာတွေရော ထွက်တတ်သည် ဖြစ်ရာ အဲဒီလိုသတင်းထွက်ခံရတဲ့ အထဲမှာ ကဗျာလည်း ပါ၏ ပြန်လျှင် မင်းပျို့ အထင်မလွဲအောင် တကယ်ထင်မသွားလေအောင် ဝိုင်းဖြေရှင်းရတဲ့အထဲမှာ မြသီလွာလည်း ပါသည်။ ကဗျာ လည်း ...





"မောင်က နင်ပါ ဝင်ဖြေရှင်းပြရင် ပိုယုံတတ်တယ်ဟဲ့။ ငါ့ အကြောင်းတွေကို နင့်ပြောမှ သူက သံသယကင်းမှန်း ငါ သတိထားမိတယ်၊ ဒီတော့ နင် ဝင်ကူပြီး ရှင်းပြပေး ပါဦး သီလွာရယ်၊ ကဗျာ့ကို မနာလိုတဲ့ အုပ်စုက သတင်း လွှင့်တာကို ခံလိုက်ရတာလို့ ကူပြောပေးပါဦး"

ဆိုပြီး အကူအညီ တောင်းပြန်လျှင် မြသီလွာ တစ် ယောက် ဝင်ရှုပ်ကြွေးမကုန်နိုင်စွာပင် သူတို့ ချစ်သူနှစ်ဦးကြား ပြေ လည်ဖို့အရေး၊ သံသယတွေ ရှင်းဖို့အရေး ဝင်ပြောဆို ဖြေရှင်းပေး ရတတ်စမြဲ။ သူတို့နှစ်ဦး သံသယတွေကင်းပြီး အဆင်ပြေ ပျော် ရွှင်နေတာကို တိတ်တခိုး မျက်ရည်သုတ်ရင်းကပဲ ကိုယ်မပိုင်ဆိုင် နိုင်သည့် အရာတစ်ခုကို မတမ်းတတော့ဖို့ စိတ်ဆုံးဖြတ်နေရဆဲ ပင်။

"နီလာကကွယ် အခုမှ အရေးတကြီး ဘာတွေလာတယ် ရယ် မသိပါဘူး။ ဖိုးသားနဲ့ ဘုတ်ဘုတ်ကို စီစဉ်ပေးကြရ အောင်တဲ့။ ဖြူဖြူတို့ဘက်က ကျေနပ်ရင် အချိန်တောင်မဆိုင်း ချင်ဘူး။ ဒီတစ်လ နှစ်လအတွင်းပဲ စေ့စပ်လက်ထပ်လုပ် ပေးချင်နေပြီတဲ့လေ၊ ကဲ ... သမီး ဘယ်လို သဘောရ လဲ"

တစ်ရက်မှာ သီလွှာမေမေ ဒေါ်ဖြူမြသွေးက စတင် ပြောလာပါသည်။ ငယ်ငယ်လေးတည်းက ပုံပြင်လိုလို တကယ်ပဲ



www.burmeseclassic.com

www.burmeseclassic.com



လိုလို ကြားထားဖူးသော ဖိုးသားနဲ့ သဘောတူထားတယ်ဆိုသည့် စကားကို အခုတကယ် ကြားရပြန်တော့လည်း သီလ္လာ အတွက် ပိုပြီးထူးဆန်းမနေပြန်ပါ။

"သီလ္လာ ... ဘာမှ မသိဘူး မေမေ"

"သမီးလည်း မိန်းကလေးတစ်ယောက် အနေနဲ့ဆို နှစ်ဆယ့်လေး နှစ်ဆယ့်ငါး အရွယ်ဟာ ငယ်တယ်လို့ မဆိုသာတော့ပါဘူးလေ။ သမီးဟာ ချစ်သူရည်းစား ရှိရင်တော့ ပြော မေမေတို့ အတင်းမစီစဉ်ပါဘူး။ ချစ်သူရည်းစား မရှိဘူးဆိုရင်တော့ ဖိုးသားဟာ သမီးအတွက် အသင့်တော်ဆုံးပါပဲ။ ငယ်ငယ်လေးတည်းက မိဘချင်း အထူးသဖြင့် မေမေတို့ အမေချင်းလည်း အချစ်ဆုံး သူငယ်ချင်း Best Friend တွေ။ အားလုံး အကြောင်းအတွင်းသိ အစင်းသိဆိုတော့ ဘာမှ စိတ်မချစရာ မရှိဘူး"

"ဖိုးသားကိုမှ သီလ္လာ တစ်ခါမှ မမြင်ဘူးတာ"

"အို ... မပူနဲ့၊ ဖိုးသားက ရုပ်ဆိုးတဲ့လူလည်း မဟုတ်ပါဘူးရှင်။ ခတ်လိုက်မင်းသားလိုပဲ ချောပါတယ်"

"ဖိုးသားကလည်း သီလ္လာ့ကို မမြင်ဖူးဘူး"

"သီလ္လာကလည်း နဖူးမောက်သွားကျဲ ရုပ်ဆိုးနေတဲ့ မိန်းကလေးမှ မဟုတ်တာ။ ကိုယ့်သမီးမို့ ကိုယ်ချီးမြှောက်ပြောတာ မဟုတ်ဘူး။ သမီးလည်း လှတာပဲ၊ ကဗျာနဲ့ သွားယှဉ်နေ





ရင်တော့ ဘယ်မိမလဲ။ ကဗျာကကျတော့ ရှားရှားပါးပါး ပါပဲ၊ အပြစ်ပြောစရာ မရှိအောင်လှတဲ့ အလှမျိုးလေ။ သူ့လိုမျိုး ကုသိုလ်ကံကောင်းဖို့က လူတစ်ရာမှာ နှစ်ယောက် သုံးယောက်ထက် မပိုဘူး"

မြသီလ္လာသည် ခုချိန်မှာ မင်းပျိုကိုပဲ ကိုယ့်နှလုံးသားမှာ ချစ်လို့ရဆဲဖြစ်မှန်း သိပေမယ့် မရနိုင်တော့တာကို မတမ်းတချင်တော့ပြီမို့ ဖြစ်သင့်တာကိုပဲ ရွေးချယ်ဆုံးဖြတ်ဖို့ပဲ တွေးမိပါသည်။ ချစ်တာတော့ ချစ်တာပဲပေါ့။ ဒါပေမဲ့ ဝတ္ထုတွေ၊ ရုပ်ရှင်တွေထဲကလို ကိုယ့်ချစ်သူကိုမှ မရရင် ဘယ်သူ့ကိုမှ လက်မတွဲဘူး၊ ဘယ်သူ့ကိုမှ လက်မထပ်ဘူး ဆိုတဲ့ ကိုယ့်ဘဝကိုယ် အထီးကျန်စေတဲ့ ဆုံးဖြတ်ချက်မျိုးတော့ သီလ္လာ့မှာ မရှိခဲ့ပြန်ပါ။ လူ့ဆိုတာ အပျိုအရွယ်ဘဝမှာ မိဘနဲ့ နေမယ်၊ မိဘမရှိတော့ရင် ကိုယ့်ဘဝ ကိုယ့်မိသားစု ကိုယ့်ရဲ့မျိုးဆက်ဆိုတာလည်း ရှိသင့်တယ်ဟု ယူထားလေရာ မေမေ့စကားကို ငြင်းလိုက်ဖို့လည်း စိတ်ကူးမရှိပါ။

"မေမေတို့ ကြိုက်သလို ဆုံးဖြတ်ပါ၊ သီလ္လာကတော့ ဘဝမှာ စိတ်ဆင်းရဲရတာတွေ မကြုံချင်ဘူး။ ဒါကြောင့် ကိုယ့်မိဘ ကောင်းမယ်ထင်လို့ စီစဉ်ပေးတာ လက်ခံရင် ဘယ်တော့မှ စိတ်ဆင်းရဲရမှာ မဟုတ်ဘူးလို့ ယုံကြည်ပြီး မိဘစီစဉ်တာကို လက်ခံမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ လက်ခံပြီးတဲ့အထိ သိလ္လာဟာ ကိုယ်နဲ့လက်ထပ်ရမဲ့လူကို ဘယ်လောက် စိတ်ဝင်စားသလဲဆိုတာ ဖိုးသား သော နာမည်ကလွဲရင် "မင်းပျို"ဟူသည့် လူတစ်ယောက် ဖြ နေမယ်မှန်း မသိခဲ့သေးပါ။ လူကြီးချင်း တွေ့ဆုံစကားပြော သော နေ့မှာမှ သိလ္လာ သိခွင့်ရပြီး တအံ့တဩ ဖြစ်ရပေမဲ့ မင်း ကတော့ အဲဒီနေ့ကတည်းက ဘုတ်ဘုတ်ဟာ မြသိလ္လာမှန်း ထားပြီးပြီမို့ မျက်လုံးချင်း ဆုံဆုံချင်းမှာ မေးခွန်းတွေပါသော အကြည့်ဖြင့် စတင်ကြည့်ခဲ့တာ ဖြစ်သည်။

နှစ်ဖက်မိဘဆွေမျိုး လူကြီးစုံတွဲတွေကတော့ စေ့စပ် လက်ထပ် အစီအစဉ်တွေကို ပြောဆိုဆွေးနွေးလို့ ကောင်းနေ သိလ္လာနဲ့ မင်းပျိုတို့ကတော့ တစ်ယောက်ကို တစ်ယောက် တိ ဆိတ်စွာ အကဲခတ်ဆဲ။ သိလ္လာကတော့ ဖိုးသားဟာ မင်းပျိုလာ ဆိုသည့် မေးခွန်းဖြင့် အိပ်မက်လားထင်ပြီး ကြည့်မိတာ။ မင်း ကတော့ မင်း့သိရက်သားနဲ့ ဘာကြောင့် ခေါင်းညိတ်လက်ခံသ ဆိုတဲ့ မေးခွန်းတွေပါတဲ့ အကြည့်ဖြင့် စူးစူးရဲရဲကိုကြည့်တာ

"ကလေးတွေ ဆွေးနွေးချင်တာလေးတွေ ရှိမှာပေါ့။ နှ ယောက်အတူ သီးသန့်စကားပြောရင် ပြောကြဦးလေ"

နှစ်ဖက်မိဘတွေ၏ ခွင့်ပြုမှုဖြင့် နှစ်ယောက်တည်း သီးသန့်စကားပြောခွင့် ရသောအခါမှသာ မင်းပျိုထံမှ ...





"မြသိလ္လာ ... မင်း၊ ငြင်းမယ်လို့ ငါထင်ပြီး စောင့်နေခဲ့တာ။ မင်း ဘာကြောင့်မငြင်းသလဲ၊ ငါနဲ့ မင်းရဲ့သူငယ်ချင်း ကဗျာ အကြောင်း မင်း အကုန်သိထားတယ်လေ"

ဟု စတင်ပြီး မေးခွန်းတွေနဲ့ တိုက်ခိုက်ခံရတော့တာ ဖြစ်ပါသည်။

"ဖိုးသားဟာ ကိုမင်းပျိုမှန်း သိလ္လာ တကယ် မသိခဲ့လို့ပါ"

"မဖြစ်နိုင်ပါဘူး၊ ဟား ဟား ဟား ... မဖြစ်နိုင်တာ မပြောစမ်းပါနဲ့ မြသိလ္လာ။ ငါတောင် ဘုတ်ဘုတ် ဆိုတဲ့ ငယ်နာမည်လိုက်ရှင် ကောင်မလေးရဲ့ အခုနာမည်အစစ်ဟာ မြသိလ္လာလို့ သိနေသေးတာပဲ"

"အဲဒါ ကိုမင်းပျိုအမေက သေသေချာချာ ပြောပြထားလို့ ဖြစ်မှာပေါ့"

"မပြောပြထားပါဘူး၊ ငါလည်း တစ်သက်လုံး ဘုတ်ဘုတ်ပဲ သိလာတာ။ မေမေက လက်ထပ်ဖို့ စီစဉ်ပေးမယ် ပြောတော့မှ ဘုတ်ဘုတ်က အခုဆို နာမည်လေးကလည်းလှ၊ လူလေးကလည်းလှလို့ ထည့်ပြောတယ်၊ မြသိလ္လာ ဆိုတဲ့ နာမည်လေးနဲ့ သိပ်ကို ကျက်သရေရှိတာလို့ စကားထဲထည့်ပြောတယ်၊ ဒီတော့မှ ငါလည်း တအံ့တဩနဲ့ သိခွင့်ရတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုမင်းပျို့ အရင်သိရင် အရင်ငြင်းဖို့ ကောင်းတယ် သိလ္လာက တကယ်မသိတာပါ၊ ယုံပါ၊ ကျိန်တောင်ပြော ပါတယ်၊ ဖိုးသား ဆိုတဲ့ နာမည်ကလွဲရင် ဓာတ်ပုံလည်း မြင်မထားပါဘူး။ မေမေ ပြောတာကိုပဲ ယုံပြီး တစ်နေ့ ရင် ဒါပဲဖြစ်ရမယ်လို့ ဆုံးဖြတ်ပြီးသားမို့လို့ ခေါင်းညိတ် လိုက်တာပါ ကိုမင်းပျို့ရယ်"

"တောက် ... မင်းကိုယုံပြီး မင်း ငြင်းရင်တော့ ရှမ်း မင်းဘက်က ဘာအကြောင်းမှ မပြန်ရင် မေမေတော့ ကိစ္စကို လက်လျှော့သွားမှာပဲ ထင်ပြီး ငါ, အတင်းအကျ မငြင်းခဲ့တာကွာ ခံလိုက်ရပြီ။ ဒီလိုမှန်းသိရင် ငါရအော ငြင်းထားပါတယ်"

"ကိုမင်းပျို့ သိလ္လာ့ကို ဒေါသမဖြစ်ပါနဲ့။ သိလ္လာလည်း မသိလို့ပါ"

"အခု သိပြီပဲ၊ ငြင်းလေ"

"ကိုမင်းပျို့လည်း ငြင်းလေ၊ နှစ်ယောက်ပြိုင်တူ ငြင်း ဖြစ်မှာပေါ့"

"ကောင်းပြီ ... ကဲ ... ဒါဆို ခုပဲလာ။ နှစ်ဖက်လူကြီး ရာရှိတုန်း ငြင်းမယ်"

မြသိလ္လာသည် ကိုယ့်လက်ထဲ ရောက်လာနိုး ကိုယ် သိပ်နှစ်သက်မက်မောသော အဖိုးတန်ပစ္စည်းကို မကြိုက်ပါဘူး





မယူချင်ပါဘူး။ သဘောမကျပါဘူးဟု လိမ်ညာဖုံးကွယ် ငြင်းပစ်ရသည်အထိ ဝဋ်ကြွေးက ကြီးလှပါသည်ဟုပင် ကိုယ့်ကိုယ်ကိုယ် တွေးလိုက်မိသည်။ နှစ်ယောက်သား အပြင်မှာ ထိုင်စကားပြောနေရာမှ အိမ်ထဲ ဝုန်းဆိုဝင်လာ၊ မင်းပျို့ကစပြီး ...

"ဖေဖေ၊ မေမေ ... သား မြသိလ္လာနဲ့ စီစဉ်တာကို လက်မခံပါရစေနဲ့၊ သားမှာ ချစ်သူရှိတယ်"

ဟူ၍ ပြောလိုက်သဖြင့် မင်းပျို့ဘက်က မိဘဆွေမျိုးသားချင်းတွေမှာ တဟဲ့ဟဲ့ အော်တာကြပြီး မျက်စိမျက်နှာပျက်ကုန်ကြတော့သည်။ မင်းပျို့ဟာ သူ ပြောပြီးပြီးချင်းမဲ့ မြသိလ္လာဘက်လှည့်ပြီး ...

"ပြောလိုက်လေ မြသိလ္လာ"

လို့ တိုက်တွန်းနေပြန်သည်။ သိလ္လာလည်း ကိုယ်ချစ်ရသူက ကိုယ့်ကို ခါးခါးသီးသီး လူပုံလယ်မှာ ငြင်းပြတာကို ခံနိုင်ရည် မရှိခဲ့၍ ...။

"ဟုတ်တယ် ... ဖေဖေနဲ့ မေမေ၊ သိလ္လာလည်း သူ့ကို မယူနိုင်ပါဘူး။ သူ့မှာ ချစ်သူရှိတယ်၊ သူ့ချစ်သူက ကဗျာပဲ၊ ပန်းကဗျာပဲ။ သိလ္လာ့သူငယ်ချင်းပဲ၊ ဒါကြောင့် သိလ္လာ ကိုမင်းပျို့ကို လက်မခံနိုင်ပါဘူး"

မေမေကတော့ အံ့ဩပြီး ငေးနေပါသည်။ ဖေဖေကတော့ စိတ်ရှုပ်သလိုဖြင့် ခေါင်းခါလိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"လူကြီးတွေ စိစဉ်တာကို ကလေးကစားသလို ထင်ပြီး ပြောနေသလိုပါပဲကွယ်။ သားတို့ သမီးတို့ ဒီစကားကို ဒီ ရှေ့လာမပြောခင် သုံး,လေးခါလောက် တိုင်ပင်ဖို့ သင့်တယ်"

ဒေါ်နီလာခင်မှာ ချက်ချင်းပဲ မျက်ရည်တွေ ဗိုးဗိုး ပေါက်ပေါက် ကျလာပြီး ...

"အမယ်လေး ... ဖြစ်မှ ဖြစ်ရလေနော်။ တိုက်ဆိုင်လိုက်ပုံ များ။ ပန်းကဗျာနဲ့ သီလွှာနဲ့ သူငယ်ချင်း လာဖြစ်နေရတယ် လို့။ ထင်တောင် မထင်မိပါဘူး၊ တကယ်ပါ။ ဒီမှာ ... ကိုသူရနဲ့ ဖြူတို့ရယ်၊ နီလာ အမှန်အတိုင်းပဲ ဖွင့်ပြောပါ့ မယ်။ သားကိုလေ အဲဒီ မိန်းကလေးနဲ့ တွဲနေတယ်သတင်း ကြားလို့ ဆက်မပတ်သက်အောင် အကြိမ်ကြိမ်ပဲ ဖျက်ပါ့ တယ်။ သားက ဆေးမိသလိုပဲ၊ ပြောမရ ဆိုမရ ဖျက်မရ အဲဒီမိန်းကလေး အကြောင်းကို မကောင်းကို မမြင်နိုင် အောင် မှုန်နေပြီမို့ ကိုယ့်သားကိုယ် အဲဒီမိန်းကလေးလက် ထဲ မပါစေချင်တာနဲ့ သီလွှာနဲ့ ခပ်မြန်မြန် လာစီစဉ်ရတာ ပါ။ နီလာ့ဘက်က လိမ်ထား ညာထားသလို ဖြစ်ရင်လည်း ခွင့်လွှတ်ပါ၊ နီလာ သားကို သီလွှာနဲ့ပဲ စိတ်ချပါတယ်၊ သီလွှာနဲ့ပဲ သဘောတူတယ်။ အဲဒီပန်းကဗျာက တစ်စက် မှ နာမည်ကောင်းကို မရှိဘူး။ ဒါကြောင့် ဘယ်လိုမှ သဘောတူပေးလို့ကို မရပါဘူးရှင်"





ကျန်တဲ့ မင်းပျိုတို့ဘက်က ဆွေမျိုးသားချင်းတွေ ကလည်း ဒီကိစ္စ အကုန်သိထားပြီး ဖြစ်ဟန်နှင့် သီလွှာ့မိဘနှင့် သီလွှာ့ဆွေမျိုး လူကြီးစုံတွဲတွေကို ဝိုင်းဖျောင်းဖျ နားချ ဝိုင်းပြော ပေးကြသလို ကဗျာ့ အကြောင်းတွေလည်း ကော,လာဟလကြား တာနဲ့ ပေါင်းပြီး၊ မကောင်းပြောကြသံတွေထဲ သီလွှာ ဘယ်လိုများ ဝင်ဖြေရှင်း ငြင်းပေးလို့ ရနိုင်ပါ့မလဲ။ မင်းပျိုတောင်မှ သူ့ဘက်သူ ပြောလို့ မရတာ။ သီလွှာလည်း ပြောလို့ရသင့်သလောက်ပဲ ပြော ပေးနိုင်ခဲ့ပါသည်။

သီလွှာ သူငယ်ချင်းကောင်း ပီသစွာပင် ...

"ကဗျာက အနေမှန်တဲ့ မိန်းကလေးပါ၊ အန်တီ ကြားထား တဲ့ သတင်းတွေကလည်း ဒီလိုပါပဲ၊ မလိုသူတွေ လွှင့်တဲ့ သတင်းလည်းပါတယ်။ ပြီးတော့ သူတို့လောက,ကလည်း ဒီလိုပဲ ရောရောနှောနှော တရင်းတနှီး သိပ်နေကြရတော့ ဘေးလူအမြင်မှာ အထင်လွဲစရာ ဖြစ်တာလည်း ပါပါတယ်"

ဟူ၍ ပြောပေးသင့်သလောက် ပြောပေးပေမဲ့ ဒေါ်နီလာခင်က, မရ။ လက်မခံ။ နားမဝင်။

"သီလွှာက သူငယ်ချင်း အဆင့်ပါကွယ်၊ ပြီးတော့ အန်တီ နဲ့ သီလွှာ့မေမေ ဖြူတို့လို ငယ်သူငယ်ချင်းလည်း မဟုတ် ဘူး။ ကြီးမှတွေ့ပြီး ပေါင်းသင်းခင်မင်ရတာ၊ သူ့အတိတ် သူ့အကျင့်ကို ဘယ်လောက်များ သိနိုင်မှာလဲ။ သူ ပြန်

www.burmeseclassic.com

www.burmeseclassic.com



ပြောသလောက်ပဲ သိလ္လာလည်း သိရမှာ။ အတွင်းသိ အစင်းသိတော့ မဖြစ်နိုင်ပါဘူး"

မင်းပို့ အဖေကလည်း ...

"အန်ကယ်လ်တို့က မြန်မာလူမျိုးပီပီ ကိုယ့်သားလက်ထပ်မဲ့ မိန်းကလေးဟာ မျိုးဂုဏ်ရိုးဂုဏ်နဲ့ ရှိမှ။ နာမည်ပျက်လည်း ကင်းမှ။ ပြီးတော့ ရှင်းရှင်းပြောရရင် အပျိုစင်လည်း ဖြစ်မှ ကြည်ဖြူတယ်။ ကိုယ်က သားမွေးထားတာလေ။ နွားမွေးထားတာမှ မဟုတ်တာ။ ကိုယ့်သားက ကွယ်ရာမှာ လူဟားစရာ တော့်ကြီး အကြီး ဖြစ်မှာမျိုးကျ မခံချင်ဘူး၊ အဲဒီမိန်းကလေးမှာ ကိုယ်ကျင့်တရား ကောင်းရင် ဒီလို သတင်းမျိုးတွေက ထွက်လာစရာ မရှိဘူးလေ"

သဘောမကျကြောင်း ဒီလေသံပဲ ထွက်သလို မင်းပို့ ဘက်က ဆွေမျိုးသားချင်း ဦးလေး၊ အဒေါ်များကလည်း ...

"အနုပညာလောက,က လူတွေဟာ ဒီလိုချည်းပါပဲ၊ အသံထွက်ရင် သတင်းထွက်ရင် သူတို့လောက် မဟုတ်ပါဘူး ငြင်းတာလည်း မရှိဘူး။ ပြီးတော့ကျ အဲဒီသတင်းထွက်တဲ့ အတိုင်း တကယ်ဖြစ်နေတာပဲ၊ သတင်းအခုတစ်ရာမှာ ကိုးဆယ့်ရှစ်ခုလောက်က အမှန်တွေဖြစ်နေတာပဲ။ ဒါကြောင့် ကိုယ့်တူသားကို အဲဒီမိန်းကလေးနဲ့ မပတ်သက်စေချင်တာပါ။ ကိုယ့်ဆွေမျိုး တူသားတစ်ယောက်ရဲ့ ဇနီးမယား





ဖြစ်လာရင် မဖြစ်မနေ ဆက်ဆံရမယ်လေ။ အဲဒီအခါ ကိုယ့်နောက်ကွယ်မှာ အပြောခံရမှာတွေ တွေးပြီး သဘော မကျနိုင်တာလည်း ပါပါတယ်လေ"

ဟိုဘက်က မိဘဆွေမျိုးသားချင်းတွေ ဝိုင်းဖြေရှင်း သံများကြားတွင် ဒီဘက်က မိဘဆွေမျိုးသားချင်းတွေလည်း ခေါင်းတညိတ်ညိတ်၊ နားထွောင်လက်ခံရမလို ဖြစ်နေခဲ့သည်။ ဒေါ်နီလာခင်က သိလ္လာမေမေရဲ့ လက်မောင်းကို ဖက်တွယ်ဆုပ် ကိုင်ရင်း မျက်ရည်လည်း တသုတ်သုတ်ဖြင့် ...

"ဖြူရယ် ... စိတ်ချပါ။ ဖြူ့သမီးလေးဟာ ကိုယ့်သမီး လေးပါပဲ။ နီလာ့သားကို ယူလိုက်ရလို့ ဖြူ့သမီးလေးဆီ မှာ ဘာမှ စိတ်ဆင်းရဲစရာ မကြုံစေရပါဘူး၊ စိတ်ချပါ၊ နီလာ ကတိပေးပါတယ်"

ဟူ၍ တတွတ်တွတ် ပြောကာ ကထိတွေ ပေးပါ သည်။ မေမေကတော့ အားလုံးရှေ့မှာပင် ...

"ဖြူကတော့ သမီး သဘောပါလေ။ သမီး စိတ်မပါတော့ရင် မစီစဉ်ချင်တော့ပါဘူး။ သမီး စဉ်းစားပါစေဦး"

သိလ္လာ မေမေ့ကို ကျေးဇူးတင်စွာ ပြန်ကြည့်မိပါ သည်။ တကယ်တော့ သိလ္လာ့ထံတွင် သိပ်တော့လည်း စဉ်းစားစရာ မလိုသလို ဖြစ်နေပြန်သည်။ သူငယ်ချင်းအတွက် အနစ်နာခံပြီး ကိုယ်တိတ်တခိုး ချစ်ရသူကို ငြင်းလိုက်ရင် ကောင်းမလား၊ ဒါမှ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ရင်လည်း အချစ်မှာ အနစ်နာခံတယ်၊ စွန့်လွှတ်ပြီး ချစ်မယ်ဆိုတဲ့ အယူအဆဟာ မှားနေတယ်၊ တကယ်တော့ ကိုယ်ချစ်တဲ့သူကို ကိုယ်ပဲ ဘယ်လိုနည်းနဲ့ ပိုင်ဆိုင်ရပါစေ၊ ပိုင်ဆိုင်နိုင်ရမယ်ဆိုတဲ့ အယူအဆက မှန်တယ်၊ လက်ခံသင့်တယ်လို့ပဲ ယူဆရင် ကောင်းမလား တွေးကြည့်ရင်းနဲ့ပဲ ...။ အဲဒီလိုနဲ့ပဲ ...။ မြသိလ္လာ ဆိုတဲ့ မိန်းကလေးဟာ ... ...။ ... ...။

❀ ❀ ❀





## အပိုင်း(၃)

### (ထိုသို့...ဆုံးဖြတ်ပြီးသောအခါ)

www.burmeseclassic.com

www.burmeseclassic.com







## ၁၂

"သား ... ဆိုင်ဘက် လမ်းကြုံရင် ခဏဝင်ခဲ့ကွယ်၊ မမေ ဆွေးနွေးစရာလေးရှိလို့။ ဖုန်းနဲ့လည်း အကြာကြီး မပြော ချင်ဘူး။ လူချင်း အေးအေးဆေးဆေး တွေ့ချင်တာ"

"ဒါဆို ... သား, အိမ်လာခဲ့မယ်လေ မမေ"

"ညဘက် မမေတို့ မရှိဘူး။ ဖေဖေ့ အလုပ်က ဖိတ်ထား တဲ့ ဒင်နာတစ်ခု သွားရမယ်"

"မမေ ဆွေးနွေးချင်တဲ့ ကိစ္စက အရေးကြီးလို့လား"

"အမယ်လေး ... မောင်မင်းပျိုရယ်။ မအေခေါ်တာပဲ အရေး ကြီးတဲ့ကိစ္စရှိမှ လာရမှာလား။ မင်း,အားနေတာပဲ၊ ဝင်လာ ခဲ့ပေါ့၊ ဘာဖြစ်နေရတာလဲ၊ တကတည်းမှပဲ"

"ကောင်းပါပြီ၊ မမေ။ သား လာပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



မင်းပျိုသည် မေမေ့ထံမှ ထိုသို့ ဖုန်းဆက်ခေါ်
သဖြင့် မရောက်တာ ကြာပြီဖြစ်သော မေမေ့ဆိုင်ကို ဝင်ရပါသည်
မေမေ့ဆိုင်နှင့် ကပ်ရပ်တွင် မြသီလ္လာ၏ စာရေးကိရိယာ
ကြီးလည်း ဖွင့်ပြီးနေပြီ။ မင်းပျို တစ်ခေါက်မှပင် မရောက်
သေး။ စိတ်လည်းမဝင်စား၍ သွားပင်မကြည့်မိ။ ဒီနေ့
မေမေ ခေါ်၍ ဒီရှော့ပင်းစင်တာကြီးကို ဝင်ရပြီဖြစ်ရာ မြသီ
ရဲ့ စာရေးကိရိယာ အရောင်းဆိုင်ကြီးကို တွေ့ရမည် ဖြစ်သ
မေမေ့ဆိုင်ကို မရောက်ခင် မြသီလ္လာ၏ဆိုင်ကို အရင်ဖြတ်
သည်။ ဆိုင်အမည်ပင် ခုမှ သိရသည်။ အံမာ ... "True L
Stationary Store"တဲ့။ ကြံကြံဖန်ဖန် နာမည်ပေးထားပုံ
စာရေးကိရိယာအရောင်းဆိုင် ဆိုပေမဲ့ ခါတ်ပုံအယ်(လ်)ဘမ်
စားပွဲတင် မှန်ပေါင်များကိုလည်း သီးသန့် တစ်ကန့်ထား
ရောင်းတာ တွေ့ရသည်။ ကျန်တဲ့ စာရေးကိရိယာပစ္စည်းက
တကယ့်ကို စုံမှစုံပင်။ ဗလာစာအုပ်လှလှလေးတွေ၊ ရောင်စုံ
လှလှလေးတွေ၊ ဆော့ပင်နံ ပုံစံမျိုးစုံ၊ ခဲဖျက်မျိုးစုံ၊ Ma
မျိုးစုံ၊ Correction Pen ဆိုလျှင် တစ်ပုံတစ်ပင်၊ ရိုးရိုး စာ
ခဲတံလေးတွေကလည်း ပုံစံခပ်ရိုးရိုးကစလို့ ချစ်စရာကောင်း
ခဲတံပုံစံလေးတွေကအစ တွေ့ရသည်။ ဘောလ်ပင်နံ၊ ဖောင်
ဖောင်တိန်မင်အိုး၊ White Board စသဖြင့်တွေလည်း စုံလ
သည်။ ကွန်ပါဘူးတွေ၊ ခဲတံဘော်လက်ပင်နံအိတ်တွေ၊ ဖိုင်လ်





သော ဖိုင်လ်တွဲမျိုးစုံတွေ၊ ခဲတံဘောလ်ပင်နံ ထည့်သော စားပွဲတင်အိုးလေးတွေ ခွက်လေးတွေ၊ စက္ကူဖိဖန်တုံး ပုံစံလှလှ မျိုးစုံလေးတွေ၊ ဗလာစာအုပ်အဖုံးပေါ် အလှကပ်ရသော စက္ကူများ၊ စ‌ေ စ်ကာများ စသဖြင့် စုံတကာ့စုံသော စာရေးကိရိယာနှင့် ပတ်သက်သော ပစ္စည်းတွေကို လျှောက်ငေးရင်း မင်းပျိုပင် မြသီလ္လာ၏ မြင်တတ်မှု၊ ရှာရှာဖွေဖွေတင်ပြီး ရောင်းတတ်မှုတွေကို စိတ်ထဲမှာ အံ့သြချီးကျူးနေမိတော့သည်။

ဆိုင်က စတိုးအသေးလေးပေမဲ့ စနစ်တကျပင် သူ့အကန့်နဲ့သူ လိုင်းလေးတွေ ခွဲထားပြီး ပြင်ဆင်ထားသဖြင့် အလွယ်တကူ ရှာရလွယ်စေပါသည်။ ဥပမာ "ဓာတ်ပုံအယ်လ်ဘမ်များ"ဟူသော ဆိုင်းဘုတ်လေး ချိတ်ထားသော လိုင်းကိုဝင်လျှင် ဓာတ်ပုံအယ်လ်ဘမ်နှင့် ပတ်သက်သမျှ မျိုးစုံ ရှာတွေ့နိုင်တာမျိုး။ "ဗလာစာအုပ်နှင့် စာရေးစက္ကူများ"ဟူသည့် ဆိုင်းဘုတ်လေးရှိရာလိုင်း၊ "ခဲတံ ဘောလ်ပင်နံများ" ဟူသည့် ဆိုင်းဘုတ်လေးရှိရာလိုင်း ... စသဖြင့် အမျိုးအစားတူတာ သီးသန့်တစ်လိုင်းစီ ခွဲပေးထားတာမျိုး ဖြစ်ပါသည်။

မင်းပျိုဟာ မေမေ့ဆိုင် မဝင်သေးဘဲ မြသီလ္လာ၏ ဆိုင်ထဲ ဝင်ကြည့် ငေးမော စပ်စုနေမိနေပါသည်။ အရောင်းဝန် ထမ်း ကောင်မလေးက ...

"အစ်ကိုကြီး ဘာရှာတာလဲရှင်"



www.burmeseclassic.com

www.burmeseclassic.com



ဟု အနားလာရပ်ပြီး မေးတော့မှ မင်းပျို ရယ်ချင် သွားသည်။ အေးလေ ... ငါ့ကို ဘယ်သိမလဲ။ ဒီကို တစ်ခါမှ တောင် လာမှမလာဘူးတာ။ မြသီလွှာ ဆိုင်ဖွင့်တာဖြင့် သုံးလေး လလား မှတ်တောင် မမှတ်မိဘူး။ အဲဒီလောက် ရှိတော့မယ်။

"ဝင်ကြည့်တာပါ၊ ဘာမှ မရှာပါဘူး"

"ဪ ... ဟုတ်ကဲ့ရှင်၊ ကြည့်ပါ ... ရပါတယ် တကယ်လို့ လိုအပ်တာ ရှာမတွေ့တာမျိုး ရှိရင် ကူညီ သမီး လာမေးတာပါ"

"ရပါတယ်"

မင်းပျို စိတ်ကလည်း တစ်မျိုး။ မြသီလွှာရဲ့ဆိုင်ထဲ ဝင်ပြီးကြည့်မိတာကို မြသီလွှာ တွေ့သွား၊ မြင်သွားမှာလည်း စိုးရိမ်လေရာ မြသီလွှာ မမြင်ခင် ဆိုင်ထဲက ပြန်ထွက်လိုက်ဖို့ လည်း စဉ်းစားထားပါသည်။ မြသီလွှာက ဘယ်ရောက်နေသည် မသိ။ ဆိုင်ထဲမှာတော့ မတွေ့သေးပါ။ အပြင်ထွက်ပြီး တစ်ခုခု သွားဝယ်စားနေသလား။ ဈေးထဲပဲ ပတ်ကြည့်နေသလား မသိ။ မင်းပျိုလည်း စိတ်ကြိုက်ဝင်ကြည့်ပြီးပြီဖြစ်ရာ၊ ဆိုင်အပြင် ပြန် အထွက်မှာပင် မြသီလွှာကို တွေ့လိုက်ရပါသည်။

မြသီလွှာသည် သူမနှင့်ရွယ်တူ အသက်ချင်းမတိမ်း မယိမ်းလောက်ရှိမည့် ယောကျ်ားတစ်ယောက်နှင့် ရယ်ရယ်မော မော စကားပြောလျက် ဆိုင်ထဲကို ဝင်လာတာ ဖြစ်သည်။ ထို





ယောကျ်ား၏ မျက်လုံးတွေက အထူးပင် နူးညံ့သိမ်မွေ့စွာ မြသီလွှာကို ငုံ့ငုံ့ကြည့်ပြီး စကားပြောလာတာလည်း ဖြစ်သည်။ မြသီလွှာကလည်း ထိုသူ့ကို မော်မော်ကြီး ခင်မင်နှစ်လိုဟန်ဖြင့် ရယ်ရယ်မောမော ပြန်ကြည့် စကားပြောနေတာမျိုးလည်း ဖြစ်နေ လေသည်။

ရုတ်တရက်တွေ့ မင်းပျို၏ စိတ်ထဲတွင် ဒေါသဖြစ် ချင်သလိုလို၊ ဘာလိုလို ခံစားလိုက်ရသည်။ ငါ့ ကွယ်ရာမှာ ယောကျ်ားတွေနဲ့ ရယ်လားမောလား လုပ်ပြီး ပျော်နေတယ်ပေါ့၊ ဒါလား မိန်းမကောင်းဆိုတာ။ ကဗျာကိုတော့ ဝိုင်းအပြစ်တင်ကြ ပြီး မြသီလွှာ ဒီလိုဖြစ်နေတာကျတော့ ဘယ်သူကမှ အပြစ်မတင် ကြဘူးတဲ့လား။

မြသီလွှာသည် ဆိုင်ဝတွင် ရပ်နေသော မင်းပျိုကို လည်း မင်းပျို မြင်ထားပြီး မကြာမီ သူမပါ ပြန်မြင်တွေ့သွားပါ သည်။

"ဟယ် ... ကိုမင်းပျို၊ ဆိုင်ဘက်ဝင်ကြည့်တာလားဟင်။ အခုမှ ရောက်တာလား"

မြသီလွှာဘေးမှ အမျိုးသားကတော့ မင်းပျိုကိုပါ ဆက်ပြီးပြုံးကြည့်နေဆဲ။

"မေမေ့ဆိုင် ဝင်လာရင်း လမ်းကြုံတာနဲ့ ဝင်ကြည့်တာပါ"

"သီလွှာ့ကို ကြိုဖုန်းဆက်ထားရောပေါ့။ သီလွှာ စောင့်နေ



www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့။ ခုတော့ ... ဩော် ... နေဦး။ မိတ်ဆက်ပေးရဦးမယ်။ ဟဲ့ ... ညီနိုင် ... ဒါ ... ငါ့ရဲ့ဟို ...”

“အေးပါ ... အေးပါ ... ငါသိပါတယ်၊ နင့်အမျိုးသား ကိုမင်းပျို မဟုတ်လား၊ အမယ်လေးဟယ်၊ ကိုယ့်ယောကျ်ားနာမည်ပြောပြီး မိတ်ဆက်ပေးရမှာများ စကားလုံးရှာမတွေ့ဘူး ဖြစ်နေရတယ်လို့၊ နင်ကတော့ တကယ့်ကမ္ဘာ့အံ့ဖွယ်ပဲ”

ထိုသူက မြသီလွာ စကားထစ်အကြာရှည်နေသည်ကို စောင့်နားထောင်မနေတော့ဘဲ ကြားဖြတ်ပြောပြီး တဟားဟားလည်း ရယ်ပါသည်။ အမှန်တော့ မြသီလွာသည် မင်းပျိုကို လူရှေ့သူရှေ့မှာ “ကျွန်မရဲ့ အမျိုးသားပါ”၊ “ကျွန်မရဲ့ ခင်ပွန်းသည်ပါ”၊ “ကျွန်မရဲ့ယောကျ်ားပါ”ဆိုသော စကားအသုံးအနှုန်းမျိုး သုံး၍မိတ်ဆက်ပေးရမှာ ရှံ့နေတာ ဖြစ်သည်။ ဒီစကားလုံးက သူမအတွက် သုံးလည်းသုံးခဲသော စကားလုံးမျိုး ဖြစ်နေခဲ့ပါသည်။ အထူးသဖြင့် မင်းပျို ရှေ့မှာဆိုရင် ပိုခက်နေလေသည်။ မင်းပျို မပါဘဲ သူမ တစ်ယောက်တည်း ပြောဆိုရသည့် အချိန်မျိုးဆိုလျှင်တော့ ထိုစကားလုံး အသုံးအနှုန်းများကို ရဲရဲဝံ့ဝံ့ ပြောရဲဆိုရဲနေပြန်သည်။ သူမ အဓိက မဝံ့မရဲ ဖြစ်နေသူက မင်းပျိုပင်။ လက်ထပ်ပြီးတာဖြင့် ခြောက်လရှိပြီ။ တစ်ယောက်နဲ့ တစ်ယောက် သိပ်ကို သူစိမ်းဆန်နေဆဲ ဖြစ်သည်ဆိုတာကိုတော့ သူရော





ယ်ပါ သိနေခဲ့သည်။ တကယ်တော့ အဓိက,က မင်းပျိုပါ။ ပျိုက စိမ်းကားလေလေ၊ သီလွာမှာ ပို၍ ခပ်စိမ်းစိမ်း နေပြရလေတည်း။

“ကိုမင်းပျို ... သူက သီလွာနဲ့ အိမ်နီးနားချင်းဖြစ်ခဲ့တဲ့ ငယ်သူငယ်ချင်းပဲ ညီနိုင်တဲ့”

“ကျွန်တော်နဲ့ သူက မန္တလေးမှာ အတူတူ နေခဲ့ကြတာဗျ။ သူက အဘိုးအဘွားနဲ့ လာနေပြီး၊ သူ ကိုးတန်းလား ဆယ်တန်းလား မသိဘူး။ အဲဒီကျမှ ရန်ကုန် ပြန်ပြောင်းသွားလို့ သိပ်မဆုံဖြစ်တော့တာပေါ့၊ အရင်က သိပ်ခင်တာ”

“ဟုတ်ကဲ့ ... သိရတာ ဝမ်းသာပါတယ်”

နှစ်ယောက်သား လက်ဆွဲ နှုတ်ဆက်လိုက်ကြပါသည်။ မင်းပျို စိတ်ထဲမှာတော့ ညီနိုင့်ထံတွင် မြသီလွာနဲ့ ပတ်သက်ပြီး တစ်စုံတစ်ခု ရှိနေခဲ့မည်ဟု ခံစား၍ ရလာပါသည်။ ဒါဆိုရင် ဘယ်လောက် အဆင်ပြေလိုက်မလဲ။ မြသီလွာလည်း ညီနိုင်နဲ့ပေါင်း၊ ငါလည်း ကဗျာနဲ့ပေါင်း၊ နှစ်တွဲပြန်တွဲပြီး အဆင်ပြေပြေနဲ့ ဒီဇာတ်လမ်းကို ပြီးဆုံးလိုက်သင့်ပြီပဲ။ ဒီကိစ္စ သီလွာကို ပြောမှဖြစ်မယ်။

“တက္ကသိုလ်တက်ဖို့ သူက ရန်ကုန်မှာ လာတက်ပါလား ဆိုပြီး ခေါ်သေးတယ်၊ ကျွန်တော်က ရန်ကုန်မရောက်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



မိဘတွေ အစီအစဉ်နဲ့ စင်ကာပူမှာ ကျောင်းသွားနေလို့ ရတော့ ပိုပြီးအဆက်အသွယ် ပြတ်ကုန်တယ်လေ။ လက်ထပ်သွားတာတောင် ဟိုတလောကမှ မြန်မာပြည် ပြန်ရောက်မှ သိရတယ်"

"သြော် ... ဒါဆို ပြန်ရောက်တာ သိပ်မကြာသေးဘူး ဘဲ"

"အမှန်တော့ ကျောင်းပြီးတာ ကြာပြီဗျ။ ကျွန်တော် အလုပ်ဆက်ဝင်နေတာနဲ့ ဒီပြန်မလာဖြစ်တာမျိုးပါ။ သူများ တွေလို ခဏခဏ သွားလိုက် ပြန်လိုက်လည်း မလုပ်မိဘူး တစ်နေရာတည်း မြဲနေခဲ့မိတာလည်း ပါပါတယ်"

သြော် ... ဒီလူ ပြောချင်တာက ဒါကိုနောင်တ နေသလားပဲ။ မြန်မာပြည် ခဏခဏ ပြန်မလာမိလို့ မြသီလွာ မဆုံဖြစ်တော့ဘဲ အချိန်နှောင်းမှ ပြန်ဆုံရတယ်ဆိုပြီး နောင်တ နေသံနဲ့ပဲ။ စိတ်ချ ... ခင်ဗျား နောင်တမရစေရပါဘူး။ မြသီလွာ ကို ခုထိ ခင်ဗျား ပိုင်ဆိုင်ခွင့် ရှိနေပါသေးတယ်။ မင်းပျို့ဟာ သူ့ စိတ်ကူးနဲ့သူ အဆင်ပြေလျက် တော်တော်စိတ်ချမ်းသာနေ သည်။

"ကိုမင်းပျို့က (---) Tower မှာ ကင်မရာဆိုင်ဖွင့်ထား တယ်နော်"

"ဟုတ်ပါတယ်၊ လမ်းကြုံရင် ဝင်ကြည့်ပါဦး"





"ကျွန်တော်လည်း အဲဒီ Tower မှာပဲ၊ ကျွန်တော်တို့ စင်ကာပူကုမ္ပဏီက ရုံးခန်းအဖြစ် တစ်ထပ်လုံး လာငှားဖွင့် တာမို့ အဲဒီမှာ ဌာနေကိုယ်စားလှယ်အဖြစ် ရုံးထိုင်ရတော့ မယ်"

"ဟုတ်လား ... အဆင်ပြေတာပေါ့၊ ကျွန်တော်တို့ မကြာ ခဏ ဆုံလို့ရတာပေါ့"

"ဟဲ့ ... သီလွာ၊ ငါတို့ ခဏခဏဆုံမယ်တဲ့၊ နင် ကြိုက် ပါ့မလား"

"ဟယ် ... ဘာမကြိုက်စရာရှိလဲ၊ ကြိုက်ပါတယ်၊ ဆုံကြပါ"

ညီနိုင်က မြသီလွာကိုလည်း လှည့်ပြောတော့ မြသီလွာက ပြန်တုံ့ပြန်ရင်း မင်းပျို့ကို အသာ အကဲခတ်နေ သည်။

"ယောက်ျားတွေဆုံရင် အရက်သောက်ကြမယ် ဆိုတာ သိပါတယ်၊ သောက်တာတော့ သောက်ပေါ့၊ ဒါပေမဲ့ ကျန်းမာရေး ထိခိုက်လောက်အောင် မသောက်ကြရင်တော့ ပိုကောင်းတာပေါ့"

"တွေ့လား ... တွေ့လား ကိုမင်းပျို့၊ သူ ခုတည်းက ကြို ပြီး အမိန့်ထုတ်နေပြီ"

"ကိုညီနိုင် ဘာစားပြီးပြီလဲ၊ နေ့လယ်စာ မစားရသေးရင် ကျွန်တော် ဖိတ်ပါတယ်၊ သွားစားကြရအောင်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟောဗျာ ... ကျွန်တော်နဲ့ သိလ္လာ ခုလေးတင် ထွက်စားပြီး ပြန်လာတာ"

မင်းပျို့ ဘာရယ်မဟုတ် မြသိလ္လာကို ဖျတ်ခနဲ လှည့်ကြည့်လိုက်မိပါသည်။ မြသိလ္လာ မျက်နှာက ပကတိအပြောင်းအလဲ ကင်းလျက် ...။

"သြော် ... ဒါဆိုလည်း နောက်တစ်ခါပေါ့"

"ဟုတ်ပါတယ်၊ ဆုံဖြစ်ကြမှာပါ"

"ဒါဖြင့် ကျွန်တော့်ကို ခွင့်ပြုပါဦး၊ ဒီဘက်ဘေးဆိုင်က ကျွန်တော့်မေမေဆိုင်လေ။ မြန်မာ့လက်မှုပညာပစ္စည်းတွေ ရောင်းတာမျိုးပေါ့"

"သိလ္လာ ပြောပြပါတယ်၊ ခုနကတောင် အန်တီ့ကို ခဏ သွားနှုတ်ဆက်လိုက်ကြသေးတယ်"

"ဟုတ်လား ... ဒါဆို ဆုံပြီးပြီပဲ၊ ကဲ ... ကျွန်တော် မေမေ့ဆီ ဝင်လိုက်ဦးမယ်"

မင်းပျို့ နှုတ်ဆက်ပြီး ထွက်လာပါသည်။ ညီနိုင်ကတော့ မြသိလ္လာနဲ့အတူ မြသိလ္လာ ထိုင်နေသော စားပွဲကုလားထိုင်တစ်စုံမှာ အတူဝင်ထိုင်လိုက်ပါသည်။

"နင်တို့ လင်မယားပုံစံကလည်း ညားခါစ လင်မယားလို့ ထင်တောင် ထင်စရာ မရှိဘူး။ တစ်ယောက်နဲ့ တစ်ယောက် စကားပြောတာ စိမ်းတယ်နော်"





မြသိလ္လာ အသာပြုံးတော့ ပြုံးပေမဲ့ ဘာမှ တုံ့ပြန်ရာစကား မရှိပြန်ပါ။ တကယ်လည်း စိမ်းနေတာပဲ ညီနိုင်ရယ်။ ဘယ်လို ထုတ်ပြောလို့ ရမလဲ။ ဘေးလူကို ပြောဖို့မဆိုထားနဲ့။ ကိုယ့်မိဘရင်းတွေကိုတောင်မှ မပြောချင်တဲ့ အခြေအနေနဲ့ပါ။

"ဒီလူက လူချောပဲ သိလ္လာ။ နင် ကံကောင်းပါတယ်၊ သူ့ကြည့်ရတာ တည်တည်ကြည်ကြည်ရှိတယ်"

"နင်ပဲ ချီးကျူးပါတော့ ညီနိုင်ရယ်"

"နင် သူ့ကို ဘယ်လိုခေါ်လဲ"

"ဟာ ... ဘာ,ဘယ်လိုရမှာလဲ"

"ဝါ့ရှေ့မှာမို့ ကိုမင်းပျို့လို့ ခေါ်တာမဟုတ်လား၊ ကွယ်ရာကျ ဘာလဲ၊ ကိုကိုလား ... ကိုလား ... မောင်လား"

"ဟယ် ... ငပေါကောင်၊ ဒါ, နင်သိစရာလား၊ သူများအကြောင်းကို"

"ဟဲ ဟဲ ... ငါ့ကောင်မလေးကတော့ ငါ့ကို Honey (ဟန်နီ)ဖြစ်လိုက်၊ Darling (ဒါလင်)ဖြစ်လိုက်၊ တစ်ခါတလေ ငါ သင်ထားသလို ညီလို့ခေါ်လိုက် အမျိုးစုံပဲ"

"အန်တီချို့က Singaporian (စင်ကာပူရီးယန်း)မို့ သဘောမတူဘူး ဖြစ်နေတယ် မဟုတ်လား။ နင် အဲဒါ ဘယ်လိုလုပ်မလဲ။ ဘယ်လိုလုပ် ညှိမလဲ"

"ဒီလိုပဲ၊ မားသားကြီး လက်ခံလာအောင် ပြောရမှာပေါ့ ဟာ၊ သူက Singaporian ပေမဲ့ တရုတ်သွေး ပိုများတယ်၊



www.burmeseclassic.com

www.burmeseclassic.com



သူ့မိဘတွေကလည်း Chinese တွေရဲ့ ဓလေ့ထုံးစံအတိုင်း ပဲ၊ ယောကျ်ားလေးဘက်က သဘောကျပြီး တောင်းရမ်းတာမျိုး၊ တင့်တင့်တယ်တယ်လေး လက်ထပ်ပေးတာမျိုးကို လိုလားနေတော့ ငါတို့က ငါတို့ နှစ်ယောက်သဘောတူ လက်မထပ်ချင်ဘူး ဖြစ်နေတယ်။ သူကိုယ်တိုင်ကလည်း မိဘစကားကို နားထောင်တာလည်း ပါတာပေါ့"

"အဲဒါလည်း ကောင်းပါတယ်ဟယ်၊ နိုင်ငံခြားသူဆိုတိုင်း ပေါ့ပေါ့ရမ်းရမ်းတွေ မဟုတ်ဘဲ၊ အဲဒီလို စိတ်ဓာတ်ရှိတာမျိုးကလည်း ရှားပါတယ်"

"နင်ပါ မေမေ့ကိုဆုံရင် ဝင်ပြောပေးပါဦး"

"အေးပါ ... စိတ်ချပါ။ ငါ့သူငယ်ချင်းကို ငါပဲကူညီရမှာပေါ့"

ညီနိုင်က တစ်စုံတစ်ခုကို သတိရသွားပြီး ပြုံးစိစိ ရယ်ကျဲကျဲ ပုံစံဖြင့် ...

"ဟဲ့ ... ငါ့,နင့်ကို ငယ်ငယ်တုန်းက ရည်းစားစကား ပြောဖူးသေးတာ မှတ်မိသေးလား"

"ဟမ် ... အံမာ ... ဘာလဲခွေးကောင်၊ အဲဒါကို သတိရ ပြီး ဘာပြောဦးမလို့လဲ"

"မဟုတ်ပါဘူး၊ အခု ပြန်တောင်းပန်မလို့ပါ"

"ရပါတယ်ဟယ် ... အဲဒါ တောင်းပန်စရာ မလိုပါဘူး"

"အဲဒီတုန်းကဟာ ကိုးတန်း ဆယ်တန်းအရွယ်"ဆိုတော့ စိတ်ကစားပြီး ရည်းစားပဲ ထားချင်သလိုလို၊ ကိုယ်နဲ့အနေ





နီးတဲ့သူကိုပဲ ကြိုက်ရတော့မလိုလို ဖြစ်ပြီး နင့်ကို စာပေးမိတာပါဟာ။ တကယ်တော့ ခုမှ ပြန်တွေးမိတယ်။ အဲဒီတုန်းက နင်နဲ့ငါ ရည်းစားဖြစ်ခဲ့ရင်လည်း သိပ်မခံဘူး ကွဲမှာပဲလို့"

"ဟယ် ... တော် ... တော် ... ပေါက်ကရတွေ၊ တကယ်လည်း ဘာမှမဖြစ်ဘဲနဲ့"

"ကိုမင်းပိျု သိမှာစိုးရိမ်လို့လား"

"မစိုးရိမ်ပါဘူး"

"သူက နားလည်ခွင့်လွှတ်တတ်တယ်ပေါ့"

"အင်း ... ဟုတ်တယ်၊ အဲဒီလိုပဲ"

တကယ်တော့ မြသီလွာနဲ့ ပတ်သက်ရင် မင်းပိျု စိတ်ထဲမှာ သဝန်တိုဖို့တို့၊ နားလည်ခွင့်လွှတ်ပေးဖို့တို့ မပြောနဲ့ ဘာဆို ဘာမှမရှိ။ ဟာလာဟင်းလင်းဖြစ်ကြောင်း သီလွာ အသိဆုံးပါ။ သူငယ်ချင်း ညီနိုင်က ထင်ကြေးတွေနဲ့ ပြောနေတာကိုပဲ ချော်လဲရောထိုင် လိုက်ပြောလိုက်တာလည်း ဖြစ်သည်။

တကယ်ဆို သီလွာညှော်သည်၊ သီလွာမိတ်ဆွေရှိနေစဉ်မှာ သူလည်း သီလွာ့ ခင်ပွန်းသည်အဖြစ် အနားမှာထိုင်ပြီး စကားပြောစေချင်သည်။ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောတာကို သူလည်း ကျေကျေနပ်နပ် လိုက်နားထောင် ရယ်မောစေချင်သည်။ သီလွာရဲ့ ခင်ပွန်းယောကျ်ားအဖြစ် မဏ္ဍာပ်တိုင်တက်ပြတာကိုလည်း လိုလားမိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အဲဒီစိတ်ကူးယဉ်တွေက ...။ အင်း စိတ်ကူးထဲမှာတွေးပြီး ကြည်နူးရတာလောက်ပဲ ရှိပါတယ်။ ဘယ်တော့မှ အကောင်အထည် ပေါ်လာမှာမှ မဟုတ်တာ၊ သူ ကိုယ့်ကို ဘယ်နေ့လမ်းခွဲသွားမလဲ။ လမ်းခွဲမဲ့စကားကို ပြောမလည်းပဲ ရင်တမမနဲ့ စောင့်နေရတဲ့ဘဝလေ။ ဘယ်လောက် ရင်နာစရာ ကောင်းသလဲနော်။

"ကလေး မယူကြသေးဘူးလား"

"ဟင် ... ဘာလဲ"

"ဩော် ... နေရင်းထိုင်ရင်း အတွေးကမ္ဘာထဲ ရောက်သွား ပြန်ပြီ၊ နင်တို့ ကလေး မယူကြသေးဘူးလားလို့ မေး တာ"

"မယူသေးပါဘူး"

"ငါ့ကောင်မလေး Sienna (ဆီယာနာ)ကတော့ ကလေး သိပ်ချစ်တာဟ။ လက်ထပ်ပြီးတာနဲ့ ချက်ချင်းကလေးယူ မယ်၊ သုံးယောက်လောက် ဆက်တိုက်မွေးမယ်တဲ့ ... ဟား ဟား"

"ကောင်းတာပေါ့၊ အဲဒါ မိခင်စိတ်ရှိတယ်လို့ ခေါ်ရမယ်။ တချို့ကျတော့ ပင်ပန်းမှာ၊ အလှပျက်မှာ စိုးရိမ်ပြီး မယူ ကြဘူး။ တချို့ကျတော့ စီးပွားရှာတဲ့နေရာမှာ အနှောင့် အယှက်ဖြစ်မယ် ဆိုပြီး မယူကြဘူးလို့ ငါ ကြားဖူးတယ်"

"ဒါဆို နင်ကရော ဘာကြောင့် မယူလဲ





"လိုချင်ပါတယ်ဟယ်၊ ကလေးမရသေးတာပါ"

မြသီလွှာ ထိုမေးခွန်းတွေကို ဆက်မဖြေချင်လှဘဲ ညီနိုင့်ကိုပင် ဒီကောင် မြန်မြန်ပြန်ရင် ကောင်းမယ်လို့တောင် စိတ်ထဲမှာ ဆုတောင်းမိလာသည်။ ဘာတွေလျှောက်မေးမှန်းမသိ မေးနေ၍ ငယ်သူငယ်ချင်းနဲ့ တွေ့ရပေမဲ့ စကားပြောတာတောင် စိတ်မပါတော့သလိုလည်း ဖြစ်လာပါသည်။

ထိုအချိန်တွင် ကံကောင်းထောက်မစွာပင် မင်းပို့ ဆိုင်ထဲ ပြန်ဝင်လာတာကို တွေ့လိုက်ရပါသည်။ စကားစ,ပြတ် သွားပြီး မင်းပို့ကို နှစ်ယောက်သား လှမ်းကြည့်နေမိလိုက်ကြသည်။

"ထိုင်ပါဦးလား ကိုမင်းပို့"

"နေပါ ... မထိုင်တော့ဘူး၊ ပြန်တော့မယ်လို့ လာပြောတာ ပါ။ မေမေက ညနေဆိုင်မပိတ်ခင် မြသီလွှာအားရင် ခဏ ဆိုင်ဘက်လာပါဦးတဲ့ မှာလိုက်တယ်"

"ဩော် ... မေမေက တကူးတက မှာနေရတယ်လို့လေ။ သီလွှာ မေမေ့ဆိုင်ဘက် တစ်နေ့ကို သုံး,လေးခေါက်မက ဘူး ဝင်လိုက် ထွက်လိုက်ပါပဲ။ ဆိုင်ပိတ်ကာနီးလည်း အမြဲသွားနှုတ်ဆက်ပါတယ်"

"မသိဘူး ... မေမေက အဲလိုပဲ၊ ဘာမှ အရေးမကြီးပေမဲ့ လည်း သူ့စိတ်ထဲမှာ အရေးကြီးရင် ကြီးနေတာ"

"အခု ကိုမင်းပို့ ပြန်မှာ ဆိုင်လား အိမ်ကိုလား"



www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်ကိုပါပဲ၊ ဆိုင်က ညခုနစ်နာရီမှ ပိတ်တာဆိုတော့ တစ်ချက်ဝင်ကြည့်ဦးမယ်၊ ဘာမှာမလို့လဲ"

"မမှာတော့ပါဘူး"

"ကိုညီနိုင့်ကိုလည်း နှုတ်ဆက်တယ်နော်၊ ဪ ... ဒါ ကျွန်တော့် Visiting Card ဖုန်းက ဆိုင်ဖုန်းနဲ့ မိုဘိုင်းလ်ဖုန်းပဲ ထည့်ထားတယ်။ အိမ်ဖုန်းက သိပ်မပေးဖြစ်ဘူး။ ကျွန်တော်က အိမ်မှာနေဘဲ့အချိန် နည်းလို့လေ"

"ဟုတ်ပြီ၊ ကျွန်တော့်ကတ်လည်း တစ်လှည့်ပြန်ပေးရဦးမယ်၊ ယူထားလိုက်ပါဦး"

သူတို့အပြန်အလှန် Card တွေ လဲလှယ်၊ စကားအနည်းငယ်ပြော၊ ထို့နောက်ကျမှ မင်းပျို့ အရင်ပြန်သွားကာ နောက်ဆယ့်ငါးမိနစ်လောက်ကြာတော့ ညီနိုင် ပြန်သွားပါသည်။ သူတို့ ပြန်သွားသောအခါ သီလ္လာသည် မင်းပျို့က ဘာကြောင့်များ သီလ္လာ့မိတ်ဆွေဟု သိထားသော ညီနိုင့်ကို ဖော်ဖော်ရွေရွေ ဖြစ်နေသနည်း။ စ,သိသိချင်း, စ,တွေ့တွေ့ချင်းပင် သူက ပြန်တရင်းတနှီး ရှိလှသည်ကို အဖြေရှာမရဘဲနဲ့ ခေါင်းရှုပ်စွာ တွေးကြည့်နေ မိခဲ့ပါသည်။

❀ ❀ ❀





၁၃

ခုတလောမှာ မင်းပျို့ဟာ မြသီလ္လာကို သတိထားဆောင်ကြည့်မိလာပါသည်။ ဆိုင်သွားဖို့ ပြင်တာ ဆင်တာ ဝတ်တာစားတာလည်း အရင်တည်းက အလှကြိုက်သူ၊ အလှအပတွေပြင်ဆင်သူမို့ သိပ်ပြီး မထူးခြားလှပေမဲ့လည်း မင်းပျို့ စိတ်ထဲမှာတော့ ညီနိုင် ဆိုသူကို အလှပြဖို့ ပိုပြီးတော့များ ပြင်လာသလား၊ ပြီးလှတာလေးတွေ ဝတ်လာသလားဟု တစ်ဖက်သတ်ပင် ယိုရာဆွဲပြီး တွေးမိသည်။ အကဲခတ် လေ့လာမိသည်။

မကြာခဏလည်း မေမေ့ဆိုင်ဘက်ဟု အကြောင်းပြလျက် မြသီလ္လာ ဆိုင်ကိုလည်း မသိမသာ သွားချောင်းမိပြန်သည်။ များသောအားဖြင့်တော့ ဆိုင်ကောင်တာ ပိုက်ဆံရှင်းသော နေရာ၏ဘေးမှာ စားပွဲကုလားထိုင်တို့ဖြင့် ထိုင်နေတတ်သော



www.burmeseclassic.com

www.burmeseclassic.com



မြသီလွာ တစ်ယောက်တည်းကိုသာ တွေ့ရလေ့ရှိသည်။ မြသီလွာ...
က ငွေသိမ်းငွေရှင်းတော့ မလုပ်ပေမဲ့ Casher ကောင်တာမှာ...
ကွန်ပျူတာတစ်လုံးဖြင့် ဝန်ထမ်းကောင်မလေးက အလုပ်လု...
သလို မြသီလွာကလည်း ဘေးမှာ ကွန်ပျူတာတစ်လုံးဖြင့် အ...
တွေတွက်ချက် စာရင်းသွင်းသလဲတော့ မသိ။ အမြဲရှိနေတ...
သည်။ တစ်ခါတစ်ရံတော့ ဈေးဝယ်လာသူထဲ အသိပါနေလျှ...
တော့ စကားလက်ဆုံကျနေတာကို တွေ့ရပါသည်။

မေမေ့ဆိုင်ဘက်လာတိုင်း ဘယ်တော့မှ မြသီလွာ...
ဆိုင်ကို မဝင်ဘဲ ဖြတ်သွားဖြတ်လာသာ လုပ်လေ့ရှိခဲ့ပြီး မေမေ...
မေးရင်တော့ ...

"ခုလေးတင် ဝင်ခဲ့ပြီးပြီ"

ဟု ညာရင် ညာပြောတတ်သည်။ ဒါပေမဲ့ နှစ်...
သုံးခါလောက် လိမ်ညာလာတော့ မေမေက ...

"ငါ့ကို မလိမ်ပါနဲ့ မင်းပျို့ရယ်၊ မင်း၊ ငါ့ဆီသာလာတယ်...
သမီးဆီ ဝင်ကိုမဝင်ပါဘူး။ သမီးကို ငါ ပြန်ပြောတိုင်း...
သူက ဟုတ်လား မေမေ၊ ဆိုပြီး မျက်လုံးလေးဝိုင်း...
နားထောင်နေတတ်တယ်။ သီလွာ့ဆီ သူ ဝင်မလာပါဘူး...
ဖြေတတ်တယ်"

ဟူ၍ မင်းပျို့ လိမ်တာ သိသွားပြီး ဆူပါသည်။
ဒီတော့ မင်းပျို့ ကလည်း အမှန်အတိုင်းပင် ...





"မေမေ့ဆီ လာတာပဲ၊ သူ့ဆီ မဝင်ချင်တော့ပါဘူး၊ အိမ်ရောက်လည်း တွေ့နေရမှာပဲဟာ"

"မင်းကတော့လေ"

"မေမေ ဘာသိလဲ၊ သူက ခုတလော သိပ်အလှပြင်ပြီး အလှအရမ်းပြချင်နေတာ။ သားသွားရင် ကြိုက်မှာတောင် မဟုတ်ဘူး"

"အလို ... ဘာရယ် ... ဘာရယ် ... သူက ဘယ်သူ့ကို အလှပြမှာမို့လဲ"

"သူ့ရည်းစားဟောင်းကို"

မင်းပျို့ စိတ်ထဲမှာ ပြောမိပြောရာ စွတ်ပြောလိုက်ပါသည်။ မေမေက မယုံသလို ဖြစ်နေသည်။

"သူ့ရည်းစားဟောင်း ... ဘယ်သူလဲ"

"မန္တလေးကကောင်လေ ... ညီနိုင် ဆိုတာ"

"သြော် ... အေး၊ မှတ်မိပြီ၊ ဟိုတလောက ဆိုင်ဘက်ခေါ်လာပြီး မိတ်ဆက်ပေးလို့ တွေ့လိုက်သားပဲ။ သူ့ရည်းစားဟောင်းလို့ မင်းကို ဘယ်သူက ပြောလဲ။ မဟုတ်ဘဲနဲ့ ရမ်းမပြောနဲ့ကွယ်"

"ပြောတော့ မပြောပါဘူး။ သူတို့ အကြည့်တွေကို နည်းနည်းရိပ်မိလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်တာ၊ ဖြူက ပြောတော့ သိလ္လာက ရည်းစားတော ထားခဲ့ဖူးတာ မဟုတ်တော့ မောင်မင်းပျိုကို သူ လက် နိုင်ပါတယ်လို့ ပြောတာ မေမေ မှတ်မိပါတယ်"

"ဒါက အမေတွေဆိုတာ သမီးတွေကို ယုံတာပဲ၊ သမီးဘ ပြောပြော မျက်ကန်းအချစ်နဲ့ ယုံကြတာပဲ၊ သူတို့ မန္တလေ မှာ ရည်းစားဖြစ်ခဲ့တဲ့ ကိစ္စကို သူ့အမေက သိချင်မှလည် သိမှာပေါ့ မေမေရဲ့"

မင်းပျိုသည် သူ့အလှည့်တုန်းကလည်း မြသိလ္လာ မကျေညီခဲ့၍ သူနဲ့ကဗျာ ဝေးရသည်ဟု အငြိုးအတေး ဖြစ်နေက မြသိလ္လာကိုလည်း အစလေးတစ်စ ရတာနှင့် ဆွဲထုတ်ပြီး ဖိပြေ နေမိတာလည်း ဖြစ်သည်။ သူ ဖြစ်ချင်တာက မြသိလ္လာလည် ညီနိုင်နဲ့ပေါင်း။ သူလည်း ကဗျာနဲ့ပေါင်း ဆိုရင် မေမေတို့လူကြီ တွေလည်း ဘာမှဝင်ပါလို့ မရတော့ဘူး ဆိုတာမျိုးပင်။

"မင်းက ဘာဖြစ်စေချင်လို့ ဒီလောက်တောင် သိလ္လာကို စွပ်စွဲနေရတာလဲ။ သူ့မှာ ရည်းစားရှိခဲ့လည်း ဘာဖြစ်လဲ မင်းမှာလည်း ရည်းစားရှိခဲ့တာပဲ ကျေပြီပေါ့။ အခုလည် ရည်းစားဟောင်းတွေနဲ့ ရှုပ်နေတာမှ မဟုတ်တာ။ ကိုယ် အလုပ် ကိုယ်လုပ်၊ သူ့အလုပ် သူလုပ်နေတာပဲ၊ ဘာ စွပ်စွဲစရာအချက် တွေ့နေလို့လဲ။ မဟုတ်မဟာတ်တွေတော





လာလုပ်ကြံမပြောနဲ့၊ ငါက သူများပြောတိုင်း စွတ်ယုံတတ် တဲ့သူ မဟုတ်ဘူး၊ ပြီးတော့ ... အထူးသဖြင့် ဖြူ့သမီးကို ယုံတယ်၊ ဖြူလည်း ဣန္ဒြေသိက္ခာရှိတဲ့ မိန်းမ။ ဒီတော့ သူ့သမီးလည်း အမေလိုပဲ၊ အဲဒီပုံစံဝင်မှာပဲ၊ လူဆိုတာ မျိုးရိုးကလည်း ဆိုင်သေးတယ်။ ဖောက်ပြန်တတ်တဲ့ မျိုးရိုး ကလာရင် ဖောက်ပြန်ဖို့ ရာခိုင်နှုန်းများတယ်၊ မဖောက် မပြန်နဲ့ သိက္ခာရှိတဲ့ မျိုးရိုးကဆိုရင်လည်း အဲဒီပုံစံအတိုင်းပဲ ဖြစ်ဖို့များပါတယ်ကွယ်"

မေမေ ချက်ကျလက်ကျ ပြန်ပြောနေ၍ မင်းပျိုလည်း ဆက်စွပ်စွဲဖို့ အခွင့်မသာတော့ပေ။ မြသိလ္လာကလည်း အနေအေး အေးနဲ့ သူ့ဘာသာ ဆိုင်ဖွင့်နေသည်ဖြစ်ရာ၊ ဘာမှ လက်ပူးလက် ကြပ် မတွေ့ရဘဲ စွပ်စွဲလို့ မသင့်ဘူးဟုလည်း မင်းပျို သူ့ဘာသာ များလည်ပါသည်။ ဘေးလူတွေ အမြင်မှာ မြသိလ္လာမှာ အပြစ်မရှိ ဘူးဟု ထင်ကြပေမဲ့ တကယ်တော့ အပြစ်ရှိပါသည်။ သူငယ်ချင်း ဖြစ်သူရဲ့ ချစ်သူမှန်း သိရက်နဲ့ သူ့ကို လက်ထပ်ရဲသောစိတ်သည် မကောင်းသော စိတ်ဓာတ်တစ်ခုဟု မင်းပျို ထင်သည်။ ကဗျာ့ မျက်ရည်တွေနဲ့ လဲလှယ်ပြီး မင်းပျိုကို အပိုင်သိမ်းလိုက်ခြင်းသည် အင်မတန်မှ ကောက်ကျစ်ပြီး တစ်ကိုယ်ကောင်းဆန်သည်ဟုလည်း ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုထိ ကဗျာ့ကို မမေ့။ ကဗျာ့ ဝေါလ်ရှိထ်လေးတွေ တွေ့ရင်းလွှမ်းဆွတ်စွာ ငေးမော။ ခုနောက်ပိုင်း ကဗျာ ဝင်ပါလာသော ဗီစီဒီများ။ ဗီဒီယိုကားများကိုလည်း ကြည့်ရတိုင်း ရင်ထဲမှာနို ... စသဖြင့် ခံစားနေရဆဲလည်းဖြစ်ရာ၊ တစ်နေ့ကျရင် ဟူသော မျှော်လင့်ချက်က မင်းပျို ရင်ထဲကနေ ပျောက်မသွားသေးပါ။

ဉာဏ်သစ်ကတောင် ...

"ပန်းကဗျာလည်း အရင်ငှားနေတဲ့ တိုက်ခန်းမှာတောင် မဟုတ်တော့ဘူး။ ကွန်ဒိုအခန်းတစ်ခန်းကို ပြောင်းသွားပြီ မင်းပျို။ ပြီးတော့ ဟုတ်တာ မဟုတ်တာ၊ ယုံတာ မယုံတာထားကွာ၊ ငါကြားတာတော့ တော်တော်ချမ်းသာတဲ့ ငနဲကြီးတစ်ယောက်နဲ့ တကယ်ယူတော့မလိုလို အသံကြားတယ်။ ဟိုလူကလည်း အိမ်ထောင်မရှိသေးတဲ့ လူပျိုလူလွတ်တစ်ယောက်ပါပဲ၊ ဒါပေမဲ့ နာမည်ကြီး Celebrity (ဆီလီဘရိတီ) မိန်းကလေးတွေကို ထည်လဲတွဲခဲ့ဖူးတဲ့ ရာဇဝင်တော့ ရှိတယ်ပေါ့။ ဘယ်သူ့ကိုမှ အတည်မယူဘဲ ပန်းကဗျာနဲ့ကျမှ တကယ်ယူတော့မလိုလို အသံထွက်တာကွ။ ဘာပဲဖြစ်ဖြစ် မင်းနဲ့ မဆိုင်တော့ဘူးထင်ရင် မင်း, သူ့အတွက် ဝမ်းသာလိုက်သင့်တယ်ကွာ။ သူလည်း သူ့ဘဝနဲ့သူ၊ သူနဲ့ သင့်တော်တဲ့သူကို ရွေးတော့မှာပဲ"





ဟူ၍ ကြားထားသော ကဗျာ့ သတင်းအသစ်တွေဖြင့် နားချနေသေးသည်။ သို့သော် ... မင်းပျိုကတော့ ဒါကို အသည်းဆတ်ဆတ်ခါမျှ နာလျက် ...

"ငါ မယုံဘူး။ ကဗျာက ငါ့ကို သိပ်ချစ်ထားတာကွ။ ငါ့ကို သူ စောင့်နေမှာ။ ငါနဲ့ကလွဲရင် ဘယ်သူ့ကိုမှ လက်တွဲမှာ မဟုတ်ပါဘူး။ ကြားစကားတွေ ငါ,မယုံဘူး။ ကဗျာ ပြောတာပဲ ယုံမယ်"

"အေး ... ဒါဆိုလည်း ပန်းကဗျာနဲ့ ဆုံအောင် ကြိုးစားပြီး မေးပေါ့ကွာ"

ဒီရက်ပိုင်းအတွင်းမှာ မင်းပျို အတွက် အလုပ်များနေသည်မှာ တွေ့ရခဲလှသော ကဗျာနဲ့ ဆုံရဖို့ စကားပြောရဖို့နှင့် ခြေသိလွှာကို စွပ်စွဲလောက်စရာ အကြောင်းအရာကို လက်ဆုပ်လက်ကိုင် ရှာပြနိုင်ဖို့ဟူသော အကြောင်းအရာတွေပဲ ဖြစ်နေပါသည်။

ကဗျာကလည်း အရင်ကလို အခြေအနေမဟုတ်တော့။ အရင်ကတော့ ဝေါလ်ရှိထ်ကြော်ငြာရိုက်တာ၊ Billboard ကြော်ငြာရိုက်တာ၊ ပြက္ခဒိန်ရိုက်တာ၊ စီးရီးကြော်ငြာ ဝေါလ်ရှိထ်ရိုက်တာတွေလောက်သာ လုပ်သေးတာမို့ အားလပ်ချိန်များသည် ဟုပင် ဆိုရပါမည်။ အခုကျတော့ ဗီစီဒီရိုက်ခြင်း၊ ရုပ်ရှင်ဗီဒီယို



www.burmeseclassic.com

www.burmeseclassic.com



ရိုက်ခြင်းတွေပါ အလုပ်လက်ခံလာသည်ဖြစ်ရာ မိုးလင်းကမိုးချုပ် မအားတော့။ တွေ့ချင်လျှင် ဘယ်မှာရိုက်ကွင်းရှိတယ် ဆိုတာ စုံစမ်းပြီး သွားတွေ့ရမလိုပင်။ သွားတွေ့ပြန်လျှင်လည်း ကဗျာက မကြိုက်။

"ကဗျာ့ကို အိမ်ထောင်သည် ယောကျ်ား တစ်ယောက်နဲ့ ဇာတ်လမ်းရှုပ်နေတယ်ဆိုတာမျိုး အသံမထွက်ချင်ဘူး"

ဟူ၍ ပြောင်ပြောင်တင်းတင်းပင် ထုတ်ပြောထားဖူးလေရာ ကဗျာ့သိက္ခာကို ထောက်ထားပြီး အကြောင်းမရှိလျှင် သွားမတွေ့ဖို့ မင်းပျို စိတ်ဆုံးဖြတ်ထားပြီး ဖြစ်သည်။

ဒါကြောင့် မြသိလ္လာနှင့် လက်ထပ်ပြီးကတည်းက သွားတွေ့မိသည်မှာ နှစ်ခါတိတိသာ ရှိသည်။ တခြားနည်းဖြင့် ဆက်သွယ်ရန်မှာ ဖုန်းဆက်စကားပြောခြင်းသာ ရှိပါသည်။ (ကဗျာ၏ ကွန်ဒိုအခန်းသစ်တွင် ဖုန်းရှိပါသည်။) ကဗျာ့တွင် ဟိုတလောလေးကမှ မိုဘိုင်းလ်ဖုန်းတစ်လုံးပါ ရှိလာကြောင်း မင်းပျို သိပေမဲ့ ကဗျာကလည်း ဖုန်းနံပါတ်မပေးလေရာ မင်းပျို မတောင်းထားမိပါ။ ကဗျာ့မိတ်ကပ်ဆရာ မဇော်ကိုသာ မေးကြည့်ရတော့မည်ပင်။ မဇော်ကလည်း ကဗျာ့ဘက်သားလုံးလုံး ဖြစ်လေရာ ခုနောက်ပိုင်း မင်းပျိုကိုပင် သူကပါ ကောင်းကောင်းမခေါ်မပြောဖြစ်နေသဖြင့် သွားမေးရ ခက်နေသည်။





သို့သော် ... မင်းပျိုမှာ ကြားထားသော သတင်းတွေကို ကဗျာ့အား မေးခွင့်မရဘဲ ဒီတိုင်းကြီး ငြိမ်မနေနိုင်ပြန်။ ဒါနဲ့ပဲ တစ်ရက်မှာ ကဗျာ့ဆီ ဖုန်းဆက်မိပါသည်။ မနက်ကိုးနာရီကနေ ညနေခြောက်နာရီ ခုနစ်နာရီထိ မရှိတတ်ဘူးဟု သိထားလေရာ မနက်ခပ်စောစောမှာပင် ဖုန်းခေါ်မိသည်။ မနက်ခုနစ်နာရီခွဲသည် များသောအားဖြင့်တော့ မင်းပျို အတွက် အိပ်ရာနိုးနေတတ်သည့် အချိန်မျိုး မဟုတ်ပေမဲ့ ကဗျာ့ဆီ ဖုန်းဆက်ဖို့အတွက်ကျ အစောကြီး ထ,မိပါသည်။

မြသိလ္လာကိုလည်း ဂရုစိုက်စရာမလို၊ ကဗျာ့ဆီ ဖုန်းဆက်တာကို ဖုံးကွယ်ထားစရာ မလိုဟု ယူဆလေရာ အိမ်ရှေ့ဧည့်ခန်းက ဖုန်းကိုပင် သုံးပါသည်။

"ဟဲလို"

"ဟဲလို အန်တီ၊ ကျွန်တော်ပါ မင်းပျိုပါ"

"ဩော် ... သားမောင်မင်းပျို"

တစ်ဖက်မှ ကဗျာ့မေမေ အသံဟာ မင်းပျိုဟု သိလိုက်ရလျှင် သတိအနေအထား ဖြစ်သွားပါသည်။

"နေကောင်းလား အန်တီ"

"အခုတလောတော့ နေကောင်းနေတယ်ကွယ်၊ ဆေးတွေဝါးတွေလည်း သမီးကျေးဇူးကြောင့် အကောင်းသုံးနိုင်လာ



www.burmeseclassic.com

www.burmeseclassic.com



တော့ ကျန်းမာရေးကလည်း ကောင်းလာတယ်လို့ ဆိုရမှာပေါ့”

“အဲဒီလို ကြားရတာ ဝမ်းသာပါတယ် အန်တီ။ ဩော် ... အန်တီ၊ ဒါနဲ့ ကဗျာ ရှိလားခင်ဗျာ။ ကျွန်တော် ခဏလောက် စကားပြောချင်လို့ပါ”

“အေး ... အေးကွယ်၊ ရှိပါတယ်၊ ခုလေးတင် နိုးတော့ ရေမိုးချိုးပြီး၊ မုန့်စား ကော်ဖီသောက် လုပ်နေတယ်၊ ပြီးရင် မဖော်က ရှစ်နာရီဆို လာပြီ၊ မိတ်ကပ်စလိမ်းရပြီလေ။ တစ်နေ့ တစ်နေ့ မိုးလင်းကမိုးချုပ် မအားရပါဘူး။ ခဏလေး ... အန်တီ ခေါ်ပေးမယ်၊ ဩော် ... ဒါနဲ့ သမီးသီလ္လာလေးရော နေကောင်းရဲ့လား”

“ဩော် ... သူလား၊ နေကောင်းပါတယ် အန်တီ”

“သမီးကို ပြောလိုက်ပါကွယ်၊ အန်တီ သတိရတဲ့အကြောင်း။ သမီးကျေးဇူးတွေ မမေ့တဲ့အကြောင်းပေါ့။ ကဗျာ့ကိုတော့ ပြောထားရတယ်၊ ကဗျာ ဒီလိုဘဝရောက်လာတာ သီလ္လာ့ကျေးဇူး မကင်းဘူး။ သီလ္လာ့ကြောင့် သွယ်ဝိုက်သောနည်းအားဖြင့် ဒီလိုဖြစ်လာရတာဆိုတော့ သူ့ကျေးဇူးကို မမေ့နဲ့။ သူ့ကို စိတ်ဆင်းရဲ ငိုကြွေးရအောင် မလုပ်နဲ့လို့ မှာထားရတယ်ကွယ်”





မင်းပျို့ ရင်ထဲတွင် အောင့်သွားပါသည်။ ကဗျာ့မိခင်က လူကြီးပီပီ ရှေ့ကို ကြိုတွေးမှုပြီး တားမြစ်တဲ့သဘောနဲ့ မင်းပျို့ကို သတိပေးတာ ပါပါသည်။ အဲဒီလိုပဲ ကဗျာ့ကိုလည်း ဆုံးမထားကြောင်း၊ မင်းပျို့ဘက်က ဘယ်လိုဆွယ်ဆွယ် ကဗျာ ပါမှာမဟုတ်ကြောင်း သိစေလို၍ တမင်ထုတ်ပြောခြင်းလည်း ဖြစ်သည်။ မင်းပျို့မှာ ကဗျာ့ကို စကားမပြောရသေးခင် လူကြီးသူမတစ်ယောက်၏ ဆုံးမစကားတွေကို ကြားလိုက်ရတော့ စိတ်မောသွားသည်။

တကယ်တော့ ဒီလိုမလုပ်သင့်တော့ပြီမှန်း အသိစိတ်က သိပေမဲ့ မသိစိတ်မှာတော့ အချစ်ကို ဦးစားပေးပြီ ကိုယ်ချစ်တဲ့သူကို ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ပြန်ရအောင်ယူမယ် ဆိုသော အသိကလည်း ကြီးစိုးနေလေရာ မင်းပျို့မှာ အမှန် အမှားတွေကို မတွေးဘဲ နေနေမိတာလည်း ဖြစ်သည်။

“ကိုမင်းပျို့ ... ကဗျာ ပြောနေပါတယ်”

“ကဗျာ”

“ပြောလေ ... ဘာကိစ္စလဲ”

“ကဗျာ့မေမေက မောင့်ကို သိပ်မလိုလားတော့သလိုပဲ နော်”

“ဒါပေါ့”

“အရင်က ...”



www.burmeseclassic.com

www.burmeseclassic.com



"အရင်ကနဲ့ အခုနဲ့ မတူတော့ဘူးလေ"

မင်းပျို့ စကားဆက်ခွင့်ရအောင် ကဗျာက ဖြတ်ပြောလိုက်ပါသည်။ ကဗျာ့အသံမှာလည်း စိတ်မရှည်မှုတွေ ပါဝင်နေသည်။ မင်းပျို့ ရင်ထဲမှာ ဆွေးသွားပါသည်။ အရင်က အင်း ... ဟုတ်တယ်၊ အရင်ကဆိုတာ မြသီလွှာနဲ့ လက်ထပ်ပြီးကာစကာလတွေကတောင် အဲဒီလိုမဟုတ်ဘူး၊ မင်းပျို့ အပေါ် သံယောဇဉ်လည်း မကုန်နိုင်သေးတာမို့ စကားပြောတဲ့ နေရာမှာ နွေးထွေးမှုတွေရှိတယ်။ အလုပ်ကိစ္စတွေ အဆင်မပြေရင်လည်း ချစ်သူဘဝတုန်းကလိုပဲ အားကိုးတကြီး တိုင်ပင်တတ်တယ်။ မင်းပျို့ အကြံပေး ဖျောင်းဖျခဲ့ရင်လည်း ကျေကျေနပ်နပ် နားထောင်နေတတ်တယ်။ ချစ်သူဘဝကလို "မောင်"ဆိုတဲ့ အခေါ်အဝေါ်လေး ဖျောက်ပစ်တာကလွဲရင် သူတို့ကြားမှာ အတိုင်းအတာတစ်ခုထိတော့ ရင်းနှီးမှုတွေ ရှိနေဆဲဆိုတာ ဖုန်းပြောတိုင်း မင်းပျို့ ခံစားလို့ ရပါသည်။

အခုကျတော့ ဖုန်းမဆက်ဖြစ်တာ တစ်လကျော်လောက်လေးအတွင်း (မင်းပျို့က မှန်မှန်ဆက်ပေမဲ့ ကဗျာက နယ်ထွက်ရပ်ရှင်ရိုက်တာနဲ့ ကြုံလို့ အဲဒီလောက် အဆက်အသွယ် ပြတ်သွားတာပါ) ကဗျာ့ဘက်က လေသံတွေ စိမ်းလာလိုက်တာ။ ဘာများလဲ ကဗျာရယ်။ ကြားထားတဲ့သတင်းအတိုင်း တကယ်ပဲ ဖြစ်နေပြီလား။ မောင့်ကို နောက်တစ်ခါထပ်ပြီး အသည်းကွဲအောင် မလုပ်ပါနဲ့။





"ကဗျာ သိပ်စိမ်းသွားတာပဲ"

"အရင်တည်းက ကဗျာ့ဘက်က စိမ်းလိုက်သင့်တယ်၊ ဒါပေမဲ့ ကဗျာ စိတ်အလိုကိုလိုက်ပြီး မိုက်မဲနေခဲ့သေးတယ်။ ကိုမင်းပျို့ ပြောလာတဲ့ မဖြစ်နိုင်တဲ့ တစ်နေ့ကျရင်ကို ယုံမှားပြီး စောင့်နေမိခဲ့တယ်"

"တကယ်လည်း ဟုတ်လာမှာပဲလေ"

"မဟုတ်ဘူး ... ဟင့်အင်း ... မဟုတ်လာစေရပါဘူး၊ ကဗျာ လက်မခံနိုင်ဘူး။ ကဗျာ အဲဒီလို အဖြစ်ခံပြီး ကိုမင်းပျို့ကို ပြန်ပိုင်ဆိုင်ရတာမျိုး မလိုချင်ဘူး။ ကဗျာ မိုက်နေခဲ့မိတာ၊ တကယ်တော့ ဖြစ်ပြီးသားတွေကို သူ့ဟာနဲ့သူ ဖြစ်ပါစေလို့ မေ့ထားလိုက်ရမှာပါ"

"မဟုတ်သေးဘူး ကဗျာ၊ မောင် ကဗျာ့ကိုပဲ ချစ်တယ်၊ ကဗျာ့ကိုပဲ တစ်သက်လုံး လက်တွဲချင်တာလေ"

ထိုအချိန်တွင်မှာပင် မနက်ဈေးမှာ ဈေးဝယ်ပြီး ပြန်လာခဲ့သော၊ အိမ်ထဲဝင်လာပြီဖြစ်သော မြသီလွှာသည် ဒီစကားကို ကြားလိုက်ပါသည်။ မင်းပျို့က မြသီလွှာ မျက်လုံးလေး ပြူးဝိုင်းပြီး ငေးကြည့်နေသည်ကို မြင်ရက်နှင့် ဂရုမစိုက်ဘဲ ဆက်ပြောပါသည်။ ဘာဖြစ်လဲ ကြားစေချင်လို့ အိမ်ရှေ့ထွက်ပြောတာ။ ကြားရင်လည်း ကြားပေါ့။ မင်း သိထားအောင် ကြို ပြောထားတာပါ မြသီလွှာ။



www.burmeseclassic.com

www.burmeseclassic.com



"ကဗျာ ကိုမင်းပျိုကို ဘယ်လိုအခြေအနေမျိုးမှာပဲ ပြန်ဆုံရပါစေ ဘယ်တော့မှ လက်မတွဲတော့ပါဘူး"

"ဘာ ... ဘာရယ် ကဗျာ"

"မေမေက ပြောတယ်၊ သိလ္လာဟာ ကဗျာ့ကို အများဆုံး ကူညီပံ့ပိုးပေးခဲ့တဲ့ သူငယ်ချင်းကောင်း တစ်ယောက်တဲ့။ ပြီးတော့ ... ကဗျာ့မေမေ ဒီအခြေအနေထိ အသက်ရှည်နေနိုင်တာဟာ အခုမှ ကဗျာ ကိုယ့်ဝင်ငွေနဲ့ကိုယ် ကုလာနိုင်လို့ မဟုတ်ဘူး။ အရင်က ဘာဝင်ငွေမှ မရှိစဉ်တုန်းက သိလ္လာဟာ သူ့အမေကို ခေါ်ချလာပြီး မေမေ့ကို သေသေချာချာ စမ်းသပ်၊ ဆေးကောင်းတွေ အခမဲ့ပေးပြီး ကုစေခဲ့တယ်။ အဲဒီလို အခြေအနေတုန်းကသာ ဆေးကောင်းဝါးကောင်း ဆရာကောင်း မတွေ့ခဲ့ရရင်လေ၊ ကဗျာ့မေမေဟာ ခုချိန်ထိတောင် သက်ဆိုးရှည်မှာ မဟုတ်ဘူး။ မေမေ ခုလောက်ထိ ထူထူထောင်ထောင် ဖြစ်လာတာဟာ သိလ္လာတို့သားအမိရဲ့ ကျေးဇူးတွေ အများကြီး ပါခဲ့ပါတယ်"

"ကျေးဇူးတရားတွေနဲ့ ကဗျာက ကဗျာ့နှလုံးသားကို စတေးပစ်တော့မယ်ပေါ့"

"တကယ်လည်း စတေးပြီးသားပါ။ သိလ္လာနဲ့ ကိုမင်းပျို လက်ထပ်တဲ့နေ့ကတည်းက ကဗျာ့နှလုံးသားက သေဆုံးပြီးသွားပါပြီ"





"ကဗျာက အသစ်တွေ့ပြီကိုး"

"ဟုတ်တယ်၊ အသစ်တွေ့ပြီပဲ ထားလိုက်ပါ"

"အဲဒီလူက ကဗျာ့ကို တကယ်မချစ်ဘူး"

"ကိုမင်းပျို မမြင်ဘဲနဲ့ မပြောပါနဲ့။ ကိုခန့်ဟာ အရင်က ရည်းစားဘယ်လောက်များများ ဘယ်သူ့ကိုမှ လက်ထပ်ယူဖို့ထိ မချစ်ခဲ့ဘူး။ ကဗျာ့ကိုကျမှ လက်ထပ်ဖို့ သူ ဆုံးဖြတ်တဲ့အထိ တကယ်ချစ်တာပါ။ ကဗျာ့အတွက် ကဗျာ့ကို သိပ်ချစ်ပြီး ကဗျာလုပ်တဲ့ အလုပ်ကို နားလည်ကြည်ဖြူပေးနိုင်တဲ့ ယောက္ခမ ဆွေမျိုးအသိုင်းအဝိုင်းလည်း ရှိတဲ့ ယောကျ်ားမျိုး ဖြစ်နေတဲ့ ကိုခန့်ကို ကဗျာ ငြင်းစရာ မရှိပါဘူး"

မင်းပျို ဘာမှ ဆက်ပြောစရာ မရှိတော့လောက်အောင် ငြိမ်ကျသွားပါသည်။ ကဗျာရဲ့လူ ကိုခန့်ဟာ သူတစ်ယောက်တည်းတင်မက၊ သူ့မိဘ ဆွေမျိုးအသိုင်းအဝိုင်းကပါ ကဗျာ့ကို လိုလားကြတယ်။ လက်ခံကြတယ် ဆိုသော အချက်သည် မင်းပျိုကို များစွာ အထိနာစေပါသည်။ မင်းပျိုတုန်းကတော့ မိဘဆွေမျိုးတွေက ကဗျာ့ကို မလိုလားခဲ့ကြ။ မင်းပျိုဘက်က လူအုပ်စုရဲ့ ကဗျာ့ အလုပ်အကိုင်အပေါ် အမြင်နှင့် ကိုခန့်ဘက်က လူအုပ်စုရဲ့ အမြင်တွေဟာ လုံးလုံးမတူ။ ကွာခြားနေခဲ့ပေသည်။ ထိုအချက်သည်ကား ကဗျာ့အတွက် ကိုခန့် ဟူသော လူတစ်ယောက်ကို လက်ခံလောက်စရာ ဖြစ်သွားခဲ့ပုံ ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဗျာတို့ စေ့စပ်ဖို့ စီစဉ်နေကြပြီ ကိုမင်းပျို့၊ စေ့စပ်ပြီး သိပ်မကြာခင် လက်ထပ်မှာပါ။ အဲဒီကျရင် ကိုမင်းပျို့နဲ့ သိလ္လာ့ကို ဖိတ်မယ်၊ ဆက်ဆက်လာခဲ့ပါ။ ကဗျာ ရွဲ့ပြောတာလည်း မဟုတ်ပါဘူး။ ကဗျာ့ စိတ်ထဲမှာ ဘာမှမရှိတော့ပါဘူး။ ကိုမင်းပျို့နဲ့ သိလ္လာတို့ ကဗျာ့ မိတ်ဆွေရင်းတွေလိုပဲ စိတ်ထဲမှာ ထားလိုက်ပါတော့တယ်၊ ကဗျာလည်း သိလ္လာ့ကို တွေ့ချင်ပါသေးတယ်။ ကဗျာ သေသေချာချာ အားတဲ့အခါကျမှ သူ့ဆီ ဖုန်းဆက်မယ်"

"ကဗျာ ... မင်း ဘာလို့ အဲဒီမိန်းကလေး လုပ်ခဲ့တာကို မနာနိုင်တော့လဲ။ မင်းလက်ထဲက ငါ့ကို လုယူသွားခဲ့တယ်ဆိုတာ မင်းကိုယ်တိုင် လက်ခံခဲ့တာပဲ။ မင်းလည်း နာကြည်းခဲ့တာပဲ။ သူ့မိဘကို သူငြင်းရင် ရမှန်းသိရက် မငြင်းဘဲ ငါ့ကို လက်ထပ်ဖို့ ခေါင်းညိတ်ခဲ့တယ်လေ ကဗျာရယ်။ မင်း ဘာတွေ, တွေဝေသွားတာလဲ"

"တွေဝေတာ မဟုတ်ဘူး။ မေမေ ဘေးကနေ ထိန်းကျောင်းပဲ့ပြင်ပေးလိုက်တာကို ကဗျာ နားလည်သွားတာပါ။ မေမေပြောတာ မှန်တယ်၊ ကိုမင်းပျို့ မိဘတွေက ကဗျာနဲ့ပေးရဖို့ သိလ္လာနဲ့ မစီစဉ်ရဘူး၊ မစီစဉ်ဖြစ်ဘူး၊ သိလ္လာ လက်မခံလို့ ဒီကိစ္စပျက်တယ်ဆိုလည်း သိလ္လာ မဟုတ်တဲ့ တခြားတစ်ယောက်နဲ့ ဆက်စီစဉ်ဦးမှာပဲ၊ သူတို့က ကဗျာ့





ကို မုန်းနေတယ်၊ ကဗျာ့အလုပ်ကို အမြင်မကြည်ဘူး။ ကြားစကားတွေနဲ့ နားဝင်ပြီး ကဗျာ့ကို အထင်မှားနေတာလည်း ဘယ်တော့မှ ပျောက်မှာမဟုတ်ဘူးလို့ ကဗျာလည်း သိလာ မြင်လာပါတယ်။ တကယ်တော့ သိလ္လာ့ တစ်ယောက်တည်းမှာပဲ အပြစ်မြင်လို့ မရပါဘူး။ အပြစ်က အားလုံးမှာ ရှိနေတာပါ"

ထိုအချိန်တွင် ကဗျာ စကားပြောနေရာဘက် အခြမ်းမှ ကဗျာ့မိခင်အသံသဲ့သဲ့ကို ကြားရသည်။

"သမီးရေ ... မဖော် ရောက်နေတာ ဆယ်မိနစ်လောက်ရှိပြီနော်၊ ပြင်ရ ဆင်ရဦးမှာနဲ့ သွားလာရမှာနဲ့။ နောက်ကျနေမယ်။ သူတို့က ရှုတင်ကိုးနာရီချိန်းရင် ကိုယ်လည်း ကိုးနာရီလောက် ရောက်သင့်တယ်၊ အလွန်ဆုံး ဆယ်မိနစ်နောက်ကျတာပဲ ကောင်းတယ်"

"ဟုတ်ကဲ့ မေမေ၊ ကဗျာ သိပါတယ်"

ကဗျာ တစ်ဖက်လှည့်ပြောသံ ကြားရပြီးနောက် မင်းပျို့ကိုလည်း ...

"ကိုမင်းပျို့ ... ကဗျာ အလုပ်သွားရဦးမယ်၊ ဖုန်းချလိုက်မယ်နော်"

ဟု တစ်ခါတည်း ဆက်ပြောပါသည်။

"ကဗျာ့ မိုဘိုင်းလ်ဖုန်းနံပါတ် ပေးမလား"



www.burmeseclassic.com

www.burmeseclassic.com



"မပေးတော့ပါဘူး ကိုမင်းပျို။ ကဗျာနဲ့ ကိုမင်းပျိုကြား
သွားလေရာ စကားပြော ဖုန်းဆက်ရလောက်အောင် ဆ
သွယ်စရာမှ မရှိတော့တာ"

ကဗျာရယ် ...။ ရက်စက်လိုက်တာ ...။ မင်းပျို
ထဲမှာ ညည်းတွားနေစဉ် ကဗျာကတော့ ချက်ချင်းပင် ဖုန်းပြန်
သွားလေပြီ။

ဖုန်းချပြီး ဘာကိုကြေကွဲမှန်း မသိ။ ဘယ်သူ့
မှန်းရှမှန်း မသိ၊ တစိမ့်စိမ့်ဖြစ်ကာ ဆက်ငေးငေါင်နေမိစဉ် ဖုန်
ခေါ်သံ မြည်လာပြန်သည်။ ဖုန်းနားမှာ မင်းပျို ရှိနေဆဲမို့ ဖုန်း
ကောက်ကိုင်လိုက်လျှင် ...

"ဟဲလို"

"ဟဲလို ... ကိုမင်းပျိုလား၊ ကျွန်တော်ပါ၊ ညီနိုင်ပါ"

"ဩော် ... ကိုညီနိုင်"

"မနက်အစောကြီး ဆက်တာ စိတ်မရှိနဲ့နော်၊ ကျွန်တော်
မှာစရာလေးတစ်ခု သတိရလို့၊ အဲဒါနဲ့ သီလွှာ့ကို ဖုန်းဆက်
ပြောချင်တာနဲ့"

"ဩော် ... ရပါတယ်၊ ကျွန်တော် ခေါ်ပေးမယ်"

မင်းပျို ရင်ထဲမှာ တစ်မျိုးပဲ အောင့်သက်သက်ကြီး
တော့ ဖြစ်ရပေမဲ့ မြသီလွှာကိုတော့ လှမ်းခေါ်လိုက်ရသည်။





"ညီနိုင် ... အေး ... ရပါတယ်၊ ငါက စောစောနိုးပါတယ်၊ ခုလေးတင် ဈေးဝယ်ပြီး ပြန်ရောက်နေတာလေ"

မင်းပျို သတင်းစာ ဖတ်ချင်ဟန်ဆောင်၍ နားစွင့်နေမိသည်။

"ဩော် ... ရပါတယ်ဟယ်၊ တစ်ရက်ချိန်းကြတာပေါ့၊ ငါ လက်ရာ ချက်ကျွေးပါ့မယ်၊ အဲမယ် ... အထင်မသေးပါနဲ့။ ငါက တစ်ဦးတည်းသော သမီးပေမဲ့ အဘွား လက်ထွက် ဆိုတော့ ထမင်းဟင်းတော့ ချက်တတ်ပြီးသားပဲ"

အင်း ... ဟိုကောင့်ကို ထမင်းဖိတ်ကျွေးမယ်ပေါ့လေ။ ဟိုကောင်က သီလွှာ့ လက်ရာမှ စားချင်တာလို့များ ရိသဲ့သဲ့ ပြောသလား။

"မနက်စာနဲ့ ညနေစာ နင်ကြိုက်တာရွေးပါ၊ ငါ့ဆိုင်က ငါသွားမဖွင့်လည်း ဝန်ထမ်းတွေ သူတို့ဘာသာသူတို့ ဖွင့်ထားလည်း ရတယ်၊ တစ်ခေါက်သွားကြည့်ရုံပဲ။ ငါက ဆိုင်ထိုင်ရတာ ဝါသနာပါလို့သာ၊ သွား သွား ထိုင်နေတာ။ အေးပေါ့ ... ဒါပေါ့ ... ကိုယ့်ဆီက ရောင်းတာလည်းရှိ၊ ကိုယ်က ရှော့ပင်းစင်တာပတ်ပြီး ဝယ်နေတာလည်းရှိပေါ့။ ဒါပေါ့ ... ငါက အသုံးကြီးနေတာ နင်သိသားပဲ။ ပိုက်ဆံအိတ်ထဲ နှစ်သိန်းလောက်ပါမှ ဈေးဝယ်ဖို့ စိတ်ဖြောင့်တာလေ"

www.burmeseclassic.com



ဆက်ပြီး အနည်းငယ်မျှ စကားပြောပြီးလျှင် ဆက်ပြီး ဖုန်းချလိုက်ပါသည်။ သီလွာသည် ဖုန်းပြောပြီးပြီး ဒီအက်လှည့်လိုက်လျှင် ခနဲ့သလိုလို၊ ရိသလိုလိုနှင့် ပြုံးထေ့ လှမ်းကြည့်နေသော (တမင်စောင့်နေဟန်တူသော) မင်းပျိုကို လိုက်ရပါသည်။

သီလွာ စိတ်အနှောင့်အယှက်တော့ ဖြစ်သွား ဘာမှ မပြောနေတော့ဘဲ ဟင်းချက်ရန် အိမ်နောက်ဖေးခန်း လှည့်ဝင်လျှင် ...

“မဟုတ်မှလွဲရော၊ ညီနိုင်ဟာ မင်းရဲ့ ရည်းစားဟောင်း လားလို့ ငါ ထင်မိတယ်”

ဟူသော မင်းပျိုထံမှ မျှော်လင့်မထားသော မှုကို ကြားလိုက်ရပါသည်။

“ဘာပြောလိုက်တာလဲ”

“ငါ့အသံက မင်း မကြားရလောက်အောင်တော့ မတိုး ဘူး မြသီလွာရယ်”

“ကိုယ် အမြီးပြတ်တိုင်း သူများလည်း အမြီးပြတ်နေ မယ်လို့ မထင်နဲ့လေ”

“ဩော် ... ဒါဆို သူက မင်းရဲ့ရည်းစားဟောင်း မဟုတ် ဘူးပေါ့”

“မဟုတ်ဘူး”

“ဒါဖြင့် ဘာလို့ အဆက်အသွယ်တွေ သိပ်လုပ်နေလဲ”





“သီလွာနဲ့ သူ့, ငယ်သူငယ်ချင်းတွေ။ သူ့မှာ အကူအညီ တစ်ခု လိုအပ်နေချိန်မှာ သီလွာ ကူညီနိုင်နေလို့မို့ ကူညီဖို့ ဆက်သွယ်ကြတာပါ”

“ယောက်ျားတစ်ယောက်ဖြစ်ပြီး မိန်းကလေး တစ်ယောက် ဆီကမှ အကူအညီ လိုချင်ရတယ်လို့၊ တော်တော်ညံ့ဖျင်းတဲ့ ယောက်ျားမျိုးပဲ”

မြသီလွာကလည်း အနိုင်ပိုင်းလိုသူမို့ မင်းပျိုကို ခပ်စူးစူး၊ ခပ်ပြုံးပြုံးလေးကြည့်လျက် ...

“ဘာလဲ ... ကိုမင်းပျိုက သီလွာ့အတွက် သဝန်တိုနေတာ လား၊ ကိုမင်းပျို နားကနေ သီလွာ ထွက်သွားမှာ စိုးလို့ လား”

“ဘာရယ်”

“သီလွာ ပြောတဲ့ စကားသံလည်း မတိုးပါဘူးနော်။ ကြား လောက်ပါတယ်”

“မင်းကိုများ ငါက ဘာလို့ သဝန်တိုရမှာလဲ”

“ဒါဆို သီလွာ့ကိစ္စ ဝင်မပါနဲ့လေ။ ဟုတ်ပြီလား။ သီလွာ လည်း ကိုမင်းပျို ကဗျာနဲ့ ဖုန်းပြောနေမှန်း သိပေမဲ့ ဝင် မပါဘူး၊ မမေးဘူး၊ ဘာတွေပြောဆိုတိုင်ပင်နေကြသလဲ ဆိုတာ မစပ်စုပါဘူး။ တစ်ခုတော့ ပြောမယ်၊ ကိုမင်းပျို ကသာ သီလွာ့ကို သဝန်မတိုပေမဲ့ သီလွာကတော့ ကိုယ့် ယောက်ျား တခြားမိန်းမတစ်ယောက်၊ အထူးသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမိန်းမဟာ အရင်က ရည်းစားဟောင်း ဖြစ်ဖူးသူတစ်ယောက်နဲ့ ဖုန်းအဆက်အသွယ် လုပ်နေတယ်၊ သူ့ကိုချစ်နေဆဲဖြစ်ကြောင်း ပြောသံကြားနေရတယ် ဆိုတာတွေကိုတော့ သဝန်တိုတယ်၊ မနာလိုဘူး။ အဲဒါ အမှန်အတိုင်းပဲ ဝန်ခံလိုက်မယ်။ အတွင်းစိတ်တစ်မျိုး၊ အပြင်စိတ်တစ်မျိုးတော့ သိလ္လာ့မှာ မရှိဘူး"

မင်းပျိုကတော့ ထိုစကားအတွက် ရယ်စရာကောင်းလွန်းသော ဟာသပြက်လုံး တစ်ခုကို ကြားလိုက်ရတဲ့အတိုင်း တမင်ပင် သိလ္လာ မခံချိမခံသာဖြစ်အောင် တဟားဟား အော်ရယ်ပြလိုက်ပါသည်။ မြသိလ္လာကား ရင်ထဲမှာ ဝမ်းနည်းစွာပင် သူ့ကို ကျောခိုင်းလာခဲ့သည်။ သူ မချစ်လာနိုင်မှန်း သိရက်နဲ့ သူ့ကို ကိုယ်ပိုင်ဆိုင်နေရရင် ...။ ကိုယ် သူ့ကို အမြဲမြင်နေရရင် ကျေနပ်ပါပြီဆိုတဲ့ စိတ်နဲ့သာ သူဘာလုပ်လုပ် ခွင့်ပြုနေတာပါ။ ဘယ်သူကတော့ ကိုယ်ချစ်တဲ့သူက တခြားသူတစ်ယောက်ကိုချည်း ချစ်ပါတယ် ... ချစ်ပါတယ် ... တဖွဖွပြောနေတာကို နားထောင်ချင်ပါ့မလဲ။

တကယ်တော့ သိလ္လာက ကဗျာ သူ့ကိုမတွေ့ခင်ကတည်းက အရင်ဆုံးတွေ့ပြီး ချစ်ထားခဲ့ရသူပါပဲဆိုတာ မင်းပျိုလည်း မသိ၊ ကဗျာလည်း မသိခဲ့ပါပေ။

❀ ❀ ❀





၁၄

ပိုးချိတ်ထည်များ သီးသန့်ရောင်းသောဆိုင်ရှေ့ ကားကို ပါခ်လုပ်ပြီး ဆင်းလိုက်သည်။ ဆိုင်ထဲမှာ လူကသိပ်အများကြီးလည်း မဟုတ်လှ။ သိပ်လည်း ခြောက်ကပ်နေတာမျိုး ဖြစ်မနေပါ။ ဒီဆိုင်က ဝယ်နေကျလည်း ဖြစ်တာမို့ သိလ္လာ မှန်တံခါးကို တွန်းဖွင့်ပြီး ဝင်လိုက်လျှင်ဘဲ ဆိုင်ရှင်အန်တီကြီးက ...

"ဟယ် ... မြသိလ္လာ။ မတွေ့တာတောင် ကြာပြီ။ လာ ... လာ ... သမီး။ ထိုင်ပါဦး"

ဟု လှမ်း၍ ခေါ်လည်းခေါ်၊ နှုတ်လည်း နှုတ်ဆက်လိုက်ပါသည်။

"ဘာလိုချင်လို့လဲ သမီး"

"မိတ်ဆွေတစ်ယောက်ရဲ့ အမျိုးသမီးကို လက်ဆောင်ပေးချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဩော်"

"သူက Singaporian လူမျိုး တရုတ်စပ်တယ် အန်တီ။ အဲဒါ ဘယ်လိုဒီဇိုင်းလေး လက်ဆောင်ပေးရင် ကောင်းမလဲ မသိဘူး။ သိလ္လာလည်း မစဉ်းစားတတ်တာနဲ့ အန်တီ့ဒီက အကြံဉာဏ်တောင်းပြီး ရွေးရမှာပဲ ထင်တယ်"

"ရွေးပေးရမှာပေါ့၊ ကိုယ့်ဖောက်သည်တွေပဲ၊ မျိုးနဲ့ရိုးနဲ့ကို ဒီဆိုင်ပဲ အားပေးလာတာ၊ သမီးအဘွား ရှိကတည်းကပဲလေ။ အဘွားတောင် ဆုံးတာ ဘယ်နနှစ်ပြည့်ပြီလဲ"

"လေးနှစ်တောင် ရှိပါပြီ။ နောက်လာမဲ့လ,ထဲမှာ လေးနှစ်ပြည့်မှာ။ မေမေက အဘိုးနဲ့အဘွားအတွက် ရည်မှန်းပြီး ဆွမ်းစားဆောင်တစ်ဆောင် ဆောက်ပြီးလှူဒါန်းမဲ့ပွဲ ရှိပါတယ်၊ လေးနှစ်ပြည့် ဆွမ်းကျွေးရင်း တစ်ခါတည်း ရေစက်ချမှာ အန်တီ။ အဲဒီရက်နီးမှ အန်တီတို့ကို ဖိတ်စာလာပေးပါဦးမယ်"

"အဲဒီပွဲဖိတ်ဖို့ ချိတ်တွေရော မှာဦးမလား"

"သိလ္လာက ခုတစ်ခါတည်း ရွေးရင် ရွေးသွားမယ်၊ မေမေကတော့ ဆေးခန်းတွေ သိပ်မကျပ်တဲ့နေ့မှ အေးအေးဆေးဆေး ဝင်လာမယ်တဲ့"

"သမီးယောက္ခမလေ ဒေါ်နီလာခင်နဲ့ သမီးရဲ့ယောက်မတို့လည်း သမီးတို့အဆက်အသွယ်နဲ့ ဒီဆိုင်တော်တော်ကြိုက်





သွားကြပြီ။ ခဏခဏကို လာဝယ်တယ်။ သမီးလိုပဲ ကြေးမများဘူး။ အန်တီက ဒါလေးလိုက်တယ်၊ ဒါလေး ခေတ်စားတယ်ဆိုရင် ယူသွားတာပဲ"

"အင်း ... ဟုတ်ပါတယ်၊ မေမေနဲ့ မမနန္ဒာလည်း ပြန်ပြောတယ်"

"ကဲ ... သမီးရေ၊ ဒီအဆင်လေးတွေကတော့ ခပ်ရှင်းရှင်းနဲ့ နိုင်ငံခြားကလူတွေကြိုက်တဲ့ ဒီဇိုင်းမျိုးပေါ့။ သမီးကြိုက်လည်း ဒီထဲကပဲရွေး။ မကြိုက်ရင် နောက်ထပ်တစ်အုပ်ချနိုင်းလိုက်မယ်"

"ဒါတွေပဲ အရင်ကြည့်လိုက်မယ်"

"အေးအေးဆေးဆေးကြည့်၊ ဩော် ... ကော်ဖီလေးလည်း သောက်ပါဦး"

မြသိလ္လာ အဆင်တွေ ရွေးနေစဉ်မှာပင် ဆိုင်ထဲက ဝန်ထမ်းတွေ လှုပ်လှုပ်ရှားရှားဖြင့်၊ ဟယ် ... ပန်းကဗျာလာတယ် ဟူသော အသံကို ကြားလိုက်ရပါသည်။ ဆိုင်တံခါး တွန်းဖွင့်ပြီး ဝင်လာသော ပန်းကဗျာကလည်း မြသိလ္လာကို မြင်ပါသည်။ ပန်းကဗျာက အလှဆုံးပြုံးလျက် မြသိလ္လာထံ လျှောက်လာခဲ့သည်။

"သိလ္လာ ... နင် တစ်ယောက်တည်းလား"

"ဟုတ်တယ် ကဗျာ"

"ကိုမင်းပျိုက နင်နဲ့ အဖော်မလိုက်ပေးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



“သူက ဈေးဝယ်တာ စိတ်မရှည်ဘူး။ သီလ္လာက ဈေးဝယ်ရင် ကြာတယ်လေ”

“ဟုတ်တယ် ... ဟုတ်တယ် ... သီလ္လာက မြင်မြင်ကရာ ဝယ်တော့တာပဲ။ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက်နဲ့ မပြီးနိုင်တာ၊ ကဗျာ သတိရသေးတယ်”

“ကဗျာရော ... ဒီဆိုင်လာတာ ကြော်ငြာရိုက်ဖို့လား”

“မဟုတ်ဘူး၊ ကဗျာ အချိတ်လာမှာတာ၊ ကဗျာ့စိတ်ကြိုက် အရောင်နဲ့ ပန်းပွင့်လေးတွေနဲ့ ရွေးပြီး မဖော်ကိုလည်း စဉ်းစားခိုင်းထားတာလေးကို ဒီဆိုင်ကို ပြမယ်၊ သူတို့ဝိုင်း စဉ်းစားပေးမဲ့ ဒီဇိုင်းနဲ့ပါရောပြီး အလှဆုံး ချိတ်ဆင်လေး ရဖို့ စဉ်းစားထားတယ်။ အော်ဒါမှာရင် ကြိုမှာရတယ်ဆိုလို့ အခု ကြိုလာမှာထားတာလေ”

“ကဗျာ့အတွက်က လိုပါတယ်၊ ဟုတ်တယ်၊ သူများနဲ့မတူတဲ့ပုံလေး ဝတ်ရမှာပေါ့”

“ဟယ် ... သီလ္လာ သိပြီးနေလို့လား”

“ဟင် ... ဘာကို သိပြီးတာ ပြောတာလဲ”

“ဟောတော့ ... နှစ်ယောက်တည်း ရှုပ်နေပြီ။ ကဲပါ ... ကဲပါ ... အေးအေးဆေးဆေး ထိုင်စကားပြောဦးမှပါ”

ပန်းကဗျာ ရယ်ရယ်မောမောပင် ထိုင်လိုက်ပါသည်။ ဆိုင်ရှင် အန်တီကြီးက ပြုံးပြုံး ပြုံးပြုံးနှင့် ရောက်လာပြီး ကောင်မလေးတစ်ယောက်ကို ကော်ဖီချခိုင်းလိုက်လေသည်။





“အန်တီ ... ဒါ သီလ္လာ့သူငယ်ချင်း”

“ပန်းကဗျာက မြသီလ္လာလေး သူငယ်ချင်း ဖြစ်နေတာကို။ ပန်းကဗျာ သုံး,လေးခါ လာဝယ်နေတာပါပဲ။ မောင်ခန့်ဦးနဲ့ ပတ်သက်ပြီး သိထားတာလေ။ မြသီလ္လာနဲ့ပါ သူငယ်ချင်းတွေကို:”

“ဟုတ်တယ် ... ကဗျာ့တို့က အရင် သီလ္လာ အိမ်ထောင်မကျခင်ကဆို သိပ်တွဲမိကြတာ”

“စကားလည်း ပြောပါ၊ အေးအေးဆေးဆေးပေါ့၊ ထိုင် ... ထိုင်”

အန်တီကြီး အလိုက်တသိနဲ့ ပြန်ထွက်သွားပါသည်။ ဒီတော့မှ ပန်းကဗျာက ပြောပြပါသည်။

“ကဗျာ လက်ထပ်တော့မယ်လေ”

“ဟယ်”

“ကိုမင်းပို့ မပြောပြဘူးလား”

“မပြောဘူး”

“သူ မယုံလို့ထင်တယ်”

ပန်းကဗျာ ,သူမဘာသာ ရေရွတ်ပြီးမှ သီလ္လာ့ကို အားနာသွားသလိုဖြင့် ကြည့်ပါသည်။

“ဒီမှာ အေးအေးဆေးဆေး မရှိဘူး။ စကားပြောရအောင် ကော်ဖီဆိုင်မှာဖြစ်ဖြစ် သွားထိုင်ရအောင်လား သီလ္လာ။ သီလ္လာ အားရဲ့လား”



www.burmeseclassic.com

www.burmeseclassic.com



"သီလ္လာက အမြဲအားပါတယ် ကဗျာ။ နင်ကသာ အမြဲ အချိန်ဇယားတွေနဲ့ ပြည့်နေတော့ ငါက အားနာပြီး ဖုန်း မဆက်တာပါ"

"ဒီနေ့ ညနေထိ အားတယ်၊ ညကျမှ အဆိုတော်လေး တစ်ယောက်ရဲ့ မွေးနေ့ပွဲ သွားရမှာ"

"ဒါဆို အခု အရင်ဝယ်စရာရှိတာ ဝယ်လိုက်ရအောင်။ ပြီးမှ သွားကြတာပေါ့"

"ဟုတ်ပြီ။ ကဗျာလေ သီလ္လာနဲ့ ခုလို ပြန်ဆုံပြီး စကား ပြောရတာကို သိပ်ဝမ်းသာတာပဲ သိလား"

မြသီလ္လာလည်း ညီနိုင့် ကောင်မလေး Sienna ကို ပေးရန် ချိတ်အထည်နှင့် သူမဝတ်ရန် ချိတ်အထည်တို့ကို ရွေးချယ်လိုက်ပါသည်။ ပန်းကဗျာကလည်း သူမ အော်ဒါမှာလိုသော ဒီဇိုင်းသစ်ကို ဆိုင်ရှင် အန်တီကြီးနှင့် သေသေချာချာ တိုင်ပင်ဆွေး နွေးပြီး မှာနေပါသည်။ အားလုံးပြီးစီးသောအခါကျမှ နှစ်ယောက် သား ဆိုင်ကခွာကြတော့သည်။ အပြင်ကားပါ့ခ်တွင် ရပ်ထားသော ကားတွေကိုကြည့်ရင်း ပန်းကဗျာက ...

"သီလ္လာ့ကားရော"

"ဪ ... သီလ္လာ့ အရင်ကစီးတဲ့ နက်ပြာရောင်လေး လဲလိုက်ပြီ။ အခု ... ဒီကား"





"ဒါဆို ကဗျာလည်း သီလ္လာ့ကားနဲ့ပဲ လိုက်ခဲ့မယ်၊ ခဏ နော်။ ဒရိုင်ဘာကို ပြန်ဖို့ သွားပြောလိုက်ဦးမယ်"

မြသီလ္လာ ကားသော့ဖွင့်နေစဉ် ပန်းကဗျာက သူမ စီးလာသော Crown ဆလွန်းကားကြီးကို မောင်းသူအား အကျိုး အကြောင်း သွားပြောကာ ပြန်လွှတ်လိုက်ပါသည်။ မောင်းသူ မြသီလ္လာ၏ ဘေးနေရာမှာ ဝင်ထိုင်ပြီးသောအခါမှ ...

"ကဲ ... သီလ္လာရေ ... အရင်ကလို တို့နှစ်ယောက် လျှောက် သွားလို့ ရပြီနော်"

လို့ သတိတရ ရယ်ရယ်မောမော ပြောလိုက်ပါသည်။

မြသီလ္လာအတွက်တော့ ပန်းကဗျာ နှုတ်ဖျားမှ အရင် က အရင်ကနှင့် ထည့်သုံးတိုင်း စိတ်ထဲမှာ လိပ်ပြာမလုံသလို ခံစားနေရသည်။ တကယ်လည်း ကိုယ်က သူ့ချစ်သူကို လုယူခဲ့ မိခဲ့သူကိုး။ ဒီတော့ ပန်းကဗျာနဲ့ ဆုံရတိုင်း ကိုယ့်ဘက်က မျက်နှာပူသလို ခံစားရတာလည်း အမှန်ပင်။

"ခုနကကားက ကဗျာ့ကားလို့တော့ မထင်လိုက်နဲ့။ အဲဒါ ကိုခန့်ကား"

"ကိုခန့် ဆိုတာက ..."

"နာမည်အပြည့်အစုံက ကိုခန့်ဦးပါ။ ကဗျာနဲ့ လက်ထပ်မဲ့ သူလေ"

"ဪ ... ဪ"



www.burmeseclassic.com

www.burmeseclassic.com



"ကဗျာ အရင်ကတော့ လ,ပေးနဲ့ ကားငှားစီးရတယ်၊ အခုကျတော့ သူက သူ့ဇနီးလောင်း ဖြစ်နေပြီး ကားငှားစီးနေရရင် မသင့်တော်ဘူးဆိုပြီး ဒရိုင်ဘာရော ကားရော ပေးသုံးတာပေါ့"

"ကဗျာနဲ့ ဘယ်လိုတွေ့ကြတာလဲ"

"ဒီလိုပါပဲ၊ သူက Celebrity တွေနဲ့ အဆက်အစပ်ရှိပြီး ဝင်ထွက်သွားလာနေတဲ့သူပေါ့။ သူ့လုပ်ငန်းတွေကလည်း များတော့ ဒီ,အနုပညာလုပ်ငန်းတွေမှာလည်း တချို့ကုမ္ပဏီတွေမှာ ရှယ်ယာပါထားတဲ့သူပေါ့။ ဒီတော့ ညှော်ခံပွဲတွေမှာ မကြာခဏ ဆုံကြရင်း ရင်းနှီးရင်းနဲ့ပဲ ..."

ပန်းကဗျာ ပြောပြပုံက အသက်မပါသလိုဘဲဟု မြသိလ္လာ တွေးမိပါသည်။ သူ ကိုခန့်ဦး ဆိုတဲ့လူအကြောင်း ပြောပြပုံမှာ ကိုမင်းပျိုနဲ့ စပြီးဆုံရစဉ်က ပြောပုံနဲ့ သိပ်ကွာခြားပြီး အပေါ်ယံရုပ်ပြောသလိုလည်း ဖြစ်နေသည်။ အေးလေ ... ကဗျာ ကိုခန့်ဦးကို ဘာကြောင့်ရွေးရွေး ကိုမင်းပျိုကို ချစ်သလို မျိုးတော့ ချစ်မယ်မထင်ဘူး။ သိလ္လာက ကဗျာ့စိတ်ကို အသိဆုံး။ ကဗျာ့နှလုံးသားကိုလည်း အမြင်တတ်ဆုံး ဖြစ်ခဲ့ဖူးတာမို့ ပြောနိုင်တာပါ။

"လက်ထပ်ဖို့ အထိတောင် ဆုံးဖြတ်ပြီးသွားပြီ ဆိုတော့ ကဗျာ့ အပေါ် ကောင်းတဲ့သူဖြစ်လို့ မဟုတ်လား"





"ဟုတ်တယ် ... သိလ္လာ။ သူက ရည်းစားတော့ များခဲ့တယ်ပေါ့။ ဟိုမင်းသမီးနဲ့ သတင်းထွက်၊ ဒီအဆိုတော်နဲ့သတင်းထွက်ပါပဲ၊ အဲဒီထဲကမှ ကဗျာက ကံထူးရှင်ဖြစ်ပြီး သူ လက်ထပ်ပါရစေလို့ ခွင့်တောင်းခံရတဲ့ မိန်းကလေး ဖြစ်သွားတာပါပဲ"

"ကဗျာ ... ဒီဆိုင်မှာ ထိုင်မလား၊ သိလ္လာ ကားရပ်လိုက်မယ်"

"ထိုင် ... ထိုင် ... သိလ္လာနဲ့ စကားပြောချင်လို့ ကော်ဖီဆိုင်လို့ ပြောတာပါ။ Traders မှာမှ မဟုတ်ဘူး။ တခြားဆိုင်ထိုင်လည်း ရတယ်"

"Traders ပဲ ကောင်းပါတယ်"

မြသိလ္လာနှင့် ပန်းကဗျာတို့ Traders Hotel ရှိ ကော်ဖီဆိုင်မှာ ဝင်ထိုင်ဖြစ်ကြသည်။ ပန်းကဗျာကတော့ အရင်ကလို ပိုက်ဆံမသုံးနိုင်သော၊ မတတ်နိုင် မစားနိုင်သော သူငယ်ချင်းကို ကပ်လိုက်နေရသော အခြေအနေမျိုး မဟုတ်တော့လေရာ၊ အရင်ကလို အားနာနေမှု၊ ခပ်ရွံ့ရွံ့ မဝံ့မရဲဖြစ်မှု၊ မြသိလ္လာ အရင်ဝင်မှ လိုက်ဝင်ရဲမှုတွေ ရှိမနေတော့ပါပေ။

အခုတော့ အခြေအနေက ပိုလို့ပင် ကွာခြားနေသည်။ ပန်းကဗျာကိုတော့ လူသိများသော အနုပညာရှင် မိန်းကလေးမို့ လူတိုင်းကသိသိ၊ မသိသိ ရယ်ပြုံးပြုံး နှုတ်ဆက်ကြနှင့် ဖြစ်နေပြီ။

www.burmeseclassic.com



"မင်္ဂလာပွဲအတွက် ဖိတ်စာရရင် သီလ္လာတို့ကို လာဖိတ်မယ် လေ။ သီလ္လာတို့ အိမ်လိပ်စာကို ပြောပါဦး"

"ဒီမှာ သီလ္လာ Card လုပ်ထားပါတယ်၊ ဒါက အိမ်လိပ်စာ ဖုန်း ပါတဲ့ Card ။ ဒါက သီလ္လာ့ဆိုင်ရဲ့ Card "

"ဟယ် ... ဘာဆိုင်လဲ၊ ဩော် ... Stationary Store ဆို တော့ စာရေးကိရိယာဆိုင်မျိုးပေါ့"

"အဲဒါတွေအပြင် ဓာတ်ပုံအယ်လဘမ်တို့ ဘာတို့ပေါ့ အဲဒါလေးတွေပါ ရောင်းတယ်"

"ဘယ်တုန်းက ဆိုင်ဖွင့်လိုက်တာလဲ"

"သိပ်မကြာသေးဘူး"

"ကိုမင်းပို့ပါ ဆိုင်ထိုင်တာလား"

"မဟုတ်ဘူး၊ သူက သူ့ကင်မရာဆိုင်မှာပဲ၊ သီလ္လာက အိမ်မှာ ကျန်ကျန်နေခဲ့ရတာ ပျင်းလို့ဆိုပြီး၊ သူ့အမေဆိုင် နဲ့ ကပ်ရပ်မှာ ဆိုင်ခန်းလွတ်တာနဲ့ စိတ်ကူးရပြီး ဆိုင်ဖွင့် ဖြစ်တာပါ"

"အဲဒီရှော့ပင်းစင်တာ ကဗျာ မကြာမကြာ ရောက်တယ် ဒီတစ်ခါရောက်ရင် ဝင်ခဲ့မယ်လေ။ ခါတိုင်းတော့ ကိုယ် ဝယ်နေကျဆိုင်မှာ အဝတ်အစားဝယ်၊ ဖိနပ်ဝယ်၊ လက်ကိုင် အိတ်တွေဝယ်နဲ့ပဲ ဆိုတော့ အလုပ်ကလည်း သိပ်မအားတော့ ရှော့ပင်းစင်တာပတ်ပြီး အချိန်ဖြုန်းပြီး မကြည့်နိုင်ဘူးလေ ဒါကြောင့် သီလ္လာ့ကို မတွေ့တာ ဖြစ်မယ်"





ကော်ဖီအိုးတွေ ရောက်လာတော့ နှစ်ယောက်သား ကော်ဖီထည့်သောက်ရင်း စကားဆက်ကြပါသည်။

"သီလ္လာ"

"အေး ... ပြောလေ ကဗျာ ... ဘာလဲ"

"ငါ မေးစရာတော့ ရှိတယ်။ ဒါပေမဲ့ ငါ ကြိုတော့ပြောထား မယ်၊ ငါ့ ခုလိုမေးလိုက်လို့ နင့်စိတ်ထဲမှာ တစ်မျိုးတော့ မထင်နဲ့။ ငါ သိချင်နေလို့ မေးတာပါ"

"မေးပါ၊ ရပါတယ် ကဗျာ"

ပန်းကဗျာက မြသီလ္လာကို စေ့စေ့ကြည့်လိုက်ပါ သည်။ မျက်ခုံးမျက်ဖန်လှလှ၊ ကိုယ်နေ့ဖြူဖြူ ပိန်ပိန်သွယ်သွယ်၊ အရပ်မြင့်မြင့်နှင့် မျက်နှာမှာ သင့်တင့်သလောက် အလှအပ လေးတွေ ခြယ်ရတာ ဝါသနာလည်းပါသော မြသီလ္လာကို မြင် မြင်ချင်း ဘာကြောင့် ခင်ချင်သွားရသလဲဟု အစုမှ လွန်ခဲ့သော ကာလဆီက အဖြစ်အပျက်ကို ပြန်သတိရပြီး၊ စဉ်းစားတွေးတော သွားပါသည်။ စာရင်းကိုင်သင်တန်း စတက်ရသည့်နေ့တွင် အတန်းထဲဝင်လာသော ကဗျာ့ကို မေးကလေးထောက် ငေးကြည့် နေခဲ့သည့် ကောင်မလေးရဲ့ မျက်လုံးလေးတွေကြည့်ပြီး သိပ်လှတာ ပဲ ပြီးတော့ သူ့မျက်နှာလေးက တစ်ဖက်သားကို ကျေညီတတ်ပြီး အနေအထိုင်လည်း အေးဆေးပုံရတယ်လို့၊ အဲဒီတုန်းက မြင်မြင် ချင်း အမှတ်ပေးလိုက်မိတာကိုတော့ ခုထိ မှတ်မိပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းအဖြစ် တွဲလာခဲ့တဲ့ သက်တမ်းတ လျှောက်မှာ ယောက်ျားလေးအကြောင်း ဘာမှ ပြောသံမကြား ဘူးသော သီလွှာ့ထံမှာ ချစ်တဲ့သူကော မရှိခဲ့ဖူးဘူးလား။ ဒါနဲ့ နေပါဦး၊ တစ်ခါတုန်းကတော့ သီလွှာ ပြောသံသဲ့သဲ့ ကြားဖူးတ က ကဗျာ့ အိမ်ခန်းသစ်ကို လာလည်ရင်း လူတစ်ယောက်နဲ့ တိုက်မိခဲ့တော့ အဲဒီလူကို မြင်မြင်ချင်း စိတ်ဝင်စား သဘော သလိုလို ရှိခဲ့ဖူးတာကို ပြန်သတိရသွားပါသည်။ အဲဒီလူနဲ့ မဆုံခဲ့ဘူးလား။ အဲဒီလူကို မချစ်ခဲ့ဘူးလား။

"ဘာလဲ ကဗျာရဲ့။ ငါ့ကို စိုက်ကြည့်မနေပါနဲ့ နင့်စိတ် မှာ ပြောစရာရှိတာ ပြောလိုက်ပါ၊ မေးစရာရှိတာလည်း မေးလိုက်ပါ။ ငါလည်း ဖြေချင်ပါတယ်။ ငါလည်း နင် ဒီလို ပွင့်ပွင့်လင်းလင်း ပြောဆိုပြီး ဆွေးနွေးချင်ပါတယ်"

"သီလွှာ နင့်မှာ ချစ်ရမဲ့သူ ရှိခဲ့ဖူးလားဟင်"

"ဩော် ... ဒါမေးမှာလား"

"ဟုတ်တယ်"

"ငါ့မှာ ချစ်သူ မရှိခဲ့ဖူးဘူး"

"ငါပြောတာက နှစ်ဦးနှစ်ဖက် ချစ်ကြတဲ့ ချစ်သူကို ပြော တာမဟုတ်ဘူး။ နင်ကပဲ ချစ်သွားမိတဲ့ ချစ်သူမျိုးပေါ့ နင်ချစ်နေတာ သူတောင်မသိဘူး ဆိုတာမျိုးလေ"

"အင်း ... ဟုတ်တယ်၊ အဲဒီလူတော့ ရှိခဲ့တယ်"





"ကဗျာ့အိမ် ပြောင်းပေးတုန်းက သီလွှာနဲ့ မတော်တဆ ဝင်တိုက်မိတဲ့သူ ဆိုတာကရော"

"ဟမ် ... ကဗျာ အဲဒါကို မှတ်မိနေတယ်လား၊ ကြာပဲ ကြာလှပြီ"

"အခုမှ သီလွှာ့ အကြောင်းတွေ ပြန်စဉ်းစားရင်း အဲဒီ ဘာမဟုတ်တဲ့ အဖြစ်အပျက်လေးကိုပါ ဖျတ်ခနဲ တွေးလိုက် မိသွားလို့ပါ"

မြသီလွှာ ရင်ထဲတွင် ထိုပထမဦးဆုံး ဆုံတွေ့ဖြစ် ကြစဉ်က အဖြစ်အပျက်လေးကို ပြန်လွမ်းသွားမိပါသည်။ အဲဒီ တုန်းက ရင်ထဲမှာ နွေးထွေးမှုနဲ့ လှိုက်ခုန်ခဲ့တာကို ခုထိ မနေ့ တစ်နေ့ကလိုပဲ ခံစားမိတုန်းပါပဲ ကဗျာရယ်။

"အဲဒီတုန်းက သီလွှာ တကယ်ကို အသည်းအသန်နော်။ ကဗျာ့အိမ်လာတိုင်း လိုက်လိုက်ရှာရတာ၊ သူနဲ့ပြန်မဆုံဖြစ် ခဲ့ဘူးလား"

"ဆုံခဲ့တာပေါ့"

"ဟယ် ... ကဗျာတောင် မသိရဘူး"

"သူက ကဗျာတို့ တိုက်ခန်းတွေမှာ မနေပါဘူး။ အလည် လာတာပါ။ သူက မြို့ထဲက(---) Tower ကြီးမှာ ကင်မရာ ဆိုင် ဖွင့်ထားခဲ့တယ်လေ"

"ဟင် ... ဟုတ်လား သီလွှာ"



www.burmeseclassic.com

www.burmeseclassic.com



ပန်းကဗျာသည် မြသီလ္လာထံမှ ပွင့်ပွင့်လင်းလင်းပင် ဖွင့်ပြော ဝန်ခံလိုက်သည်အား တအံ့တဩနှင့် ငေးမောတွေဝေရ တော့လေသည်။

"သီလ္လာရယ်"

"ဟုတ်တယ် ကဗျာ။ သီလ္လာ သူ့ကို မမျှော်လင့်ဘဲ အဲဒီမှာ ပြန်တွေ့လိုက်ရလို့ သိပ်ဝမ်းသာနေခဲ့တဲ့ နေ့မှာပဲ သူက ကဗျာ့ကို မြင်မြင်ချင်း ချစ်သွားခဲ့ပြီး သီလ္လာတို့ ကားနောက်ကတောင် ပါလာခဲ့တယ်လေ"

"သီလ္လာရယ် အဲဒီနေ့ကတည်းက ပြောတာ၊ မဟုတ်ဘူး"

"ကိုယ် မရနိုင်မှန်း သိနေမှတော့ ပြောပြမနေချင်တော့ဘူး။ ပြီးတော့ ကဗျာကိုယ်တိုင်ကလည်း သူ့ကို တခြားယောကျ်ား တွေနဲ့မတူအောင် စိတ်လှုပ်ရှားမှုတွေနဲ့ ပြန်ဆက်ဆံခဲ့တော့ လေ။ သီလ္လာ တိတ်တိတ်လေးပဲ နေလိုက်ခဲ့တာပါ"

"ဒါပေမဲ့ နောက်ဆုံးတော့လည်း သီလ္လာ သူ့ကို ပိုင်ဆိုင်ရ တာပါပဲ"

"လူကိုပဲ ပိုင်ဆိုင်ရတာပါ ကဗျာရယ်။ အဲဒီအတွက် သီလ္လာလည်း ကဗျာ့အပေါ်မှာ အမြဲအပြစ်ရှိသလို ခံစားရ ကယ်။ ကဗျာဆီက လုယူလိုက်မိတယ်လို့ ကိုယ့်ကိုယ်ကိုယ် ထင်မိတယ်။ အားလုံး သွေးအေးသွားကြတဲ့ တစ်နေ့ကျ ရင် ကဗျာနဲ့ဆုံပြီး တောင်းပန်မယ်လို့လည်း စိတ်ကူးထား





ခဲ့ပါတယ်၊ အခု သီလ္လာ ဖြစ်ချင်တဲ့ ဆုံစည်းမှုကိုရပါပြီ။ ဒါကြောင့် သီလ္လာ ကဗျာ့ကို တောင်းပန်ချင်ပါတယ်။ ကဗျာ့အတွက် သီလ္လာဟာ သူငယ်ချင်းကောင်း မဟုတ်ခဲ့ ဘူးနော်။

ပန်းကဗျာကတော့ မြသီလ္လာ တောင်းပန်သည်ကို လက်မခံသလိုဖြင့် ခေါင်းခါရင်း လက်ပါ အသာကာပြကာ တားနေတော့ မြသီလ္လာလည်း ပြောလက်စ စကားကို ရပ်လိုက် ရသည်။ ကဗျာ ခွင့်မလွှတ်ချင်ဘူး ထင်တယ်။ အေးလေ ... သူ ကလည်း ကိုမင်းပျိုကို သိပ်ချစ်ထားခဲ့တာကိုး။

"ကဗျာ တားလိုက်လို့ တစ်မျိုးမထင်နဲ့။ သီလ္လာ ... ကဗျာ့ ကို တောင်းပန်စရာ မလိုပါဘူး။ အဲဒီအချိန်တုန်းကတော့ သွေးပူပြီး သီလ္လာ့ကို အပြစ်မြင်ခဲ့မိပေမဲ့ တကယ် သွေးအေး သွားတဲ့အခါ ပြန်စဉ်းစားကြည့်တော့ ကိုမင်းပျိုရဲ့ မိဘ အသိုင်းအဝိုင်းတွေက ကဗျာနဲ့ဆို ဘယ်တော့မှ သဘောတူ ကြမှာမှ မဟုတ်တာ ...

သီလ္လာငြင်းလိုက်လည်း သီလ္လာ မဟုတ်တဲ့ တခြား မိန်းကလေးတစ်ယောက်နဲ့ ရအောင်စီစဉ်မှာပဲ။ သူတို့က ကဗျာ့ကို အမြင်မကြည်ဘူး။ ကဗျာ့အလုပ်ကို နားလည် ပေးလို့ မရကြဘူး။ သူတို့က အမြင်ကျဉ်းမြောင်းကြတယ် သီလ္လာ ...



www.burmeseclassic.com

www.burmeseclassic.com



ဒါကို ခုမှ ကဗျာ သိလာပြီ။ အခု ကဗျာ ရွေးချယ်လိုက်တဲ့ ကိုခန့်ကျတော့ သူကိုယ်တိုင်ကရော သူ့မိဘဆွေမျိုး အသိုင်းအဝိုင်းကရော ကဗျာ့ကို သိပ်လိုလားကြတာ၊ ကဗျာ့အလုပ်ကို သိပ်သဘောကျကြတာ။ အဲဒီအတွက် ကဗျာ စိတ်ချမ်းသာရတယ်။ ကိုမင်းပျိုနဲ့သာ မဖြစ်မနေ ရအောင်လက်ထပ်မိခဲ့ရင် ကဗျာ စိတ်ဆင်းရဲရလိမ့်မယ်။ ကိုမင်းပျို ကိုယ်တိုင်ကလည်း ချစ်သဘာဝမို့ ချစ်တဲ့စိတ်နဲ့ ကဗျာ့အလုပ်ကို ဝင်မပါဘဲ နေနေတဲ့ပုံစံပါ။ သူလည်း တကယ်တော့ သိပ်သဝန်တိုတတ်တာပါပဲ၊ သိလွှာ သိထားတာပဲ။ အရင်က သိလွှာလည်း အမြဲဝင်ပြီး ဖြေရှင်းပေးရတာလေ။ ကောလဟာလကြားရင် သူကပါရောပြီး အထင်လွဲချင်နေတာ"

ကဗျာ့ကိုသာ သဝန်တိုပေမဲ့ သိလွှာ့ကိုတော့ သူ သဝန်မတိုပါဘူး။ သူ့လက်ကလွှတ်ရင် ပြီးရောဆိုပြီး ညီနိုင်နဲ့တောင် စွပ်စွဲချင်နေတာ။ ညီနိုင်နဲ့ ပြန်ပါသွားရင် ပြီးရောလို့များ တွေးနေသလား မသိဘူး။ သိလွှာသည် မင်းပျိုရဲ့ အမူအရာတွေကို ပြန်မြင်ယောင်ပြီး တွေးလိုက်မိသည်။

"ကိုမင်းပျို ကိုယ်တိုင်ကလည်း သတ္တိမရှိလှပါဘူး သိလွှာရယ်။ တကယ်ဆို သူ သတ္တိသာရှိရင် မိဘဆွေမျိုးတွေကို ရင်ဆိုင်ပြီး ကဗျာ့ကို သူ့သဘောနဲ့သူ လက်ထပ်ရဲရမှာပေါ့။





သူကိုယ်တိုင်ကလည်း တွေဝေမျောညှိခဲ့တယ်၊ သူ့အဖေ အမေ အစ်မတွေ ပြောတဲ့အတိုင်း တစ်နေ့ ဖြစ်လာမလား၊ ကဗျာက ဖောက်ပြန်သွားမလားလို့ သူ့စိတ်ထဲမှာတွေးပြီး စိုးရိမ်ရင် စိုးရိမ်နေခဲ့မှာပေါ့။ ကဗျာ အဲဒါတွေကို အခုလို သွေးအေးသွားမှပဲ အဘက်ဘက်က ပြန်စဉ်းစားမိလာတာလည်း ပါပါတယ်။ အပြစ်ရှိတဲ့သူတွေထဲမှာ ကဗျာလည်း ပါတယ်၊ သူလည်း ပါတယ်၊ သိလွှာတစ်ယောက်တည်းတော့ မဟုတ်ဘူး"

မြသိလွှာက ရယ်မောလိုက်ရင်း ...

"ဟင် ... ကဗျာက ကျန်ခဲ့တဲ့သူပဲ၊ ဘာအပြစ်ရှိလို့လဲ၊ ပြောပါဦး"

"ကိုမင်းပျိုက သိလွှာနဲ့ လက်မထပ်ခင်မှာ ကဗျာ့ကို လာညှိနှိုင်းတာ ရှိတယ်လေ။ သိလွှာ မသိဘူးလား"

"လက်ထပ်ခါနီးမှ"

မြသိလွှာ အံ့ဩသလိုဖြင့် သံယောင်လိုက်ပြီး မေးလိုက်ပါသည်။

"ဟုတ်တယ် ... ပြောရရင် ကဗျာတောင် သူလာပြောတာကို မယုံနိုင်အောင်ပဲ ဖြစ်ခဲ့တယ်။ သိလွှာနဲ့သူ လက်ထပ်ဖို့ ဖိတ်စာတွေတောင် ဝေပြီးမှ သူ ကဗျာ့ဆီ ရောက်လာပြီး ပြောတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား"

"ကဗျာ ဒီအလုပ်ကို စွန့်လွှတ်ရင် သူလည်း အားလုံးငြ ရင်ဆိုင်ရဲတယ်၊ ကဗျာ့ဘက်က ရပ်တည်ရဲတယ်၊ ကဗျာ့ စိတ်ချလက်ချ သူ လက်ထပ်ရဲမယ်တဲ့"

"ဩော်"

"ကဗျာ့ ကိုယ်ကျင့်တရားကို သူကိုယ်တိုင်ကပါ မယုံသလို ပြောလို့ ကဗျာ စိတ်တအားဆိုးသွားတယ်"

"ဟုတ်တာပေါ့၊ သူကိုယ်တိုင်ကပါ မယုံသလိုကြီးနဲ့ ဆို တော့"

"အဲဒီမှာ ကဗျာလည်း အရွဲ့တိုက်ပြီး ဒီအလုပ်ကို မစွန့် လွှတ်နိုင်ပါဘူးလို့ ပြန်ပြောပြီး သူ လာညှိနှိုင်းတာကို ငြင်းပစ်လိုက်တယ်လေ။ တကယ်တော့ ကဗျာ ကိုယ်တိုင် လည်း အတ္တကြီးသွားတာ ပါပါတယ်။ တကယ်ဆို ကိုယ့် ချစ်သူနဲ့ အတူတူနေရမယ်ဆိုရင် ဘာကိုပဲ စွန့်ရ စွန့်ရ စွန့်မယ်ဆိုတဲ့စိတ်မျိုး ထားလိုက်ရင် ကဗျာနဲ့သူ ကွဲသွား စရာ အကြောင်းမရှိဘူး။ ကဗျာကလည်း အတ္တကြီးလိုက် မိခဲ့တဲ့ အပြစ်ရှိတယ် ...

ကိုမင်းပိုကလည်း ကဗျာ့ကို သူကိုယ်တိုင်ကတောင် မယုံရဲတဲ့ အပြစ်ရှိတယ် ... ကဲ"





"သိလ္လာကတော့ ကိုယ့်သူငယ်ချင်းရဲ့ ချစ်သူမှန်း သိရက် နဲ့ လက်ထပ်ယူရဲတဲ့ အပြစ်ရှိတယ် ... ဟင်း ဟင်း"

"ကဲ ... ဒါဆို ကျေပြီ။ အားလုံး အပြစ်ရှိတဲ့ လူတွေချည်း ပဲ"

"ကဗျာ အဲဒီလိုစိတ်မျိုး ထားနိုင်တာကို သိရတဲ့အတွက် သိလ္လာ သိပ်ဝမ်းသာတာပဲ၊ သိလ္လာလည်း ကဗျာ့လို သူငယ် ချင်းတစ်ယောက်ကို မစွန့်လွှတ်ရချင်ပါဘူး။ အဆက် အသွယ် ဘယ်လောက်ပဲပြတ်နေနေ သူဟာ ငါ့သူငယ်ချင်း ပဲလို့ စိတ်ထဲမှာ တွေးခွင့်ရချင်တယ်။ တကယ်လို့သာ တစ်ယောက်နဲ့ တစ်ယောက် အထင်တွေလွဲပြီး အဆက် အသွယ် ပြတ်ရတာမျိုး ဆိုရင်တော့ သိလ္လာ ဘယ်တော့မှ စိတ်ကောင်းနိုင်မှာ မဟုတ်ဘူး"

"ငါလည်း အဲဒီလိုပါပဲ သိလ္လာရယ်"

မြသိလ္လာတို့ သူငယ်ချင်းနှစ်ယောက်သား မျက်လုံး ထဲမှာ မျက်ရည်တွေ ဝေ့ဝဲတက်လာတဲ့အထိ သူတို့ရဲ့ ပြန်လည် ပြေပြစ်သွားသော ဆက်ဆံရေးအတွက် ကြည်နူးသွားခဲ့ကြပါသည်။

ကော်ဖီတစ်အိုးလည်း ကုန်ခါနီးပြီဖြစ်သလို သူတို့ ကြားမှာ ပြောစရာစကားတွေလည်း ကုန်သလောက်နီးပါးပင် ဖြစ်နေပါသည်။ နောက်ဆုံးလက်ကျန် ကော်ဖီကို ခွက်နှစ်ခွက်ထဲ မှျ၍ထည့်နေသော မြသိလ္လာကို ပန်းကဗျာက ကြည့်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"သိလ္လာတို့ ကလေးမရကြသေးဘူးနော်၊ လက်ထပ်တာ တစ်နှစ်ပြည့်တော့မယ် မဟုတ်လား။ ကဗျာ မှတ်မိပါတယ်"

မြသိလ္လာ မျက်နှာမှာ ကသိကအောက် ဖြစ်သလို အမူအရာတွေ ဖြတ်ပြေးသွားခဲ့ပါသည်။

"ကဗျာလည်း လက်ထပ်ပြီး တစ်နှစ်၊ နှစ်နှစ်လောက်တော့ ကလေးမယူသေးဘူးလို့ ဆုံးဖြတ်ထားတယ်။ ဒါပေမဲ့ ကလေးကတော့ ယူမှာပါ။ အိမ်ထောင်တစ်ခုမှာ သားသမီး ရှိမှ မိသားစုဘဝရဲ့ ပြည့်စုံမှုကို ခံစားရတယ်လို့ ထင်တယ်"

"အင်း ... ဟုတ်တာပေါ့"

"အကြံရပြီ၊ သိလ္လာလည်း ကဗျာနဲ့အတူတူကျမှ ကလေးယူရင်ယူ၊ ဒါမှ မဟုတ်၊ အခုတစ်ယောက် အရင်ယူရင် ယူထား၊ ကဗျာ ကလေးယူတဲ့ အချိန်ကျမှ ကဗျာနဲ့တိုင်ပင်ပြီး နောက်တစ်ယောက်ယူ။ သားနဲ့သမီး ဖြစ်နေရင် ကြီးလာတဲ့အခါ လက်ထပ်ပေးကြရအောင်"

"ဟား ဟား ဟား ... ကဗျာ၊ နင်က ငါ့အမေနဲ့ ငါ့ ယောက္ခမကြီးတို့ရဲ့ ဓာတ်လမ်းမျိုး ဒုတိယအကြိမ် ပြန်ရေး နေတဲ့အတိုင်း ဖြစ်နေပြီး သူတို့တုန်းကလည်း အခုလိုပုံစံ တစ်ထေရာတည်းပဲ ကဗျာ။ နင် သိတယ် မဟုတ်လား"

"အေး ... သိတယ်၊ ဒါပေမဲ့ ငါက ပုံတူကူးချတာ မဟုတ် ပါဘူး။ အဲဒီလိုလေး ဖြစ်ရင်ကောင်းမယ်လို့ စိတ်ကူးယဉ်





ကြည့်တာပါ။ သားနဲ့သမီး မဖြစ်ရင်လည်း သား,သားချင်း၊ သမီး,သမီးချင်းဆိုလည်း Best Friends တွေ ဖြစ်ကြတာ ပေါ့နော်"

"ကဗျာရယ် ... ငါကတော့ မမြင်ရသေးတဲ့ ကလေးတွေ ရဲ့ အနာဂတ်ကို အမေတွေ စိတ်ကူးယဉ် ဖန်တီးပေးခဲ့တာ မျိုး မဖြစ်ချင်တော့ပါဘူး။ ငါနဲ့ ကိုမင်းပိုုလို အဖြစ်မျိုး နောက်တစ်ခါ ထပ်ကြုံရမှာမျိုး မမြင်ချင်လို့ပါ"

"ဪ ... သိလ္လာရယ်"

ပန်းကဗျာသည် မြသိလ္လာ ရင်ထဲက ကြေကွဲမှုကို မြင်သွားကာ ခပ်တိုးတိုး ရေရွတ်မိပါသည်။ ကိုယ်လည်း သိနေ သားပဲ။ မောင့်ရဲ့ နှလုံးသားဟာ ကိုယ့်ဆီမှာပဲ ရှိနေသေးတယ် ဆိုတာ ရိပ်မိနေသားပဲ။ သိလ္လာ့ကို ကရုဏာသက်လို့သာ သူ့ စိတ် ပျော်ပါစေဆိုပြီး ရယ်ရအောင် လျှောက်ပြောနေတဲ့သဘောပါ။

"ကဲ ... သွားရအောင် ကဗျာ။ ကော်ဖီလည်း တစ်အိုးကုန် ပြီ၊ ပြောစရာလည်း ကုန်ပြီထင်ပါရဲ့"

"အေး ... သွားကြတာပေါ့"

"ကဗျာ့ကို ဘယ်လိုက်ပို့ပေးရမလဲ"

"မပို့ပါနဲ့၊ ကဗျာ ခုန ဒရိုင်ဘာကို မှာထားတယ်။ ပြန်တဲ့ အချိန်ကျ အိမ်ကို ဖုန်းလှမ်းဆက်ပြီး ပြောမယ်လို့။ သူ့ကို အိမ်မှာပဲ ပြန်စောင့်ခိုင်းထားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ဘယ်ဟုတ်မလဲ၊ သိလ္လာ လိုက်ပို့မှာပေါ့ ကဗျာ ရယ်။ အရင်ကလည်း သိလ္လာ မောင်းတဲ့ကားကို ကဗျာ စီးနေကျပဲ၊ အခုလည်း နောက်တစ်ခါ ထပ်စီးလိုက်ရလို့ ဘာမှ မဖြစ်ပါဘူး"

"တစ်မျိုးမထင်ပါနဲ့ သိလ္လာရယ်၊ ငါက နင် ပင်ပန်းမှာ စိုးလို့ပါ"

"မပင်ပန်းပါဘူး၊ ငါက ကားမောင်းရတာ ဝါသနာပါတယ် လေ၊ ဒါနဲ့ ကဗျာရော ကားမောင်းမသင်သေးဘူးလား"

"သင်ချင်ပါတယ်၊ အချိန်မပေးနိုင်တာနဲ့ ဒီနေ့မောင်းလိုက် နောက်သုံး,လေးရက်လောက် အလုပ်တွေ ဆက်နေလိုက် ဖြစ်နေတော့ ဘယ်လိုလုပ်ပြီး တတ်ပါတော့မလဲ"

"ရုပ်ရှင်တွေ ဘာတွေ ရိုက်နေပြီဆိုတော့ ကားမောင်းတော့ တတ်ရမှာပေါ့နော်"

"မတတ်လည်း လူစားထိုးရိုက်ပေါ့၊ ဒါပဲရှိတယ်"

သူတို့နှစ်ယောက်သား အခုကျတော့လည်း သူတို့ ကြားမှာ ဘာပဋိပက္ခမှ မရှိခဲ့ဘူးဟန်တူသော သူငယ်ချင်းဟောင်း နှစ်ယောက်ပမာ သူ့အကြောင်းတွေပြော၊ ကိုယ့်အကြောင်းတွေ ဖလှယ်နှင့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ အကုန်စုံစေ့အောင် အတိုးချ ပြောလာမိကြပြန်သည်။ မတွေ့ရတော့တဲ့ တစ်နှစ်လောက် အတွင်းမှာ မြသိလ္လာဘက်ကတော့ ဘာမှ ထူးထူးခြားခြားကြီး





ပြောင်းလဲသွားတာမျိုး မရှိဘဲ ပန်းကဗျာဘက်ကသာ ပိုပြီးတိုးတက် ပြောင်းလဲသွားခဲ့သည်ဖြစ်ရာ လမ်းတစ်လျှောက် တတွတ်တွတ် အားကပြောရင်း ပါလာသူမှာ ပန်းကဗျာပဲ ဖြစ်နေခဲ့ပါသည်။

ပန်းကဗျာ အိမ်လိုက်ပို့ပြီးလည်း မြသိလ္လာမှာ ဒီတိုင်း ပြန်လို့မရ။ ပန်းကဗျာ အမေက တွေ့ချင် စကားပြောချင်နေသေး ရာ တက်၍ တွေ့ရသေးသည်။

"သမီးကို အမြဲဆုံးမထားပါတယ်ကွယ်၊ သိလ္လာရဲ့ကျေးဇူး တွေက သိပ်များပါတယ်၊ သူ့ကို စိတ်မကွက်သင့်ဘူးလို့။ ပြီးတော့ ကိုယ်က အမေကို လုပ်ကျွေးနေသလို၊ ငါးပါး သီလလုံတဲ့ မိန်းကလေး ဖြစ်စေချင်တယ်လို့၊ သမီးဟာ အမေစကား နားထောင်တဲ့ သမီးပါ သိလ္လာ၊ အဲဒီအတွက် စိတ်ထဲမှာ ဘာမှ စိတ်အနှောင့်အယှက် မထားနဲ့နော်။ သံသယလည်း မထားပါနဲ့"

"သိလ္လာ ... ကဗျာ့ကို အရင်တည်းက ယုံပါတယ်၊ ကဗျာ ဘက်က အရင်တည်းက ရပ်ခဲ့တဲ့သူပါ၊ အန်တီ စိတ်ချ ပါ"

"မောင်မင်းပျိုကိုလည်း သမီးကပဲ နားလည်သဘောပေါက် အောင် ဖျောင်းဖျပေးပါကွယ်၊ ဘယ်လိုပဲဖြစ်ဖြစ် ခင်ပွန်း သည်တွေဟာ ကိုယ့်ဇနီးမယားရဲ့ စကားတော့ အနည်းနဲ့ အများ နားဝင်ကြပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



မြသိလ္လာရင်ထဲ နာကျင်လျှက်ကပဲ ဟန်ဆောင်ပြီး...

"ဟုတ်ကဲ့"

ပြောလိုက်ရပါသည်။ တကယ်တော့ သိလ္လာနဲ့သူက ခင်ပွန်းသည်နဲ့ ဇနီးသည်ရယ်လို့တောင် သတ်မှတ်လို့မှ မရတာလေ။ ဘယ်လောက် သူစိမ်းဆန်ကြသလဲ ဆိုတာ ကိုယ်ဘာသာပဲ သိထားတာပါ။ ဘယ်လိုလုပ် ထုတ်ဖော်ပြောလို့ သင့်ပါမလဲ။

"အခုလည်း သမီးကဗျာလေး မောင်ခန့်ဦးနဲ့ လက်ထပ်မဲ့ကိစ္စကို သူ သိသွားပြီး ဝင်နှောင့်ယှက်မှာ စိုးရိမ်မိနေတယ်။ အဲဒီကိစ္စ သူ သိသွားပြီကတည်းက ခဏခဏ အိမ်ကိုဖုန်းဆက်ပြီး သမီးကို စိတ်အနှောင့်အယှက် ပေးနေတယ်ကွယ်။ အရင်က ချစ်သူရည်းစား ဖြစ်ဖူးတာပေမဲ့ အခုကျ သူလည်း သူ့လမ်းလျှောက်၊ ကိုယ်လည်း ကိုယ်လမ်းလျှောက်ဆိုတာကို လက်ခံသင့်ပါပြီ။ အဲဒါ အန်တီ စိတ်ပူနေမိလို့ သမီးကြည့်ထိန်းပေးပါဦးနော်၊ ဒီတစ်ခါလည်း သမီးဆီက အကူအညီပဲ ယူရပြန်ပြီ"

ကိုယ့်ယောက်ျားကိုယ် နိုင်အောင်ထိန်းထားပါလို့ အပြောခံလိုက်ခြင်းကလည်း ရင်ထဲကို လှံသွားဖြင့် လာစိုက်လိုက်သလိုပင် စူးအောင်နာကျင်သွားစေပါသည်။ ကဗျာအမေ ဒေါ်နွဲ့သီကိုလည်း အပြစ်တော့ မမြင်မိပါ။ သမီးဖြစ်သူ သူဌေးလူကြီးလူကောင်းတစ်ယောက်နဲ့ အခြေတကျလေး ဖြစ်သွားရတော့





အခြေအနေကို လက်လွှတ်လိုက်ရမှာ စိုးရိမ်ခြင်းဟာလည်း မိခင်တစ်ဦးရဲ့ သမီးအပေါ်ထားတဲ့ မေတ္တာကြောင့်ဟု နားလည်လို့ရပါသည်။

ငါ့ကိုတောင် အားမနာ။ ငါ့ယောက်ျား မကောင်းကြောင်း ငါ့ရှေ့မှာ ပြောတယ်၊ တိုင်တယ်လို့လည်း မမြင်မိပါ။ ကိုယ့်လူကိုက သူများပြောစရာကြီးဖြစ်အောင် လုပ်နေခဲ့တာကိုး။ ဘယ်လောက် ရှက်စရာကောင်းလဲ။

မြသိလ္လာသည် ဘာပဲဖြစ်ဖြစ် မင်းပျိုနဲ့ ထိပ်တိုက်တွေ့ပြီး စကားများရရင်လည်း များရ။ ဒီကိစ္စကို ဖွင့်ပြောပြီးတားမှ ဖြစ်တော့မည်ဟု တွေးလာပါသည်။ အရင်ကတော့ သူ ဘာလုပ်လုပ် လက်ပိုက်ကြည့်နေမယ်ဆိုတဲ့ စိတ်နဲ့ လွှတ်ပေးထားတာ။ အခုတော့ မရတော့ဘူး။ ပြောမှသိမဲ့လူ ဖြစ်နေတော့ ပြောရတော့မယ်။ သူများပြောစရာကြီး မဖြစ်အောင် နေလိုက်ဖို့ ဖျောင်းဖျရတော့မယ်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၄

မင်းပျို ခြံထဲသို့ ကားကွေ့ဝင်လိုက်လျှင် ခြံထဲမှ ထွက်လာသော ကားတစ်စီးနှင့် မျက်နှာချင်းဆိုင် ဖြစ်သွားသဖြင့် ဘေးကပ်ရပ်ရှောင်ပြီး လမ်းပေးလိုက်ပါသည်။ ကားက ဆက်မောင်း ထွက်မသွားသေးဘဲ မင်းပျို့ရဲ့ကားအနီးမှာ ရပ်လိုက်ရင်း ...

"ဟဲလို ... ကိုမင်းပျို"

ဟု ညီနိုင် ခေါင်းထွက်လက်ပြ နှုတ်ဆက်တာကို ဆုံလိုက်ရသည်။

ဩော် ... ဒီလူကိုး။ ကြည့်စမ်း ...။ အိမ်ကို ငါမရှိတဲ့အချိန်တွေမှာ ဘယ်လောက်များ ချောင်းပေါက်နေပြီလဲ မသိဘူး။ မသန်းသန်း မေးလည်း ပြောမှာမဟုတ်ဘူး။ ဒီမိန်းမကြီးက မြသိလွှာ ဘက်သား ဖြစ်နေတော့ မင်းပျို မေးရင် အမှန်ပြောမှာ မဟုတ်လို့ မမေးတာ။





"အခုမှ ပြန်လာတာကိုး။ ကျွန်တော်တို့ တွေ့ချင်လို့ ထိုင်စောင့်နေသေးတယ်၊ ဒီမှာ ... ဒါ ကျွန်တော့်အမျိုးသမီး"

မင်းပျို ရုတ်တရက်တော့ အံ့အားသင့်သွားပါသည်။ သူ့အာရုံတွေက ညီနိုင် တစ်ယောက်တည်းပေါ်မှာသာ အသေကျရောက်နေမိသည့်အတွက် အမြစ်တင်ရမလိုပင်။ ညီနိုင့် နံဘေးမှာ ခပ်ပြေပြေ မှီထိုင်လာသော မိန်းကလေးတစ်ယောက်ကို သူ လုံးလုံးမမြင်မိပါ။ ခုမှ ညီနိုင် ပြောမှ သူ ညွှန်ပြရာကို ကြည့်မိသောအခါမှသာ တွေ့သွားပါသည်။ ရင်ထဲမှာ ဘာကိုကျေနပ်ဝမ်းသာသွားမှန်းမသိ ဖြစ်သွားသလိုပဲ လျှပ်တစ်ပြက် ခံစားလိုက်ရသည်။ အဲဒီအတွက် သူ့ကိုယ်သူပင် ပြန်မုန်းသွားပါသည်။

"သူ့နာမည်က Sienna တဲ့ Singaporian ပေါ့။ ကျွန်တော်နဲ့ ကျောင်းနေဖက်လည်း ဖြစ်တယ်၊ အလုပ်လည်း အတူတူပဲ"

"Nice to meet you"

အမျိုးသမီးက အရင်လှမ်းပြုံး၍ ပြောလိုက်သည်။

"Nice to meet you too..."

မင်းပျို ပြန်လက်ပြ၍ ပြောလိုက်ပြီးနောက် ညီနိုင်က ထပ်ပြောပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ သိလ္လာလက်ရာ လာစားကြတာလေ၊ ကိုမင်းပျို ရှိနေမယ်ထင်တာ"

"ဩော် ... ဟုတ်တယ်၊ ကျွန်တော် ကင်မရာပစ္စည်းတွေ တင်ပေးလိုက်တဲ့ ကွန်တိန်နာ ဝင်မယ်ဆိုလို့ သွားစောင့် နေတာနဲ့ မအားဘူး"

အမှန်တော့ ညီနိုင်ကို မနက်ဖြန် ညနေစာ ထမင်း ဖိတ်ကျွေးမယ် ကိုမင်းပျို ဟု မြသိလ္လာ အသိပေးလာစဉ်က မင်းပျိုလည်း တမင်အရွဲ့တိုက်ပြီး "ငါမအားဘူး"ဟုသာ ပြန်ပြော လိုက်လေရာ ဒီနေ့ သူတို့ရောက်လာကြတော့ ဆုံခွင့်မရတာလည်း ဖြစ်သည်။ မြသိလ္လာ ပြောတုန်းက "ညီနိုင်ကို"ဟူသော စကား ကို စိတ်ထဲမှာ ခပ်ချဉ်ချဉ် ဖြစ်တာနဲ့ အရွဲ့တိုက် ပြောလိုက်ခြင်း လည်း ဖြစ်သည်။ "ညီနိုင်နဲ့ သူ့အမျိုးသမီးကို"ဆိုသော စကား ကို မြသိလ္လာ ဘာကြောင့် မသုံးသလဲ။ ညီနိုင် သူ့ကောင်မလေး ရှိနေတာ၊ သူ့ကောင်မလေး ခေါ်လာမှာကို သိမထားလို့ဘဲလား။ မြသိလ္လာ ... မင်းလည်း ငါ့လိုပဲ ကိုယ့်ရည်းစားဟောင်းက ကိုယ့် ကို ချစ်မနေတော့ဘဲ အသစ်တစ်ယောက် ရှာတွေ့သွားတာကို ကြေကွဲဝမ်းနည်းနေရပြီလား။

"ကျွန်တော်တို့ နောက်အပတ် Singapore ပြန်ကြမယ်။ ကျွန်တော့်မိဘတွေလည်း ပါလိမ့်မယ်၊ သတို့သမီးလိုက် တောင်းပေးကြမှာလေ။ အဆင်ပြေရင် ဟိုမှာ အရင် သတို့





သမီးဘက်မှာ ညှော်ခံပွဲလုပ်ဖြစ်မယ်၊ ရန်ကုန်မှာလည်း ကျွန်တော်ရင်းနှီးတဲ့ မိတ်ဆွေသူငယ်ချင်းတွေနဲ့ဆုံဖို့ Dinner ပွဲလေးဖြစ်ဖြစ် လာလုပ်ဖြစ်လိမ့်မယ်၊ ဆက်ဆက်လာနော် ကိုမင်းပျို"

"ဟာ ... ကောင်းပါပြီ၊ လာမယ် စိတ်ချ၊ မင်္ဂလာသတင်း ကြားရတာ ဝမ်းလည်းသာပါတယ်၊ ကွန်ဂရက်ကျူးလေး ရှင်း ကိုညီနိုင်"

"ကျေးဇူးတင်ပါတယ်၊ ဩော် ... ထပ်ကျေးဇူးတင်ရဦး မယ်၊ ကိုမင်းပျိုနဲ့ သိလ္လာ တိုင်ပင်ပြီး သွားဝယ်ပေးလာ တဲ့ ပိုးထည်ချိတ်ကို Seinna က သိပ်သဘောကျတယ်ဗျ။ ဟိုက မင်္ဂလာပွဲမှာတောင် ဟိုကဒီဇိုင်နာကိုအပ်ပြီး ချုပ်ခိုင်း မယ် ပြောနေတယ်၊ သူ မြန်မာ့ချိတ်ဆင်ကို သိပ်ကြိုက် သွားတယ်၊ ကျေးဇူးပါပဲ"

"ခင်ဗျာ ... ဩော် ... အင်း ... ဟုတ်ကဲ့၊ အဲဒါ မြသိလ္လာ ရဲ့ စိတ်ကူးတွေ ပိုပါပါတယ်"

"ဘာပဲဖြစ်ဖြစ် နှစ်ယောက်တိုင်ပင်ပြီး ဝယ်ပေးတော့ နှစ် ယောက်စိတ်ကူးပေါ့ဗျာ"

မြသိလ္လာ ဒီချိတ်ထည်ကို ဘယ်တုန်းက သွားဝယ်ပြီး လက်ဆောင်ပေးလိုက်မှန်းတောင် မသိတာမို့ မင်းပျိုမှာ ကြောင် အအနှင့် အလိုက်သင့် ပြောနေရသည်။ မြသိလ္လာက လူရှေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



တော့ ဟန်ဆောင်ကောင်းစွာ သူမနဲ့သူပဲ အတူတူ သွားရွေးဝယ်
လက်ဆောင်ပေးသလိုလို၊ ပြောထားတယ် ထင်တယ်။ ညီနိုင့်
လွမ်းမနေပါဘူး၊ ငါလည်း ငါ့အိမ်ထောင်နဲ့ငါ စိတ်ချမ်းသာ
ရွှင်ပြီး အဆင်ပြေနေပါတယ်လို့ ဟန်ဆောင်ချင်ပုံရတယ်။ မင်း
သည် သူ့စိတ်ထင်ရာတွေပဲ တစ်ဖက်သတ် ဆွဲတွေးနေခဲ့သည်

"ကဲ ... စကားလည်း ကောင်းနေတာနဲ့ ကိုမင်းပျိုတော
အိမ်ထဲမဝင်ရသေးဘူး။ ကျွန်တော်တို့လည်း ပြန်လိုက်
မယ်ဗျာ"

"နောက်မှ အေးအေးဆေးဆေး သေချာချိန်းပြီး ထပ်တွေ့
ကြရအောင်လေ"

"တွေ့မယ် ... တွေ့မယ် ... ကိုမင်းပျိုနဲ့ သိလ္လာကို
သီးသန့်တစ်ပွဲ ကျွေးဦးမယ်"

ညီနိုင် လက်ပြနေသဖြင့် Sienna ကပါ ခေါင်း
ဒီဘက်ငဲ့လာပြီး ...

"Bye ... Mr. Minn Pyo"

ဟု နှုတ်ဆက်လာပါသည်။ အားလုံး အသီးသီး
လက်ပြနှုတ်ဆက်ပြီးနောက် မင်းပျိုလည်း အိမ်ဘက် ကားမော
ဝင်လာခဲ့တော့သည်။

ကားသိမ်းစရာရှိတာသိမ်း၊ သူ့အခန်းထဲ တန်း
အဝတ်လဲ၊ ရေမိုးချိုးပြီးနောက် ညနေစာထမင်းစားရန် ထမင်း





းပွဲဆီ လာခဲ့ပါသည်။ မြသိလ္လာက ထမင်းစားခန်းထဲမှာပင်
နေသေးသည်။ ညှော်သည်ဖိတ်ကျွေးရ၍ ပန်းကန်ခွက်ယောက်
သစ်တွေ သုံးရသည်ဖြစ်ရာ ထိုပန်းကန်တွေကို ပြန်ဆေးကြော
မသန်းသန်းကို ညွှန်ကြားနေသံ ကြားရသည်။

"ပန်းကန်တွေထဲက ကျန်တာတွေ ဖယ်ရုံပဲ အစ်မ။ ဒီ
တိုင်းပဲ ဆီပေ ဟင်းပေ ပုံစံနဲ့ပဲ ဒီအကန့်လေးတွေမှာ
စီထည့်ရုံပဲ။ ဖန်ခွက်နေရာ ဖန်ခွက်ပေါ့။ အသေအချာစီ
ထည့်ပြီးရင် အကုန်ပြည့်သွားရင် တံခါးကိုပိတ်လိုက်။
ပန်းကန်ဆေးဆပ်ပြာခဲလည်း ထည့်ပြီးမှ ပိတ်နော်။ ဟော်
ကြာ ဆပ်ပြာမပါဘဲ ဆေးမယ်ဆိုပြီး ခလုတ်ကို On ထား
မိနေမယ်။ On ထားမိလည်း ပြဿနာတော့ မရှိပါဘူး။
ပန်းကန်တွေက မပြောင်ဘဲ ထွက်လာမှာပေါ့။ အဲဒီ On
ဆိုတဲ့ခလုတ် နှိပ်ထားပြီးရင် ပြီးပြီ။ စက်က သူ့ဘာသာ
ဆေးနေလိမ့်မယ်။ ပြီးတဲ့အခါကျ အသံမြည်လိမ့်မယ်၊
အဲဒီကျမှ တံခါးကို ပြန်ဖွင့်ပြီး ထုတ်ရုံပါပဲ၊ ဘာမှမခက်ဘူး"

"ခါတိုင်း အိမ်မှာစားနေကျတွေဆို ပန်းကန် မများရင်
ကျွန်မကတော့ လက်နဲ့ပဲဆေးလိုက်တာပဲ။ စက်က မသိလ္လာ
ပဲ သုံးပါ"

"ဘယ်ဟုတ်မလဲ အစ်မရဲ့။ ပန်းကန်ဆေးစက် ဝယ်ထား
တာ ပန်းကန်မဆေးရင် ဘာလုပ်တော့မလဲ။ လွယ်လွယ်



www.burmeseclassic.com

www.burmeseclassic.com



လေးပါ သုံးပါ။ ဆပ်ပြာရည်တွေကိုင်ပြီး ပန်းကန်ဆေးရင် လက်တွေ အရေခွံကွာလိုက်ကွာ၊ လက်သည်းတွေ ပွဲလိုပွဲနဲ့"

ဟိုတလောက ပန်းကန်ဆေးစက် ဝယ်မည်ဟု မင်းပျို့ကို အသိပေးထားပြီး သူမဘာသာ သွားဝယ်ချလာသော ပန်းကန်ဆေးစက်ကို အခုမှစပြီး အသုံးချနေပုံရသည်။ မသန်းသန်းကိုလည်း စိတ်ဝင်တစားပင် သင်ပြပေးနေလေရာ မင်းပျို့ ထမင်းစားပွဲမှာ ဝင်ထိုင်တော့မှပင် မင်းပျို့ ရောက်လာတာကို သိတော့သည်။

"ကိုမင်းပျို့ ... ထမင်းစားရင် အသင့်ပဲနော်၊ နွေးစရာမလိုတော့ဘူး၊ စားပွဲပေါ်က ပြင်ဆင်ထားတာတွေက နွေးနေတုန်းပဲ"

မြသိလ္လာ ပြောလည်းပြောရင်း ထမင်းပန်းကန်ပြားထဲသို့ ထမင်းအုပ်ထဲမှ ထမင်းဖြူများ ခပ်ထည့်ပေးလိုက်ပါသည်။ ဟင်းတွေကတော့ ညီသည်ဖိတ်ကျွေးထားရ၍ ထင်သည်။ ခါကိုင်းထက် ပိုစုံလင်များပြားနေသည်။ ဝက်သားကို ပဲငံပြာရည်အနောက်နှင့် အချိုချက်ထားတာလည်း ပါသည်။ ပုစွန်ထုပ်ဆီပြန်ကတော့ မြန်မာကြိုက်ပုံစံ အရောင်တင်မှုန့်လေးနှင့် ချက်ထားသေးသည်။ ဘဲပေါင်းကြံမဆိုင်ဟင်းချို၊ ကြက်သားကိုပြုတ် အသားနှင်ကာ ကြက်သွန်နီ၊ ဂေါ်ဖီ၊ ငရုတ်သီးစိမ်း၊ နံနံပင်တို့နှင့် သံပရာရည်ဖြင့် ချဉ်ငန်စပ် သုပ်ထားတာလည်း ပါသည်။ အသီးအရွက် အစုံတို့





ကိုတော့ ဘာအသားမှမပါဘဲ ခပ်စိမ်းစိမ်းလေး ကြော်ထားသေးသည်။ ခရမ်းချဉ်သီး ငါးပိချက်နှင့် တို့စရာအဖြစ်ကတော့ သခွားသီး အဖြစ်ပြင်ဆင်ထားတာလည်း တွေ့ရသည်။

ဒါတွေအကုန်လုံး မြသိလ္လာ လက်ရာပဲဆိုတာ မင်းပျို့သိသည်။ ထမင်းဟင်းချက်ပို့ ပြင်ဆင်သမျှကို မသန်းသန်းကသာ ခိုင်ခံ့ ခုတ်ထစ်၊ ထုတောင်း လှီးချွတ်ပေးရုံပင်။ မြသိလ္လာက သူမကိုယ်တိုင်ပဲ မီးဖိုချောင်ဝင်ပြီး စိတ်တိုင်းကျ ချက်နေတတ်တာ တွေ့ဖူးသည်။

အဲဒီမိန်းကလေး စိတ်ဓာတ်ကလည်း တစ်မျိုး။ တစ်ခါတလေ မချက်ချင်ဘူးဆိုလျှင် ပဲနီလေးဟင်းချိုနှင့် ကြက်ဥကြော်လောက်သာ လုပ်ရင် လုပ်ထားတတ်လေသည်။

အဲဒီလို နေ့တွေကျ မင်းပျို့က ဟင်းတွေကိုကြည့်ပြီး ရှုံ့မဲ့ကာ ...

"ဟ ... ဘယ်လို ဖြစ်တာလဲ၊ ဟင်းလည်း မရှိဘူး"

"အဲဒါ ဟင်းလေ"

"ပဲဟင်းနဲ့ ကြက်ဥကြော်ကြီး"

"သိလ္လာ ဒီနေ့ ချက်ချင်စိတ် မရှိလို့"

"ဒါဆိုလည်း မသန်းကို ချက်ခိုင်းပေါ့"

"သိလ္လာ သူများလက်ရာလည်း မစားတတ်လို့"

"ငါ့အတွက်တော့ ချက်ထားသင့်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုမင်းပို့ မစားနိုင်ရင် ငါးသေတ္တာဖောက်ပြီး ချက်ပေးမယ်လေ"

"အစတည်းက လုပ်ထားလိုက် ပြီးရော၊ မင်း ပြင်ဆင်ချက်မှာကို စောင့်နေရဦးမယ်"

"ငါးသေတ္တာက ပြင်ဆင်ချက်ပြုတ်စရာ မလိုပါဘူး။ ဘူးဖောက်ပြီး အိုးထဲမှာထည့်၊ မီးနဲ့ ခဏအပူပေးလိုက်ရုံပဲ"

"မေမေ ချက်တာ အဲဒီလို မဟုတ်ဘူး။ ငါးသေတ္တာချက်ရင် အရင် ကြက်သွန်နီအကွင်းကြီးတွေနဲ့ ခရမ်းချဉ်သီးအကွင်းကြီးတွေလှီးပြီး နည်းနည်းလေး ပျော့ရုံနွမ်းရုံချက်တယ်၊ ပြီးမှ ငါးသေတ္တာကို ဖောက်ထည့်ပြီး အငန်လေး နည်းနည်းထပ်ထည့်လိုက်တယ်၊ ပြီးရင် နံနံပင်အုပ်တယ်လို့ ငါတွေ့ဖူးတယ်"

"သိလွှာ ဒီနေ့ ချက်ရမှာ ပျင်းပါတယ်ဆိုမှ၊ အဲဒီလို ချက်ခိုင်းရင်တော့ မချက်နိုင်ဘူး၊ မသန်းသန်းကိုပဲ လုပ်ခိုင်းလိုက်"

ဆိုတာမျိုးနဲ့ လွှဲရင်လွှဲပေးလိုက်တတ်သည်။ တစ်ခါတလေ ချက်ချင်ရင်လည်း ခုလိုမျိုး စုံစုံလင်လင်နှင့် စိတ်ပါလက်ပါ ချက်တတ်ပြန်သည်။ ချိုးကျူးစရာ ကောင်းတာက သူမဟာ တစ်ဦးတည်းသောသမီး၊ သူဌေးသမီးလေးပေမဲ့ အချက်အပြုတ်ကျတော့ ကျွမ်းကျင်နေတာပင်။





ထမင်းစားပြီးသောအခါ မင်းပို့သည် နေ့လယ်က [illegible]ားချင်းကပ်ရပ်မှာ ဆုံခဲ့ရသော အဖြစ်ကို ပြန်သတိရ တွေးတော [illegible]သွားပါသည်။ မီးပွိုင့်မှာ ကားချင်း ဘေးချင်းယှဉ် ရပ်စဉ်မှာ၊ ကဗျာ့ကို တွေ့ခဲ့တာ။ ကဗျာ ပြောပြောနေတဲ့ ကိုခန့်ဦးက Honda CRV ကို ဟန်ပါပါမောင်းသော နံဘေးမှာ ကဗျာကတော့ [illegible]ပြုံးတွေဝေပြီး စကားတွေ ဖောင်ဖွဲ့လျက် ပါလာခဲ့တာဖြစ် [illegible]သည်။

ကားချင်းယှဉ်ရပ်မိစဉ် မင်းပို့ အမှတ်မထင် မြင်သွား [illegible]သာအခါ ကဗျာ့ကို အကြာကြီးပဲ စိုက်ကြည့်နေမိခဲ့သည်။ ကဗျာ [illegible]ပျော်နေပြီလားလို့လည်း စိတ်ထဲမှာ အခါခါပင် မနာလိုစွာ [illegible]ွားနေမိခဲ့ပေမဲ့ ကဗျာ့ကို မနှောင့်ယှက်လို၍ လှမ်းမခေါ်ခဲ့ပါ။

သို့သော် မီးပွိုင့် မီးစိမ်းသွားသောအခါ ကဗျာသည် [illegible]စိတ်သဘောအရ သူမကို တစ်စုံတစ်ယောက်က စိုက်ကြည့် [illegible]သည်ဟု ခံစားလို့ ရသွားဟန်ဖြင့် ဘေးဘီကို တစ်ချက်ငဲ့ [illegible]ကြည့်မှာ မင်းပို့နှင့် မျက်လုံးချင်း ဆုံရတော့တာ ဖြစ်သည်။

ကဗျာ တွေ့သွားမှာပါ။ မင်းပို့ရဲ့ ကြေကွဲနေတဲ့ [illegible]်လုံးတွေကို ...။ ပြီးတော့ ငိုကြွေးနေမဲ့ နှလုံးသားကို ...။

ဒါနဲ့ပဲ မင်းပို့ ဒီအတိုင်း မနေနိုင်တော့။ တစ်နေကုန် [illegible]အိမ် ဖုန်းခေါ်နေမိသည်။ ဘယ်သူမှကို လာမကိုင်ပါ။ လာ[illegible] [illegible]င်တာလား။ လူမရှိတာလား။ ဖုန်းပလပ် ဖြုတ်ထားတာ[illegible]ား။

www.burmeseclassic.com



ကဗျာ အိမ်မှာမရှိရင်တောင် သူ့အမေတော့ ရှိရမှာပဲ။ ဒေါ်နွဲ့သိ ဒါမှမဟုတ် အဖော်ခေါ်ထားတဲ့ ကောင်မလေးတော့ လာကိုင်ဖြေကြားမှာပဲ။ ဘာကြောင့် ဘယ်သူမှ လာမကိုင်လဲ။ သူမကိုတွေ့သွားရင် မင်းပျိုတော့ အိမ်ကိုဖုန်းဆက်ပြီး ရစ်ဦးတော့မှာပဲဆိုတာ ကဗျာ ကြိုသိလို့ အိမ်ကလူတွေကို ဖုန်းမကိုင်ကြဖို့ ကြိုမှာထားသလား။ ကဗျာ့ မိုဘိုင်းလ်ဖုန်းနံပါတ်လည်း စုံစမ်းလို့မရ၍ မဆက်ရပါ။

မင်းပျိုသည် ဖုန်းဆက်လို့ မရလေလေ ရင်ထဲမှာ တနုံ့နုံ့ ဖြစ်လေလေနှင့်။ ညဘက် တီဗီရှေ့ ခဏထိုင်လိုက်စဉ် မျက်စိအစုံက ဖုန်းကို သတိတရ လှမ်းကြည့်မိရက်သား ဖြစ်သွားသည်။ နောက်ဆုံး ညဘက် တစ်ခါတော့ ဖုန်းဆက်ကြည့်လိုက်ဦးမည်။

မင်းပျို လုပ်နေတာတွေ အဓိပ္ပာယ်ရှိမှန်း၊ မရှိမှန်း သူ့ဘာသာတော့ အဖြေမရှာချင်။ သူ့စိတ်ထဲမှာ သိတာက ကဗျာ့ကို ခဏစကားပြောချင်တာပင်။

"ဟဲလို ... ပန်းကဗျာ ရှိပါသလား ခင်ဗျာ"

"မရှိပါဘူးရှင်"

"ည ရှစ်နာရီတောင် ရှိပြီ"

"ဟုတ်ကဲ့ ... နိုက်ဆင်း(စ်)တွေ ဒီနေ့ အပြီးရိုက်ပေးရမှာမို့ ပြန်မရောက်သေးတာပါ"





"ဒါဖြင့် သူ့မိုဘိုင်းလ်ဖုန်းနံပါတ် ပြောပြမလား"

"ကျွန်မ မသိပါဘူးရှင်"

"မဖြစ်နိုင်တာ"

"ကျွန်မ တကယ်မသိတာပါ"

"အန်တီဒေါ်နွဲ့သိရော"

"မေမေနဲ့ တရားထိုင်နေပါပြီ"

"ကောင်းပြီ၊ ဒါဖြင့် ပန်းကဗျာက ဘယ်အချိန် ရှုတင်ပြီးမယ် ပြောလဲ"

"အဲဒါ ကျွန်မ မသိဘူး"

"နင့်ဟာကလည်း မသိတာချည်းပဲ"

"တကယ် မသိတာပါ"

"ညဘက်ကြီး သူ့ကို ဘယ်သူလိုက်စောင့်လဲ"

"ဦးခန့်ဦး လိုက်စောင့်နေပါတယ်"

"ဘာရယ်"

"မမနဲ့ စေ့စပ်ထားတဲ့လူပါ၊ ဦးခန့်ဦးက အခုဆို နိုက်ဆင်း(စ်) ရိုက်ရရင် သူပဲ လိုက်စောင့်ပါတယ်"

မင်းပျို ဘာကို စိတ်တိုမိမှန်း ဖြစ်သွားလျက် ဖုန်းကို ဒီတိုင်းပင် ပြန်ချပစ်လိုက်ပါသည်။ ခန့်ဦး ဆိုတဲ့ကောင်ကို ပြီး လက်သီးနဲ့ ထိုးလိုက်ချင်လာသည်။ ဘယ်မှာ နိုက်ဆင်း(စ်)တွေ ရိုက်နေရလဲ။ ဘယ်ရိုက်ကွင်းမှာလဲ။ ရန်ကုန်မြို့ထဲမှာလား။



www.burmeseclassic.com

www.burmeseclassic.com



သန်လျင်မှာလား။ ကဗျာ့ကို တွေ့ချင် စကားပြောချင်ပါတယ် ဆိုမှ မတွေ့ မပြောရတဲ့ ဝေဒနာသည် အင်မတန်မှ ခံရခက်နေလေတော့သည်။

မင်းပျိုသည် နိုက်ဆင်း(စ်)တွေ ဘယ်မှာရိုက်လဲ မေးမည်ဟု ဆုံးဖြတ်ကာ ဖုန်းထပ်ခေါ်မလို့ ဖုန်းကိုကောက်ကိုင်လိုက်စဉ် ...

"ကိုမင်းပျို"

ဟူသော ခေါ်လိုက်သံနှင့်အတူ မြသီလွှာဟာ သူ့အနားကို ဖျတ်ခနဲ ရောက်လာခဲ့သည်။

"ဘာကိစ္စလဲ"

"ကိုမင်းပျို ပန်းကဗျာဆီ ဖုန်းဆက်ပြီး စိတ်အနှောင့်အယှက်ပေးနေတဲ့ ကိစ္စတွေ ရပ်တော့ဖို့ တားချင်တာပါ"

"အံမာ ... မင်းနဲ့ ဘာဆိုင်လဲ၊ မင်း ဘာမှတားလောက်စရာ အခွင့်အရေးလည်း မရှိဘူး၊ ဒီမှာ မြသီလွှာ၊ မြဲမြဲမှတ်ထား။ ငါ တစ်နေ့ကျရင် ကဗျာ့ကို ပြန်ရအောင်ယူမယ်"

"ရှင့်ဘာသာ တစ်နေ့ကျရင်လို့ စိတ်ကူးယဉ်ချင် ယဉ်နေပါ၊ ရူးချင်သလောက် ရူးနေပါ။ ဒါပေမဲ့ ကဗျာကတော့ ရှင့်ကို စိတ်ကုန်နေပြီ။ ရှင် ခုလို နှောင့်ယှက်နေတာဟာ သူ့ရဲ့ဘဝလမ်းကို လိုက်ဖျက်ဆီးနေသလို ဖြစ်နေတယ်လို့





လည်း ထင်နေပြီ။ ကဗျာ့အမေကလည်း သူ့သမီး ဒီလို အနှောင့်အယှက် ခံနေရတဲ့အတွက် စိတ်ဆင်းရဲနေရပြီ၊ အဲဒါတွေ ရှင်သိရဲ့လား ကိုမင်းပျို"

မင်းပျို ရုတ်တရက်မို့ မြသီလွှာ ပြောသမျှတွေ မေ့ပြီး နားထောင်နေမိသည်။ ပြီးမှ တဟားဟား အော်ရယ်ပစ်လိုက်လျှင် ...

"မင်း ငါ့ကို တားဆီးချင်တာနဲ့ ဒီလိုလာပြောလို့ ရမယ်ထင်လား၊ မရဘူး၊ ငါလုပ်ချင်တာ လုပ်မယ်"

"ကဗျာနဲ့ သီလွှာ တစ်ရက်မှာ ဆုံကြပါတယ်၊ အတူတူ စကားအကြာကြီးလည်း ထိုင်ပြောဖြစ်တယ်၊ အန်တီဒေါ်နွဲ့သီနဲ့လည်း စကားပြောဖြစ်ခဲ့တယ်၊ သူတို့က ကဗျာ့ကို အဲဒီလိုပဲ ဖွင့်ပြောတာပါ၊ ဒီဘက်မှာ သိပ်အနှောင့်အယှက်ပေးခံရသလို ဖြစ်နေတဲ့အတွက် သီလွှာ့ကို တိုင်သလိုသဘောလည်းပါတယ်၊ ကိုယ့်ယောက်ျားကိုယ် ပြန်ထိန်းပေးပါလို့ အကူအညီ တောင်းတာမျိုးလည်း ပါပါတယ်၊ အစက သီလွှာ ကိုမင်းပျိုကို ဘာပြောလို့လဲ၊ ဘယ်မှာတားလို့လဲ၊ အခုမှ ဝင်တားရတာဟာ သူတို့ဘက်က သဘောထားတွေကို အတိအလင်း သိခဲ့ရလို့ပါ"

"မင်းကများ ငါ့ကို ပိုင်စိုးပိုင်နင်းနဲ့ ကိုယ့်ယောက်ျား ကိုယ်ပြန်ထိန်းပြမယ်ပေါ့၊ အဲဒီလိုလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် သိပ္ပာနဲ့ ကိုမင်းပျို့က လူသိရှင်ကြား လက်ထပ်ထားတဲ့ လင်မယားပါ၊ သိလ္လာ့ အနေနဲ့ ကိုယ့်ယောကျာ်းကိုယ် ထိန်းပိုင်ခွင့် ရှိတယ်၊ ပြောစရာရှိ ပြောပိုင်ခွင့် ရှိပါတယ်"

"မင်း ... ကိုယ့်ကိုယ်ကိုယ် တော်တော်အထင်ကြီးတာပဲ၊ ငါက မင်းပြောတိုင်း နားထောင်မဲ့ကောင်လို့ ထင်လား၊ မင်းကို လက်ထပ်ထားတာနဲ့ မင်းအနားမှာ ငါ တစ်သက်လုံး နေမယ်လို့ ထင်လား"

မြသိလ္လာ တစ်ချက် မျက်ရည်ဝဲသွားပါသည်။ မင်းပျို့က ဒါကို အရသာခံကြည့်ပေးလိုက်၏။ မြသိလ္လာက ချက်ချင်း ဟန်ဆောင်ကောင်းလျက် ...

"ရှင် ... သိလ္လာ့နားမှာ တစ်သက်လုံးနေတာ၊ မနေတာကို သိလ္လာ မသိချင်ပါဘူး။ သိလ္လာ ပြောတဲ့ အကြောင်းအရာက ရှင့်ကို သိပ်ချစ်လှပါချည်ရဲ့လို့ ပြောခဲ့တဲ့ ကဗျာဟာ ခုတော့ ရှင့်ကြောင့် သူ ရည်မှန်းထားတဲ့ လှပတဲ့ဘဝလေး တစ်ခု ပျက်သွားမှာ အဲဒီစိုးရိမ်နေပြီ။ သူ့ကို တန်ဖိုးထားပြီး၊ သူ့ကိုယ်ကျင့်တရားကိုလည်း ယုံကြည်ပြီး၊ တမြတ်တနိုးနဲ့ လက်ထပ်ယူမဲ့ ၊ လူတစ်ယောက်ဟာ ရှင်နှောင့်ယှက်တာကြောင့် သူ့ကို အထင်လွဲစိတ်ပျက်ပြီး ရှောင်ထွက်သွားမှာ သိပ်စိုးရိမ်နေပြီ။ အဲဒါ သိလ္လာ မလိမ်မညာဘဲ အမှန်အတိုင်း ပြောပြတာပါ။ သိလ္လာ့ကို ကဗျာ ဖွင့်ပြော





လိုက်တဲ့ စကားတွေ အမှန်ပါ။ ဒီတော့ ကိုမင်းပျို့ အနေနဲ့ ကိုယ့်သိက္ခာကိုယ်ထိန်းပြီး အဓိပ္ပာယ်မရှိတဲ့ အလုပ်တွေ ရပ်တန်းက ရပ်လိုက်ပါ။ နောက်မှ တစ်နေ့ကျရင် ကဗျာနဲ့ ပြန်ပေါင်းမှာ၊ မပေါင်းမှာကို စဉ်းစားရင် စဉ်းစားပါ။ အခုတော့ သူလက်ထပ်မှာကို ဘာကြောင့် နှောင့်ယှက်နေဦးမှာလဲ။ ကိုယ့်အတွက်လည်း ဘာမှအကျိုးမရှိဘူး။ ကိုယ် ဒီလိုနှောင့်ယှက်လို့လည်း ကဗျာက ကိုယ့်ဘက်မပါလာဘူး ဆိုတာ သိရက်နဲ့ မိုက်နေတာဟာ အင်မတန်မှ ရှက်ဖို့ကောင်းပါတယ်"

မင်းပျို့ ဒီလိုသိရ၊ ကြားရလေလေ မြသိလ္လာကိုပိုပြီး အမြင်မကြည်လေလေ ဖြစ်လာသည်။

"ကဗျာ ငါ့ဘက်မပါလာတာဟာ မင်းကမှ နေရာဖယ် မပေးတာကိုး၊ ဒါကို တွေးမိရဲ့လား"

"သိလ္လာ နေရာဖယ်ပေးလည်း ကဗျာက ရှင့်ကို ပြန်လက်ခံမယ်လို့ ထင်ကို မထင်ပါဘူး"

"မင်း ဒီနေ့မှ ဒီလို အတိုက်အခံ ပြောနေတာဟာ အကြောင်း ရှိကို ရှိတယ်၊ ငါ,မသိဘူးလည်း ထင်မနေနဲ့ မြသိလ္လာ"

မင်းပျို့ ဘာကိုစွပ်စွဲနေမှန်း မသိသည်ဖြစ်ရာ မြသိလ္လာ ဘာမှ ပြန်မပြောမိဘဲ နားထောင်နေလိုက်သည်။ ဒီတော့မှ ထင်မှတ်မထားသည်တို့ကို ကြားလိုက်ရတာပဲ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းလည်း အစကတော့ ရည်းစားဟောင်းကောင်က ပြန်လာတွေ့တော မျှော်လင့်ချက်နဲ့ ပျော်နေခဲ့တယ်လေ။ အခုကျ ဒီနေ့ကျမှ အဲဒီကောင်က သူယူမဲ့ကောင်မလေး ပါ ခေါ်လာပြီး အိမ်မှာ ထမင်းဖိတ်ကျွေးတာကို လာစား တော့မှ ကျိတ်ပြီး အသည်းကွဲနေပြီ မဟုတ်လား။ ညီနိုင် ကို မျှော်လင့်လို့ မရတော့မှန်းသိလို့ ငါ့ကို အလွတ်မပေး ချင်တော့ဘဲ၊ မင်းအနားက ငါမထွက်သွားနိုင်အောင် အခု ဝင်တားချင်လာတာပဲ၊ မဟုတ်လား"

"ဟင် ... ရှင် ဘာတွေလဲ၊ ဘာတွေ လျှောက်ပြောနေတာ လဲ ကိုမင့်းပျို"

"မင်းရဲ့ညီနိုင် အကြောင်းလေ"

"သိလ္လာရဲ့ညီနိုင် မဟုတ်ပါဘူး။ သိလ္လာနဲ့သူ ဘာမှမဆိုင် ဘူး။ သူက သိလ္လာ့သူငယ်ချင်း။ အရင်တည်းကလည်း သူငယ်ချင်းပါ။ သူ ဒီနေ့ ညစာဖိတ်ကျွေးတာကို လာစား တဲ့အခါ Sienna လည်း ပါလာမယ်ဆိုတာ သိပြီးသားပါ။ ဒါကြောင့် Sienna ကိုပေးဖို့ လက်ဆောင်တောင် ကြိုဝယ် ထားပြီး ဒီနေ့မှ ပေးလိုက်တာပါ။ ဘာတွေစွပ်စွဲနေတာလဲ ကိုမင်းပျို။ ကိုယ်အမြီးပြတ်တိုင်း သူများပါ အမြီးပြတ်စေ မယ်လို့ မထင်ပါနဲ့။ သိလ္လာ့မှာ ဘယ်တုန်းကမှ ချစ်သူ မရှိခဲ့ဖူးဘူး။ ညီနိုင်ဟာ သိလ္လာ့ချစ်သူ မဟုတ်ခဲ့ပါဘူး။ တစ်ခုပဲ သိလ္လာ ဝန်ခံစရာရှိတယ်"





မင်းပျို မျက်မှောင်ကုတ်ပြီး စောင့်ကြည့်နေလေ သည်။ မြသိလ္လာက စကားခဏရပ်လိုက်ပြီးမှ ...

"သိလ္လာ ရင်ထဲမှာ တိတ်တဆိတ် ချစ်နေမိခဲ့တဲ့ ချစ်သူ တော့ ရှိခဲ့ဖူးပါတယ်။ ဒါပေမဲ့ သိလ္လာ ချစ်နေခဲ့တာကို သူလည်း မသိခဲ့ဘူး။ သိလ္လာလည်း မပြောပြခဲ့ရပါဘူး"

ဟု ရင်ထဲမှာ ဖြစ်ခဲ့ဖူးသော အချစ်တစ်ခုအကြောင်း ကို ပြောပြဝန်ခံလိုက်မိပါသည်။ မင်းပျိုသည် မြသိလ္လာကို ပြူး ထွေထွေ စိုက်ကြည့်လိုက်ရင်း ...

"အဲဒီလူကလည်း ညီနိုင်ပဲ ဖြစ်မှာပေါ့။ မင်း သူ့ကို ကျိတ် ချစ်နေခဲ့တာကို သူ့မသိခဲ့တာလည်း ဖြစ်နိုင်တာပဲပေါ့။ အဲဒီလိုရော ငါက ဘာကြောင့် မတွေးရမှာလဲ"

"ရှင် ဘာကြောင့် သိလ္လာ့ကို ညီနိုင်နဲ့ပဲ စွပ်စွဲချင်နေရတာလဲ"

"မင်းတို့ တတွဲတွဲ သွားလာခဲ့တာကိုး"

"မဟုတ်တာ မစွပ်စွဲပါနဲ့၊ တတွဲတွဲသွားလာတာ ရှင်နဲ့ဆုံ တဲ့ တစ်ရက်တည်းပါ"

"အေး ... ဘာပဲဖြစ်ဖြစ် ငါ ကဗျာဆီ ဖုန်းဆက်တဲ့ကိစ္စ မင်း, ငါ့ကို မတားနဲ့"

"တားလို့မရရင် သိလ္လာ ရှင့်အမေကို ပြောရလိမ့်မယ်"

"မနိုင်တိုင်း လူကြီးကိုတိုင်တာ ကလေးဆန်လွန်းတယ်"

"ရှင်ကလည်း ရှင့်အမေကလွဲရင် ဘယ်သူ့ကိုမှ မကြောက် တဲ့လူလေ။ တကယ်တော့ သိလ္လာလည်း ကိုယ့်ကိစ္စကိုယ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်အောင် ဖြေရှင်းချင်ပါတယ်၊ ရှင်းလို့မရရင်တော့ လူကြီး
မိဘတွေကို အသိပေး တိုင်ပင်သင့်ရင် တိုင်ပင်ရမှာပဲ"

"တောက် ... မင်း သိပ်လွှပါးဝလာပြီ"

မင်းပျိုကလည်း သူ့ကို လာတားရင် ပိုလုပ်ပြတတ်သော အကျင့်ရှိသည်မို့ မြသီလွှာ ဘေးကပြောလေလေ ပိုလုပ်ပြချင်လေလေ ဖြစ်လာလျက် ဖုန်းခွက်ကို ပြန်ကောက်ကိုင်လိုက်သည်။ ဖုန်းနံပါတ်ခလုတ်တွေကို နှိပ်မလို့ပြင်လျှင် မြသီလွှာသည် ဖျတ်ခနဲ သူ့လက်တွေကို ဆွဲတားပစ်လိုက်တော့သည်။

"ကိုမင်းပျို"

"အံမာ ... ငါ့ကို ဘာဆွဲထားစရာရှိလဲ၊ ဖယ်စမ်းပါ"

"ကဗျာ့ဆီ ဖုန်းမဆက်နဲ့တော့လို့ သီလွှာ ရှင်းပြပြီး၊ တားနေပြီလေ။ ကိုမင်းပျို နားလည်သင့်ပါတယ်၊ အဲဒီလောက် အရွဲ့မတိုက်ပါနဲ့"

"မင်းကို အရွဲ့တိုက်တာ မဟုတ်ဘူး။ ငါ သူ့ကိုချစ်လို့"

"သူက ရှင့်ကို မချစ်တော့ဘူး"

"တော်စမ်း ... အဲဒီစကားမပြောနဲ့ မကြားချင်ဘူး၊ ကဗျာက ငါ့ကို အမြဲတမ်း ချစ်နေမှာကို ငါ ယုံတယ်"

"သူကိုယ်တိုင် သူ့ပါးစပ်က ဖွင့်ပြောမှ ယုံမယ်ဆိုရင်ကဲ ... ဘယ်လိုလဲ။ ရှင်ရယ်၊ သီလွှာရယ်၊ ကဗျာရယ် မျက်နှာချင်းဆိုင်ဆုံပြီး မေးရဲလား။ ရှင် သူ့ပါးစပ်ကပြောမှာကို နားထောင်ရဲလား"





မင်းပျိုသည် မြသီလွှာက သူ့ကို တမင်အနိုင်ယူပြနေသည်ဟု ထင်လာကာ သူ့လက်ကောက်ဝတ် တစ်ဖက်ကို ဆုပ်ကိုင်ထားနေသော မြသီလွှာကို သူ့လက်လည်း ပြန်ရုန်းရင်း ကပင် ဆောင့်တွန်းပစ်လိုက်မိပါသည်။

မထင်မှတ်ထားသည်မို့ မြသီလွှာမှာ နောက်ကို ယိုင်ခနဲ လဲကျသွားခဲ့ပါသည်။ ကြမ်းခင်းမှာ မွေးပွကော်ဇောခင်းထားသည်မို့ ဖင်ထိုင်ရက် လဲသွားပေမဲ့ နာတော့မနာပါ။ သို့သော် တွန်းလိုက်သည့် အရှိန်ကြောင့် လူကလန့်ပြီး ရင်တွေတလှပ်လှပ် တုန်ယင်သွားလျက် မူးမိုက်သလိုလို ဖြစ်သွားသည်။ မျက်လုံးထဲမှာ ပြာဝေသလိုလို ဖြစ်သွားပါသည်။

မြသီလွှာ ပြန်ထမရပ်နိုင်ခင်မှာပင် မင်းပျိုသည် ကားသော့ကောက်ကိုင်လိုက်ပြီး အပြင်ထွက်သွားလေပြီ။ နောက်ကို တစ်ချက်မှ လှည့်မကြည့်ဘဲ ကားကို တရကြမ်းမောင်းထွက်သွားသော မင်းပျို၏ ကားနောက်မြီးတန်းကို မျက်ရည်များကြားမှ ငေးရင်း မြသီလွှာ တစ်ယောက်တည်း ကျန်ရစ်ခဲ့ရပြန်လေသည်။

❀ ❦ ❀



www.burmeseclassic.com

www.burmeseclassic.com



## ၁၅

မနက် လေးနာရီလောက်မှ ပြန်လာကာ ကား
ကိုခေါင်းထဲမှာပင် မရပ်တော့ဘဲ ဒီတိုင်းပင် အိမ်ရှေ့ပေါ်တီကိုမှာ
ရပ်ပစ်ခဲ့သည်။ အိပ်ခန်းထဲ ရောက်ရောက်ချင်း ထိုးအိပ်ပစ်လိုက်
မိသည်။ မနက်နိုးတော့ ခေါင်းတွေထိုးကိုက်နေမှန်း သိလိုက်ပြ
သူ့ကိုယ်သူ စိတ်ပျက်လက်ပျက် ပြန်ဆဲရေးလိုက်မိပါသည်
မနက်ဆယ်နာရီခွဲကို ညွှန်ပြနေသော နာရီကိုကြည့်ရင်း ခဏလှဲ
လိုက်ရာ အနည်းငယ် သက်သာသွားပြီး ဆယ့်တစ်နာရီလော
မှာ တစ်ခါတည်း ရေမိုးချိုးလိုက်ပါသည်။

ထမင်းစားခန်းထဲလာလျှင် ညက မြသီလ္လာ
တွန်းပစ်ခဲ့မိသည်ကို သတိရပြီး ခုမှပြန်အားနာချင်သလို ဖြစ်သွ
ပါသည်။ ယောကျ်ားတစ်ယောက် ဖြစ်ရက်နဲ့ မိန်းကလေး
ယောက်ကို ,ခွန်အားနှင့် အနိုင်ယူသလို ဖြစ်သွားရခြင်းကို





ပြန်ရှက်လာသည်။ တကယ်တော့ မင်းပျိုက စကားနဲ့သာ အနိုင်ယူချင်တာပါ။ ညကတော့ သူ မကြားချင်သော "ကဗျာက ရှင့်ကို မချစ်တော့ဘူး"ဆိုတဲ့ စကားကို မြသီလ္လာက ထပ်ခါတလဲလဲ ပြောလေရာ မခံချင်ဖြစ်ပြီး တွန်းပစ်လိုက်မိခြင်းပါ။

မီးဖိုချောင်ဘက်ဆီမှ လှုရိပ်မြင်တော့ မင်းပျိုသည် အသာမျက်စိစွေကြည့်လိုက်ပါသည်။ မြသီလ္လာ ...။ မဟုတ်ဘူး။ မသန်းသနီးပဲ၊ အသံလည်း တိတ်လို့။ ခါတိုင်းတော့ မြသီလ္လာ စကားအများဆုံး ပြောသူမှာ မသန်းသန်းပဲ ဖြစ်သည်။ နှစ်ယောက်သား တကယ့်ဆွေမျိုးရင်းချာတွေလိုပဲ၊ ခင်မင်ကြတာကိုလည်း သူ သတိထားမိသည်။

ဪ ... ဒီနေ့တော့ ထမင်းစားခန်းထဲကို မလာဘူးပေါ့။ ငါ့ကို ရှောင်တဲ့သဘောပေါ့။ ငါ့ကို စိတ်ကောက်တဲ့ သဘောပေါ့။

ကောက်ပေါ့။ ကြိုက်သလောက်ကောက်။ ငါက ဘာလို့ချော့ရမှာလဲ။ ချော့တယ် ဆိုတာဟာ ကိုယ်ချစ်တဲ့သူကို ချော့ရမှ ပျော်ဖို့ကောင်းတာ။ မြသီလ္လာကိုတော့ ငါ ချစ်မှမချစ်ဘဲ။ ဘာချော့စရာလိုလဲ။ စိတ်ကောက်ပြီး အိပ်ခန်းထဲ ဝင်လှဲနေလည်း လှဲပေါ့။

"မသန်း ... ကျွန်တော် မနက်စာ မုန့်မစားတော့ဘူး"

"ဪ ... ဟုတ်ကဲ့ ... ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ထမင်းပဲ အပြီးစားလိုက်တော့မယ်"

"ခဏ … ခဏလေး … ကျွန်မ ချက်နေတာ မပြီးသေးလို့ပါ"

"မနက်ဆယ့်တစ်နာရီ ကျော်ပြီ"

"ဟုတ်ကဲ့ … ဈေးသွားတာ နောက်ကျလို့ပါ"

ထမင်းဟင်းလည်း မသန်းသန်း ကိုယ်တိုင် ချက်တယ်ဆိုတော့ သေချာပါတယ်။ မြသီလွှာ ကောက်ပြီး မချက်တော့ဘူးဆိုတဲ့ သဘောပေါ့။ မင်းပျို ကော်ဖီတစ်ခွက် ခပ်ပြင်းပြင်းခါးခါးကို သောက်လိုက်ရ၍ ခေါင်းကြည်သွားပြီး သတင်းစာနှင့် ဂျာနယ်တချို့ကို ကောက်လှန်ပြီး ဖတ်နေလိုက်သည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် ဂျာနယ်တစ်စောင်ထဲမှာ ပန်းကဗျာရဲ့ မင်္ဂလာပွဲအတွက် ပြင်ဆင်ပုံသတင်းတွေ အစုံအလင် ရေးထားတာကို ဖတ်ရပါသည်။ အင်္ကျီဒီဇိုင်းက ဘယ်သူ၊ မိတ်ကပ် ဆံပင် ဘယ်သူ၊ ပန်းအလှပြင်ဖိုးချည်းပဲ ဘယ်နှသိန်းကုန်မယ်၊ ဓာတ်ပုံဗီဒီယိုကို ဘယ်လိုမျိုး ဓာတ်လမ်းလေးနဲ့ ရိုက်မယ်၊ မင်္ဂလာဆောင်အခွေကို ဗီစီဒီ ပြန်ထုတ်မယ်။ မင်္ဂလာလက်စွပ်မှာ ဝန်းရံထားတဲ့စိန်က ဘယ်နှလုံး၊ သိန်းဘယ်လောက်တန် စသဖြင့် ဖော်ပြရေးသားထားသည်ကို တွေ့ရ ဖတ်ရသောအခါ ပျော်ရွှင်စွာ ရယ်မောနေသော ကဗျာ့ပုံလေးတွေလည်း တွေ့ရသောအခါ မင်းပျို ရဲ့စိတ်တွေ ပြန်နောက်ကျိသွားပါသည်။





"ကိုမင်းပျို စားလို့ ရပါပြီ"

မသန်းသန်းက ထမင်းဟင်း အငွေ့တထောင်းထောင်းဖြင့်ကို လာချရင်း ပြောပါသည်။ မြသီလွှာရောလို့ မေးလိုက်ရမှာ မမေးချင်သလို ဖြစ်နေသဖြင့် မမေးဘဲ ထမင်းစားဖို့ ဖွန်းခက်ရင်း ကောက်ကိုင်လိုက်ပါသည်။

"ကျွန်မ ဘာချက်ရမှန်း မသိတာနဲ့ အဆင်ပြေသလို ချက်လိုက်တာပါ၊ ကိုမင်းပျို စားလို့ အဆင်ပြေရဲ့လား"

"ကောင်းပါတယ်"

"ဟင်းအစပ်က ခါတိုင်း မသီလွှာပဲ စပ်ဟပ်ပြီး စီစဉ်တော့ ကျွန်မ စီစဉ်တာ အဆင်မပြေမှာစိုးပြီး …"

"ရပါတယ်"

"လိုတာရှိရင် လှမ်းခေါ်နော်၊ ကျွန်မ မီးဖိုထဲမှာ ရှိနေပါမယ်"

"ရပါတယ်၊ ဘာမှ မလိုဘူး"

အမှန်တော့ လက်ရာပြောင်းသွားပေမဲ့ သူများတွေလို လက်ရာပြောင်းလို့ စားကောင်းသွားတာမျိုး ဖြစ်မလာဘဲ စားရတာ ဘာလိုမှန်းမသိ လိုနေသလိုလိုဖြစ်ပြီး သိပ်စားမဝင်ပါ။ မသန်းသန်းလည်း အချက်အပြုတ်တော့ မဆိုးလှပေမဲ့ မြသီလွှာ လက်ရာကတော့ ပိုပြီးကောင်းတာ ယှဉ်ကြည့်လို့ ရနေသည်။ ထမင်းဟင်းမချက်ဘဲ ဘယ်နှရက် ဆက်တိုက် စိတ်ကောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



လဲ မသိ။ ကိုယ်ကစပြီး သွားခေါ်ရမှာလည်း မခေါ်ချင်။ သူနဲ့ မြသိင်္ဂလာတို့က တကယ့်လင်မယားအစစ် ပုံစံလည်း မဟုတ်လေရာ ကိုယ့်မိန်းမ စိတ်ကောက်လို့ ချော့ရတာမျိုး ဖြစ်လာမှာလည်း မဟုတ်ချေ။

ထမင်းကို အနည်းငယ်သာ စားလိုက်နိုင်ပြီးနောက် ဆိုင်ဘက်သွားဖို့ ကားသော့တွေ ဖုန်းတွေ ကောက်ကိုင်လိုက်သည်။ မသန်းသန်းက မင်းပျိုကို အသာလှမ်းချောင်းကြည့်နေသည်။ သူမပုံစံက တစ်ခုခုတော့ ပြောချင်နေသလိုလို။ ဘာများလဲ။ မင်းပျို ပြန်ကြည့်လိုက်တော့ မသန်းသန်း တစ်ယောက် လှစ်ခနဲ သူမအခန်းထဲ ဝင်သွားတာ တွေ့သဖြင့် သွားမေးမနေတော့ဘဲ အိမ်ရှေ့မှာ ရပ်ထားလက်စ သူ့ကားကို မောင်းပြီးထွက်လာခဲ့သည်။

ဆိုင်ရောက်၊ လုပ်စရာရှိတာလုပ်၊ ညဘက်ဆိုင်ပိတ်တော့ အိမ်ပြန်လာ။ ဒီနေ့မှ ကားကို ဂိုဒေါင်ထဲ ထည့်သည်ဖြစ်ရာ ခါတိုင်း ရပ်ထားနေကျ မြသိင်္ဂလာရဲ့ကားကို မတွေ့တာ သတိထားလိုက်မိသည်။ မင်းပျို ပြန်လာချိန်တိုင်း အမြဲအိမ်ပြန်ရောက်နေတတ်သည့် မြသိင်္ဂလာ တစ်ယောက် ဒီနေ့ကျမှ ဘယ်သွားနေသလဲ။ ငါ့ကို စိတ်ကောက်ပြီး သူ့မိဘအိမ်ဝင်ပြီး အချိန်ဖြုန်းနေသလား။ မင်းပျို တွေးတော့ တွေးကြည့်မိပေမဲ့ မသန်းသန်းကို မမေးဖြစ်ပါ။

ညနေစာလည်း သိပ်စားမကောင်းလှဘဲနဲ့ ပြီးလိုက်ရပြန်သည်။ ညစာစားပြီး နာရီကြည့်တော့ ညရှစ်နာရီခွဲပြီ





ဒီချိန်ထိ မြသိင်္ဂလာ ပြန်မလာသေးချေ။ သေချာပါတယ်။ သူ့မိဘအိမ် ဝင်နေတာပဲ ဖြစ်မယ်။ ဒီအိမ်နဲ့ သိပ်တော့ အဝေးကြီးမဟုတ်ပေမဲ့ ညဘက် ကားမောင်းပြန်လာရမည်ဖြစ်ရာ တကယ်ဆို ဒီအချိန် ပြန်ရောက်သင့်ပြီဟုလည်း တွေးနေမိသည်။ စိတ်ပူတာမျိုးတော့ မဟုတ်၊ သံယောဇဉ်ရှိနေလို့ တမျှော်မျှော် ဖြစ်နေတာလည်း မဟုတ်။ မင်းပျိုကို စိတ်ကောက်ပြီး လျှောက်သွားနေရင်း တစ်ခုခု မတော်တဆ ထိခိုက်ဒဏ်ရာရသွားမှာကို မလိုလား၍ပါ။

ကိုးနာရီ ...၊ ဆယ်နာရီ ...၊ ဆယ်နာရီခွဲ။ ဆယ့်တစ်နာရီ။ တဖြည်းဖြည်းနဲ့ ညဥ့်နက်လာသည်ကို ရေတွက်ရင်း မင်းပျိုသည် ကြည့်လက်စ DVD ကားကို စိတ်ဝင်စားလို့ မရဘဲ ဖြစ်လာသည်။ ဘယ်များသွားနေလဲ။ သူ့မိဘအိမ်ရော ဟုတ်ရဲ့လား။ သူ့မိဘအိမ်ဆို သူ့မိဘတွေက ဘာပဲဖြစ်ဖြစ် ညဥ့်နက်တဲ့အထိ မနေဖို့ ပြောမှာပါ။ ဒါမှမဟုတ် အဲဒီမှာပဲ အိပ်လိုက်မလို့လား။ မသန်းသန်းကိုတော့ ပြောသွားမယ် ထင်တယ်။

မသန်းသန်းကတော့ အခန်းထဲဝင်ပြီး အိပ်တောင်နေပြီလား မသိ။ သူစိမ်းမိန်းမတစ်ယောက်ကို သွားနှိုးပြီး မေးရင်ကောင်းပါ့မလား။

ဟာ ... ဘာဖြစ်လဲ၊ မေးတော့ မေးရမယ်၊ တော်ကြာ မြသိင်္ဂလာ တစ်ခုခုဖြစ်သွားရင် ငါ့အပြစ်မကင်းဘဲ နေမယ်။

"အစ်မ ... မသန်း ... မသန်းသန်း"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပါးစပ်က ခေါ်လည်းခေါ်၊ အခန်းတံခါးကို လည်း တခေါက်ခေါက် ခေါက်လိုက်သည်။ မသန်းသန်းက အအိပ်ဆတ်သူမို့ ချက်ချင်း နိုးသွားပါသည်။ အခန်းတံခါးကို အသာဟလျက် ...

"ကိုမင်းပျို ဘာစားချင်လို့လဲ"

လို့ တစ်စုံတစ်ခုစားဖို့ ပြင်ဆင်နိုင်းချင်သည့်ထင် ပြီး အိပ်ချင်မူးတူး အသံဖြင့် မေးလေသည်။

"မစားပါဘူး၊ ကျွန်တော် မေးစရာရှိလို့"

"ရှင် ... ဪ ... မေးပါ"

သန်းသန်း တစ်ချက် သမ်းဝေလျက် မင်းပျိုကို စူးစိုက်ကြည့်နေသည်။ မင်းပျိုက ခုလိုကျတော့ မေးရမှာ ရှက်သလို ဖြစ်နေပြန်သည်။ သူတို့အကြောင်းကို ဒီမသန်းသန်းက တော့ တော်တော်သိထားတာမို့ သူက,စပြီး မြသီလ္လာကို မေးရမှာ ဖြစ်ရာ ရှက်သလို ဖြစ်နေခြင်းပင်။

"မြသီလ္လာ ဘယ်သွားနေတာလဲ"

နောက်ဆုံးတော့ မထူးပါဘူး သဘောထားပြီး မေး လိုက်ရတော့သည်။ မသန်းသန်းက မျက်လုံးတွေ ပြူးကျယ်သွား လျက် ...

"ရှင် ..."

ဟု ထပ်မေးနေပြန်သည်။





"ခုထိ အပြင်က ပြန်မလာသေးဘူး။ သူ ဘယ်သွားနေလဲ ဆိုတာ အစ်မကို ပြောသွားလားလို့ပါ"

"သူ ..."

"ဟုတ်တယ်လေ၊ ကျွန်တော့်ကို သူ ဘာမှ မပြောသွားလို့ မေးနေတာပါ"

"မနေ့က ညကတည်းက ထွက်သွားတာလေ"

"ဗျာ ..."

"မနေ့က ... ဟို ... ကိုမင်းပျိုတို့ စကားများကြပြီး၊ ကိုမင်းပျို ထွက်သွားပြီး သိပ်မကြာဘူး။ သူလည်း သူ့ကား လေး သူမောင်းပြီး ထွက်သွားတယ်၊ ကိုမင်းပျို သိပြီးပြီ ထင်လို့ အဲဒါနဲ့ ..."

"ဘယ်သွားမယ် ပြောသွားလဲ"

"အိမ်ပြန်တော့မယ် အစ်မရယ်လို့ ပြောသွားတယ်၊ ဘယ် အိမ်လဲတော့ ကျွန်မ မသိဘူး"

"ဪ ... သိပြီ၊ သူ့မိဘအိမ်ပဲ ဖြစ်မှာပေါ့"

"အင်း"

"မနေ့က ညကတည်းကကိုး။ မသိပါဘူး"

"ကျွန်မ ဘာလုပ်ပေးရမလဲ"

"ရပါတယ်၊ သူ့မိဘအိမ်မှာ ရှိနေမယ်ဆိုရင် ပြီးတာပဲ"

www.burmeseclassic.com



ကိစ္စက ထိုလောက်နှင့် မပြီးပါ။ နောက်တစ်နေ့ ... နောက်တစ်နေ့ ... စသဖြင့် သုံး,လေးရက်လည်း ပြန်မလာ။ တစ်ပတ်ကြာသွားလည်း ပြန်မလာ ဖြစ်လာသောအခါ မင်းပျို စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်လာသည်။ သူ့မှာ Guilty (ဂေးလ်တီး) ဖြစ်သလိုလို ခံစားလာရသည်။ ဒီကြားထဲ သူ့ဆိုင်ကိုရောက်တော့ ဉာဏ်သစ် လက်ထဲတွင် ကဗျာမဂ်လာဆောင်ဖိတ်စာကို တွေ့ရပြန်သေးသည်။

"ကိုမင်းပျိုနှင့် မမြသီလွှာ"

ဟူသော ကဗျာလက်ရေးဖြင့် ရေးထားသည်ကို ဖတ်ရတော့ စိတ်ထဲမှာ မှောင်မိုက်သွားပြန်သည်။

"ဖိတ်ရမဲ့လူများတော့ အားလုံးကို ဖိတ်စာ စာအိတ်ပေါ်မှာ လက်ရေးနဲ့ မရေးနိုင်ဘူးတဲ့။ ကွန်ပျူတာစာလုံးနဲ့ပဲ ရိုက်ပေးတယ်တဲ့။ သိပ်ရင်းနှီးခင်မင်တဲ့ သူငယ်ချင်းမိတ်ဆွေစစ်စစ်လောက်ကိုပဲ သူ့လက်ရေးအစစ်နဲ့ ရေးပေးတာတဲ့ကွာ။ ဒီမှာ ငါ့အတွက် ဖိတ်စာကိုကြည့်။ ဖိတ်စာ,စာအိတ်ပေါ်မှာ ကွန်ပျူတာနဲ့ ရေးထားတာ"

မင်းပျို တွေဝေငေးငိုင်နေသည်။ ဉာဏ်သစ်က အကဲခတ်ရင်း ...

"အစတည်းက ဒီတိုင်းပဲ ဖြစ်မယ်လို့ မျှော်လင့်ထားပြီးပြီပဲကွာ၊ အသစ်လို ခံစားမနေပါနဲ့"

ဟူ၍ ဖျောင်းဖျနေပါသည်။





ရင်ထဲမှာ ဘယ်အချိန်ပဲဖြစ်ဖြစ် ကဗျာနဲ့ပတ်သက်ရင် အသစ်လို ခံစားရဆဲပါပဲ။ သူလည်း သူ့လမ်းသွား၊ ကိုယ်လည်း ကိုယ့်လမ်းသွားရယ်လို့ စိတ်ထဲမှာ ထားလို့ကို မရသေးဘူး။ မင်းပျို ဖိတ်စာလေးကို အသာတင်ထားရင်း ခုလောလောဆယ်မှာ ရှင်းရမဲ့ပြဿနာကိုလည်း တွေးနေပါသည်။ မြသီလွှာ အိမ်က ဆင်းသွားသဖြင့် ဘယ်လိုလိုက်ခေါ်ရမလဲ။ လိုက်ခေါ်သင့်သလား။ လိုက်ခေါ်ရင် ငါကအရင် အရှုံးပေးလိုက်သလို ဖြစ်သွားမလားနှင့် စိတ်ရှုပ်ထွေးစွာ အခါခါ တွေးနေမိသည်။

ဒီလိုနဲ့ တစ်နေ့ကုန်သွားပြီး အိမ်ပြန်ရမှာကို အစိမ့်ဟယ် သိပ်မရှိသလို ခံစားနေရသည်။ အရင်ကလည်း မြသီလွှာက မင်းပျို အိမ်အပြန်ကို ကြိုနေတတ်သော မိန်းကလေးမျိုးတော့ မဟုတ်ပေမဲ့ အိမ်ပြန်ရောက်လျှင်တော့ သူမ ရှိနေသဖြင့် တွေ့ရသည်ဖြစ်ရာ အခုကျတော့ ဘယ်သူမှ သူနဲ့ပတ်သက်သူ မရှိသောအိမ်ကို ပြန်ရသလိုမျိုး ခံစားနေရသည်။

"မင်းပျိုနှင့် ပတ်သက်သော"ဟူသော အတွေးက ခေါင်းထဲရောက်သွားသောအခါ သူ့ကိုယ်သူ အထိတ်တလန့်ဖြင့် ပြန်မေးခွန်းထုတ်မိသည်။ ငါ မြသီလွှာကို ငါနဲ့ပတ်သက်တဲ့ မိန်းကလေးလို့ လက်ခံလိုက်ပြီလား။

အိမ်ရောက်သောအခါ တိတ်ဆိတ်နေသော အိမ်ပတ်ဝန်းကျင်က မင်းပျိုကို စောင့်ကြိုနေသည်။ အိမ်ထဲဝင်လိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့အတွက် ရောက်လာသော စာတချို့ကို အိမ်ရှေ့စားပွဲမှာ တင်ထားတာ တွေ့နေကျအတိုင်း တွေ့ရပါသည်။

စာတွေကို ကောက်ကိုင်ရင်း ကြည့်လိုက်တော့ ဖုန်းဘီလ်၊ လျှပ်စစ်မီတာဘီလ်တို့နှင့်အတူ ထူးထူးခြားခြား တံဆိပ်ခေါင်းမပါ။ လိပ်စာမပါ။ "ကိုမင်းပျို"ဟုသာ စာအိတ်ပေါ်မှာ ရေးထားသော လက်ရေးစာလုံးနှင့် စာတစ်စောင်ကိုပါ တွေ့ရသည်။

မသန်းသန်းက ခပ်လှမ်းလှမ်းတွင် ဖုန်သုတ်နေရာမှ ...

"မသိလ္လာ ခုနလေးတင် သူ့ပစ္စည်းတချို့ လာယူရင်း အဲဒီစာ ပေးသွားလို့ ကျွန်မ ရောတင်ထားတာပါ"

ဟု လှမ်းအသိပေးပါသည်။

မင်းပျို မျက်မှောင်ကြုတ်ရင်း စာကို ဖြစ်သလိုဖြဲဖောက် ဖတ်လိုက်ပါသည်။

"ကိုမင်းပျို...

သိလ္လာ ရှိနေလို့ ကဗျာက ကိုမင်းပျိုဘက် ပါမလာဘူး ထင်နေတဲ့အတွက် ကဗျာ့ကို ပြန်ခေါ်လို့ရအောင် သိလ္လာ နေရာဖယ်ပေးလိုက်ပါပြီ၊ ကျေနပ်တယ် မဟုတ်လား ။ သိလ္လာ လက်မှတ်ထိုးထားပြီးပြီဖြစ်တဲ့စာချုပ်ကို ထားခဲ့ပါတယ် ။ ကိုမင်းပျိုလက်မှတ်ထိုးရုံပါပဲ ။ ဘာမှမလို တော့ဘူး ။





ပြီးတော့ သိလ္လာ့ကိုမေမေဒေါ်နီလာခင် ပေးထားတဲ့ပစ္စည်းမှန်သမျှလည်း ထားခဲ့ပါတယ်၊ ကဗျာ့ကို ပေးလိုက်နိုင်ပါတယ် ။ ကဗျာကိုခန့်ဦးနဲ့ လက်ထပ်ပွဲ မကျင်းပနိုင်ခင်မှာ ကိုမင်းပျို အဲချိန်မီ သွားဆက်သွယ်ပြီး သိလ္လာ တို့ရဲ့ ကွာရှင်းစာချုပ်ကို ပြလိုက်နိုင်မယ်ဆိုရင် ကိုမင်းပျို မျှော်လင့်သလို ကဗျာက ကိုမင်းပျိုကိုပဲ ပြန်လက်ခံပါစေလို့ သိလ္လာ ဆုတောင်းပေးပါတယ် ...

မြသိလ္လာ"

မင်းပျို စိတ်ထဲမှာ ဒါကို သုံးကြည့်နိုင်သလို ဖြစ်သွားပြီး စာကို နောက်တစ်ခေါက် ပြန်ဖတ်ကြည့်လိုက်မိသည်။ ကွာရှင်းစာချုပ်တွင် လက်မှတ်ထိုးထားခဲ့သော မြသိလ္လာ၏ လက်မှတ်ကိုလည်း အထူးအဆန်းဖြစ်ပြီး သေချာအောင် ကြည့်နေမိပြန်သည်။

ဘာဖြစ်သွားတာလဲ။ ထင်တောင် မထင်ဘူး။ ဒီ, မိန်းကလေးဟာ မင်းပျိုကို လွယ်လွယ်ကူကူနှင့် အရှုံးပေးလိမ့်မှာ မဟုတ်ဘူးလို့ ထင်ခဲ့တာ။

အိမ်ထောင်ပျက်တယ် ဆိုတာဟာ ဘာပဲဖြစ်ဖြစ် မိန်းကလေးဘက်က ပိုနစ်နာတယ်လို့ ကြားဖူးတာမို့ ဘာကြောင့်ပဲဖြစ်ဖြစ် မြသိလ္လာဟာ သူမကိုယ်သူမ အနစ်နာခံပြီးတော့ ဒီလို လုပ်လိမ့်မယ်လို့လည်း မထင်မိခဲ့ပါ။ ခဏတဖြုတ် စိတ်ဆိုး စိတ်ကောက်ပြီး အမေ့အိမ် ပြန်နေသည်ဟုပင် ထင်ထားခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



အခုကျတော့ အခြေအနေတွေက မထင်မှတ်ထား နိုင်လောက်အောင် မြန်ဆန်စွာ ဖြစ်ပျက်သွားခဲ့ပြီတည်း။

မင်းပျိုမှာ ဘာဆက်လုပ်ရမှန်း မသိသလိုဖြစ်လျက် တွေဝေငေးငိုင်သွားပါသည်။ ငါ ဘာလုပ်ရမလဲ။ ငါ ဘာလုပ်ရမလဲ။ မျှော်မှန်းထားတဲ့အတိုင်းတော့ ဖြစ်လာပြီ။ ဒီတော့ ငါပျော်သလား။ တစ်နေ့ကျရင်ဆိုတဲ့ မျှော်လင့်ချက်နဲ့ စောင့်ပြီး မြသီလ္လာကို စိတ်ဓာတ်အရ ညှဉ်းဆဲခဲ့တာတွေရဲ့ အကျိုးကို အခု တကယ် ခံစားရပြီ။ ကဗျာ့ဆီ ပြေးတွေ့ပြီး "ကဗျာ ... မောင်တို့ ပြန် လက်တွဲကြပါစို့"လို့ ပြေးပြောရဲပြီလား။

အဲဒီတစ်နေ့ကတော့ အခုရခဲ့ပြီ။ ငါ ဘာလုပ်ရမလဲ။ မြသီလ္လာ ထားခဲ့တဲ့ ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပြီး ကဗျာ့ ကို ယူသွားပြရမလား။ ကဗျာ ... ကဗျာ ... ကဗျာကရော။ ဘယ် လိုဆုံးဖြတ်မလဲ။ ပြီးခဲ့တဲ့ အချိန်တွေတုန်းက ကဗျာနဲ့ အခုအချိန် ကာလက ကဗျာ တူသေးရဲ့လား။ ခန့်ဦးဟာ ငါ့ထက် အဆများ စွာ ပိုလူသိများပြီး၊ ပိုငွေရှာကောင်းတဲ့ ယောက်ျားတစ်ယောက်။ ပြီးတော့ အဲဒီယောက်ျားရဲ့ မိဘဆွေမျိုး အသိုင်းအဝိုင်းကလည်း ကဗျာ့ကို ကြည်ဖြူကြတဲ့သူတွေနဲ့ ပြည့်နေတဲ့ ကိုခန့်ဦးကို ကဗျာ ပိုပြီး လိုလားနေပြီလား။

မင်းပျိုဘက်ကတော့ အခုလို အခြေအနေနဲ့ဆိုရင် ကဗျာ့ကို ပိုပြီးတော့တောင် ခါးခါးသီးသီး ဖြစ်ကြတော့မှာပင်





ကဗျာက ဒါတွေကြိုသိပြီး ဖြစ်မယ်။ ငါ့ကိုလည်း လက်ခံချင်မှ လက်ခံလိမ့်မယ်။

ကျွတ် ... ဖြစ်ချင်တော့လည်း အချိန်ကိုက်ပဲ၊ ကဗျာ့ လက်ထပ်ဖိတ်စာကို ရတဲ့နေ့မှ မြသီလ္လာကလည်း ဒီလို ဆုံးဖြတ် ရဲသွားတယ်။

မင်းပျိုသည် ဇွေခွဲမရ၊ ဘာလုပ်လို့ လုပ်ရမှန်း မသိသော စိတ်တို့ဖြင့် စဉ်းစားနေစဉ်တွင် အိမ်ရှေ့မှာ ကားတစ် စင်း ရပ်လာပါသည်။

ဖေဖေ၊ မေမေနှင့် မမနန္ဒာမင်းတို့ အိမ်ထဲဝင်လာ သောအချိန်တွင် မင်းပျိုကား ငြိမ်ဆိတ်စွာ လှမ်းစောင့်ကြည့်နေခဲ့ သည်။

"အမယ်လေးလေး ... ဘယ်လိုလုပ်လိုက်တာလဲ မောင်မင်းပျို ရယ်၊ အမေ့မျက်နှာကို အိုးမဲသုတ်ပြန်ပြီပေါ့၊ ဟင် ... ကြည့် စမ်း"

"မဖြူတို့က အားနာလို့ လာမပြောဘဲ၊ သူ့သမီးလေး စိတ်ချမ်းသာပါစေတော့ ဆိုပြီး၊ အိမ်မှာ ပြန်လာနေတာကို ဖေဖေတို့တောင် အကြောင်းမကြားဘဲ နေတာကွ။ လူငယ် ချင်းဖြစ်တဲ့ ပြဿနာကို မိဘတွေမပါရင် ကောင်းမယ်ဆို ပြီး နေနေကြတာ၊ ဒီနေ့မှ မတော်တဆ မဖြူ အိမ်ဝင်တော့ မှ အကြောင်းစုံ သိရတာပဲ။ ကောင်မလေးက သူ့သဘောနဲ့



www.burmeseclassic.com

www.burmeseclassic.com



သူ ရှေ့နေနဲ့ ကွာရှင်းစာချုပ်ရေးပြီး လက်မှတ်ထိုးပြီး မင်းဆီ သွားပေးနေပြီဆိုလို့ အမိလိုက်လာတာပဲ၊ ပြစမ်းပါဦး၊ တွေ့လား နီလာ ... ဒီမှာ လက်မှတ် ထိုးထားပြီကွ"

"သား မထိုးသေးရင် တရားမဝင်ပါဘူးရှင်"

ဒေါ်နီလာခင် မျက်ရည်သုတ်ရင်း ယူကျုံးမရသလို ပြောပါသည်။

"စာချုပ် သွားပေးနေပြီ ဆိုတော့ သားနဲ့ တွေ့ရင်တော့ သားက ဒီကိစ္စကို လက်ခံမယ် မထင်ဘူးလို့ ကိုယ့်သားကိုယ် ယုံလိုက်သေးတယ်လေ။ ခုတော့ မင်းက လက်ခံထားလိုက်ပြီကိုး။ ငါတော့ ဖြူ့ကို ဘယ်လိုမျက်နှာနဲ့ ရင်ဆိုင်ရမလဲ။ သူ့သမီးလေးကို အတင်း ကိုယ်ကစ,တောင်းရမ်းယူပြီး၊ အခုလို အိမ်ထောင်ပျက် တစ်ခုလပ်ဖြစ်အောင် ဖန်တီးတယ် ဆိုပြီး ဖြူ ဘယ်လောက် ဝမ်းနည်းရှာမလဲ"

"မေမေ ... သားကို အပြစ်တင်မနေပါနဲ့ဦး။ သူ ဒီဟာတွေ လာထားသွားတာ သား အိမ်မှာမရှိတတ်တဲ့အချိန်ကို ရွေးပြီး လာထားသွားတာဗျာ။ သူ့သဘောနဲ့သူ လုပ်ချင်ရာ လုပ်သွားတာ၊ သားရှိနေရင် သားလည်း သူ့အစီအစဉ်ကို သူလုပ်တိုင်း လက်ခံမဲ့လူလား"





"မသိဘူးလေ၊ မင်းက ဟိုဟာမ မရတော့ မွန်ပြီး တစ်ချိန်လုံး သူ့ပဲမဲပြီး မုန်းနေတော့၊ ကွဲကြရင် ပိုကောင်းသေးတယ်လို့ ထင်နေတဲ့သူ မဟုတ်လား။ ဒီမှာ သူရေးထားတဲ့ စာကိုပဲကြည့်၊ သူ နေရာဖယ်ပေးမှ ပန်းကဗျာက ပြန်လာလို့ ရမယ်လို့ မင်း ပြောလို့ သူ ဖယ်ပေးတယ်လို့ ရေးထားတာပဲလေ"

"ဘယ်က ပြန်လာရမှာလဲဗျာ၊ ဟိုကဖြင့် သူ့ကို သိပ်လိုလားတဲ့ ဆွေမျိုးအသိုင်းအဝိုင်းရှိတဲ့လူကို ရွေးပြီးနေပြီ။ ဒီမှာ မင်္ဂလာဆောင်ဖိတ်စာ"

မင်းပို့ ဘာကိုနာကြည်းမုန်းမသိ နာကြည်းလျက် ဖိတ်စာကိုပါ ထုတ်ပြလိုက်ပါသည်။

"မသန်းသန်းကလည်းလေ ကလေးတွေ ဒီလိုဖြစ်နေတာ ကျွန်မကို လှမ်းပြောပါတော့လား"

မသန်းသန်းမှာ မျက်နှာငယ်လေးဖြင့် အထစ်ထစ် အငေါ့ငေါ့ပင် ...

"ကျွန်မလည်း အဲဒီလောက်ကြီးဖြစ်မယ် မထင်မိလို့ပါ။ မသိလ္လာလေးကလေ အမေ့အိမ်ခဏ တစ်ရက် နှစ်ရက်ပဲ စိတ်ပြေလက်ပျောက် ပြန်နေတယ် ထင်တာပါ၊ ပြီးတော့... ပြီးတော့လည်း ... ဟို ... သူ့ခမျာ ..."

"ဘာ ... ထစ်ငေါ့နေရတာလဲ၊ ပြောပါ ဆက်ပြောပါဦး၊ [illegible]လ္လာက ဘာဖြစ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မသိလ္လာလေးကလေ ကိုမင်းပျိုကို သိပ်ချစ်ရှာတာပါ၊ အဲဒါ ကျွန်မ သိနေတော့ သူ့ကို ဘယ်လောက် ပစ်ထားထား၊ ဘယ်လောက်ပဲ အရေးမလုပ်လုပ်၊ ဘယ်လောက်ပဲ သူစိမ်းလိုနေနေ၊ သူ ဘယ်တော့မှ ကိုမင်းပျိုနားက ထွက်မသွားဘူးလို့ ထင်နေလို့ပါ"

မသန်းသန်း ပြောလိုက်သော စကားတွေက မင်းပျို့ရင်ထဲကို မြစ်တစ်စင်း ဖြတ်ဆင်းသွားသလိုပဲ ခံစားလိုက်ရသည်။ သိသားပဲ။ သိနေသားပဲ။ ရိပ်မိနေသားပဲ။ မြသိလ္လာ ငါ့ကို ချစ်နေခဲ့မယ်လို့၊ ယောကျ်ားတစ်ယောက်ပီပီ အကဲခတ်လို့ ရနေခဲ့သားပဲ။ ဒါပေမဲ့ ဘယ်သူကမှလဲ ထုတ်မပြော။ ဘယ်သူကမှလဲ အသိမပေးကြတော့ ဒါကို မသိလိုက် မသိဘာသာ နေနေမိတဲ့ သဘောပဲ။

တကယ် ဒီလိုကြားလိုက်ရတော့ စိတ်ထဲမှာ ကျေနပ်ရတာတော့ မငြင်းချင်။

"မင်းက ကောင်မလေးကို ဒီလိုပဲ ဆက်ဆံသလား"

"ဟာ ... ဖေဖေကလည်း၊ သူက သားရှေ့မှာကျ ကလန်ကဆန်နဲ့ အရွဲ့လည်း တိုက်သေး။ စကားလည်း ဘယ်တော့မှ အကောင်းမပြောဘူး။ သူ့ဘာသာ သီးသန့်နေ၊ ကိုယ့်ဘာသာ သီးသန့်နေ ပုံစံနဲ့ နေတာပါ။ မသန်းက ထင်ရာပြောတာနေမှာပါ"





"မဟုတ်ရပါဘူး ကိုမင်းပျိုရယ်။ ကျွန်မ မသိလ္လာအကြောင်း အကုန်သိပါတယ်။ သူ ကျွန်မကို ခုနောက်ပိုင်းမှာ ပြောပြလာပါတယ်၊ ကိုမင်းပျိုကို တွေ့တွေ့ချင်း သူ့စိတ်ထဲမှာ စွဲလမ်းသွားခဲ့တာတို့။ သူ စွဲလမ်းခဲ့တဲ့လူနဲ့ ပြန်ဆုံရတဲ့နေ့မှာ သူ့သူငယ်ချင်း ကောင်မလေးကိုမှ ကိုမင်းပျိုက သဘောကျသွားလို့ သူ ရှောင်ပေးခဲ့ရတာတို့၊ အဲဒီလောက်လေးတွေတော့ ပြောပြဖူးပါတယ်။ သူ့ကို သိလ္လာကချစ်တော့လည်း အလျှော့ပေး သည်းခံရတာပဲပေါ့လို့လည်း ခဏခဏ ပြောပါတယ်"

မင်းပျို အခုမှ ဒါတွေ ကြားဖူးသဖြင့် ဇာတ်လမ်းတစ်ပုဒ်ကို နားထောင်ရသလိုပဲ နားထောင်နေမိသည်။ ငါ့ကို သူ ဘယ်မှာအရင် စ,တွေ့လို့လဲ။ စတွေ့တွေ့ချင်း စွဲလမ်းရတယ်ဆိုတာ ဘယ်တုန်းကလဲ။

"ကဲ ... ကဲ ... မင်းက ဒီတိုင်း ထိုင်နေတော့မှာလား။ လာ... ထ, လိုက်ခဲ့"

"ဟာ ... ဘယ်လဲ မေမေကလည်း"

"ဟဲ့ ... ဒီလိုနေလို့ ရမလား၊ အိမ်ထောင်တစ်ခုကို ပြီးစလွယ် ပြီးချင်လို့ ရမလား။ မေမေ လက်မခံပါဘူး။ မင်းလည်း သဘောတူပြီး လက်မှတ်မထိုးရသေးတဲ့ အတူတူ၊ သိလ္လာ့ မိဘတွေဆီ ပြန်သွားပြီး မင်း ကိုယ်တိုင် တောင်း



www.burmeseclassic.com

www.burmeseclassic.com



ပန်ရမယ်။ မေမေလည်း ဖြူ့ကိုရော ကိုသူရကိုရော တောင်းပန်ရမယ်၊ ကိုယ်က သွားတောင်းရမ်းယူတုန်းက တော့ ရှန်းရှန်းဝေအောင် ပြောပြီး သွားတောင်းခဲ့တာ။ ဒီလို ကွာရှင်းကြမယ်ဆိုတော့ မသိလိုက် မသိဘာသာ နေနေလို့ ရမလား။ ဒီမှာ သား။ မင်း, သူ့ကို ချစ်သည် ဖြစ်စေ၊ မချစ်သည် ဖြစ်စေ မင်းမှာ ရွေးချယ်ခရာလမ်း ဘာမှမရှိတော့ဘူး၊ ပန်းကဗျာကိုလည်း မျှော်လင့်လို့ မရ တော့ဘူး၊ ဒီတော့ မြသီလွှာဟာ မင်းအတွက် အသင့်တော် ဆုံး မိန်းကလေးလို့ပဲ မှတ်လိုက်။ မင်း ဘယ်လောက်ကံ ကောင်းတယ်မှတ်လဲ၊ လောကကြီးမှာ သူချစ်ကို ရတာဟာ စိုက်ကောင်းတယ်။ သီလွှာက မင်းကို ချစ်နေခဲ့တယ်ဆို တာ မင်း ကြားပြီပဲ”

မင်းပျို့ ဘာကို ခေါင်းညိတ်မိမှန်းမသိ ခေါင်းညိတ် လိုက်မိတော့သည်။

❀ ❀ ❀





# တစ်သက်လုံး နေပါရစေ

www.burmeseclassic.com

www.burmeseclassic.com



## ၁၆

"ညညဆို မအိပ်ဘူး နီလာရယ်။ ဘာတွေ ထိုင်တွေးနေ မှန်းမသိ တွေးနေတာ။ တစ်ခါတလေ ပြတင်းပေါက်တံခါး ကြီး ဖွင့်ရက်သားနဲ့ လင်းခါနီးလေးကျမှ အိပ်ပျော်သွားတာ ထင်တယ်၊ ဖြူက သူ့အခန်းထဲက ထွက်မလာလို့ ဝင်ကြည့် မှ တစ်ကိုယ်လုံး အေးစက်ပြီး အိပ်ပျော်နေတာ တွေ့ရတော့ ရင်ထဲကို စို့သွားတာပဲ။ သမီး အဲဒီလိုလုပ်နေရင် တစ်နေ့ ကျ ကျန်းမာရေး ထိခိုက်မယ်လို့ ပြောတုန်း၊ သတိပေးတုန်း ရှိသေးတယ်။ ဒီနေ့ မောင်မင်းပျိုကို ပေးစရာရှိတာ သွား ပေးပြီး ပြန်လည်းလာရော လူက တအားကို စိတ်လျှော့ လိုက်ပုံရတယ်။ အိမ်ရောက်ရောက်ချင်း မေ့ မြောလဲသွားတော့ တာ၊ ကိုယ်တွေ ခြစ်ခြစ်တောက် ပူတက်လာလို့ ဆေးထိုး စရာရှိတာ ထိုး၊ ဆေးတိုက်စရာရှိတာ တိုက်ပြီး၊ အိပ်ခိုင်းထား





လိုက်ရတယ်။ ကိုသူရလည်း သမီးသတင်းကြားပြီး ညနေ ဘက် ထိုင်စရာဆေးခန်းတွေတောင် Cancel (ကန်ဆဲလ်) လုပ်ပြီး သမီးကို ပြန်လာစောင့်ကြည့်နေတယ်လေ"

အိပ်ရာထဲတွင် ဖျော့တော့စွာ အိပ်နေသော မြသီလ္လာ ကို အသာငေးကြည့်ရင်း မင်းပျိုသည် အားလုံးကို ရင်မဆိုင်ရဲ သလို ခံစားနေရသည်။ ဒီကိစ္စရဲ့ အဓိက တရားခံက သူပဲမဟုတ် လား။ သူလို့ လက်ညှိုးထိုးပြီး မစွပ်စွဲခံရရုံ တမယ်ပဲ ရှိတော့ တယ်။

"နီလာ့ အပြစ်ပါ ဖြူရယ်။ တကယ်ဆို ကလေးတွေကို တစ်ပတ်တန်သည် လေး,ငါးရက်တန်သည် အိမ်သွားသွား ကြည့်ရမှာကို ပစ်ထားခဲ့မိတယ်။ ဖြူ့သမီးလေးကို နီလာ ဂရုမစိုက်မိသလို ဖြစ်ခဲ့မိတယ်။ ခွင့်လွှတ်ပါ ဖြူရယ်"

"ဒီလိုလည်း ဘယ်ဟုတ်မလဲ၊ ကလေးတွေကိစ္စ သူတို့ ဘာသာ ဖြေရှင်းကြတာ ကောင်းပါတယ်၊ ဒါကြောင့် ... ဖြူတောင် ကိုယ့်သမီးကိုယ် သွားမကြည့်ဘဲ နေနေခဲ့တာပဲ။ အစတည်းက သူ့ကို ပြောသားပဲ၊ ဟိုဘက်က အကြောင်း အရာတွေတော့ အကုန်သိပြီးပြီ၊ ကိုယ့်သဘောနဲ့ကိုယ် ဆုံး[illegible]တ်၊ မေမေကတော့ သူငယ်ချင်းသားမို့ သိပ်သဘော တူတ[illegible]ဲ့လို့ မတိုက်တွန်းဘူးလို့ ပြောပြီးသားပဲ။ သူ့ဘာသာ သူစိတ်တိုင်းကျ လက်ခံလိုက်တာပါ။ သူ အဲဒီလို လက်ခံ

www.burmeseclassic.com



ရဲလို့ ဖြူတောင် ကိုယ့်သမီးကိုယ် ပြန်အံ့ဩပြီး မေးယူရတယ်၊ သမီး ဘာကြောင့် ဒီလိုဆုံးဖြတ်တာလဲလို့"

ဒေါ်ဖြူမြသွေးက စကားရှည်ကြီးကိုပြောရင်း ခဏနားလိုက်ပြီး ...။ မင်းပျိုထံလည်း တစ်ချက်လှမ်းကြည့်ပြီးမှ ...

"မေမေတဲ့ ... သိလ္လာ သူ့ကို ကဗျာမတွေ့ခင်ကတည်းက စတွေ့ဖူးပြီး သဘောကျနေခဲ့တာတဲ့။ သူက, ကဗျာကို ရွေးသွားတော့ သိလ္လာ ဝမ်းနည်းနေခဲ့ရဖူးတယ်တဲ့။ အခုလို သိလ္လာ သူ့ကို ပိုင်ဆိုင်ခွင့်ရရမဲ့ အခြေအနေကို သိလ္လာ မငြင်းချင်ဘူးတဲ့လေ၊ ဘယ်လောက် မိုက်သလဲဆိုတာ၊ ဖြူက ပြောပါတယ်၊ ဟဲ့ ... ဟိုက သမီးကိုမှ မချစ်တာဆိုလည်း ပြောမရဘူး။ မေတ္တာဆိုတာ ရောင်ပြန်ရှိပါတယ်တဲ့၊ ဘယ်လောက် မိုက်ရူးရဲသလဲဆိုတာ ... ကဲ"

"သိလ္လာကို မိုက်တယ်၊ မိုက်တယ်၊ ခဏခဏ အပြစ်မတင်ပါနဲ့ ဖြူရယ်။ ဖြူ့ ရင်ထဲမှာ မကျေနပ်တာလည်း ရှိရင်ရှိမယ်၊ ဒါပေမဲ့ အားလုံးကိုယ်စား နီလာ တောင်းပန်ပါတယ်၊ ကျေပါကွယ်၊ အခုဆို သားလည်း သမီးလေးရဲ့ မေတ္တာကို သိလာပါပြီ၊ သူလည်း သမီးနဲ့ ခဏတဖြုတ် စိတ်ကောက်ရန်ဖြစ်ရုံပဲ မျှော်လင့်ထားတာပါ၊ ခုလောက်ထိ သမီးက ဆုံးဖြတ်သွားမယ် မထင်လို့ပါ"





"အေး ... ဖြူကတော့ ဘာမှဝင်မတားချင်ပါဘူး၊ သမီးသူ့သဘောနဲ့သူ စိတ်ကြိုက်ဆုံးဖြတ်တာမို့ အခုလည်း သူ့သဘောအတိုင်းပါပဲ"

မင်းပျိုသည် မြသိလ္လာ မျက်နှာလေးကို ငေးကြည့်နေရင်းမှ သူ အလုပ်သင့်ဆုံးကိုသာ ဆုံးဖြတ်လိုက်ပါသည်။

ကြမ်းပြင်ပေါ် ဆင်းထိုင်ချလိုက်ပြီး ...

"ကျွန်တော် အန်ကယ်လ်သူရနဲ့ အန်တီဖြူတို့ကို မရိုသေမလေးစားသလို ဖြစ်ခဲ့ပါတယ်၊ စိတ်ဆင်းရဲအောင် လုပ်မိသလိုလည်း ဖြစ်ခဲ့ပါတယ်။ အဲဒီအတွက် တောင်းပန်ပါတယ် ခင်ဗျာ။ တကယ်သော့ ကျွန်တော်လည်း အခုလိုဖြစ်ဖို့ မရည်ရွယ်ပါဘူး။ ပြီးတော့ မြသိလ္လာကိုလည်း မမုန်းပါဘူး။ ကျွန်တော့် အပြစ်လည်း ကျွန်တော် သိပါတယ်။ မဖြစ်သင့်တာကို မျှော်လင့်ပြီး တစ်ဖက်ကို ဆက်သွယ်မိသလို ဖြစ်နေတော့ သူလည်း ကြာတော့ ဘယ်သည်းခံနိုင်တော့မလဲလို့ တွေးမိပါတယ်။ ကျွန်တော် ကတိပေးပါတယ်၊ ဒီနေ့ကစပြီး သူ့ကို ကြင်ကြင်နာနာနဲ့ သစ္စာရှိရှိ တစ်သက်လုံး စောင့်ရှောက်ပါ့မယ်"

မြသိလ္လာ၏ ဖခင်နှင့် မိခင်တို့ကို ဦးချကန်တော့ကာ ပြောဆိုဝန်ခံ၊ တောင်းပန်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ သမီးသဘောလို့ အန်ကယ်လ်တို့ ဆုံးဖြတ်ပြီး ပါပြီ။ သမီး လက်ခံရင်တော့ ဘာမှ ဝင်မတားပါဘူး။ မင်းတို့ဘာသာ ပြန်ညှိကြပေါ့၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ ခင်ဗျာ"

"ဟော ... သမီး ပြန်နိုးလာပြီပဲ"

ဒေါ်နီလာခင်မှာ မြသီလ္လာနား ခပြေးသွားလိုက်မိသည်။ နဖူးလေးစမ်း၊ ပါးလေးစမ်း လုပ်ရင်း ...

"ဖြစ်ရလေ သမီးရယ်၊ မေမေ ကြားကြားချင်း စိတ်မကောင်းလိုက်တာ"

"အခု သက်သာသွားပါပြီ အန်တီနီလာ"

"မေမေပါကွယ်၊ ဘယ်က အန်တီနီလာရမှာလဲ၊ သမီးပဲ မေမေလို့ ပြောင်းခေါ်ထားတာကွယ်"

"အန်တီနီလာ ... သီလ္လာတို့ ဟို ... ကွာရှင်းပြီးကြပြီ"

"မဟုတ်ဘူး ... မဟုတ်ပါဘူး"

မင်းပျို ဝင်၍ ဖြတ်ပြောလိုက်သံသည် သူ့ရင်ထဲမှ ပေါ်ထွက်လာသော အသံပင်ဖြစ်ကြောင်း မင်းပျို သူ့ဘာသာ ချက်ချင်းသိလိုက်ပါသည်။ သူ့ကို အံ့ဩသလို ပြန်ကြည့်နေသော မြသီလ္လာ၏ ခုတင်ဘေး သွားထိုင်လိုက်ကာ ...

"ကျွန်တော် လက်မှတ်မထိုးသေးပါဘူး"

ဟု စာချုပ်ကို ပြရင်း ပြောလိုက်သည်။





"သီလ္လာ နေရာဖယ်ပေးလိုက်ပြီလေ"

"ဖယ်ပေးစရာ မလိုပါဘူး မြသီလ္လာရယ်။ ဒီနေရာက မင်း ပိုင်ဆိုင်သင့်လို့ ပိုင်ဆိုင်လိုက်ရတဲ့ နေရာပါ"

"သီလ္လာ ရှိနေရင် ကိုမင်းပျို့ အတွက် အနှောင့်အယှက် ဖြစ်နေမှာ"

လူကြီးမိဘတွေအားလုံး အလိုက်တသိပင် အခန်းထဲက အလျှိုလျှို ထွက်သွားကြသည်ကို မင်းပျိုရော မြသီလ္လာပါ ထိုင်ကြည့်မိလိုက်ကြသည်။ ဘယ်သူမှ မရှိတော့မှ မင်းပျိုက မြသီလ္လာကို အသာစိုက်ကြည့်လိုက်ရင်း ...

"ခဏတဖြုတ် စိတ်ကောက်ပြီး ထွက်သွားတယ်ထင်လို့ လိုက်မခေါ်တာပါ။ တကယ်တော့ ကျွန်တော် ပစ်ထားတာ မဟုတ်ပါဘူး။ ဆိုင်က ပြန်လာတိုင်း အိမ်မှာ မြသီလ္လာ ပြန်ရောက်နေပြီထင်တယ်လို့ အမြဲတွေးပြီး အိမ်ပြန်လာခဲ့တာပါ။ တစ်နေ့ပြီးသွားတိုင်း သူ ဒီနေ့လည်း ပြန်မလာသေးပါလား ဆိုတဲ့စိတ်နဲ့ ဘာကို စိတ်မကောင်းဖြစ်မှန်း မသိ ဖြစ်နေခဲ့ရတယ်၊ ဒီနေ့ကျတော့ ဒီလိုစာတစ်စောင်နဲ့ စာချုပ်တစ်ခုက အသင့်စောင့်နေတာ မြင်လိုက်ရတော့ စောင့်နေခဲ့ရတာတွေအတွက် အမောဆို့သွားသလိုပဲ ခံစားလိုက်ရတယ် ...



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ကျွန်တော် အရွဲ့တိုက်ပြီး ပါးစပ်က ပြောတာပဲ ရှိတယ်။ လက်တွေ့မှာ ဘာမှ မလုပ်ဖြစ်ခဲ့ပါဘူး။ သူ့ကိုလည်း သွားတွေ့ခဲ့တယ်ဆိုတာ လက်ချိုးရေရင် သုံးကြိမ်လောက်ပဲ ရှိပါတယ်။ အသိစိတ်မှာ ဒါကို မလုပ်သင့်မှန်းသိလို့ တားတာကိုလည်း လက်ခံမိတာရှိသလို မသိစိတ်ကလည်း အမိန့်ပေးတာ ခံရတော့ ကျွန်တော့်ဘက်က မှားသွားခဲ့တာတွေ အများကြီးပါပဲ မြသီလ္လာရယ်"

ပြောလည်းပြောရင်း မင်းပျိုက သူ့လက်ထဲမှာပါလာသော စာချုပ်ကို ဆွဲဆုတ်ပစ်လိုက်ပါသည်။

"ပြီးပြီနော် ... ဘာမှမရှိတော့ဘူး။ ကျွန်တော်နဲ့ မြသီလ္လာကြားမှာ ဘာမှမဖြစ်ခဲ့တော့ဘူးလို့ သဘောထားလိုက်ပါနော်"

"ကိုမင်းပျိုရယ် ... တကယ်တော့ သီလ္လာကသာ ကဗျာရထားပြီးတဲ့ နေရာကို အတင်းလုခဲ့မိတဲ့ လူဆိုတာလည်း အခုမှ ကိုယ့်ကိုယ်ကိုယ် နောင်တရလာခဲ့တာပါ"

"ကျွန်တော်တို့ နှစ်ယောက်ကြားမှာ ကဗျာ ဆိုတာ မရှိတော့ဘူးလို့ မေ့ထားလိုက်ရအောင်"

မြသီလ္လာမှာ မင်းပျိုကို မယုံနိုင်သလို ကြည့်လေသည်။

"အိမ်ပြန်လာခဲ့ပါနော်"





မြသီလ္လာ၏ မျက်လုံးအိမ်ထဲ မျက်ရည်တွေ ပြည့်လာခဲ့သည်။ မင်းပျိုက ချော့မော့သလို ခပ်ဖွဖွရယ်ရင်း မြသီလ္လာ၏ လက်ဖဝါးကို အသာညှစ်လိုက်ကာ ...

"တစ်သက်လုံး ကျွန်တော့်နားမှာပဲ နေရမယ်၊ ဘယ်တော့မှ ထွက်မပြေးရဘူးနော်၊ အခုပဲ အိမ်ပြန်လာခဲ့တော့နော်"

မြသီလ္လာ၏ ရှိုက်သံသဲ့သဲ့သည် ကြည်နူးမှုဖြင့် ရှိုက်လိုက်မိတာမျိုး ဖြစ်ပါသည်။ သူ့ဆီက အချစ်ကိုရသည်ဖြစ်စေ၊ မရသည်ပဲဖြစ်စေ၊ သူ့အနားမှာ တစ်သက်လုံး နေရမယ်ဆိုရင် နေချင်ပါရဲ့။ အဲဒီလို တစ်သက်လုံး နေရခွင့်ကိုပဲ လိုချင်ခဲ့တာပါ။

ကိုရယ် ... တစ်သက်လုံး နေပါရစေနော်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ချစ်သူ အနားမှာ
ဘယ်သူမဆို
တစ်သက်လုံး
နေခွင့်ရဖို့ကိုတော့
စိတ်ကူးယဉ်အိပ်မက်
မက်ခဲ့ကြဖူးလိမ့်မယ် ထင်ပါရဲ့."
(မြသိလ္လာ)

❀ ❀ ❀



ရှင်မိုး
(ဆေးတက္ကသိုလ်)
22nd Friday,
July, 2005.

www.burmeseclassic.com